www.burmeseclassic.com



# လမင်းဆိုပို


ဇော်




အုပ်၊ ၃၀၊ မြောက် အထူးထုတ်

BURMESE CLASSIC .com

www.burmeseclassic.com



BURMESE CLASSIC .com



www.burmeseclassic.com
လယင်းရိုရို
BURMESE
CLASSIC
.com

www.burmeseclassic.com

## မေမင်းမုံမှိုင်၏ ထုတ်ဝေပြီး လုံးချင်းဝတ္ထုများ။

| | |
|---|---|
| ၁။ နေလိုအချစ် သလိုအချစ် | (ဝေယံ၊ မေမိ) ဒီဇင်ဘာလ၊ ၁၉၈၂ |
| ၂။ ဘယ်သူရင်ထဲ ကောင်းမလဲကွယ် | (နိုင်နိုင်၊ မြတ်မမွန်) ဖေဖော်ဝါရီလ၊ ၁၉၈၃ |
| ၃။ မုန်းလားမေးရင် မဖြေချင်ဘူး | (အနိ၊ ဦးဇော်ငြိမ်) ဧပြီလ၊ ၁၉၈၃ |
| ၄။ ချစ်နေတာများ သိသားပဲ | (ဇာနည်၊ မေမေမောင်) မေလ၊ ၁၉၈၃ |
| ၅။ ချစ်သို့ | (ဇင်မော်၊ ဝေမိသင်၊ ရာသက်ပန်) ဇူလိုင်လ၊ ၁၉၈၃ |
| ၆။ ယုံမယ်ဆိုရင် ပြောပြချင်လိုက်တာ | (တူးတူး၊ ကြည်ကြည်စစ်၊ ကြွေကြွေစစ်) စက်တင်ဘာလ၊ ၁၉၈၃ |
| ၇။ လွမ်းသလားကိုကို | (ကိုကို၊ မွန်မွန်နန္ဒာ) နိုဝင်ဘာလ၊ ၁၉၈၃ |
| ၈။ အချစ်ကို တွေ့ဖူးတယ် | (စစ်မှူး၊ သော်သော်သော်) ဇန်နဝါရီလ၊ ၁၉၈၄ |

www.burmeseclassic.com

| | |
|---|---|
| ၉။ ချစ်နှိုးနှိုး | (မော်ခန့်ခင်၊ မြူးမြူးမိုက်)<br>မေလ၊ ၁၉၈၄ |
| ၁၀။ မောင်မောင် သိပါတယ် | (ကောင်းမွန်၊ စိုးလက်နီ)<br>ဩဂုတ်လ၊ ၁၉၈၄ |
| ၁၁။ မုန်းသို့ | (ထက်ပွားလူ၊ မင်္ဂလာ)<br>စက်တင်ဘာလ၊ ၁၉၈၄ |
| ၁၂။ ကိုကို ဘာလို့ မုန်းတာလဲ | (ရဲထွတ်၊ နွယ်ယိမ်းနွေ)<br>ဒီဇင်ဘာလ၊ ၁၉၈၄ |
| ၁၃။ ဒို့အချစ်ကို သိပါကွယ် | (ဗလမင်းထော်၊ ဂျူးသက်ခြယ်)<br>ဧပြီလ၊ ၁၉၈၅ |
| ၁၄။ သခင် ကြင်နာပါ | (ဇော်၊ ယမုန်မုံ)<br>ဇွန်လ၊ ၁၉၈၅ |
| ၁၅။ နတ်မင်းဆောင်းလား ထင်ခဲ့တာတယ် | (ရွှေသွေး၊ ဇလပ်ဆိုင်)<br>အောက်တိုဘာလ၊ ၁၉၈၅ |
| ၁၆။ အကြင်နာအားလုံး ပုံပြီးပေးချင်တယ် | (လွှင့်တင်၊ နီဘာ)<br>ဇန်နဝါရီလ၊ ၁၉၈၆ |
| ၁၇။ ပြန်လာပါ ကိုကို | (တောက်ရှား၊ မုဦးနွဲ့)<br>မေလ၊ ၁၉၈၆ |
| ၁၈။ အမုန်းခံပြီပါ | (ကိုပေါ်၊ ကိုတား ကြွေးကြွေးမုန်း၊ လူကြွှိ)<br>ဩဂုတ်လ၊ ၁၉၈၆ |

www.burmeseclassic.com

၁၉။ ချစ်ခွင့် (နိုင်သွန်း၊ ပန်း၊ မြူးမြူး)
ဒီဇင်ဘာလ၊ ၁၉၈၆

၂၀။ ရှင်မိုး (မြတ်မွန်၊ ဗွဲ့ရန်နိုင်၊ ရှင်မိုး)
မတ်လ၊ ၁၉၈၇

၂၁။ ရဲနဲ့ ကို့ဒွေး (ဒွေး၊ ရဲရဲ)
ဇွန်လ၊ ၁၉၈၇

၂၂။ ချစ်လို့ မုန်းလို့ (ဂါမဏီ၊ ဇွေး)
ဩဂုတ်လ၊ ၁၉၈၇

၂၃။ သူ ချစ်အောင် နေမယ် (ရှင်းသန့်၊ မေပိုသွက်လေး)
နိုဝင်ဘာလ၊ ၁၉၈၇

၂၄။ မေ့ထားလိုက်ပါမယ် (အင်ဒရူး၊ လွန်းထားထား)
မတ်လ၊ ၁၉၈၈

၂၅။ ဒို့ပြန်ဆုံတွေ့ခွင့် ရှိတယ် (တင်မွန်ကွန်း၊ ခခ)
မေလ၊ ၁၉၈၈

၂၆။ အားငယ်တတ်တယ် (မိုးစက်၊ မြူမင်းလွင်ထန်)
ဇူလိုင်လ၊ ၁၉၈၈

၂၇။ ခွင့်လွှတ်မှာလား (ထက်ဖျား၊ မမလွှား)
ဒီဇင်ဘာလ၊ ၁၉၈၈

BURMESE CLASSIC .com

www.burmeseclassic.com

| | | |
|---|---|---|
| ၂၈။ | ပန်းကြွေဘဝမယ် | (ဆိုင်မွန်၊ ခွန်းချိုသာ)<br>ဇန်နဝါရီလ၊ ၁၉၈၉ |
| ၂၉။ | အိပ်မက်ဆိုရင်လဲ<br>မနိုးပါရစေနဲ့တော့ | (အောင်ဒွန်းဘာ၊ ရှုပဘာ)<br>ဧပြီလ၊ ၁၉၈၉ |

*

| | | |
|---|---|---|
| ၃၀။ | မောင် | ယခုလ–အုပ်(၃၀)မြောက်<br>**အထူးထုတ်** |

BURMESE CLASSIC .com

www.burmeseclassic.com

ဤဇာတ်လမ်းကို ရေးသားခွင့်ပြုသော
အမည် မဖော်လိုသည့် အစ်ကိုကြီးနှင့်
မမအေးတို့အား
ကျေးဇူး အထူးတင်ရှိပါသည်။



www.burmeseclassic.com

မောင်....

နှောင်တွယ်ရစ်ငင်....သံယောဇဉ်ကို

မဆို မဟောင်း....ဘဝပြောင်းယိ

ငြိစွဲမြဲနိုင်....

ပိုင်ချင်တယ်.... h

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၁)

မိုးခြိမ်း ထစ်ချုန်းသံ ကြားလိုက်ရတာမို့ ယွန်းမှီ ခေါင်းကလေးက မိုးပေါ် မော့ကြည့်မိလျက်သား ဖြစ်သွားရသည်။ တိမ်ရိပ်တွေက ရုတ်တရက် ညို့မှိုင်း မည်းမှောင်လာနေပြီ။

လက်ထဲမှ ကိုင်လျက်သား လုံးချင်းဝတ္ထုစာအုပ်တစ်အုပ်၊ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို လွယ်ထားသော သိုးမွေး လွယ်အိတ် အစိမ်းထဲ ထိုးသွင်းထည့်ရင်း ထီးပြာပြာကလေးကို လွယ်အိတ်ထဲမှာ ထုတ်ယူလိုက်သည်။

ထီးကို လွယ်လင့်တကူ ဖွင့်နိုင်အောင် ပြင်ကိုင်ကာ သုံးဆယ့်နှစ်လမ်းထဲမှ အနော်ရထာလမ်းဘက်ဆီ ယွန်းမှီ ခပ်သွက်သွက် လျှောက်၏။

BURMESE CLASSIC .com

www.burmeseclassic.com



'မှီ့ စာအုပ်တွေ ပေး၊ မှီ့ထီးလဲပေး၊ မောင့်လက် မောင်းကို ကိုင်လိုက်၊ ဒီဘက်တိုး'

နားနားကိုကပ်ကာ တီးတိုးပြောသံ ကြားလိုက်ရင်း ယွန်းမှီ ကြက်သီးကလေးတဖြန်းထ သွားရသည်။ ဘယ်ဘက် ဘေးကို ဆတ်ကနဲပင် လှည့်ကြည့်လိုက်မိသေးသည်။ သို့ပေမယ့် လမ်းခုလတ်မှာပင် မျှော်လင့်ချက်တို့က ဖျတ်ခနဲ ကွဲလွင့်ပျောက်ပျက်ကုန်ရစ်သည်။ ဘေးမှာလည်း ဘယ်သူမှ ရောက်လာတာမဟုတ်။ ဘယ်သူမှ လာပြီး ကပ်ပြောလိုက်ခြင်း မရှိ။

ဘယ်သူမှ မသိလိုက်ပေမယ့် ယွန်းမှီ ကိုယ့်လိပ်ပြာကို ကိုယ် ရှက်လိုက်မိသည်။ နှုတ်ခမ်းကို သွားချွန်ချွန်ကလေးနှင့် ဖိကိုက်ကာ အံကြိတ်ဖို့ ကြိုးစားပေမယ့်. . . မျက်ဝန်းထဲ မြင်နေရသော မောင့်မျက်နှာကို မတားသာ မဆီးသာ လွမ်းလိုက်မိရင်း. . . ယွန်းမှီ မျက်ရည်ရစ်ဝဲရသည်။

ရုတ်တရက် ပျောက်သွားရက်တဲ့မောင်။

သတင်းစုံစမ်းဖို့ နေနေသာ. . . သူ့ လိပ်စာ ဘာ၊ သူ့ မိဘ ဘယ်သူဘယ်ဝါ ဆိုတာကိုတောင်မှ လုံးဝ မသိရတာ။ 'မောင်'ဆိုသော ခေါ်စရာအမည်ကလေးတစ်ခုသာ ယွန်းမှီ သိခွင့်ရခဲ့သည်။ လွန်လွန်းတာပေါ့ဟု လူတိုင်း ပြက်ရယ် ပြုချင်စရာ ကောင်းလောက်အောင်ပါပဲ။

သူ့ နာမည်ကိုပင် သေချာသလား။ မသေချာသလား ယွန်းမှီ မရေရာ။ အေးတိအေးစက် ငေးတိငေးငိုင်နှင့် ဇာတိ ဇာတ်မြစ် ပျောက်ဆုံးနေသည့် လူတစ်ယောက်ကို ယွန်းမှီ

BURMESE CLASSIC .com

www.burmeseclassic.com



မျက်စိမရှိသလို စုံလုံးကန်းအောင် ချစ်ခဲ့ဖူးတာသည် ခုတော့ အိပ်မက်ပါပဲလား မောင်ရယ်။

ဘာပဲဖြစ်ဖြစ် မနက်မိုးလင်းလျှင် ယွန်းမှီရှိရာ ရောက်လာတတ်ကာ ယွန်းမှီနံဘေးမှာပဲ အရိပ်ကလေးကို တတွဲတွဲ ရှိခဲ့ဖူးသော မောင့်ကို အရမ်းကိုပဲ လွမ်းရသည်။

ကျောင်းဆိုလဲ သူပါ၊ စာအုပ်ဆိုင်အတွက် မြို့ထဲထွက် စာအုပ်ဝယ်လဲ သူပါ၊ ဈေးသွားလဲ သူပါ၊ မပြန်မချင်း ယွန်းမှီကိုသာ ရီရွှန်းနက်မှောင်နေသော မျက်ဝန်းလဲ့တွေနှင့် တမြတ်တနိုး ငေးစိုက်ကြည့်နေတတ်ကာ. . . ညမိုးချုပ်မှဘယ်မှာရှိမှန်း မသိရသောအိမ်ကို တစ်ယောက်တည်း ပြန်သွားတတ်ခဲ့သော မောင်။

ယွန်းမှီရှိရာကို သူရောက်မလာတော့တာ တစ်လလောက်ရှိနေပြီ။ ပြန်လာအုံးမှာလား၊ မပြန်လာတော့ဘူးလား ဆိုတာလဲ မသေချာ။ ဘယ်မှာ ရှာရမည်မှန်း မသိရတာမို့. . . မှီ. . . စိတ်လည်းပူသည်။ မျက်ရည်ကျမိခြင်းဆိုတာတော့ ရေတွက်လက်ချိုးဖို့ရာ မလွယ်ကူတော့သည့် အထိပါပဲ။

ဂျင်းဘောင်းဘီ ဖြူတူတူ ဝတ်ထားတတ်သော အရပ်မြင့်မြင့် အသားဖြူဝင်းဝင်း အမျိုးသားများကို မြင်လျှင်. . . သူများလားဟု ရင်တခုန်ခုန်နှင့် လိုက်လံ ငေးမောစိုက်ကြည့်ရတာ အမော။

အနော်ရထာ လမ်းမပေါ် မှီရောက်လာသည်။ မိုးကောင်းကင်လိုပဲ ယွန်းမှီလဲ စိတ်တွေ ပိုလို့ အုံ့မှိုင်းလာရ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီနေ့တော့ မောင့်ကို အထူးတလည် လွမ်းလှသည်။ စိတ်တွေလည်း တစ်မျိုးကြီး မအီမသာ ဖြစ်နေရသလိုပင်။

ဘက်စ်ကားဂိတ်မှာ ရပ်လိုက်ရင်း ဘေးမှ ဂျင်ဘောင်းဘီနှင့် လူရွယ်တစ်ယောက်ကို သတိလက်လွတ် ငေးကြည့်နေမိ လိုက်သေးသည်။ မှီ ဘတ်စ်ကားစီးတိုင်း သူ့ လက်မောင်းကို အားပြုတွယ်မှီ ထားစေခဲ့သော မောင်. . . ဘယ်ရောက်နေပြီလဲ။

မှီ့ထံမှာရှိသမျှ ပစ္စည်းပစ္စယဝန်စည်စလယ်တို့ကို သူသာ သယ်ပိုးကာ. . . အကြင်နာအယုယကြီးလှတဲ့မောင်. . . ဘာများဖြစ်နေပါလိမ့်။ မှီ့စကားတစ်ခွန်းကို စိတ်ဆိုးထိခိုက်သွားပုံရပေမယ့် မှီ့ စကားက အမှားမှ မဟုတ်တာဘဲလေ။

ငေးမိငေးရာ ငေးကာ ယွန်းမှီ မျက်ရည် ပိုမိုရစ်ဝိုင်းလာရသည်။ ဂျင်းဘောင်းဘီဝတ်သူတိုင်းကို ‘မောင်’ အထင်နဲ့ လိုက်ပြီးကြည့်နေမိတတ်တာကိုသာ ‘မောင်’သိရင် မှီရှိရာကို အပြေး ပြန်လာချင်စိတ် အနည်းငယ်ပဲဖြစ်ဖြစ် ပေါ်ပေါက်လာကောင်းပါရဲ့။

မောင့်အပေါ် သံယောဇဉ်ရှိသော မှီ့ ဒေါ်လေးငယ်ပင်လျှင် မောင့်ကို သတိရနေတတ်သေးတာ။ မျက်ကန်းတစ်ယောက်လို ချစ်ခဲ့ရသော မှီဆိုလျှင် မောင် စဉ်းစားသာ ကြည့်ပါတော့။ မှီ့ သူငယ်ချင်းတွေ ဝိုင်းဝန်း အပြစ်တင်ကြမှာ စိုးတာမို့. . . မှီ ဟန်ဆောင်နေရပေမဲ့ မှီ့. . . နှလုံးသားတွေကတော့ ချည့်နဲ့ ပဲ့ကြွေနေပြီ မောင်ရယ်။

‘မေမေ. . . ဟိုဟာ ဘာကားကြီးလဲ’

www.burmeseclassic.com



ကလေးတစ်ယောက် မေးလိုက်သံကလေးက ယွန်းမှီ နောက်ဘက်နားမှ ထွက်ပေါ်လာတာမို့ အတွေးစတွေ ပြတ်တောက်ကာ ယွန်းမှီ လှည့်ကြည့်လိုက်မိသည်။

ခုနစ်နှစ်အရွယ် ပတ်ဝန်းကျင်လောက် ချာတိတ်ကလေး တစ်ဦးက သူ့မိခင်လက်ကိုတွဲကာ ကားဂိတ်မှာရပ်နေရင်း. . . မလှမ်း မကမ်းမှာ ငြိမ့်ကနဲရပ်လိုက်သော ကားကြီးကို လက်ညှိုးညွှန် မေးလိုက်ခြင်းပါပဲ။

'မေမေလဲ မသိဘူး သား'

မိခင်ဖြစ်သူ ဖြေသံကို ကျောဘက်မှာ ထပ်မံကြားရသည်။ ယွန်းမှီ. . . သိပ် စိတ်ဝင်စားလှသည် မဟုတ်ပေမယ့် ကားကြီးကိုတော့ ငေးမိငေးရာ ငေးမိနေသေး၏။

ဒီလို လူရှုပ်ရှုပ်ရှိရာ ဘတ်စ်ကားဂိတ်လို နေရာမျိုးနှင့် မလှမ်း မကမ်းမှာ ဘာကိစ္စကြောင့်များ လာရပ်ပါလိမ့်. . . ။ တဖိတ်ဖိတ်လက် နေသော မီးခိုးရင့်ရောင် ဗော်လ်ဗို (760) ကားကြီးကို လူတိုင်းလိုလို စူးစူးစမ်းစမ်း ကြည့်နေကြ၏။ တငေးတမောနှင့် ကား ကိုယ်ထည်ကို တစ်စုံတစ်ခုနှင့်များ မတော်တဆ ထိခိုက် ပွတ်တိုက် မိကြလျှင်တော့ ဒုက္ခပဲဟု. . . တွေးလိုက်မိဆဲပင် – ကားရှေ့ခန်းတံခါး တစ်ချပ်က အသံမမြည်ဘဲ သိမ်မွေ့စွာ ပွင့်လာသည်။

အမျိုးသမီးတစ်ယောက် ဆင်းလာတာကို အမှတ်တမဲ့ပင် လှမ်းကြည့်နေမိသည်။ ကြည့်နေရင်းပင်. . . အမျိုးသမီးက ယွန်းမှီ ရပ်နေရာအနား ရောက်လာသည်။

'မမလေးက. . . မယွန်းမှီမှီ ဟုတ်ပါသလား'

BURMESE CLASSIC .com

www.burmeseclassic.com



'ရှင်'

ယွန်းမှီ မျက်ခုံးကလေးပင့်ကာ အရမ်းပင် အံ့သြသွားရသည်။ ဘာမှ ပြန်မဖြေနိုင်ဘဲ. . . ထိုအမျိုးသမီးကိုသာ စိုက်ကြည့်နေလိုက် မိ၏။ အမျိုးသမီးက ယဉ်ကျေး ရိုကျိုးစွာပြုံးရင်း . . .

'မမလေးက ယွန်းမှီမှီ မဟုတ်လားဟင်'

'ဟုတ်ပါတယ်'

မှီ တွေတွေကလေး ဖြေလိုက်သည်။

'ကျွန်မတို့သခင်က မမလေးကို ဖိတ်ကြားလိုက်လို့ပါ'

'မှီ့'ကို

ပိုပြီး အံ့သြသွားရကာ ဘေးပတ်ဝန်းကျင်ကို ယွန်းမှီ ဝေ့ကြည့် လိုက်မိသည်။ အားလုံးက ဝိုင်းပြီး အကဲခတ်နေကြ၏။ မှီက ဆံပင်ရှည် ကလေးများနှင့် မျက်နှာကို ငဲ့ချကွယ်ကာ. . .

'မှီ့ကို ဘယ်သူက ဖိတ်ခိုင်းတာလဲဟင်၊ ပြီးတော့ ဘာကိစ္စ ရှိလို့လဲဟင်'

ယွန်းမှီ မျက်လုံးကလေးများက ဝိုင်းစက်နေရ၏။ ပန်းနုသွေး ပြေးနေသော နှုတ်ခမ်း ထူထူ အာအာကလေး ကလည်း မဟ တဟ ပွင့်နေရသည်။ ကားကို တစ်လှည့် အမျိုးသမီးကိုတစ်လှည့်ကြည့်ကာ. . . ဘာကိုမှနားမလည်နိုင်။ မှီ့ထက် အသက်ကြီးပုံ ရပေမယ့် မှီ့ကို မမလေးဟု ခေါ်ပုံကြောင့်လည်း အံ့သြရပြန်သည်။

www.burmeseclassic.com



'မမလေးကို ကျွန်မတို့ရဲ့သခင် စဝ်နပလက ဖိတ်ကြားလိုက်တာပါ။

'ရှင်. . . ဘယ်သူက'

'သခင်. . . စဝ်နေပလကပါ'

'အဲ. . . အဲဒါ ဘယ်သူလဲ'

အမည်ခန့်ခန့်က နားထဲကို ခပ်ထောင့်ထောင့်။ သို့သော် စေးစေးပိုင်ပိုင် စွဲစွဲငြိငြိ နိုင်လှစွာ ဝင်ရောက်လာသည်။

'မမလေးရယ်. . . ရန်ကုန်မှာ နေပလဆိုတဲ့ စကားလုံးကို မကြားဖူးတဲ့သူ နည်းပါတယ်၊ ရန်ကုန်မှာတင် မကပါဘူး၊ ဗမာပြည်ထဲက မြို့ကြီးတော်တော်များများ ဒီအမည်ကို သိပါတယ်'

'အင်. . . နေပလ၊ မှီတော့ နေပလဆိုတဲ့ ချိန်း စတိုးဆိုင်တွေ နာမည်ပဲ ကြားဖူးတယ်၊ ရန်ကုန်မှာလဲ နေရာတကာပြီးတော့ . . . မြို့ကြီးတော်တော်များများမှာလဲရှိနေတဲ့ နေပလ ချိန်း စတိုး ဆိုတာလေ'

'ဟုတ်ကဲ့. . . အဲဒါတွေကိုပဲ ပြောတာပါ'

'ဟိုမှာတင် လှမ်းမြင်နေရသေးတယ်လေ. . . နေပလ ချိန်း စတိုး ဆိုတာ'

ယွန်းမှီက မလှမ်းမကမ်းမှ လေးထပ် အဆောက်အအုံ တစ်ခုကို လက်ညှိုးညွှန်ကာ ပြောမိသည်။ အမျိုးသမီးက ခေါင်းငဲ့ ကြည့်ကာ ခပ်ပြုံးပြုံး ခေါင်းညိတ်၏။ သူ့ အပြုံးက လိုအပ်တာထက် ပိုပြီး ချိုသာ ကျိုးနွံသည်။

BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်ပါတယ်မမလေး၊ နေဗလ စတိုးတွေ. . ကုန်တိုက်တွေ. . . တည်းခိုခန်းတွေကို ပိုင်တဲ့. . . ကျွန်မတို့ရဲ့ သခင် ဦးစဝ်နေဗလက မမလေးကို ခေါ်ခဲ့ဖို့ ဖိတ်ကြားလိုက်တာပါပဲ'

'ဟင်. . . မှီမှ ဦးစဝ်နေဗလကို မသိတာ'

ယွန်းမှီ ခေါင်းကလေးယမ်းကာ ပြောမိသည်။ 'နေဗလ' လုပ်ငန်းများကိုပိုင်ဆိုင်သော ဦးစဝ်နေဗလဆိုတော့ တော်ရုံ သူဌေး ကြီး က မှာ မဟုတ်။ ဘာဖြစ်လို့ မှီ့ကို တွေ့ချင်ရတာဘာလိမ့်။ မှီ့ ကိုလည်း ဘယ်လို သိနေပါလိမ့်။

မောင့်ကို မြင်ရောင်လွှမ်းဆွတ်နေမိခြင်းတွေပင် တခိုက်တတန့်တော့ ပျောက်ပျက်ကာ ထူးဆန်း အံ့ဩမှုနှင့်. . . မျက်ဝန်း ကလေး ကြောင်နေရလေသည်။

'သူကလဲ မမလေး သူ့ကို သိတယ်လို့ မပြောလိုက်ပါဘူး၊ ဆွေးနွေးစရာရှိလို့ ခဏလိုက်ပါခဲ့ဖို့သာ တောင်းဆိုလိုက်တာပါ'

'ဘာကို ဆွေးနွေးမှာလဲ ဟင်'

'ဒါတော့ ကျွန်မ မသိပါဘူး'

'မှီက အဲဒီ ဦးစဝ်နေဗလကို မသိတော့ ဘယ်လို လိုက်ရဲပါ့မလဲ၊ ဘာဆွေးနွေးမယ်ဆိုတာကိုလည်း မှီ မသိဘူး'

'သခင်ကလည်း ကျွန်မတို့ကို ပြောမပြလိုက်ပါဘူး၊ ဒါပေမဲ့ မရ ရအောင် ဖိတ်ခေါ်ဖို့ကိုတော့ အထပ်ထပ်မှာလိုက်ပါတယ်၊ မမလေးပါလာရင် ဘယ်နည်းနဲ့ ပါလာ ပါလာ. . . ရပါတယ်တဲ့၊ မမလေး ပါမလာရင်တော့. . . ကျွန်မတို့ကို သူ မျက်မာန် ရှမှာပါ'

www.burmeseclassic.com



စကားအသုံးအနှုန်းတချို့က ယွန်းမှီ နားထဲ သစ်ဆန်းနေသည်။ 'စဝ်နေဗလ' ဆိုသော အမည်ကလည်း ကြားရခဲသော အမည်တစ်ခုပါပဲ။

'စဝ်နေဗလဆိုတော့ စော်ဘွားတွေ ဘာတွေ နာမည်မျိုး ဖြစ်နေသလိုပဲ'

'ဟုတ်ပါတယ်. . . သခင်စဝ်နေဗလဟာ ကမ္ဗောဇ စော်ဘွားအနွယ်တစ်ခုရဲ့ နောက်ဆုံးမျိုးဆက်တစ်ဦးပါ'

ယွန်းမှီ မျက်ခုံးပင့်နေရာမှ ပြန်မကျတော့။ စော်ဘွားနွယ်ဝင် ကမ္ဗောဇတိုင်းရင်းသားတစ်ဦး။ ပြီးတော့. . . သူဌေးကြီးတစ်ဦးက မှီ့ ကို ဘာအဆက်စပ်ကြောင့် တွေ့ချင်ပါလိမ့်။ စိတ်ဝင်စားမှုက ရင်ထဲ စိမ့်ပျံ့လာတာမို့. . . မှီ မငြင်းတော့ဘဲ နှုတ်ခမ်းကလေးကိုက်ကာ ငြိမ်နေမိလိုက်သည်။

နေဗလလုပ်ငန်းများပိုင်ရှင်ကို ဘယ်သူ ဘယ်ဝါရယ်ဟု တိကျစွာမသိဖူးပေမဲ့. . . ထိုသူသည် ရန်ကုန်မြို့မှ သန်းကြွယ်သူဌေး ကြီးများ စာရင်းမှာ ထိတ်ဆုံးနေရာလောက်က ရှိနေမှန်းတော့ ပြောသံ ဆိုသံ မှီ ကြားဖူးသည်။

'မမလေး တစ်ယောက်တည်း မလိုက်လိုရင် ခေါ်ချင်တဲ့ အဖော် ခေါ်လာခွင့် ရှိကြောင်းလဲ ပြောလိုက်ပါတယ်'

ရုတ်တရက်တော့ မောင့်ကို သတိရသည်။ မောင်သာဆိုလိုက်ခဲ့မှာပဲ။ တားလို့ရမှာ မဟုတ်။ ခုတော့ မှီ့ မှာ အဖော်ခေါ်စရာ မောင် မရှိ။ မှီ့ မှာ တစ်ဦးတည်းသော အဖော်ရယ်လို့ ဒေါ်လေးငယ် တစ်ယောက်သာ ရှိတော့တာပါ။

www.burmeseclassic.com



'သူက ဘယ်မှာ နေတာလဲ ဟင်'

'တက္ကသိုလ်ရိပ်သာ လမ်းပေါ်မှာပါ၊ လမ်းမပေါ်က တွေ့ရတဲ့ ခြံတစ်ခြံပါပဲ မမလေး'

မှီ က လွယ်အိတ်ကိုင်းကို တင်းတင်းဆုပ်ကိုင်ကာ ခေါင်းလေးငုံ့လျှက် တိတ်ဆိတ်စွာ စဉ်းစားနေမိသည်။ ဒီသူဌေးကြီး မှီ့ ကို ဘာကြောင့် တွေ့ချင်မှန်း၊ ဘာတွေ ဆွေးနွေးလိုမှန်း တွေးမရ။ တွေးမရလေ. . . သိချင်လေ။

'မှီ. . . မှီ အရမ်းတော့ စိတ်ဝင်စားတယ်၊ ဒါပေမယ့် မှီ တစ်ခါမှာ မသိဖူးတဲ့သူပဲ ဖြစ်နေတော့. . . '

'ညနေ ခြောက်နာရီ မတိုင်ခင် မမလေးနေတဲ့ စမ်းချောင်းကို အရောက် ပြန်ပို့ပေးပါမယ်လို့လဲ သခင်ကမှာလိုက်ပါတယ်'

'ဟင်. . . မှီ စမ်းချောင်းမှာနေတာကို သိတယ်'

'ဟုတ်ကဲ့'

မှီ ပါးပြင် ဖြူဝင်းဝင်းကလေးကို လက်ဝါးလေးတစ်ဘက်နှင့် အုပ်ကိုင်ကာ အံ့ဩ တွေဝေသွားရသည်။

'မမလေး . . . အဲဒီရောက်တဲ့အခါ သခင်နဲ့တွေ့တဲ့အခါ . . . ဆွေးနွေးချင်စိတ် စကားပြောလိုစိတ် မရှိပါဘူး ဆိုရင်လဲ ချက်ချင်း ပြန်ပို့ပါ့မယ်လို့ ပြောပါတယ်၊ မိုးဖွဲ ကျလာပြီ မမလေး၊ ကားထဲကိုကြွပါ'

မှီ မျက်တောင်ကလေး နှစ်ချက် သုံးချက် ခတ်လိုက်ရင်း ဆုံးဖြတ်ချက် ချလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com



'မှီ လိုက်ခဲ့မယ်၊ ဒါပေမယ့် အဲ့ဒီ ကားနဲ့ မှီ မလိုက်ချင် ဘူးရှင့်၊ ဒီကား ရှေ့က သွားပါ၊ မှီ နောက်က အငှားကားနဲ့ လိုက်ပါရစေ'

'မမလေး သဘောပါ၊ မမလေး ပါလာဖို့သာ အဓိက ပါရှင့်'

အမျိုးသမီးက ရပ်နေရာမှ လမ်းမဘက်လှည့်ကာ အသင့် လာနေသော လေးဘီးကားတစ်စီးကို လက်တားလိုက်သည်။

ကားက မလှမ်းမကမ်းမှာ ရပ်သွားသည်။ မှီက ထို အမျိုးသမီးနှင့်အတူ ကားနားသွားရပ်ရင်း ဘာမှ မပြော နိုင်သေးခင် အမျိုးသမီးကပဲ စကား စ ဆိုသည်။

'ဟို အနောက်ဘက်မှာ ရပ်ထားတဲ့ ကားက ရှေ့က သွားပါမယ်၊ အဲဒီကားနောက်က လိုက်ပေးပါ တက္ကသိုလ် ရိပ်သာလမ်းကိုပါ၊ ဟိုရောက်မှ ကျသင့်ငွေ ရှင်းပါမယ်'

မှီက လေးဘီးကားနောက်ခန်းသို့ တက်ထိုင်လိုက်သည်။ အမျိုးသမီးကလည်း သူ့ကားကြီးရှိရာ သွားကာ ရှေ့ခန်း ကို ဖွင့်ဝင်ထိုင်လိုက်၏။ ဘေးမှာ မောင်းသူ တစ်ဦးပါတာ ကို မသဲမကွဲ မြင်ရသည်။

မီးခိုးရောင် ဖော်လ်ဗိုကားကြီး ကွေ့ကျော်ကာ ရှေ့ ဘက် ရောက်သွားမှ. . . လေးဘီးကားသမားက စက်နှိုးပြီး နောက်မှလိုက်၏။ မှီ ဘာကြောင့်မှန်းမသိဘဲ စိတ်တွေ လှုပ် ရှားနေသည်။ မှီ. . . မှီ. . . လိုက်လာခဲ့မိပြီ။ မှန်သလား မှား သလား။ တစ်ခါမှ မသိဖူးသော အိမ်တစ်အိမ်ကို မှီ တစွန့်

www.burmeseclassic.com



တစား လိုက်သွားသင့်သလား။ သူတို့ပိုင်နက်ထဲ ရောက်သွားပြီဆိုလျှင် တစ်စုံတစ်ခု အန္တရာယ် ပေါ်ပေါက်ခဲ့သော် မှီ ဘယ်သူ့ကို အားကိုးမှာလဲ။

လူက ခုထိ ချီတုံချတုံ ဖြစ်နေမိဆဲ ဖြစ်ပေမယ့် စိတ်ကတော့ မမြင်ရသေးသည့် ဦးစဝ်နေဗလကိုရော၊ ခုန အမျိုးသမီးကိုပါ ယုံယုံ ကြည်ကြည် ရှိနေမိသည်။ ခုန အမျိုးသမီးရုပ်က ဖြူစင်သန့်ရှင်း လှသည်။ သူ့ ရုပ်ကလဲ တိုင်းရင်းသူ တစ်မျိုး၏ရုပ်မှန်း သိသာသည်။

ရုပ်ရည်က မလှလွန်းပေမယ့် တည်ကြည် သိမ်မွေ့ခြင်း၊ နူးညံ့သစ္စာရှိခြင်းတွေ ပေါ်လွင်နေသည်။

ဦးစဝ်နေဗလ ဆိုတာကိုလည်း အမည် ကြားရုံနှင့်ပင် မှီ နှစ်ခြိုက် သဘောကျနေရ၏။ ရိုးမှ ရိုးသားသော ကိစ္စမျိုး ဟုတ်ရဲ့လားဟု တွေးပင် မတွေးမိ။

ယွန်းမှီမှီဆိုတာက. . . ငယ်ငယ်ကတည်းကပင်မိဘမဲ့ခဲ့ရတာမို့ ကိုယ့်အား ကိုယ်ကိုးတတ်သော အကျင့်ပါနေပြီ ထင်သည်။ ဘာကိုမဆို မှီက လုပ်ရဲကိုင်ရဲ ဝင်ရဲထွက်ရဲ လက်ရဲဇက်ရဲ ရှိလှသည်။ ဒေါ်လေးငယ်ပင် တစ်ခါတစ်ခါ ဩချယူရတတ်တာ။

ပြီးတော့. . . မှီက တစ်ခါတစ်ခါလက်တွေ့ကျတတ်လွန်းသည်။ မောင်လို ယောက်ျား တစ်ယောက်ပင်လျှင် မှီ လက်တွေ့ ဆန်လွန်းတာကို တစ်ခါတစ်ခါ လန့်သည်ဆိုပဲ။ ဘာကိုတွေးတွေး မောင် ပါလာပြန်တာမို့ မှီက ခေါင်းကလေး

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ချက်ခါကာ စိတ်ကို အေးအေးဆေးဆေး ထားလိုက်သည်။

ဘယ်လောက်ပဲ စိတ်ကို အေးအေး ထားပေမယ့် ထူးဆန်း အံ့ဩမှုအရှိန်က သူ့ဟာနှင့်သူတော့ သိသာလောက်အောင် ရှိနေ၏။ မှီ့ ရင်တွေ တဒိတ်ဒိတ် မြည်နေရတာကို ကြည့်ပါလား။

'လေးနာရီထိုးပြီ'

မွေးညင်းနုကလေးများ ရေးရေး ရှိနေသော လက်ကောက် ဝတ်ဖြူဖြူမှ ရွှေရောင်နာရီကို မှီ ငုံ့ကြည့်ရင်း တိုးတိုး ရွတ်မိသည်။ အို. . . မှီ မောင့်ကိုသတိရပြန်ပြီ။ မောင် ဝယ်ပေးခဲ့သော တစ်ခုတည်းသော လက်ဆောင်ကလေး။

နာရီကလေးကို ငုံ့ကြည့်ရင်း နံဘေးမှာ မောင်လာထိုင်နေသလိုပင် နွေးထွေးလာရ၏။ မောင့်ထံမှ ရတတ်သော မဆို စလောက် သင်းကြိုင်သည့် ကိုယ်နံ့လေးပင် လေပြည်ထဲပါလာ သယောင် စိတ်က ထင်မိသည်။

မောင့် ပယောဂနှင့် ငေးမှိုင် သွားတော့မလိုဖြစ်သော မှီ ကား ရပ်လိုက်မှန်းပင် သတိမထားမိလိုက်။ ရှေ့မှ အမျိုးသမီး လျှောက်လာမှပင် ခြံကျယ်တစ်ခုထဲ ရောက်ရှိနေပြီဟု သိမှတ်မိကာ. . . လေးဘီးကား နောက်ခန်းမှ ဆင်းလိုက်၏။

ဆင်းလိုက်သည်နှင့် အနီရင့်ရောင်နှင့် ကြီးမား ခန့်ထည်သော နှစ်ထပ်တိုက်ကြီးကို မြင်သည်။ စော်ဘွားမျိုး

BURMESE CLASSIC .com

www.burmeseclassic.com



နွယ် တစ်ဦးနေထိုင်ရာ စံအိမ်ဖြစ်ထိုက်သည့် တိုက်ကြီး တစ်ဆောင်ပါပဲ။

‘မမလေး. . . အိမ်ပေါ်ကြွပါရှင်’

*　*　*

ယွန်းမှီ နှုတ်ခမ်းကလေးကို ဖိကိုက် ပစ်လိုက်သည်။ လက်က နာရီကလေးကို ငုံ့ကြည့်ကာ လူက စိတ်ကျဉ်းကျပ်လာရ၏။ ဆယ့် ငါးမိနစ်ကျော်ပြီပဲ။

‘မမလေး. . . ခဏထိုင်စောင့်ပါ၊ သခင် ဆင်းလာပါလိမ့်မယ်’ ဟု ပြောသွားသော အမျိုးသမီးလည်း အိမ်ထဲဝင်ရောက် ပျောက်ကွယ်သွားပြီ။ ပြန်ထွက်မလာ။ စိတ်ဝင်စားမိတာလေးတစ်ခုနှင့် စိတ်မြန်လက်မြန် လိုက်ခဲ့မိသော ကိုယ့်ကိုယ်ကို မှီ မကျေနပ်ဖြစ်လာရ၏။

ခုနက အငှားကားကို အပြင်မှာပဲ ရပ်စောင့်စေခဲ့သည်။ ခုလောက်ဆို သူစောင့်ရတာ ကြာချိန်နှင့် ကျသင့်ငွေက တော်ရုံ တန်ရုံကမှာ မဟုတ်တော့။

‘သခင်’လို့ ခေါ်ရတယ်ဆိုကတည်းက ကြီးကြီးကျယ်ကျယ် ခမ်းခမ်း နားနားထဲက လူတစ်ယောက်ဖြစ်မှာပေါ့ဟု မှီ ထင်တော့ထင်မိသား။ သို့ပေမယ့် သူက စပြီး ဘာမှန်းမသိ ဖိတ်ခေါ်ခဲ့သူပဲ။ ဒီလောက်တော့ အချိန်ဆွဲ ဟန်ရေးချဲ့ မနေသင့်။

www.burmeseclassic.com



မှီ သက်ပြင်းကလေး တစ်ချက်ချကာ ထပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

ဖျတ်ခနဲ လှုပ်ရှားသွားသော နီညိုရောင် ပိုးခန်းဆီးစကို မြင်လိုက်ရသည်။ အသက်သုံးဆယ်ရွယ် လူတစ်ဦး အခန်းထဲ ရောက်လာကာ ခန်းဆီးစကို လူတစ်ယောက်ဝင်လာရုံ လက်တစ်ဘက်နှင့် ဆွဲဟ ပေးထား၏။ မှီ့ကိုလည်း တစ်ချက်ကြည့်ကာ . . .

'သခင်လေး လာပါပြီ'

သူတို့ လုပ်ပုံကိုင်ပုံတွေကပဲ တမြင့်တမြတ် ဦးစားပေးပုံ ပေါ်နေတာမို့ . . . မှီ ကိုယ်တိုင် ဖြုံလိုက်မိတာလား၊ ဒါမှ မဟုတ်. . . သိချင်ဇောနှင့် စိတ်လှုပ်ရှား သွားတာလား မဆိုနိုင်။ မှီ. . . ထိုင်နေရာရေမြှုပ်ကူရှင်ခင်း ဆက်တီမှ ထရပ်မိပြီး ဖြစ်သွားရ၏။

ခန်းဆီးအဟကြားမှ လူတစ်ဦး ထွက်လာသည်။

'ဟင်'

မှီ မျက်ခုံးကလေး ရုတ်တရက် ပင့်သွားရ၏။ နှလုံးသား တစ်ခုလုံးလည်း ပေါက်ကွဲလွင့်စဉ် ထွက်သွားသလား ထင်ရသည်။

'မောင်'

နှုတ်က တီးတိုးကလေးရွတ်မိရင်း မယုံနိုင်စိတ်က ရင်ထဲ ဝင်လာရသည်။ ဖြစ်နိုင်ပါ့မလား။

သူက ရှပ်အင်္ကျီ ဖြူဖွေးဖွေးကို လက်ဖျားထိ ကြယ်သီး

BURMESE CLASSIC .com

www.burmeseclassic.com



အစေ့ တပ်ဝတ်လျက် လုံချည်ကနှစ်နံစပ် ယောလုံချည် ညို နက်နက်ကလေး ဝတ်ထားသည်။

မောင်က ဂျင်းဘောင်းဘီ ဖြူတူတူနှင့် ဂျင်းဂျာကင် ခါးခပ် တိုတိုကို မချွတ်တမ်း ဖရိုဖရဲ ဝတ်တာ၊ ပြီးတော့ နေထိုင်လှုပ်ရှား ပုံကအစ၊ ဒီလူက ခမ်းနားရှင်းသန့်နေသည်။

ဒါပေမယ့်. . . ရုပ်က မောင်ပဲ။ မောင်ပဲလေ။

ခေါင်းကလေး နောက်လာကာ မှီ. . . ပစ်ထိုင်ချလိုက်ချင် စိတ်ပေါက်လာသည်။ သို့ပေမယ့် ရှေ့ကလူ၏ အသရေက မှီ့ကို ဟန့်တား ပိုင်စိုး လွှမ်းမိုးထား၏။ ဒီလူ မတ်တပ်ရပ် နေခိုက် မှီ မထိုင်ဝံ့သလိုလို။

'မောင်. . . လို့ ခေါ်လိုက်တာလား'

နှုတ်ခမ်းနှစ်ခုကို အသာအယာဖွင့်ကာ စဝ်နေဗလက မေးသည်။ အသံ တစ်ထပ်တည်း တူနေပြန်တာမို့ မှီ စိတ် ညစ် စိတ်ရှုပ်စွာ မျက်နှာကလေး ရှုံ့မဲ့သွားရ၏။

'မောင်ပဲ မဟုတ်လား'

မှီ မျက်မှောင်ကုတ်ခါ မေးလိုက်တော့ သူ ပြုံးသည်။ ဟောတော်. . . မောင်က ဘယ်လို ပြုံးလိုက်တာပါလိမ့်။ တစ်ခါတစ်ရံ မျက်နှာသုန်မှုန် မကြည်သာတတ်တာက လွဲ လျှင် ဒီလို. . . တစ်ဖက်လူစိတ်ကို မခံချိမခံသာအောင် နှိုးဆွ ကလိစေတတ်မည့် ရိသဲ့သဲ့ မဲ့တဲ့တဲ့ အပြုံးမျိုး မောင်က မပြုံးတတ်။ မှီ အရမ်း အံ့ဩ မှင်တက်နေရသည်။

စဝ်နေဗလ ပြုံးထားရာမှ နှုတ်ခမ်းကို စေ့သည်။ နှုတ်ခမ်း နှစ်ခု ပိသွားတော့ မဲ့လိုက်သည့် သဏ္ဍာန်မျိုး ပိုမို

BURMESE CLASSIC .com

www.burmeseclassic.com



ထင်ရှားသွားရ၏။ စိတ်ရှုပ်နေသလို အံ့ဩမှု လွှမ်းကဲနေသလို ပွင့်ဟနေသော ယွန်းမှီမှီ၏ နှုတ်ခမ်းကလေးကို စိုက်ကြည့်လိုက်သည်။

ဒီနှုတ်ခမ်းကလေးပေါ့။

ချစ်ဖွယ်သောစကားတို့ကိုလည်း တီတီတာတာ ဆိုတတ်ကာ ခံပြင်း မျက်နှာရှုဖွယ်သော စကား တို့ကိုလည်း ဖွင့်ဟပြောတတ်ခဲ့တာ။

ရင်ထဲမှာ မခံရပ်နိုင်အောင် စူးစူးရှရှ နာကျင်သည်။ သည်မိန်းကလေးကို စဝ်နေဗလ မုန်းတီးလိုက်ချင်သည်။

ဒေါသစိတ်ကို ချုပ်တည်းကာ ဆက်တီ ညိုရင့်ရင့်ပေါ် ထိုင်ချ လိုက်ရင်း. . .

'ထိုင်လေ'

ယွန်းမှီ သူ့ကို စူးစိုက်ကြည့်နေရင်း. . . ဆောင့်ကနဲ ထိုင်ချ လိုက်သည်။ သူ့ကိုကြောက်လန့် ရိုကျိုးနေစိတ်မျိုး မရှိတော့ဘဲ. . . မျက်စောင်းတစ်ချက် ထိုးလိုက်မိရင်း. . .

'မောင်က. . . မှီ့ကို အရှုးလုပ်ခဲ့တာပေါ့. . . ဟုတ်လား'

'ကျုပ်နာမည်. . . စဝ်နေဗလပါ'

'မောင် ဘယ်လို ဖြစ်နေတာလဲ'

ယွန်းမှီ မျက်ရည် ရစ်ဝဲသွားရသည်။ မာကျော အေးစက်သော ဒီလိုမျက်နှာမျိုး မောင့်ထံမှာ မှီ မမြင်ဖူးခဲ့။ မောင်ပဲဆိုတာကိုလည်း နှလုံးသားက သေချာနေလျက် လုပ်နေကိုင်နေပုံကြောင့်လည်း ဝမ်းနည်းပက်လက် ဖြစ်သွားရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



'ကျုပ် ဘယ်လိုမှ မဖြစ်ပါဘူး၊ ကျုပ်အိမ် ကျုပ်ရာမှာ ပုံမှန်ရှိနေတဲ့ သူပါပဲ၊ မီသာ. . . တော်တော်မှ. . . အံ့ဩသွားရဲ့လား'

'ဟုတ်တယ်. . . မီ. . . အရမ်းအံ့ဩတယ်၊ ဒီလိုအခြေ အနေ ရှိရက်နဲ့ မီ့ဆီကို ခြေသလုံးအိမ်တိုင် လူတစ်ယောက် ပုံစံမျိုးနဲ့ ဘာဖြစ်လို့ လာရတာလဲ၊ ဘာဖြစ်လို့ အရူးဖြစ်အောင် လှည့်စားခဲ့ ရတာလဲ မောင်ရယ်'

မီ. . . မျက်ရည်ကလေး ဝဲတဲတဲဖြင့် ဆိုသည်။

မီ သိခဲ့သည့် 'မောင်မောင်' ဟူသောအမည်နှင့် 'မောင်' က လမ်းပေါ်ပဲ လျှောက်နေတဲ့သူလိုလို။ ဘာအလုပ်အကိုင်မှလည်း ရှိပုံ မရသော လူတစ်ယောက်။ နေရပ်လိပ်စာရော အမည်ကိုပါ ဖျောက်ထားကာ မီ့ကို ဆန်းပြားစွာ ချဉ်းကပ် ချစ်ရေးဆိုခဲ့သူ။

တစ်ခါတစ်လေ ဝိုင်တိုင် မှိုင်တိုင် ရှိတတ်ပေမဲ့ တစ်ခါတစ်လေလဲ ပါးချိုင့်ရှည်ကလေးပေါ်အောင် ချစ်စဖွယ်ပြုံးတတ်သူ။ ဒေါ်လေးငယ်က မောင့်ကို သံယောစဉ်နှင့် ခင်နေပြီဖြစ်ပေမယ့်. . . အိမ်ခြေ ရာခြေမရှိ၊ အလုပ်အကိုင် မရှိသော ခပ်တေတေပုံစံကြောင့် သဘောတူ ပေးစားဖို့တော့ တွန့်ဆုတ်နေခဲ့တာ။မီ ကိုယ်တိုင်ကလည်း ဘာတစ်ခုမှ မပြောဘဲ လျှို့ဝှက်ထားတတ်သော နားလည်ရခက်သူ မောင့်ကို လက်ထပ်ပါမည်ဟု အဖြေပေးဖို့ မရဲမဝံ့ခဲ့တာတွေကို တရစပ်ပြန်လည်အမှတ်ရကာ. . . မျက်ရည်စတွေက မျက်ဝန်းအိမ်ထဲ ပိုပြီး တော့သာ များလာရ၏။

BURMESE CLASSIC .com

www.burmeseclassic.com



မောင့်အခြေအနေကို သိလိုက်ရတာ မယုံနိုင်လောက်စရာပါပဲလား။ ပုံပြင်လိုလို အိပ်မက်လိုလိုပေမယ့် မောင့်ကို ဒီလို အခြေအနေကြီးကြီး အဆင့်အတန်းရှိရှိထဲကဆိုတာ သိလိုက်တော့ ရင်ထဲ ငြိမ်းချမ်း ဝမ်းသာမိပါသည်။

မီှ ချစ်သောသူတစ်ယောက်က မြင့်မြင့်မားမားဆိုတော့ မီှ ဂုဏ်ယူ ဝမ်းမြောက်ရတာပေါ့။ မီှ ရိုးသား ပွင့်လင်းစွာ ပျော်ရွှင်သွား ရတာကို ဝန်ခံလိုသည်။ ပြီးတော့. . . ဒေါ်လေး ငယ် အံ့သြ ကျေနပ် သွားမှာကိုလည်း ကြိုသိနှင့်သည်။

'သိပ်အံ့သြနေလား မီှ'

မောင့်အသံက အစ ကတည်းက သြဇာသံပါသည်။ ခု တခိုက်မှာတော့ အသံက ပိုပြီးတော့ကို မာသြ အေးစက်နေတော့ ၏။

'အင်း. . . အံ့သြတယ်'

'ပြီးတော့ကော. . .'

'မောင်. . . ဘာရည်ရွယ်ချက်နဲ့ မီှ့ကို ဒီလိုခေါ်ယူတာလဲ၊ ခါတိုင်းလဲ မောင်ပဲလာနေတာ. . . မဟုတ်လား'

'မီှက ဘယ်မှာနေသလဲဆိုတာ သိပ်သိချင်တယ်ဆို'

'မောင် ပြောပြလိုက်ရင် ပြီးတာပဲ၊ မောင် ဘာဖြစ်လို့ မီှ့ဆီ မလာဘဲ ကိုယ်ဖျောက်နေလိုက်တာလဲဟင်၊ တစ်လလောက် ရှိပြီ၊ မီှ သိပ်စိတ်ဆင်းရဲရတယ်သိလား၊ ဘယ်လိုက်ရှာရမယ်ဆိုတာလဲ မသိဘူး၊ ငိုချည်းပဲ နေရတာ'

BURMESE CLASSIC .com

www.burmeseclassic.com



ပြောရင်း မှီ့ပါးပြင် ပန်းသွေးဝင်းဝင်းကလေးပေါ် မျက်ရည်ပေါက်တချို့ လျှောကနဲ စီးကာ လိမ့်ကာ ကျလာရ၏။ ယွန်းမှီမှီ ငိုနေတာကို စဝ်နေဗလ မျက်ဝန်းများ ကျဉ်းသွားသည်အထိ ငေးမော စူးစိုက်ကြည့်နေမိသည်။

သိပ်ချစ်ရတဲ့ မှီ။ မှီ ငိုနေတာကို မျက်နှာချင်းဆိုင် နီးကပ်စွာ မြင်ရတော့ ရင်ထဲမှာ ထိခိုက်သွားရသည်။ သို့ပေမယ့် ဒီထက် ထိခိုက်နှင့်ပြီးသား ခံစားချက်က ရှိနေပြီသား။

မည်းနက်နေသော မျက်ခုံး စိမ်းစိမ်း သန်သန်တွေကို စဝ်နေဗလ တွန့်ပစ်လိုက်ရင်း. . .

'ခင်ဗျား စကားကို ခင်ဗျား သတိရသေးလား မှီ၊ ဒီအခြေအနေနဲ့တော့ လက်ထပ်ဖို့ သတ္တိမွေးရအုံးမယ်ဆိုတာ၊ အလုပ်တစ်ခု ခုတော့ လုပ်ကို လုပ်မှဆိုတာ'

'မှီ မှတ်မိတာပေါ့. . . မှီ ပြောခဲ့တာပဲဉစ္စာ၊ အဲဒီတုန်းက မောင် ဘာဖြစ်လို့ မှီ့ကို အကြောင်းစုံပြောမပြဘဲ စိတ်ဆိုးသွားတာလဲ'

'ဒီမှာ မှီ'

ခုမှသိရသောအမည်အရ စဝ်နေဗလဆိုသော မောင့်ကိုမှီ ငေးငေးကြီး ကြည့်နေမိသည်။

စဝ်နေဗလ မျက်ဝန်းနက်တွေ အေးစက် တင်းမာ သွားရသည်။ ဆံပင်ကလေး ပွံ့ပွံ့ကျအောင် ထိုင်နေသော ယွန်းမှီမှီကို စူးစိုက်ကြည့်ရင်း. . .

'ကျုပ်နာမည်စဝ်နေဗလ၊ ဒီခြံ ဒီတိုက်ကို ကျုပ်ပိုင်တယ်၊

BURMESE CLASSIC .com

www.burmeseclassic.com



တတိုင်းတပြည်လုံးက နေဗလအမှတ်တံဆိပ် လုပ်ငန်းမှန်သမျှ ကျုပ်ရဲ့ လုပ်ငန်းတွေချည်းပဲ၊ ရှမ်းပြည်မှာ ကျုပ်ပိုင်တဲ့ မြေကေ ငါးဆယ်လောက်ရှိတယ်၊ ကျုပ် အလုပ်လက်မဲ့ တစ်ယောက်လဲ မဟုတ်ဘူး၊ အခြေအနေမဲ့ တစ်ယောက်လဲ မဟုတ်ဘူး၊ ကဲ. . . ဒီအခြေအနေနဲ့ဆို ကျုပ်ကို ခင်ဗျား လက်ထပ်နိုင်ပြီလား'

မှီ မျက်လုံးကလေး ဝိုင်းဝိုင်းလည်သွားကာ မောင့်ကို စိုးရိမ်တကြီး စိုက်လို့ ကြည့်သည်။ သို့ပေမယ့် မှီ့ ရင်တွင်းမှာ ရှိနေသည့်အတိုင်း ရိုးသားဖြူစင်စွာပင် မှီ ခေါင်းညိတ်ပြလိုက်၏။

မောင်ဟာ ဘယ်သူဆိုတာ သိပြီ။ ပြီးတော့ မောင်သည် အလုပ်လက်မဲ့ မဟုတ်။ အိမ်ထောင်တစ်ခုကို ဦးစီးဆောင်ရွက်နိုင်စွမ်းမည့်သူတစ်ယောက် ဖြစ်နေသည်။ ပြီးတော့. . . မှီက အသည်းနှင့်အောင်ချစ်နေရပြန်သေးသည်။ မှီ လက်မထပ်နိုင်စရာ ဘာရှိမလဲ။

'လက်ထပ်နိုင်ပြီပေါ့. . . ဟုတ်လား'

'ဟုတ်တယ်. . . မောင်၊ ဒါပေမယ့် ဒါကိုမောင်. . . မောင် တစ်မျိုး မတွေးနဲ့'

စဝ်နေဗလက ထိုင်နေရာမှ ထ ရပ်လိုက်သည်။ ခန်းဆီးစနားမှ လူကို တစ်စုံတစ်ရာ ပြောလိုက်တာမို့ ထိုသူ ပျောက်ကွယ်သွား၏။

'ဒီမှာ မှီ. . .၊ ဒေါ်လေးငယ်ကို ဒီနေ့ပဲ ပြောလိုက်ပါ၊

BURMESE CLASSIC .com

www.burmeseclassic.com



မိုနဲ့မောင် ချက်ချင်း လက်ထပ်မယ်၊ နက်ဖြန် လက်မှတ်ထိုးမယ်၊ ဒီခြံထဲမှာ စနေနေ့ည ဧည့်ခံပွဲ လုပ်မယ်'

'ဟင်'

မိုက ထိုင်နေရာမှ ထရပ်လိုက်သည်။ မောင့်ကို နားမလည်နိုင်အောင် ငေးမော ကြည့်နေမိ၏။ တစ်မျိုးကြီးပါလား မောင်ရယ်။ မောင်ဟာ တစ်ဖွတ်ထိုးသမား ဆိုတာတော့ သိပြီးသားမို့ မို ဘာမှ ပြောမနေချင်တော့။ တကယ်တော့ မောင့်ကို မို သိတာ. . . ခုနစ်လလောက်ပဲ ရှိအုံးမှာ။ ချစ်ခဲ့ကြတာလဲ နှစ်လကျော်ရုံလောက် ရှိသေးတာ။ သို့ပေမယ့် မို့ ရင်ထဲမှာ မောင် ခိုင်မြဲနေပြီ။

မို့ နှလုံးသား ဖြူသန့်သန့် ကလေးထဲမှာ မောင့်ကို ဘာမှန်း မသိရခင်ကာလကတည်းက အမြတ်တနိုး ကိုးကွယ်ထားပြီးသား။ မို့ စကားကြောင့် စိတ်ထိခိုက်သွားရသောမောင့်ကို မိုပြန်ပြီး ချော့မော့ တောင်းပန်ဖို့ မောင့်အလိုဆန္ဒကို လိုက်လျောသည့်နည်းပဲ ရှိတော့ တာပါ။

'မို့. . . ကျောင်း. . . ကျောင်းကိစ္စကော. . . မောင်'

'ကျောင်းဆက်တက်ပေါ့'

'မောင်က တစ်ဖွတ်ထိုးပဲ၊ ခုလဲ နောက်မဆုတ်တော့မှာ သေချာနေပြီမဟုတ်လား။ မို ဒီတစ်ခါ ငြင်းလိုက်ရင် မောင် တစ်သက်လုံး ကိုယ်ယောင်ဖျောက်ပစ်လိုက်မှာလား ဟင်'

တီးတိုးညှံ့သက်သော လေသံကလေးနှင့်မော့မော့ကလေး မို မေးသည်။

BURMESE CLASSIC .com

www.burmeseclassic.com



'အမြန်ဆုံးပဲ လက်ထပ်မယ် မှီ'

'မောင့်သဘောပါ မောင်ရယ်. . . မောင့်သဘောပါပဲ'

'ဒေါ်လေးငယ်ကလဲ သဘောတူပြီပေါ့. . . ဟုတ်လား'

'ဒေါ်လေးငယ် သဘောတူမှာပါ'

မှီကတော့ လောကမှာ ဟန်ဆောင် ချင့်ချိန်ရခြင်းမျိုးကို မကျွမ်းဝင်သူပီပီ စိတ်ထဲ ရှိတာသာပြောသည်။ သို့ပေမယ့် စကားက စဝ်နေဗလရင်ထဲ အပြင်းအထန် ဝင်ဆောင့်လိုက်ပြန်ကာ. . . စဝ်နေဗလအံကို တင်းတင်းဖိထားလိုက်မိ၏။

ဝင်းဝါဖြူလွင်သော ကမ္ဘောဇ သွေးပြေးသည့် အသားရောင်ပေါ်မှာ ပါးပြင်တွေ နားရွက်ဖျားတွေ နီရဲလာသည်ထိ စဝ်နေဗလ ရင်ထဲ မုန်တိုင်းဆင်နေရပေသည်။

'မှီ. . . ပြန်တော့'

ပြတ်သားသောစကားကို ဆို၍ သူ အပြင်ထွက်သွားတာမို့ မှီနောက်က လိုက်လာခဲ့ရသည်။ မောင် ဘာကြောင့် ဒီလောက် ခက်ထန် မာကျောနေရသလဲ။ မှီက မောင့်ချစ်သူပဲကွယ်။

သို့သော် အတွေးကို ဖျောက်ပစ်လိုက်သည်။ စိတ်ဆိုးပြေကာစမို့ မောင်. . . ခေါက်ရိုး မပြေသေးသလို ဖြစ်နေနိုင်သည်။ တစ်ခါတစ်ရံ မျက်နှာကြီးမှုန်ကာ မောင် အလိုမကျဖြစ်ဖူးတတ်ခဲ့ သားပဲ။ မှီကသာ အလျှော့ပေးစမြဲ မဟုတ်လား မောင်ရယ်။

ခုန ပျောက်ကွယ်သွားသူ ပြန်ရောက်လာကာ လက်ထဲပါလာသော ငွေစက္ကူတစ်ထပ်ကို စဝ်နေဗလထံ ရှိရှိသေသေ

BURMESE CLASSIC .com

www.burmeseclassic.com



ကမ်းပေး၏။ စပ်နေဗလက အငှားကားရှိရာ ကိုယ်တိုင် ဆင်းသွားကာ ကားသမားကို ပေးလိုက်တာ မှီ မြင်သည်။

မောင် ဘာမှပြောခင် ကားနောက်ခန်းသို့ မှီ တက်လိုက်၏။ မောင့်မျက်နှာကိုလဲ မရဲတရဲကြည့်မိသည်။ နှစ်လကျော်ခန့် ချစ်သူ ဖြစ်ခဲ့ပြီးသော မောင့်ကို ထူးဆန်းနေမိသည်။ ဩော်. . . မှီ့ ချစ်သူက ရှမ်းစော်ဘွား အမျိုးအနွယ်ဆိုပဲ။ ခါတိုင်းထက် ပိုမိုသပ်ရပ်ကာ ဘာမှန်း မပြောတတ်သည့် အရှိန်အဝါတစ်မျိုး ထွန်းလင်း ရောင်ပြန်ဟပ်သလိုရှိသော မောင့်ကို. . . ဘာကြောင့်မှန်းမသိ မှီ ရှိန်နေသည်။

ခါတိုင်းလိုပင် ရဲရဲဝံ့ဝံ့ စကားမဆိုတတ်တော့သလိုလို နည်းနည်းပါးပါးပင် စိမ်းသွားသလိုလို ထင်မိသည်။ တစ်စုံတစ်ခုသော အဟန့်ကြီးက ကြားမှာ ခြားကာ ထားလိုက်သလို မှီ ထင်နေမိကာ. . .

'မောင် လိုက်ပို့ပါလား ဟင်. . . ဟု' ပြောမိလုခင် နှုတ်ဖျား လေးကို ထိန်းချုပ်လိုက်ရ၏။ မောင့် ဂုဏ်သိမ်က ထည်ဝါလွန်းနေသည်။ အငှားကား လိုက်စီးဖို့ရာတန်ပါ့မလား။

မှီ့ ရင်ထဲ အလုံးကြီးတစ်ခု ဆို့နင့်ကာ အိမ်တံခါးမကြီးရှေ့ လက်ပိုက်ရပ်ကျန်ရစ်သော မောင့်ကို နှုတ်ပင် မဆက်မိဘဲ အငေးကြီး ငေးရင်း ကားနှင့် ပါလာရသည်။ ဘာစကားမှ မောင် အများကြီး မပြော ။ စိတ်ဆိုး မပြေသေးတာလား။

BURMESE CLASSIC .com

www.burmeseclassic.com



လမ်းမပေါ် ကား ရောက်လာတော့ အိပ်မက်လိုလို ပုံပြင်လိုလို အဖြစ်အပျက်ကို မယုံသလိုလို ကြောင်နန ယောင်ငငနှင့် ပြန်ပြီး မြင်ယောင်နေဖြစ်သည်။ စဝ်နေဗလ တဲ့၊ မောင့်နာမည်လေးက ခမ်းနား လှပလွန်းပါဘိ မောင် ရယ်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၂)

မလှမ်းမကမ်းစားပွဲမှာ ဒေါ်လေးငယ်နှင့်အတူ ထိုင်နေသော ကျက်သရေပြည့်ဝလှသည့်အမျိုးသမီးကြီးကို မှီ ခိုးကြည့်နေမိသည်။

မြင်ဖူးတာ ရက်ပိုင်းမျှသာ ရှိသေးသော မောင့်ရဲ့ မေမေ ဒေါ်စဝ်သီရိကျော့။ အရာရာသည် မှီ့ အတွက်တော့ တခမ်းတနား ဆန်းပြားနေတော့တာပါပဲ။

မှီနှင့်မောင် လက်မှတ်ထိုးသောနေ့ကမှ စတင်မြင်ဖူးသည့် ခန့်ညားသော မဟာနဖူးနှင့် မှီ့ကို ပြုံးရွှင်စွာ စိုက်ကြည့်နေသော အမျိုးသမီးကြီးကိုမြင်မြင်ချင်း မှီ ခင်သွားမိသည်။ မှီ့ကို တယုတယ ဆက်ဆံသည်။ သူ့သား၏ ချစ်သူမို့ သူကလည်းပဲ ချစ်ခင်ကြင်နာ မည်ဟူသောသဘောထားမျိုးကို ပြသသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်လေးငယ်နှင့်လည်း ကြည်ဖြူ ပြေပြစ် ရင်းနှီးသည်။

'ဘယ်သူ့မျှား ဒီလောက် ငေးနေရတာလဲလို့၊ လက်စသတ်တော့ ခုမှမြင်ဖူးတဲ့ ယောက္ခမကြီးကို ရှုမဝ ဖြစ်နေတာကိုး'

မှီက သူငယ်ချင်းတစ်စုကို ဝေ့ကြည့်ရင်း ပြုံးနေလိုက်သည်။

'အရမ်းကို အံ့သြသွားတယ် ယွန်းမှီရယ်၊ လောကကြီးမှာ ဘာတွေ ဘယ်လို ဖြစ်ပျက်သွားပါလိမ့်လို့တောင် ထင်လိုက်တယ်'

'ငါက နင့်ထက်တောင် ပိုပြီး အူကြောင်ကြောင် ဖြစ်နေသေးတယ် မြတ်မြတ်ရဲ့'

မှီက ပခုံးကလေးတွန့်ကာ ပြောမိသည်။ နုအိနေသော ဖာအဖြူရောင် ဝတ်စုံကလေးနှင့် မှို့ပုံစံကလေးက ဖွေးနုသန့်စင်နေ၏။ စားပွဲပေါ် တတောင်ထောက်ပြီး လက်ဝါးကလေး နှစ်ခုကြားမှာ မျက်နှာကလေးထည့်လျက် ပြုံးတုံ့တုံ့ရှိနေသော ယွန်းမှီကို သူငယ်ချင်းတွေက ဝိုင်းပြီး ငေးမောနေသည်။

ညှော်သည်တွေ ပြန်ကုန်ကြပြီမို့ အရင်းနှီးဆုံး လူအချို့သာ ကျန်ရစ်သည်။ မှီတို့ ဆွေမျိုးတွေက နယ်မှာ. . . သွေး ခပ်ဝေးဝေး တွေမို့ မဖိတ်ဖြစ်တော့ပါ။ စဝ်နေဗလ၏ ဆွေမျိုးများသာ လာကြသည်။ သူတို့က ဆယ်ဝမ်းလောက်ကွဲလျှင်ပင် အရင်းကြီးလို လုပ်ထားကြတာ။

BURMESE CLASSIC .com

www.burmeseclassic.com



သူ့ ဆွေမျိုးများထဲမှာ. . . ကျောင်းထဲမှာ မျက်မှန်းတန်း မြင်တွေ့နေဖူးသော ကောင်ကလေး ကောင်မလေး တချို့ ပါသည်။ ကားကောင်းကြီးတွေထည်လဲနှင့် တောက်တောက် ပပ ကျောင်းတက်ကြသူတွေမို့. . . ယွန်းမှီတို့နှင့်တော့ အလှမ်း ဝေးပါသည်။

ဒီနေ့ညစ်ခံပွဲမှာလဲ မှီ့ကို သိပ် ဂရုတစိုက် အလေးထားပုံ မပြ။ ဟန် တင်းတင်းကလေးတွေ ချည်းသာ။ ဝမ်းသာ အယ်လဲ လှိုက်လှဲမပြပေမယ့်. . . မကျေနပ်ပုံ မရှိကြတာကိုပင် မှီ ဝမ်းသာ ရမလို ဖြစ်နေ၏။

ခုတော့ သူတို့လည်း ပြန်ကြပြီ။ ဒေါ်လေးငယ်နှင့် ဒေါ်စဝ်သီရိကျော့က တစ်စားပွဲ၊ စဝ်နေဗလက သူ့ သူငယ် ချင်း မိတ်ဆွေတို့နှင့်တစ်စားပွဲ၊ ယွန်းမှီက သူငယ်ချင်း တစ် စုနှင့် တစ်စားပွဲ။

တစ်ခြံလုံးကို စဝ်နေဗလ၏ မြောက်မြားစွာသော တပည့် တပန်းတို့က ရှင်းတန်တာရှင်း၊ သိမ်းတန်တာ သိမ်းနေကြ ပြီ။

'မမလေး. . . ရေခဲမုန့်က. . . တစ်စည်နီးပါး ကျန်ပါတယ်၊ ထည့်ယူခဲ့ရမလား'

မှီ့ကို မြို့ထဲမှာ ကားရပ်ခေါ်သော အမျိုးသမီး 'မေကြည်' က အနားနားကပ်ကာ လာမေးသည်။ မှီက ကလေးငယ် တစ်ယောက်လို ခေါင်းကိုညိတ်ကာ ပြုံးပြလိုက်၏။

မကြာခင်ပင် ဗန်းကလေးနှင့် ရေခဲမုန့် ဖန်ခွက်တချို့ ရောက်လာသည်။ မှီ မစားချင်တော့တာမို့ မစားဘဲ

BURMESE CLASSIC .com

www.burmeseclassic.com



သူငယ်ချင်း သုံးယောက်ရှေ့ကိုသာ ချပေးလိုက်၏။ ရင်ထဲမှာ ပျော်သလို ရင်ခုန်သလိုနှင့် ပြည့်ကျပ်နေရသည်။

'နင်လဲစားလေ. . . ယွန်းမီ'

'ငါ. . . အရမ်းပြည့်တင်းနေတယ် စုမာ'

'ဒီလောက်တော့ ရှိမှာပေါ့'

'မပူပါနဲ့ စုမာရာ၊ ကိုမောင်မောင်ကြီးက. . . ချော့ကျွေးမှာပေါ့၊ ယွန်းမီကို ဒီလောက် ပြုစု ယုယတတ်တဲ့ဥစ္စာ'

သွယ့်စကားကြောင့် ယွန်းမီ ပြုံးရသည်။

'ဒါပေမယ့်...ငါ. . .ကိုမောင်မောင့်ကို ကြောက်သလိုကြီး ဖြစ်နေတယ် သိလား၊ သူ့မျက်နှာက ခါတိုင်းလဲ တစ်ခါတလေ တင်းနေတာပဲ၊ ဒါပေမယ့်. . . မတူဘူး'

မြတ်မြတ်က စင်နေဗလ စားပွဲကို ခိုးကြည့်ကာ တိုးတိုးပြောသည်။ ယွန်းမီ သက်ပြင်းချမိမလို ဖြစ်သွားရ၏။ သူတို့တင် အကဲခတ်မိတာမဟုတ်...မီလည်း အကဲခတ်မိနေရသည် မဟုတ်လား၊

'ခါတိုင်းကတော့ ကိုမောင်မောင့်ကိုဆို. . . ထင်ရာတွေပြောနေတာ၊ ပြီးတော့...ငါတို့က. . .သဘောမတူတဲ့ဘက်က ဆိုတော့ တစ်ခါတလေ စကားမှားတာပဲ၊ သူ့ကို ခုလိုမြင်ရတော့ . . . မျက်နှာတွေပူနေပြီ'

'အေး. . . ငါရောပဲ၊ အခေါ်အဝေါ်လဲ ပြင်ကြအုံးလေ'

'ဟုတ်သားပဲနော်၊ ကိုစင်နေဗလလို့ ခေါ်ရမှာပေါ့'

သွယ်က ပခုံးလေးတွန့်ကာ ပြောသည်။ မီ ရယ်မောလိုက်မိ၏။ အစကတော့ 'မောင်မောင်' ဆိုသည့် ခြေသလုံးအိမ်

BURMESE CLASSIC .com

www.burmeseclassic.com



တိုင် ဖွတ်ပေပေ လူတစ်ယောက်ကို သူတို့ အသေ အကြေ နိုင်တာ။ စကားပြောလျှင် လေသံတွေက အထက်စီးက။ မောင်က လက်ထပ် ခွင့်တောင်းတာ သိတော့လည်း မရမက ဖျက်ကြတာ။

တကယ်တော့ မှီ့ကို ညီအစ်မလို သဘောထားကာ စေတနာကောင်းနှင့် ဖျက်ကြတာသာဖြစ်၏။ ခုတော့. . . ဒါကို ပြန်တွေးမိကာ ရှက်လည်းရှက် မျက်နှာလည်း ပူနေကြရသည်။

'သူ့ မျက်နှာက အရှိန်အဝါတစ်ခု ရှိနေတယ်နော်'

စုမာ စကားကြောင့် မှီ ခေါင်းကလေးကို လည်ကာ စင်နေဗလ ရှိရာ စားပွဲကို လှမ်းကြည့်လိုက်သည်။

တိုက်ပုံကို သူ ချွတ်ထားပြီ။ ကြွေရောင် တောက်နေသော စတစ်ကော်လာအင်္ကျီဖြူနှင့်။ လုံချည်ကိုလည်း ပိုးယောစကြာပွင့် အဆင် ညိုရွှေရောင် ဝတ်ထားတာမို့ ပုံစံက သပ်ရပ်လို့ နေသည်။ ဆံပင်ကို ဒီနေ့မနက်ကမှ ညှပ်ထားတာမို့ တိုကပ်ကပ် ဖြစ်နေကာ၊ ကြွေတောင့်နှင့် တိုက်ထားတော့ ဖြီးသင်ထားရာ ပုံအတိုင်း အတောင့် လိုက် ပြောင်လက်နေ၏။

သည်တော့ နဖူးပြင် ဝင်းဝင်းပပနှင့် မျက်ခုံး စိမ်းညို့ညို့ကြီး က ထင်လင်းစွာ ပေါ်လွင်နေတော့သည်။

ကုလားထိုင် လက်တန်း နှစ်ဘက်ပေါ် လက်နှစ်ဘက်ကို တင်ကာ ခပ်မှီမှီ ထိုင်နေပုံက သက်တောင့်သက်သာ ရှိသလောက် ခန့်ခန့်ညားညားလည်း ဖြစ်နေသည်။ မျက်စိ

BURMESE CLASSIC .com

www.burmeseclassic.com



တွေကို မေးစင်းကာ သူ့ စားပွဲက လူတစ်ယောက် ပြောစကားကို အာရုံစိုက်နေ၏။

ပန်းနုရောင် ပုံကျသော နှုတ်ခမ်းမှာ စီးကရက်တစ်လိပ်က အငွေ့ တလူလူနှင့် တပ်လျက်သား။

အမြဲတမ်း ကပိုကရို မြင်နေကျမှ. . . ခုလို ပုံပြောင်းတာတွေ့ရတော့ ယွန်းမှီ ရင်တွေ တအားခုန်လောက်အောင်ပင် သူ့ကို ငေးကြည့်နေလိုက်ချင် စိတ်ပေါက်သည်။ လူချော လူခန့် တယောက် ဖြစ်မှန်း ဟိုးတုန်းကလည်း သိပေမယ့်. . . ခုတော့ သူ့ ရုပ်သွင်က ဂုဏ်ဒြပ်အရှိန်အဝါ၏ မွမ်းမံမှုကြောင့် ပိုပြီး တောက်ပနေတော့သည်။

'နှင် အရမ်း အံ့သြသွားမှာပဲနော်၊ သူကလဲ ချက်ချင်းပဲ တော်'

'ငါနဲ့ စချစ်တဲ့ နေ့ကထဲက သူ့မေမေကို ပြောပြီးပြီ၊ အဖွားကြီးက အရမ်း လက်ထပ်စေချင်ပြီ၊ သူ့ သားကို အမြန်ဆုံး အိမ်ထောင်ကျတာ မြင်ချင်သတဲ့'

'နှင့်ကို ပြောမရတော့. . . အိမ်ခေါ်ပြီး အတင်း ဖွတ်လုပ်တော့တာပဲ ဆိုပါတော့၊ ဘာလို့ အစက စုတ်ပြတ်ပြတ်လုပ်နေတာလဲ'

'ငါ မသိဘူး သွယ်'

'ဘာ ရည်ရွယ်ချက်လဲ မသိဘူး၊ ချမ်းသာတာကို ဖုံးဖိပြီး အိမ်မဲ့ ရာမဲ့လို လုပ်နေတယ်၊ ပိကလဲ ပိရိပ်၊ နှင်ကလဲ သူပြောမှပဲ သိတော့တယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'သူက သိပ် ချမ်းသာတော့ အချစ်စစ်ကို လိုချင်တာမျိုး ဖြစ်မှာပေါ့'

မြင့်မြတ် စကားကြောင့် ယွန်းမီ ငိုင်သွားရသည်။ ဒီ ရည်ရွယ်ချက်ပဲ ဖြစ်ပါစေ။ ဒီ ရည်ရွယ်ချက်ဆိုရင်တော့ မောင်. . . ရည်ရွယ်ချက် ပြည့်ပါတယ်၊ မီက မောင့်ကို ဖြူစင်သန့်ရှင်းစွာ ဘာကိုမှ မျှော်ကိုးမက်မောခြင်း မရှိဘဲ ချစ်ခဲ့တာပါ မောင်ရယ်။

ဒေါ်လေးငယ်ခမျာ မောင့်ကို သံယောဇဉ်တော့ ရှိပေမယ့် အိမ်လိပ်စာတောင်မှ ပြောပြခြင်း မရှိ၊ အလုပ်လည်း ရှိပုံမရသော. . . စဉ်းစားရခက်သည့် မောင်နှင့် မီ့ကို ခွင့်မပြုနိုင်ခဲ့။ အိမ်ထောင်ပြုခြင်း ဆိုတာဟာ မိန်းကလေးတစ်ယောက်၏ ဘဝမှာ အရေးပါလှသော အစိတ်အပိုင်းတစ်ခုပဲ မဟုတ်လား။ မောင့်ကို အလုပ်တစ်ခုခုတော့ ရှာဖို့ မီက တစ်ဆင့် ပြောခိုင်းသည်။

မီ ပြန်ပြောတော့ မောင့် မျက်နှာ မကြည်လင်။ နောက်ဆုံး မောင် စိတ်ဆိုးသွားပြီး ပေါ်မလာတော့သောအခါ၊ ဒေါ်လေးငယ် ခမျာ မျက်ရည်ကလေး စမ်းစမ်းနှင့် မိန်းမသားပီပီ တဖျစ်တောက်တောက် ပြောရင်း ဆိုရင်း မျှော်နေခဲ့တာ ခုထိ။

'မီ. . .'

ခေါ်သံကြောင့် မီ မော့ကြည့်လိုက်သည်။ ဒေါ်လေးငယ်က မီ့ ခေါင်းကလေးကို အုပ်ကိုင်ကာ ပြုံးပြုံးကြီး ရပ်နေ၏။

BURMESE CLASSIC .com

www.burmeseclassic.com



'ဒေါ်လေးတို့ ပြန်မယ်'

ဒေါ်လေး စကားက ငါးလုံးတည်းနှင့် မှီ့ ရင်ထဲ တဆတ်ဆတ် တုန်ခါသွားစေသည်။ မိဘ မရှိတော့ကတည်းက ဒေါ်လေးငယ်သာ မိဘသဖွယ်မို့ အားကိုးချစ်ခဲ့ရတာ။ မှီ မှတ်မိသလောက် ခုချိန်ထိ ဒေါ်လေးငယ်နှင့် တစ်ညမှ ခုတင် ခွဲကာ မအိပ်ဖူးသေး။ ခုတော့. . .

ဒေါ်လေးငယ်က ဒီအိမ်ကိုလည်း လိုက်မနေလို။ စမ်းချောင်း မှ သူ့အိမ်တွင်သာ နေရစ်သည်။

'ဟုတ်. . . ဟုတ်ကဲ့ ဒေါ်လေး'

သူငယ်ချင်းတွေပါ စားပွဲက ထရပ်သည်။ မြတ်မြတ်ရော၊ စုမာရော၊ သွယ်ရော စမ်းချောင်းက ချည်းပဲမို့ ဒေါ်လေးနှင့် ကားတစ်စီးတည်း ပြန်ဖို့ စီစဉ်ထားသည်။

'နက်ဖြန် ကျောင်းကျမှ တွေ့ကြမယ်ဟာ'

'နင်က ချက်ချင်း ကျောင်းပြန်တက်မှာလား၊ ဟန်းနီးမွန်းလေး ဘာလေး မသွားဘူးလား'

'သူက ဘာမှမပြောဘူး'

'ကဲ. . . သမီး၊ ဒေါ်လေး ဆုံးမထားတာတွေ ဘာတစ်ခုမှ မမေ့နဲ့၊ လိမ်လိမ်မာမာနေ. . . ဒေါ်လေး ပြန်မယ်'

'ဒေါ်လေး'

မှီ မျက်ရည်ဝဲလာတာမို့ ဒေါ်လေးက မှီ့ လက်ဖျားကလေးကို ဆုပ်ကိုင်လိုက်သည်။

'ဘာမှ မဝေးတာ၊ ခဏ ခဏ လာလည်ပေါ့ကွယ်၊

www.burmeseclassic.com



သမီး သံယောဇဉ်ကြီးတဲ့ စာအုပ်ဆိုင်ကလေးကိုလဲ စိတ်ချပါ’

‘ဟုတ်. . . ဟုတ်ကဲ့ ဒေါ်လေး’

မှီက သူတို့နားမှ ခွာကာ စဝ်နေဗလ ရှိရာ စားပွဲဝိုင်းသို့ လာခဲ့၏။ ယောက်ျားချည်းပဲ ဝိုင်းမို့ အနားကပ်ရမှာ မဝံ့မရဲဖြစ်နေသော မှီ့ကို စဝ်နေဗလက မော်ကြည့်လိုက်သည်။

ဘာမှ မမေးပေမယ့် သူ့ မျက်ဝန်းများက ‘ဘာလဲ’ဟု မေးနေသလိုပင်။ ကျန်လူများကလည်း လှည့်ကြည့်ကြတာမို့ မှီ အားလုံးကို ကြိုးစား ပြုံးပြလိုက်ရသည်။

‘ဟို. . . ဒေါ်လေးတို့ ပြန်တော့မယ် တဲ့’

‘ဟုတ်လား’

မှီ ခေါင်းညိတ်လိုက်သည်။ စဝ်နေဗလက စီးကရက်ကို ပါးစပ်မှ ဖြုတ်ယူကာ ပြာတစ်ချက် ခြွေလိုက်ရင်း. . .

‘ကား စီစဉ်ထားပေးတယ်လေ’

စကားကြောင့် မှီ. . . မျက်နှာကလေး ညိုသွားရကာ. . .

‘မောင် လာ နှုတ်ဆက်လိုက်ပါအုံး’

အရဲစွန့်ပြီး ပြောလိုက်၏။ ပြန်တွေ့ကတည်းက စကား ချိုသာစွာပြောတာ ခုထိ မကြားရသေး။ ဟန်ကလဲ ထည်ဝါနေလိုက် သေးသည်။ တကယ်ဆို ဒီရက်မှာ သူ ပျော်ရွှင်ဝမ်းသာနေရမှာပေါ့။ ခုတော့ ရုပ်က ခပ်တည်တည်။ ရှက်ပဲနေသလားတော့မသိ။

‘ရတယ်လေ. . . နေဗလ. . . သွားလေ’

BURMESE CLASSIC .com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်က ပြောသည်။ နေဗလမျက်နှာ ပို၍ တင်းသွားရ၏။ ယွန်းမှီကိုသာ စူးရဲစွာ စိုက်ကြည့်နေလိုက်သည်။ ဒီမိန်းကလေးကို စိုက်ကြည့်မိတိုင်း ရင်ထဲ အမြဲ လှုပ်ရှားရသည်။

ခု တစ်ခါတော့ လှုပ်ရှားမှုက ပြင်းထန်နေ၏။ ပြောချင်သော စကားတွေ ရင်ထဲမှာ များစွာ ရှိသည်။ ပြောထွက်ဖို့ လောက်ထိတော့ မှီ့ကို သူ မပြတ်သားနိုင်သေး။

မှီ…မင်းကိုမို့သာပေါ့…မှီရယ်… မင်းမို့သာပေါ့… စဝ်နေဗလဘဝမှာ ဘယ်မိန်းကလေးကိုမှ ဒီလောက် တမြတ်တနိုးလည်း မရှိဖူးခဲ့၊ ချစ်လည်း မချစ်ဖူးခဲ့။ တစ်ကြိမ်တုန်းကတော့ မိန်းမ တစ်ယောက်အတွက် အချိန်များစွာ ပေးခဲ့ရဖူးသည်။ သူ မရှိတော့ ကတည်းက မိန်းကလေးတွေကို မချစ်မိအောင် နေတာ။ ချစ်မြတ် နိုးခြင်း ကျဲကျဲပါးပါးမျှပင် မပါသော စွဲလမ်းမှုမျိုးနှင့်တောင် လူက ဝေဒနာခံစားရသေးတာ။ 'သိပ်ချစ်မိလျှင်' ဆိုတာကို မတွေးရဲ။

လန့်ခဲ့သည်။ သို့ပေမယ့် မင်းကို မြင်တော့ မြတ်မြတ်နိုးနိုး ချစ်မိတော့တယ် မှီ။

'မောင်နေဗလရေ… ဒေါ်လေးတို့ ပြန်မယ်'

သူရော မှီပါ ငြိမ်သက်နေဆဲ…ဒေါ်လေးငယ် ရောက်လာသည်။ စဝ်နေဗလကို ပြုံးပြုံးလေးပင် လာနှုတ်ဆက်တာမို့ စဝ်နေဗလ ထိုင်ရာမှ ထရတော့သည်။

ဟိုတုန်းက ဒီဒေါ်လေးငယ် ပေးတာယူ… ကျွေးတာစားခဲ့ ဖူးသည်။ ခိုင်းတာလည်း လုပ်ပေးခဲ့ဖူးသည်။ ဆုံးမ

BURMESE CLASSIC .com

www.burmeseclassic.com



စကားတွေ နားထောင်ခဲ့ဖူးသည်။ ခုချိန်မှာ ဒေါ်လေးငယ်ကိုလည်း အကျေနပ်ကြီး မဟုတ်လှပေမယ့် ဒီမျှအထိတော့ မလေးမစား မလုပ်နိုင်သေးပါ။ အတွေးနှင့် နေဗလ. . . သက်ပြင်းချသည်။

'ပြန်တော့မလား ဒေါ်လေး'

'ပြန်တော့မယ်...မောင်...အဲ... မောင်နေဗလ. . .ဒီသူငယ်ချင်းတွေလဲ တစ်ခါထဲ ပို့မှာလေ'

'ကျွန်တော် ကား လုပ်ထားပြီးသား'

'ရတယ်. . . စကားသာ ဆက်ပြော၊ ကားက ဒီနားတင် ဥစ္စာ'

'မောင်စိန်'

'ဟုတ်ကဲ့ခင်ဗျ'

'ဒေါ်လေးငယ်နဲ့ ဒီမိန်းကလေးတွေကို ပြန်ပို့ရအောင်'

'ဟုတ်ကဲ့ခင်ဗျ'

မှီ ဒေါ်လေးငယ်နှင့်အတူ ကားရှိရာသို့ လိုက်လျှောက်လာ ရင်း. . . နှုတ်ခမ်းလေး ကိုက်ထားမိသည်။ ဒေါ်လေးငယ်ကိုတော့ စိတ်ထဲရှိသမျှ ပြောပြမနေတော့ပါ။ ပြောချင်တိုင်း ပြောရလျှင် ဒေါ်လေးငယ် အိပ်မပျော်ရှာဘဲ ရှိလိမ့်မည်။

မှီ. . . မောင့်ကိုမကျေနပ်ဘူး. . . မကျေနပ်ဘူး။ ရင်ထဲမှာသာ ထပ်ထပ် ခါခါ ကြုံးဝါးသည်။ ဘာဖြစ်နေမှန်းလဲ မှီ မသိ တစ်ခုတော့ တစ်ခုခုပါပဲဆိုတာ သိနေလျက် အားငယ်မျက်ရည်တွေ မျက်ဝန်းထဲ ဝိုင်းရစ်နေရ၏။

'ယွန်းမှီရေ. . . သွားမယ်'

www.burmeseclassic.com



'ပြန်တော့မယ်. . . ယွန်းမှီ'

သူငယ်ချင်းသုံးယောက်က လက်ပြသည်။ မှီ ပြန်ပြလိုက်၏။ ဒေါ်လေးငယ်က ပြုံးလျက်သား မျက်ဝန်းစိုစိုတို့နှင့် တစ်ချက် လှည့် ကြည့်သည်။ လက်မပြ။ ကားကလေး ထွက်သွားတော့ မှီ သက်ပြင်း ချလိုက်သည်။

ဘာပဲဖြစ်ဖြစ် မင်္ဂလာဦးညမှာ မောင့်ကို အပြစ်မမြင်ချင်။ ခု လောလောဆယ် ဘာဖြစ်နေနေ. . . မောင် ဆိုတဲ့ သူဟာ မှီ့ကို အသက်မက ချစ်တာ မှီ ယုံပြီးသား။ မောင့် အကြောင်းနာ အယုယတွေ ထဲမှာ မှီ. . . ရှင်လန်းခဲ့ဖူးသားပဲ။

မှီက ကားရပ်ထားရာ နံဘေးမှ ထွက်လာခဲ့သည်။ စဝ်နေဗလ၏ မိတ်ဆွေများ၏ ကားများသာ ကျန်တော့သည်။ သူတို့ကြည့်ရတာ ခြံထဲမှာ ဒီညဝိုင်းဖွဲ့ကြမည့်ပုံပဲ။ မှီ. . . သူတို့ စားပွဲနားက အဖြတ် စဝ်နေဗလကို တစ်ချက် လှမ်းကြည့်လိုက်သည်။

သူ့နံဘေးက လူတစ်ယောက် ခြစ်ပေးသော မီးခြစ်မှာ စီးကရက်တစ်လိပ်ကို ကုန်းကာ ညှိယူရှိုက်ဖွာနေသည်။ ပြီးသွားတော့ ကုလားထိုင်မှာ ခပ်မှီမှီ ပြန်ထိုင်လိုက်သည်။ မှီ ဖြတ်သွားတာကို မမြင်ဘဲနေမှာ မဟုတ်ပေမယ့် တစ်ချက်မှ လှမ်းမကြည့်။

မှီ. . . သူတို့စားပွဲမှာ ဝင်ထိုင်လိုက်ချင်ပေမယ့် ပြောစရာစကား မရှိတာကြောင့် ခေါင်းငုံ့ပြီးတော့ အိမ်ကြီးဆီ လျှောက်လာခဲ့၏။ မှီ အိမ်ထဲ ဝင်မှာကို မြင်သောအခါ မေကြည်က မှီ့ နောက်ပါးမှ လိုက်ပါလာ၏။

BURMESE CLASSIC .com

www.burmeseclassic.com



မှီ အပေါ်ထပ်တက်ရာ လှေကားရင်းမှာ ခဏ ရပ်ကာ မေကြည့်ကို လှည့်ကြည့်ရင်း. . .

'မေမေရော. . . ဟင်'

လေသံပျော့ပျော့ကလေးနှင့် မေးမိသည်။

'မေမေကြီး အိမ်ပေါ်ထပ် တက်သွားပါပြီ မမလေး'

'မှီလဲ အိမ်ပေါ် တက်တော့မယ်နော်'

မရင်းနှီးသေးသော ဒီအိမ်ကြီး အပေါ်ထပ်သို့ တက်သွားဖို့ရာ မှီ့မှာ အဖော်မဲ့နေရသည်။

'တက်ပါ မမလေး'

'မမေကြည် လုပ်စရာရှိတာ လုပ်ပါ'

'ကျွန်မအလုပ်က. . . မမလေး. . . အလုပ်တွေ လုပ်ပေးဖို့ပါ'

'သြော်'

မှီ ဘာမှ ပြန်မပြောဘဲ အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။ ဒီ အပေါ်ထပ်ကို ရောက်ဖူးတော့ ရောက်ဖူးပြီးသား။ ဒီမနက်ကမှပါ။ အလှပြုပြင်ဖို့ အဝတ်အစားလဲဖို့ ဒီအိမ်မှာသာ စီစဉ်ထားတာမို့ မှီ မနက်ကတည်းက ဒီအိမ်ကို ရောက်လာသည်။

သို့ပေမယ့် မှီ နေရမည့်အခန်းတော့ ဟုတ်ပုံမရ။ ခေါက်သိမ်းထားသော တစ်ယောက်အိပ်ခုတင် တစ်လုံးနှင့် မှန်တင်ခုံ တစ်ခုသာ ရှိသော အခန်းရှင်းရှင်း တစ်ခုထဲမှာ အလှပြင်ရသည်။ ဧည့်သည် စောင်သည်များအတွက် ထားသော အခန်း ဖြစ်ပုံရသည်။

www.burmeseclassic.com



မှီ ဘယ်အခန်းဝင်ရမလဲ မသိတာမို့ မေကြည့်ကို စောင့်ကာ လျှောက်ရသည်။

'ဒီအခန်းပါ. . . မမလေး'

မေကြည့်စကားသံကြောင့် တံခါး တစ်ခုရှေ့ ရပ်လိုက်ရသည်။ မေကြည်က ရှေ့ထွက်လာကာ ကြေးလက်ကိုင် တံခါးဖုကို လှည့်၍ မှီ့ကို ဝင်စေလိုက်၏။

မှီ ရင်တွေတုတ်ယင်လာကာ မရဲတရဲ လှမ်းဝင်လိုက်သည်။ ဖြူဆွတ်ဆွတ် ဇာတွေ အများအပြားဖြင့် အလှ ဆင်ထားသော အခန်းတစ်ခုပါပဲ။ ပြတင်းပေါက်တွေမှာ ဇာဖြူတွေ သံကွင်းတပ်လျက် ဖားဖား အိအိ စည်းထားသည်။

ဇာဖြူရောင် အိပ်ရာဖုံး ဇာဖြူခေါင်းအုံးအစွပ် ဆင်ယင်ထားသော ခုတင်ကို လှမ်းအမြင်မှာ မှီ့ ခြေလှမ်းတွေ ရပ်တန့်သွားရ၏။ ဒုတ်ဒုတ် မြည်လာသော ရင်ခုန်သံက အခန်းထဲမှာ ပဲ့တင် ထပ်မတတ် ဖြစ်သည်။

ခုတင် နှစ်လုံး။

တစ်ယောက်အိပ်ခုတင် နှစ်လုံးကို မှီ ငေးမော ကြည့်နေမိရာက ခေါင်းကလေး တစ်ချက် ခါယမ်းလိုက်သည်။ ဗိုလ်ဆန်တဲ့ သဘောလား ဦးစဝ်နေဗလရယ်။ မှီ ခုတင်နှစ်ခုကို ကျော်ခိုင်းကာ မှန်တင်ခုံရှေ့မှာ ထိုင်လိုက်၏။

ငွေ ကနုတ်ဘောင် ကွပ်ထားသော ဘဲဥပုံ မှန်ဝိုင်းဝိုင်းထဲမှာ မှီ့ မျက်နှာကလေးက အလိုမကျရိပ်ယှက်သန်းလျက်ရဲရဲနီနေသည်။ ဘာကိုမှန်းမသိ. . . မှီ နားမလည်ဘဲ ရှိနေသည်။

အခန်းကို တစ်ချက် လှည့်ပတ်ကြည့်လိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com



အခန်းက ကျယ်သည်။ ဆင်စွယ်ရောင် ကတ္တီပါ ဆက်တီ တစ်စုံချထားသည်။ မှန်တင်ခုံ ပါသည်။နံရံကပ် ဗီရိုများပါ သည်။ စားပွဲ ကုလားထိုင် တစ်စုံနှင့် မလှမ်းမကမ်းမှာ ရုပ် မြင်သံကြားလွှင့်စက်၊ ပြစက် တို့ကို စင်လှလှလေးပေါ် တင် ထားသည်။ ရေခဲသေတ္တာပု သေးသေးလေးကတစ်လုံး။ စားပွဲပု သေးသေးတွေက အခန်းအနှံ့ ဟိုတစ်လုံး သည်တစ် လုံးနှင့် နှင်းဆီဖြူဖြူ နှစ်ပွင့်စီပါသော ပန်းအိုး ကလေးတွေ တင်လျက်. . . ။

'မမလေး၊ ဆံထုံး ဖြုတ်ပေးမယ်'

'အေ်. . . '

ယွန်းမို မေကြည့်ကို လှည့်ကြည့်လိုက်ရင်းမှ. . .

'မို့ ဘာသာပဲ ဖြုတ်ပါတော့မယ်'

မေကြည်လက်တွေက မို့ ဆံထုံးနား ရောက်လာကာ. . .

'ကန်တော့. . . မမလေး'

တစ်ခွန်းဆိုလျက် ဆံပင်မှ ကလစ်တွေ တဆတ်ဆတ် ဖြုတ်နေတော့၏။ မို ဘာမှ မပြောဘဲ ငြိမ်သက် ငေးငိုင်ကာ ခံနေမိသည်။ ခဏနှင့် ဆံထုံးက ပုံပျက်သွား၏။

မေကြည်က မှန်တင်ခုံအံဆွဲကို ဆွဲဖွင့်ကာ ဘီးကျဲ တစ်ခု ကို ထုတ်ယူသည်။ မို့ ဆံပင်ရှည်တွေကို ညင်သာစွာ ဖြီးသင် ပေးနေ၏။

မို ကြားဖူးတာတော့ သတို့သမီး၏ ဆံပင်ကို သတို့သား

BURMESE CLASSIC .com

www.burmeseclassic.com



က ရှင်း ဖြုတ် ဖြီးသင်ပေးရသော ထုံးစံရှိသည် ဆိုတာပဲ။ ခုတော့. . .

'အင်းလေ. . . စောစော ဖြုတ် စောစော ရှင်းရောပေါ့။ သူက မိတ်ဆွေတွေမှ မပြန်သေးတာ'

မှီ သက်ပြင်းတစ်ချက် ခိုးရှိုက်ကာ မေကြည် ရိပ်မိမှာ စိုးတာမို့ ဖြည်းဖြည်း ရှူထုတ်လိုက်ရ၏။

'မမလေး. . . ရေချိုးမလား. . . မျက်နှာသစ်မလား'

'မျက်နှာပဲ သစ်ချင်တယ်'

မေကြည်က ရေးချိုးခန်းတံခါးကို သွားဖွင့်ပေးတာမို့ မှီ ထိုင်နေရာမှ ထ လိုက်ရ၏။ အိပ်ခန်းနှင့် တွဲလျက် ရေချိုးခန်း က အိပ်ခန်းကလေးလိုပင် အဖြူရောင် များများ ဖုံးလွှမ်းနေ သည်။ မှီ ကြွေခွက်ရှေ့ရပ်ကာ ဘုံပိုင် တစ်ခုကို လှည့်လိုက် သည်။

ကျလာသော ရေအေးအေးနှင့် မျက်နှာကို သစ်၏။

'မမလေး. . . ချမ်းမှာစိုးလို့ ရေမချိုးတာလား၊ ရေနွေးနဲ့ ချိုးရင် ရပါတယ်'

'မှီ ဘာမှ မလုပ်ချင်တော့ဘူး မမေကြည်'

'သြော်. . . ဟုတ်ကဲ့'

မှီ့ လေသံက ခပ်ဆတ်ဆတ် ဖြစ်သွားသည်။ မျက်နှာပေါ် မှ မိတ်ကပ်များ ကုန်သည်ထိ ဆပ်ပြာနှစ်ထပ်တိုက်ကာ ဆေး ကြောပြီး ဒီဘက်အလှည့် မေကြည်ကတဘက်အမွှေးပွ ဖြူဖြူ တစ်ထည်ကို လှမ်းပေး၏။

BURMESE CLASSIC .com

www.burmeseclassic.com



မှီ ဖြစ်ကတတ်ဆန်း သုတ်ပြီး သူ့ကို ပြန်ပေးလိုက်သည်။

'မှီ အဝတ်တွေရော'

'ဗီရိုထဲ ထည့်ပြီးပါပြီ'

မှီ နံရံကပ် ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။ မှီ့ အင်္ကျီ လုံချည်တွေအပြင် မှီ့ ဟာမဟုတ်သော အင်္ကျီ လုံချည်တွေပါ မြင်တာမို့. . .

'ဒါတွေက'

'မမလေးအတွက်. . . သခင်. . . ဝယ်ထားတာတွေပါ'

'သခင်' ဟူသော အသုံးကို မှီ နားခါးစ ပြုလာသည်။ ပေ့ါပါးသော အဝတ်တစ်စုံကို ခပ်သွက်သွက် လဲလှယ်လိုက်၏။ မှီ့ ပွဲထိုင် အဝတ်အစားတွေကို မေကြည်က ဗီရိုနံဘေးရှိ စတီးအဝတ် စင်မှာ သပ်ရပ်စွာ ချိတ်ဖြန့်သည်။

အားလုံး ပြီးသောအခါ မှီ ဘာလုပ်ရမည်မသိ ဖြစ်နေသည်။ ထွက်မသွားနိုင်သေးသော မေကြည့်ကို စိတ်တိုတိုနှင့် လှမ်းအကြည့်. . .သူမ မျက်ဝန်းတွေက မှီ့ လည်တိုင်ဆီ ရောက်နေတာမို့ မှီ သတိရသွားသည်။

မှန်တင်ခုံရှေ့ ပြန်ထိုင်ကာ လည်ပင်းက လက်ဝတ်လက်စားတွေဖြုတ်ယူသည်။ လက်ကောက်ဝတ်မှာ. . . လက်ချောင်းများမှာ အားလုံးသော ရတနာထည်တွေသည် ညနေစောင်းက မောင့်မေမေ ထုတ်ပေးခဲ့တာတွေ. . . ။

မှန်တင်ခုံပေါ် အသင့်ရှိသော ကတ္တီပါဘူးထဲ ပစ္စည်းအားလုံးကို နေသားတကျထည့်ကာ. . .

'မေမေ့ဆီသွားမယ်'

BURMESE CLASSIC .com

www.burmeseclassic.com



မေကြည်က ဘာမှမပြောဘဲ ခေါင်းညိတ်ကာ ထွက်သွားတာမို့ မှီ နောက်က လိုက်ခဲ့သည်။

'ဒေါက် ဒေါက်. . . မေမေကြီး. . . မေကြည်ပါ'

'မေကြည်. . . ဝင်ခဲ့'

မေကြည်က တံခါးကို ဖွင့်လိုက်သည်။ သူကတော့ အခန်းဝမှာပဲရပ်နေ၏။ မှီကသာ ခမ်းနားသော အပြာနုရောင် အခန်းထဲ လှမ်းဝင်လိုက်သည်။ မှီ့ကိုမြင်တော့ ဒေါ်စဝ်သီရိကျော့ မျက်ဝန်းတွေက နူးညံ့ကာ မျက်နှာ ပြုံးရိပ်သန်းလာ၏။

'မေမေ. . . မှီ. . . ဒီဘူး လာပေးတာပါ'

ခုတင်ပေါ်ထိုင်နေသော ဒေါ်စဝ်သီရိကျော့ရှေ့ရပ်ကာ လက်နှစ်ဘက်နှင့် ဘူးကို လှမ်းပေးလိုက်၏။

'အို. . . ဒီဘူးက သမီးအတွက်ပဲ၊ သမီးပဲ သိမ်းထားပါ'

'ပျောက်သွားမှာစိုးလို့ပါ မေမေ၊ မေမေပဲ သိမ်းထားပေးပါ'

'မှန်တင်ခုံအံဆွဲထဲ သော့ခတ်ထားပေါ့သမီးရယ်၊ ဒီအိမ်မှာ ဘာပစ္စည်းမှ မပျောက်ပါဘူး. . . သမီးပဲ သိမ်းထား. . . မောင်နေပလ ညှော်သည်တွေ ပြန်ပြီလား'

'မပြန်သေးပါဘူး မေမေ'

'သမီး ပင်ပန်းရောပေါ့၊ နားပါကွယ်၊ မေမေလဲ နားမှပဲ၊ ဘာမှ မလုပ်ရပေမယ့် လူတွေထဲ မတ်တတ် မတ်တတ်နေရတာ ပင်ပန်းသား၊ ကဲ. . . သွား. . . သွား'

'ဟုတ်'

www.burmeseclassic.com



မှီ တပ်ခေါက်ပြန်ခဲ့ရတော့သည်။ အခန်းထဲရောက်တော့ သော့တန်းလန်းရှိနေသော မှန်တင်ခုံ အံဆွဲကို ဆွဲဖွင့် ထည့်သိမ်း ကာ. . . သော့ခတ်လျက် သော့ကို ဘယ်မှာ ထားရမည် မသိ ဖြစ်နေပြန်၏။

မေကြည်က ခုတင်တစ်ခုကို အိပ်ရာဖုံးခွာကာ ခေါက်ပြီး အဆင်သင့် အိပ်စက်ဖို့ ပြင်ဆင်ပေးသည်။ မှီ ငေးကြည့်နေ လိုက်၏။ မေကြည့်ကို မှီ သဘော တကျ ရှိပေမယ့်. . . တစ်ယောက်တည်းသာ နေလိုတော့တာမို့. . .

'မမေကြည်. . . သွားနားပါတော့'

'ဟုတ်ကဲ့. . . မမလေး. . . ဘာစားအုံးမလဲ'

'တော်ပါပြီ'

'နွားနို့သောက်မလား မမလေး'

'မသောက်တော့ဘူး မမေကြည်'

ဒါဖြင့် ကျွန်မ သွားတော့မယ်'

'ဟုတ်ကဲ့'

မေကြည်က အခန်းတံခါးကို ပိတ်ပေးသွားသည်။

မှီ မေကြည်ထွက်သွားမှသက်ပြင်းကိုလွတ်လွတ် ကျွတ်ကျွတ် ချပစ်လိုက်သည်။ မျက်ရည် ရစ်ဝဲလာပြန်၏။ မေကြည် ပြုပြင်ပေးခဲ့သော ခုတင်ပေါ် တက်ထိုင်လိုက်သည်။ ခုတင်အောက်မှာ မိန်းမစီး ကွင်းထိုးဖိနပ်တစ်ရံ ရှိနေ၏။ ညိုနုနုအရောင် မွေးပွကော်ဇော် ပေါ်မှာ ဖိနပ်စီးရမှာ မှီ စိတ်မရဲ။

မှီ့ နဂိုဘဝနှင့် တော်တော်ကို ဝေးကွာလှမ်းသော အခြေအနေ တစ်ခုပေပဲ။ မှီက မုန့်ဝယ်ကျွေးခဲ့ရသော မောင်

www.burmeseclassic.com



သည် ဒီလို နေထိုင်နေရသူ တစ်ယောက်ဆိုတာ ခုထိ မတင်ကျနိုင်သေး။

မောင် ဘာကြောင့် လျှို့ဝှက်သဲဖိုဆန်ဆန်တွေ လုပ်ခဲ့တာပါလိမ့်။ အခုရော ဘာကြောင့် မှီ့ကို မကျေနပ်သလို ခပ်စိမ်းတိမ်းတိမ်း ဖြစ်နေရတာပါလိမ့်။

မောင်နှင့် ရင်ခုန်ဖွယ်သော မင်္ဂလာ အခမ်းအနားကို ယှဉ်တွဲ ကျင်းပရသည့်နေ့မှာ မှီ မပျော်နိုင် မပျော်ရဲဘဲ ဖြစ်နေရသည်။ မှီ မောင့်ကို ချစ်မိခဲ့ကတည်းက အတူနေရဖို့ ဘဝကို မှန်းဆ ရင်ခုန် ပျော်ရွှင်ခဲ့ရသည်။ ခုတော့ မှီ့ စိတ်ကူးအိပ်မက်တွေထဲက မောင်နှင့်၊ အပြင်က စဝ်နေဗလတို့က ကွားခြားလှသည်။

မှီ့ကို ကားနှင့် ခေါ်လာခဲ့သောနေ့ကစပြီး မောင်သည် ထူးဆန်းစွာ ပြောင်းလဲသွားခဲ့တာ။

မှီ ခုတင်ပေါ် လှဲချလိုက်သည်။ ဘယ်လိုမှ မအိပ်နိုင်။ ပင်ပန်းသည် မှန်သော်လည်း မျက်လုံး ကြောင်နေသည်။ အောက်ထပ် ဧည့်ခန်းမှ လက်ဖွဲ့အပုံကြီးကို မြင်ယောင်ကာ မောင်နှင့် နှစ်ယောက်အတူ ရွှင်လန်းရယ်မောလျက် ဖြေဖွင့်ချင်စိတ် ပေါ်ပေါက်လာသည်။

'လာပါတော့ မောင်ရယ်. . . ဘာကိုများ မောင် စိတ်ဆိုးနေတာလဲ'

တီးတိုးရေရွတ်ရင်း မှီ ငိုချင်လာသည်။ ဘယ်သူမှ မရှိဘဲ တိတ်ဆိတ်နေသောအခန်းမို့ ဘယ်သူ့မှ ငဲ့စရာမလို။ မှီ ငိုချလိုက်သည်။ မွေ့ရာပေါ်မှာ မှောက်လျက်သား တသိမ့်သိမ့်

BURMESE CLASSIC .com

www.burmeseclassic.com



ရှိုက်နေမိ၏။ အားပေး မည့်သူ မရှိ၊ နှစ်သိမ့်မည့်သူလည်း မရှိ။

တော်တော်ကြာကြာ မှီ ငိုနေမိသေးသည်။ ငိုရှိန်ကြောင့်ရော ပင်ပန်းထားတာကြောင့်ရော မှီ ခေါင်းကိုက်လာကာ မျက်စိကလေးတွေ မှေးမှိတ် ငြိမ်သက်သွားရ၏။

မှီ ခဏတော့ အိပ်ပျော်သွားလိုက်သည်။ ဘယ်လောက်ကြာမှန်းမသိ။ ခြေသံနှင့် လှုပ်ရှားသံ တချို့ကြောင့် မှီ ပြန်နိုးလာသည်။

'မောင်'

မှီ တီးတိုးခေါ်ကာ ထ ထိုင်လိုက်၏။ မှီ ထွန်းထားသော မီးပြာပြာက မှိတ်လျက်သား။ သို့ပေမယ့် ခြဲထဲက မီးတိုင် အရောင် ကြောင့် အခန်းထဲမှာ မြင်တော့ မြင်သာသည်။

မှီ အားမရနိုင်ဘဲ ခုတင်နှစ်ခုကြား စားပွဲပုပေါ်မှာ ရှိနေသည့် မီးတိုင်ကလေးကို ဆတ်ကနဲ လှမ်းဖွင့်လိုက်၏။

'မောင်'

စဝ်နေဗလက ဗီရိုရှေ့ ရပ်နေရာမှ လှည့်ကြည့်သည်။ စီးကရက်က ခုထိ ရှိုက်ဖွာနေဆဲ၊ အရင်က မောင်သည် စီးကရက် သောက်တာမဟုတ်။

မှီ မောင့်ကို ငေးကြည့်ရင်း အံ့သြသွားသည်၊ ကော်ဇော ပေါ်ချထားသော လက်ဆွဲအိတ်ပျော့တစ်ခုထဲ စဝ်နေဗလက အဝတ်အချို့ ပစ်ထည့်နေသည်။

'မောင်. . . ဒါ. . . ဘာလုပ်မလို့လဲ'

စဝ်နေဗလ စီးကရက်ကို ဖြုတ်ရင်း. . .

BURMESE CLASSIC .com

www.burmeseclassic.com



'မအိပ်သေးဘူးလား'

ခပ်ပြတ်ပြတ်ပြန်မေးလိုက်၏။ မှန်ထဲမှတစ်ဆင့်...ဆံပင်ဖားလျားဖြစ်နေသော မှီ့ မျက်နှာ ဖြူဖြူလှလှကလေးကို မြင်နေရသည်။ ငိုထားမှန်း သိသာနေသော မျက်ဝန်းကလေးကို မြင်သောအခါ ရင်မှာ ကရုဏာများစွာ သက်သွားမိတော့၏။

မျက်မှောင်ကုတ် ခါးထောက်ကာ ဘာဆက်လုပ်ရမည် မသိအောင် ရင်ထဲ နင့်သွားရ၏။

'ဟင့်အင်း... မှီ... မောင်ကို စောင့်နေတာ'

'မစောင့်နေနဲ့... အိပ်တော့'

'မောင်က ဘယ်လဲ'

'မနက်ဖြန် မနက်ရထားနဲ့ မန္တလေးကို ခရီးထွက်စရာရှိတယ်၊ ခင်မောင်ကျော်တို့အိမ်မှာ ဒီညကထဲက လိုက်အိပ်မယ်၊ သူ့ အိမ်ကပဲ ဘူတာဆင်းမယ်'

'ဟင်...'

ယွန်းမှီ...ပါးစပ်အဟောင်းသား ဟ သွားရ၏။ သူ...သူ ဘယ်လိုလူပါလိမ့်။ ဘယ်လိုလူစားပါလိမ့်။ ရင်ထဲမှာ နာကျင်လာကာ မျက်ရည်တွေ စီးကျလာရ၏။

'မောင်... မှီ့ကို ဘာ မကျေနပ်ဘူးလဲ၊ မှီ ဘာလုပ်မိလို့လဲ'

သနားဖွယ် မျက်နှာထားကြောင့် စဝ်နေဗလက ဟက်ကနဲရယ်ပစ်လိုက်သည်။ တမင် လုပ်ရယ်ရတာမို့... ကိုယ့်ရင်ထဲမှာလဲ သက်တော့ မသက်တာ။

www.burmeseclassic.com



'မောင်. . . အဲဒီလိုမရယ်ပါနဲ့၊ မောင် ဘာရည်ရွယ်ချက်နဲ့ ဘာတွေလုပ်နေတာလဲ'

'ရည်ရွယ်ချက်က ခင်ဗျားဆန္ဒကို ဖြည့်ချင်တဲ့ ရည်ရွယ်ချက်ပါပဲ'

'မောင်. . . ဘာပြောတာလဲ'

'ရှင်းပါတယ်၊ ခင်ဗျားက အလုပ်ကို အပတ်တကုတ်ကြိုးစားတဲ့ သူဌေးသား တစ်ယောက်ကို လက်ထပ်ချင်တယ်မဟုတ်လား၊ ခုချိန်ကစပြီး အလုပ်ကိုပဲ ကျုပ် အချိန်ပြည့်ကြိုးစား စိတ်နှစ်ထားတော့မယ်'

'ဘာရယ် မောင်၊ မို ဘယ်တုန်းက ပြောလို့လဲ'

'ဒီမှာ. . . ယွန်းမိုမို၊ ခင်ဗျားကို ကျုပ် အသက်လောက်ကိုချစ်ခဲ့တယ်၊ ဒါပေမယ့်. . . ခင်ဗျားလဲ ငွေမက်တဲ့၊ ဂုဏ်မက်တဲ့မိန်းမထဲကမိန်းမတစ်ယောက်ပဲဆိုတာ သိလိုက်ရကထဲက. . . ကျုပ် လုံးဝ အထင်သေးလိုက်ပြီ၊ ကျုပ် ချစ်ခဲ့တဲ့ မိန်းကလေးဟာ မဖြူစင်ဘူး၊ အဲဒါကို ကျုပ် ရင်အနာဆုံးပဲ. . .

'ခင်ဗျားစကား ခင်ဗျား မှတ်မိမှာပေါ့၊ အိမ်ခြေရာခြေအတည်တကျ မရှိဘဲ လမ်းမပေါ် သွားနေတဲ့ လူတစ်ယောက်ကို အလွယ်တကူ လက်ထပ်ဖို့ဆိုတာ တော်တော်ကြိုးစားရမယ့်ကိစ္စ ဆိုတာလေ၊ အလုပ်မရှိတဲ့ ယောက်ျားတစ်ယောက်ကို မယူနိုင်ဘူး ဆိုတာ၊ မို့ကို လိုချင်ရင် အလုပ်ရှာပိုက်ဆံစုပြီး တင့်တင့်တယ်တယ် ထားနိုင်အောင် လုပ်ရမယ်ဆိုတာတွေ. . . '

'မို ပြောတဲ့အထဲမှာ ဘာအမှားပါလို့လဲ'

BURMESE CLASSIC .com

www.burmeseclassic.com



'ခင်ဗျားဟာက. . . လူကိုကြည့်တာမှ မဟုတ်တော့တာ၊ ကျုပ်ကို ဒီအခြေအနေနဲ့ တွေ့တော့ လက်ထပ်နိုင်ပါပြီလို့ ချက်ချင်း ဖြစ်သွားရတာ ဘာကြောင့်လဲ၊မိန်းမဆိုတာ ဒါမျိုးချည်းပဲဆိုတာ သိထားရက်နဲ့ ခင်ဗျားကို မြင်တော့ ကျုပ် ယုံခဲ့မိသေးတယ်၊ သိပ်ကို ရှက်စရာကောင်းပါတယ်'

'မှီ့ အတွက်လဲ မောင့်စကားတွေက သိပ်ကို ရှက်စရာ ကောင်းနေပြီ မောင်'

မှီ တုန်တုန်ယင်ယင် အော်ပြောလိုက်သည်။ စဝ်နေဗလ မျက်ဝန်းတွေ မှေးစင်းကာ မှီ့ကို ကြည့်နေလိုက်သည်။

'မောင့်စကားတွေက ကလေးစကားတွေလို ဖြစ်နေပြီ မောင်၊ မောင်. . . မှီ့ကို နားမလည်ခဲ့ဘူးကိုး၊ မှီ. . . အေးအေး ဆေးဆေး သေသေချာချာ ရှင်းပြချင်တယ်'

'မလိုပါဘူး ယွန်းမှီမှီ၊ မလိုတော့ဘူးဗျာ၊ ခင်ဗျား နေချင်တဲ့ တင့်တောင့်တင့်တယ် ဘဝကို အခု ရောက်ပြီ၊ ဟုတ်တယ် မဟုတ်လား၊ ကျုပ်လဲ ကျုပ်အလုပ် ကျုပ်လုပ် မယ်၊ ခင်ဗျား ယောက်ျားဟာ အိမ်ခြေရာခြေနဲ့၊ ဂုဏ်ဒြပ်နဲ့၊ အလုပ်လက်မဲ့လဲ မဟုတ်ဘူးဆိုတော့ ခင်ဗျား ကျေနပ် ရောပေါ့'

မှီ. . . အံ့သြနာကျင်စွာ စဝ်နေဗလကို ကြည့်သည်။

'မောင် မှားနေပြီ၊ မှီ့ စကားတစ်ခွန်းအတွက် ဒီလောက် တောင် သဘောထားနုနုနဲ့ ပုံကြီးချဲ့ရသလား၊ အထန ကောက်ရ သလား မောင်ရယ်'

စိတ်ပျက် အားလျော့စွာ တိုးတိမ်တိမ် ပြောမိ၏။

BURMESE CLASSIC .com

www.burmeseclassic.com



'ဒါဖြင့် မှီ့ စကားကို စိတ်ဆိုး စိတ်နာရက်နဲ့ မှီ့ကို ဘာဖြစ်လို့ လက်ထပ်ယူခဲ့ရသလဲ မောင်'

စဝ်နေဗလ မျက်နှာက အနီသွေး ပြေးသွားရသည်။

'မင်းကို ကျုပ် ချစ်မိတာကိုး၊ ချစ်လွန်းလို့ ယူခဲ့တာပေါ့ ယွန်းမှီရယ်၊ မင်းဟာ ငါ့မိန်းမပဲ၊ အိမ်မှာ အငြိမ့်သား ထိုင်ပါ၊ အခန့်သား စားပါ၊ လိုချင်တာ ဝယ်ပါ၊ ဖြစ်ချင် တာ လုပ်ပါ၊ မတောင့်မတ မကြောင့် မကြရတဲ့ အခြေ နေထဲမှာ မင်းကို ထားမယ်၊ ပျော်နိုင်အောင် နေပေါ့'

မှီ အံ့သြလှစွာ ငြိမ်သက်နေရတော့သည်။ ဒီစကားဟာ ဒီလောက်နာစရာလား မောင်ရယ်၊ ဒီလောက် နာကျင် စရာလား။ မှတ်စရာ တေးစရာလား။ ဘာ ပြန်ပြောရမည် မသိတော့ဘဲ ဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်းကို ကိုက်ကာ အဝတ် ထည့်နေသော သူ့ကို ငေးမောတကြီး ကြည့်နေမိ တော့သည်။

'မောင်'

အားငယ်မောလျသံလေးကြောင့် စဝ်နေဗလ လှည့်ကြည့် မိမလို ဖြစ်သွားသည်။ သို့ပေမယ့် လှည့်ကြည့်ချင်စိတ်တော့ ဖြင့် မရှိ။

'မောင် မှီကို ကြည့်ပါအုံး၊ မှီ ပြောပြတာတွေ နား ထောင်ပါအုံး၊ မနက်ကျ မှီ ဘူတာ လိုက်ပို့ပါ့မယ် မောင် ရယ်'

'ခင်မောင်ကျော် အောက်မှာ စောင့်နေတယ်'

'မှီ ဆင်းပြောလိုက်မယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'ကိုယ့်ဘာသာ အိပ်နေစမ်းကွာ။ ငါ့ဘာသာ စီစဉ်ပြီးသား'

'မောင်'

'ခေါ်မနေနဲ့ ယွန်းမှီမှီ၊ အစက 'မောင်မောင်'ဆိုတဲ့ နာမည် နဲ့မို့ 'မောင်'လို့ ခေါ်ဖို့ ပြောခဲ့ဖူးတာ၊ ငါက အရင်က မင်းသိတဲ့ လမ်းပေါ်က မောင်မောင်မဟုတ်ဘူးလေ၊ အလုပ်လက်မဲ့ မောင်မောင် မဟုတ်ဘူးလေ့ စဝ်နေဗလတဲ့'

'ကို စဝ်နေဗလ၊ မှီ့ကို ဘာအခွင့်အရေးမှ မပေးတော့ဘူးလား'

'မင်း ဖြစ်ချင်တာ ဖြစ်ပြီးနေမှပဲကွာ၊ ဘာ အခွင့်အရေး လိုချင်တာ ရှိနိုင်သေးလို့လဲ'

သားရေအိတ်ပျော့ကိုဇစ်ဆွဲပိတ်ကာ စဝ်နေဗလက ခုတင်ပေါ် လှမ်းပစ်တင်လိုက်သည်။

'မှီ အရုပ်မဟုတ်ပါဘူးကိုစဝ်နေဗလရယ်၊မှီ့ကို ဒီလောက် အငြိုး အမုန်း ရှိနေပြီဆိုရင် မှီ မှီ အိမ် ပြန်ပါရစေတော့'

'ဘာပြောတယ်'

စဝ်နေဗလက ခြေလှမ်းကျဲဖြင့် မှီ့ရှေ့ ရောက်လာသည်။ ခေါင်းငုံ့ထားသော မှီ့ မေးစေ့ကို ဆတ်ကနဲ ကြမ်းတမ်းစွာ ဆွဲမော့ လိုက်တာမို့ မှီ့ မျက်နှာကလေး မော့လာရသည်။

'ယွန်းမှီမှီဟာ စဝ်နေဗလရဲ့ကတော်ဖြစ်သွားပြီ၊ ဘယ်တော့မှ အိမ်ပြန်လို့ မရတော့ဘူး၊ ငါ ချစ်ကို ချစ်လို့ ယူထားတာပဲ။ ငါ့ဆီက ထွက်သွားလို့ ဘယ်တော့မှ မရဘူးလို့မှတ်

www.burmeseclassic.com



ထားကွ။ ဘာတွေနဲ့ ရင်ဆိုင်ရ ရင်ဆိုင်ရ နှစ်လောင်းပြိုင်ရင် ပြိုင်သွားပစေ၊ အိမ်ပြန်ဖို့ စကားမဟနဲ့'

မို အံကလေးပင် မကြိတ်နိုင်တော့။ ဒါ ချစ်လို့တဲ့လား။ သဘောထား သေးသေးနုနုနှင့် စကားကို အကျအနကောက်ကာ ငြိုးမှတ်တေးတတ်သော မာန်ပြင်းလွန်းသော ရက်စက်လွန်းသော လူတစ်ယောက်ကိုမှ မို ရွေးချစ်မိခဲ့တာပါလား။

ဝမ်းနည်းမှုက ရင်ထဲမှာ ဖော်မပြတတ်တော့။ ကိုယ့်အဖြစ်ကို နောင်တ ရ ရမှာလား တွေးမရနိုင်။ မို ငိုတော့ငိုချင်သည်။ သို့ပေမယ့် ငိုလို့တောင်မရအောင် ရင်ထဲ ဆို့နင်ကာ အောင့်နေရတော့သည်။

မိုနှင့် စဝ်နေဗလ မျက်ဝန်းချင်း အငုံ့ အမော့ ဆုံကြည့်နေမိခြင်းမှာ စက္ကန့်ပေါင်းများစွာ ကြာသွားရပြီးမှ စဝ်နေဗလက မျက်နှာ စတင်လွှဲလိုက်၏။ မို့ကို ကျောခိုင်းလိုက်ချိန်မှာ ရင်ထဲ လွမ်းဆွတ်ဆွတ် ဖြစ်သွားရတာကို ကိုယ့်ဘာသာ သတိထားမိရင်း အံကို ခပ်ဖိဖိ ကိုက်လိုက်မိ၏။

ခုတင်ပေါ်က အိတ်ကို ဆွဲယူသည်။

မန္တလေးကို သွားစရာကစ္စက တကယ်ရှိတာ ဖြစ်ပေမယ့် ဒီလောက် ဖုတ်ပူမီးတိုက် ထွက်စရာ မလိုပေ။ ခင်မောင်ကျော်က အကြောင်းစုံသိသူပီပီ ခပ်မဆိတ်သာ နေပေမယ့် ကျန်သူများကြားလျှင် တအံ့တဩ ဖြစ်ကြမှာမလွဲ။

ယုတ်စွအဆုံး မေမေပင် နေဗလ ခရီးသွားမှာကို မသိသေး။ မေမေ့ကို နှုတ်ဆက်လျှင် မေမေ တားမြစ်မှာ သေချာတာမို့ နေဗလ မေမေ့ကို ပြောဖို့ မရည်ရွယ်။

BURMESE CLASSIC .com

www.burmeseclassic.com



နာရီကို တစ်ချက် ငုံ့ကြည့်သည်။ ဆယ့်တစ်နာရီ။

အခန်းထဲမှထွက်ခါနီး သူ့ ခြေအစုံကို ကြိုးတစ်ချောင်းက တုတ်နှောင် ဆွဲသင်ထားသလိုပင် နောင်ဆံ တင်းတင်းဖြစ်နေရသေး၏။ အို ဘာကို နောက်ဆံ တင်းနေရဦးမှာ လဲ မိန်းမဆိုတာ ငွေမက်၊ ဂုဏ်မက်၊ ပစ္စည်းမက်တဲ့ အတန်းအစားထဲကပဲ မဟုတ်လား။

ငွေပုံပေးခဲ့လျှင် ဘာမှ နောက်ဆံငင်စရာမရှိ။ ပျော်ပျော်သုံး ပျော်ပျော် ဖြုန်းကာ ပျော်ပျော်သာနေပေါ့ ယွန်းမှီရေ။

စဝ်နေဗလက အခန်းတွင်း စီးသော ဖိနပ်ကို ချွတ်ကာ ခုတင်အောက် ကန်သွင်းရင်း အခန်းတံခါးဖုကို လှည့်ဖွင့်သည်။

မှီ ခုတင်ပေါ် ထိုင်ရက်သား ငေးကြည့်နေရာက စိတ်ကလေး ကို တင်းရင်း

'ကိုစဝ်နေဗလ'

အသံတုန်ကလေးက တိုးခတ်ခတ် ထွက်လာသည်။ စဝ်နဗလက မျက်မှောင် ကုတ်ကုတ်နှင့် တစ်ချက် လှည့်ကြည့်၏။ တင်းတင်းစေ့ထားသော မောင့်နှုတ်ခမ်းတွေကို ကြည့်ရင်း မှီ တီးတိုး တောင်းပန်စကား ဆိုလိုက်သည်။

'မြန်မြန်တော့ ပြန်လာပါနော်'

သူထွက်သွားသောအခါ မှီ ခုတင်ပေါ် လှဲချွေ ချလိုက်သည်။ မောင်ရယ် မှီ့ အခြေအနေမှာ တခြား ဘာစကား

www.burmeseclassic.com



များ ပြောလို့ ရအုံးမှာ မို့လဲ။ မောင့်ကို ရှင်းပြနိုင်ဖို့ မောင် ပြန်လာအောင် စောင့်ရဖို့ သာ ရှိပါတယ်။

မိုကြ ဟိုတုန်းကတည်းက မောင့်မျက်နှာရိပ်ကို မှန်လို ကြည့်ချစ်ကာ အလျှော့ပေးတတ်ခဲ့သူပါ။

🕖 🕖 🕖

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၃)

မှီနှင့် မောင် စတွေ့ကြကတည်းက မောင့်ကို အံ့သြသည်။ မှီက အိမ်ရှေ့ ခြံဝိုင်းကလေးထဲမှာ စာအုပ်ဆိုင်နှင့် အအေးဆိုင် ဖွင့်ထားသည်။ ရပ်ကွက်ထဲမှာ စာအုပ်ဆိုင်တွေ မှိုလိုပေါါနေပေမယ့် မှီ့ ဆိုင်ကလေးက ထူးခြားသည်။ အိမ်ဘေးမှာ မြေကွက်ပိုက အသင့်အတင့် ကျယ်ပြောတာမို့ စားပွဲရှည် တချို့နှင့် ခုံတန်းရှည် တချို့လည်း ချပေးထားသည်။

ပြီးတော့ အုန်းပင် နှစ်ပင်ကို ပတ်ဝိုင်းကာ ခုံဝိုင်းနှစ်ခု ရိုက်ဆင်ပေးထားသည်။ ဆိုင်မှာတင် ဈေးထက်ဝက်နှင့် ဖတ်နိုင်အောင် နေရာထိုင်ခင်း ပြုလုပ်ပေးထားခြင်းပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



ရှေ့ဘက်မှာတော့ အအေးဆိုင် သန့်သန့်ကလေး ဖွင့်ထားသေးတာမို့ လူလည်း စည်ကားပါသည်။

တစ်ရက်မှာ ဖွင့်ထားသော ခြံတံခါးမှ ဖြည်းနှေးလေးကန်သော ခြေလှမ်းတို့နှင့် နားလည်ရခက်သော မျက်ဝန်းတို့နှင့် အအေးဆိုင်ရှိရာ မောင် ဝင်ရောက်လာခဲ့ခြင်းပါပဲ။

မှီက ရှေ့ဘက် အအေးဆိုင်မှာ ထိုင်လေ့မရှိ။ ဒေါ်လေးငယ်နှင့် အငှား ခေါ်ထားသော ကုလားမကလေး မိနူးတို့သာ ရှိသည်။ မောင် စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက် သည်နှင့်

'သား . . . ဘာသောက်မလဲ'

ဒေါ်လေးက ဆီးကြိုမေးခဲ့သည်။

'ကျွန်တော် လာတာက ဟို စာအုပ်ဆိုင် ရှိတယ်ဆိုလို့'

တွေးဆဆ ငေးကြောင်ကြောင် မောင်က ပြန်ဖြေတော့ ဒေါ်လေးက နောက်ဘက်ထဲကို ညွှန်ပြလိုက်သည်။ မောင်က စားပွဲမှ ပြန်ထရပ်ရင်း . . .

'ဒါဖြင့် အဲဒီနောက်ဘက်ကို ထောပတ်သီး တစ်ခွက်ပို့ပေးလို့ ရမလားခင်ဗျာ'

'ရပါတယ်ကွယ်'

'ပို့ပေးပါနော်'

မောင် ခြံဘေးကွက်လပ်ရှိ စာအုပ်ဆိုင်ကို လမ်းလျှောက်လာခဲ့သည်။ စာအုပ်ဆိုင် အခန်းကန့်ကလေးထဲ မောင်ဝင်လာကတည်းက မှီ မော့ကြည့် မြင်တွေ့လိုက်သည်။

မောင်ကလည်း မှီ့ကိုသာ တစိုက်မတ်မတ် စူးရှရှ

BURMESE CLASSIC .com

www.burmeseclassic.com



ကြည့်ကာ ဝင်လာတာ၊ အရောင် မဖျော့တဖျော့ ဂျင်း ဘောင်းဘီနှင့် ဂျင်းဂျက်ကက် ခါးတိုပွပွက မောင်နှင့် လွန်စွာမှပင် လိုက်ဖက်လွန်း၏။ ဆံပင် ဘိုသီ ဖတ်သီတွေက လဲ မျက်စိကို မရိုင်းစေ။

အသားဖြူကာ မျက်လုံး မျက်ခုံးက မည်းပြီး နှုတ်ခမ်းက ပန်းနုရောင်သန်းနေတာမို့ အလန်တရာ ကြည့်ကောင်းသော မောင်က မှီ့ကို စိုက်ကြည့်ရင်းကပင် စာအုပ်စင်တစ်ခု ရှေ့ ရှိရာ ရောက်သွားသည်။

မျက်နှာစိမ်းမို့ ဘယ်သူပါလိမ့်ဟု မှီ မတွေးသိ နိုင်ဘဲ ဖြစ်နေရ၏။ စာအုပ်စင်မှာ မောင် စာအုပ်ရှာနေတော့ မှီ ခေါင်း ပြန်ငုံ့လိုက်ကာ စတက်စ်ပုစ္ဆာတွေ ဆက်တွက်သည်။

သိပ်မကြာခင်ပင် မှီ့ အာရုံထဲတစ်စုံတစ်ယောက်က မှီ့ ကို စိုက်ကြည့်နေသလို ခံစားမိတာကြောင့် မော့လိုက်မိ၏။ ခုနနေရာမှာ မောင် မရှိတော့။ သို့ပေမယ့် ထိုစင်၏ တစ်ဘက် ခြမ်းမှနေ မှီ့ကို မောင်က လှမ်းကြည့်နေတာ တွေ့ရသည်။

စင်မှ စာအုပ်တချို့ဖယ်ယူကာ လစ်ဟာသွားသော ထို နေ ရာမှ မှီ့ကို စိုက်ကြည့်နေခြင်းမို့ မောင့် မျက်နှာကလေး ကိုပဲ မြင်သာ သည်။ မှီ့ ရင်ထဲ ရှိန်းမြ နွေးထွေးသွားမိကာ မျက်လွှာ ချပစ်လိုက်ရ သည်။ မောင်ရယ် စ တွေ့တွေ့ချင်း အချိန်ကာလတွေကတည်းက မှီ ရှုံးနိမ့်ခဲ့ရတာပါပဲ။

ခနနေတော့ မှီ့ ရှေ့ကို စာအုပ်တစ်အုပ် ရောက်လာ

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ မှီ မော့ကြည့်လိုက်တော့ မောင်။ လက်ထဲမှာ ထော ပတ်သီးဖျော်ရည် ဖန်မတ်ခွက်ကို ကိုင်လျက်သား။ ဘယ်တုန်းက ဘယ်သူ လာပေးလိုက်မှန်းတောင် မှီ မသိလိုက်။

မောင် ငှားသည့် စာအုပ်က ဆရာမြတ်ထန်၏ ဝတ္ထု ဟောင်း တစ်ပုဒ်။ 'မောင်နဲ့သာဆိုရင်' တဲ့။

မှီက မရဲတရဲ မော့ကြည့်ကာ

'နာမည် ဘယ်လို ခေါ်ပါသလဲ'

မောင်က မဖြေ။ မျက်မှောင်ကြုတ်သွားကာ တစ်ဘက်ကို လှည့်၍ စဉ်းစားဟန်ပြုလိုက်သည်။ ခေတ္တခဏသာမက ကြာလာတော့ မှီက နောက်တစ်ကြိမ် ထပ်မေးရပြန်သည်။

'နာမည်ပြောပါရှင်'

ဒီတော့မှ မောင် ပြန်ငုံ့လာတာ မှီ့ကို စိုက်ကြည့်ရင်း

'မောင်မောင်လို့ ရေးလိုက်ပါ'

မှီ ရေးမှတ်လိုက်သည်။

'နေရပ်လိပ်စာကကော'

'ကမာရွတ်မှာပါ'

'ဩော် ဟိုလေ၊ မှီတို့က ဒီရပ်ကွက်ထဲက မဟုတ်ရင် စပေါ်ယူပါတယ်'

'ဟုတ်လား၊ ကျွန်တော် စပေါ် ပေးရမယ်ပေါ့'

'ဟုတ်'

'ဘယ်လောက် ပေးရမလဲ'

'နှစ်ဆယ့်ငါးကျပ်ပါ'

BURMESE CLASSIC .com

www.burmeseclassic.com



'မပါဘူးဗျာ၊ ဆောရီး မပါတာ မဟုတ်ဘူး၊ မရှိတာပါ'

'ရှင်'

မှီမျက်ခုံးလေးပင့်ကာ မောင့်ကို အံ့သြတကြီး ဖြစ်ရသည်။ ငွေအစိတ်တောင် မပိုင်ဘူးဟု မထင်မှတ်လောက်ပါ။ မောင် ဝတ်စားထားပုံက ဘိုသီဖတ်သီ ဖြစ်သလို နိုင်လှပေမယ့် ဒီလောက်တော့လည်း မစုတ်ပြတ်။

ထုံးစံမရှိပေမယ့် မောင့်ကို ဘာကြောင့်မှန်းမသိ မှီ့ နှလုံးသားက ပူနွေး လှိုက်ခုန်စွာ မြန်မြန်ဆန်ဆန် ရင်းနှီးသွားမိတာမို့. . .

'ဒါဖြင့် ယူသွားလိုက်ပါ၊ မှီ့ကို လိပ်စာ အတိအကျသာ ပေးခဲ့ပါ'

'လိပ်စာက ပြောလို့ မရဘူး'

'ဟင် ဘာဖြစ်လို့လဲ'

'လိပ်စာရယ်လို့ အတည်တကျ မရှိလို့ပါ'

'ရှင်'

မှီ ဘာပြန်ပြောရမလဲမသိတော့ဘဲ ငြိမ်သက် သွားရလျှင် မောင်က အံကြိတ်ကာ နှုတ်ခမ်းမဖွင့်ဘဲ တစ်ချက်ပြုံးရင်း

'ကျွန်တော့် ဒီမှာပဲ ထိုင်ဖတ်သွားရင်ရော'

'ရပါတယ်၊ ဟိုမှာ စားပွဲရှိပါတယ်'

'အဲဒါဆို ဘယ်လောက်ကျမလဲ'

ဒီလောက်ထိဆိုတော့ မှီနည်းနည်းစိတ်တိုလာသည်။နှုတ်ခမ်းလေး မသိမသာ စူမိကာ. . .

BURMESE CLASSIC .com

www.burmeseclassic.com



'ပြားခြောက်ဆယ်ပါ၊ အဲဒါမှ မပေးနိုင်ရင်လဲ အလကား သာ ထိုင်ဖတ်သွားပါတော့'

'ကျေးဇူးပါပဲ'

ခပ်တည့်တည့်ပြောကာ စာအုပ်ကို ကိုင်လျက် မောင်က လှည့်ထွက်သွား၏။ သူ ပြောဆို ပြုမူပုံတွေကို မီ စိတ်မဝင်စားဘဲ မနေနိုင်တော့။ မောင် ဝတ္ထုထိုင်ဖတ်နေရာ စားပွဲကို မီ့ မျက်စိ တစ်ချက်တစ်ချက် ဝေ့ဝဲရောက်ရှိသွားသည်။ သူ ဒီလိုတော့လဲ စိတ်ဝင်တစား ဖတ်နေသား။

စိတ်မှန့်ရဲ့လားဟု တစ်ချက် တွေးမိသေးသည်။ မဖြစ်နိုင်မှန်း ကိုလည်း သိသည်။ ထောပတ်သီး ဖျော်ရည်တစ်ခွက် ဝတ္ထုတစ်အုပ်နှင့် သူ့ အိမ် သူ့ရာလို အချိန် ဆွဲဖတ်နေလိုက်တာ တဖြည်းဖြည်း ည ခုနစ်နာရီ ကျော်လာသည်။

မီတို့ဆိုင်က မိန်းမသားချည်းမို့ ခုနစ်နာရီခွဲမှာ ပိတ်သည်။ မီတို့ သိမ်းစည်းစ ပြုသည့်ထိ မပြန်သေး။ တစ်ယောက်တစ်လှည့် ထမင်းတက်စားပြီးသော မီ သူ ဗိုက်ဆာမှာပဲဟု စိတ်မဖြောင့်ဘဲ ရှိသည်။ ဒေါ်လေးငယ်ပါ မောင့်ကို ကြည့်ကာ မျက်မှောင်ကုတ်လာ တော့၏။

နောက်ဆုံး ဒေါ်လေးငယ်ကပဲ ဆိုင်ပိတ်တော့မည့်အကြောင်း မောင့်ကို သွားပြောလိုက်ရသည်။

'ကျွန်တော် မပြီးသေးဘူးခင်ဗျ'

'အိမ်ယူသွားပါ၊ ပြီးမှပဲ လာပေးပါတော့'

မီ မျက်ခုံးရှုံ့ကာပြောတော့ မောင်က အောက်နှုတ်ခမ်းကိုက်ကာ ကပ်စေးနဲ့စွာ ပြုံးပြီးမှ 'သင့်ခ်ယူး' ဟု ဆိုသည်။

www.burmeseclassic.com



မောင့်ပုံစံ မသပ်ရပ်ပေမယ့် မောင့် လေယူ လေသိမ်းအရ မောင်သည် အင်္ဂလိပ်စာကို ပိုင်နိုင်စွာ အသံထွက်တတ်သည် ထိ တတ်မြောက်ကြောင်း မှီ ရိပ်မိရဲ့ခဲ့သည်။

* * *

မှီတို့ စာအုပ်ဆိုင်ကို နေ့စဉ် မပျက်မကွက်လာသော သူတွေ ထဲမှာ ထိပ်ဆုံးက မောင်ပင် ဖြစ်မည်။ တစ်ခါတစ်ရံ မနက်ပိုင်း တစ်ခေါက်၊ ညနေပိုင်းတစ်ခေါက် နှစ်ခေါက် လာတတ်သည်။

ဆိုင်မှာ ထိုင်ဖတ်လျှင် အများဆုံးက တစ်ကျပ်မို့ မောင်က အမြဲ ဆိုင်မှာ ထိုင်ဖတ်သည်။ ဆိုင်သို့ အဝင်အထွက်တွေမှာ မှီနှင့် စကားတစ်ခွန်း နှစ်ခွန်းတော့ ပြော ဖြစ်သည်။

သုံးလေးရက်လောက် တွေ့အပြီးမှာ မှီ မောင့်ကို အလွန်အမင်း စိတ်စင်စားနေမိပြီ။ မောင့် အကြောင်းကိုလည်း သိချင်လာ သည်။ ဒါကြောင့်လည်း ခါတိုင်းထက် စကားများများ ပိုပြောဖြစ်လာ ကာ အတန်အသင့်တော့ ရင်းနှီးလာရသည်။

ထောပတ်သီး ဖျော်ရည်ကို မောင် စာ ထိုင်ဖတ်နေရာ စားပွဲသို့ မှီ ကိုယ်တိုင်သွားချသည့်အကျင့်လည်းရလာသည်။

တစ်နေ့ မှီ မောင့်စားပွဲကို ထောပတ်သီးဖျော်ရည်သွားအပို့မောင်မော့ကြည့်ကာခါတိုင်းလို'သင့်ခ်ယူး' မဟုတ်တော့ဘဲ

'ကျွန်တော် ဒီနေ့ကစပြီး ဖျော်ရည်ကို ဖြတ်လိုက်တော့

www.burmeseclassic.com



မလို့ မယွန်းမှီမှီ’

စာအုပ်ဆိုင်အမည်၏ အဓိပ္ပာယ်ကို မေးရင်းက မှီ့နာမည်ကို ပေးထားတာမှန်း မောင် သိထားပြီးပြီ ဖြစ်သည်။ မောင်က အေးဆေးစွာ ပြောလိုက်ပေမယ့် မှီ့ အတွက် အံ့အားသင့်စရာ ဖြစ်ရပြန်သည်။

‘ဘာဖြစ်လို့လဲ ဟင်’

မှီက မျက်ခုံးကလေးပင့်ကာ မေးမိ၏။

‘ကျွန်တော် ထောပတ်သီး အရမ်းကြိုက်တယ်၊ ဒါပေမယ့် တစ်ခွက် သုံးကျပ်ဆိုတာကို နေ့တိုင်း ကျွန်တော်ဝယ် မသောက်နိုင် တော့ဘူး’

မှီ့ ရင်ထဲ နင့်ကာ ဘာပြန်ပြောရမှန်း မသိအောင် မောင့်ကို ကရုဏာ သက်သွားရသည်။

‘ကိုမောင်မောင်ရယ် တစ်ခွက် ဘယ်လောက်ထား ပေးရမှာလဲ’

တီးတိုးမေးတော မောင်က ချစ်စဖွယ် ကောင်းလှစွာ ပြုံးရယ်ရင်း မှီ့ကို ခပ်ဝေဝေကြည့်ကာ

ယွန်းမှီမှီတို့ကို ဈေးကြီးတယ်လို့ ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော် ဝယ်မသောက်နိုင်တာကို ပြောတာပါ၊

မှီ စိတ်မကောင်း၊ ဒီလောက်တောင် မပြည့်မစုံ ဖြစ်နေပုံရသော မောင့်ကို စေတနာတွေ ပိုမိကာ

‘ဒါဖြင့် မှီ တစ်ခု ပြောမယ်’

‘ဟုတ်ကဲ့’

‘ကိုမောင်မောင်က နေ့တိုင်း စာအုပ် လာငှားနေကျပဲ၊

www.burmeseclassic.com



မှီက ခင်မင်ရင်းနှီးတဲ့အနေနဲ့ ထောပတ်သီး ဖျော်ရည်နဲ့ နေ့တိုင်း ညှော်ခံပါ့မယ်’

‘စာအုပ်ငှားတဲ့သူတိုင်းကို ထောပတ်သီးဖျော်ရည် တိုက်နေရရင် အရင်းပြုတ်ရောပေါ့’

ကိုမောင်မောင်ကို မှီ့ ညှော်သည် သဘောထားပြီးတော့ ပေါ’

‘အဲဒါဆို ကျွန်တော် ဘာပြန်လုပ်ပေးရမလဲဟင်’

မောင်က မျက်ဝန်းနက် ကလေးများနှင့် မော့ကြည့် မေးလေလျှင် မှီ ပြုံးသွားမိကာ

‘ဘာလုပ်ချင်လို့လဲ’

‘ကျွန်တော်က ဘာမှလုပ်စရာရှိတဲ့လူမှ မဟုတ်တာ၊ မှီတို့ ဆိုင်ကိစ္စ ကူညီလို့ ရမလား’

မှီ ဟု ထည့်သုံးလိုက်တာကို မှီ ပြုံးပြုံးကလေးပဲ နှစ်သက် လက်ခံလိုက်မိသည်။

‘ကိုမောင်မောင်က ကျောင်းသားပဲလား’

‘ကျောင်းပြီးပြီ’

‘ဘာနဲ့ ပြီးတာလဲ’

‘ဆယ်တန်း နှစ်နှစ် ကျတော့ ပြီးသွားတာပေါ့’

‘ဟင် ကိုမောင်မောင်ကလဲ’

‘ဘာကို မေးတာလဲ’

‘ဘာမှ မဟုတ်တော့ဘူး’

မှီ အားနာပါးနာနှင့် ဘာမှ ဆက်မမေးတော့။ သူက သာ မှီ့ ကို ငေးမောနေရင်း

BURMESE CLASSIC .com

www.burmeseclassic.com



'စာအုပ်တွေ ဘာတွေ ဝယ်ပေးမယ်၊ အအေးဆိုင်မှာလဲ ကူမယ်လေ'

အားတက်သရော ဆိုသည်။

'ဒေါ်လေးကို ပြောမှ ရမယ်'

'ပြောလိုက်မယ်'

'မှီ ပြောမပေးဘူးနော်၊ မှီ သဘောမတူဘူး၊ မှီတို့ဆိုင်မှာလဲ အလုပ်သမား မလိုဘူး'

'ကူညီမှာပါ မှီရယ်၊ လခစား အလုပ်သမား လုပ်မှာ မဟုတ်ပါဘူး၊ ကျွန်တော် အဲ့လို အလုပ်မျိုးလဲ ဝါသနာ မပါပါဘူး၊ မှီ တိုက်တဲ့ ထောပတ်သီး သောက်ဖို့ တန်အောင် ကူညီမယ့်သဘော လောက်ပါ'

'မှီက ခင်လို့ တိုက်ချင်တာပါ'

'ကျွန်တော်လဲ ခင်လို့ပေါ့မှီ'

မောင့် မျက်ဝန်းကလေးတွေက ရွှန်းနေသည်။ ငေးငိုင်နေတတ်သော အခါတွေမှာ မောင့်မျက်ဝန်းတွေက မာကျောနေတတ် လျက် စိတ်ချမ်းသာ ပျော်ရွှင်နေလျှင် မောင့် မျက်ဝန်ကလေးတွေ က တဖြတ်ဖြတ် တောက်ပ ရွှန်းလက်လာတတ်သည်။

'သိပ် ကူညီချင်နေရင်လဲ အတော်ပဲ၊ ဒီနေ့ မှီ မြို့ထဲ မသွားအားဘူး၊ ကျောင်းအပြန် နောက်ကျမှာ၊ ကိုမောင်မောင် မြို့ထဲသွားပေး၊ကလျာမဂ္ဂဇင်း ထွက်နေပြီတဲ့၊ သွားဝယ်ခဲ့ပေးမလား၊

မောင်က ခေါင်းညိတ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီနေ့က မောင့်ကို ပိုက်ဆံပေးခဲ့ပြီး မို ကျောင်းကို စိတ်မဖြောင့် လက်မဖြောင့်နှင့်ပင် သွားရသည်။ ညနေ ပြန်လာတော့ ဘတ်စ်ကားဂိတ်မှာ မောင်က စောင့်နေသည်။

သွယ်ရယ်၊ မြတ်မြတ်ရယ်၊ စုမာရယ်၊ မိုရယ့် ကားပေါ်က ဆင်းအလာမောင့်ကို မြင်လိုက်ရတော့ မို့ ပြောစကားနှင့်သိနေကြသူများပီပီ သွယ်တို့က မောင့်ကို ရင်းရင်းနှီးနှီး စကြ နောက်ကြသည်။ မောင်က စကားနည်းသူပီပီ . . . ပြုံးရုံသာ။ ပလက်ဖောင်းပေါ်မှာ ငါးယောက် ယှဉ်တွဲ မလျှောက်သာတာမို့ မောင်နှင့် မိုကတစ်တွဲလိုဖြစ်သွားကာ နောက်ဘက်မှစုမာတို့က မိုတစ်ယောက်သာ နားလည်နိုင်မည့် စကားလိမ်တွေနှင့် မို့ကို စ ကြပြန်သည်။

မောင်က အဓိပ္ပယ် ပြည့်ဝစွာ မသိပေမယ့် ရိုးတိုးရိပ်တိတ်တော့ ရိပ်မိပုံနှင့် မို့ကို မသိမသာ ငဲ့စောင်း ခိုးကြည့်လေသည်။ လမ်းတစ်လျှောက် ရင်ခုန်ဖွယ် ဖြစ်ခဲ့ပေမယ် အိမ်ရောက်တော့ မောင့်ကို ရယ်ရသည်။

မောင် ဝယ်လာသော မဂ္ဂဇင်းက မျက်နှာဖုံး နည်းနည်း စုတ်နေသည်။

'ကိုမောင်မောင်ကလဲ မျက်နှာဖုံးကြီးက စုတ်နေတာ ဘာလို့ ယူရတာလဲ'

မိုကမေးတော့

'ဆိုင်မှာ နှစ်အုပ်ပဲ ရှိတော့တာ၊ ကျွန်တော့် ရှေ့က ဝယ်တဲ့လူက နောက်တစ်အုပ်ကိုမတွေ့ဘဲ ဒီအစုတ်ကို ကိုင်

BURMESE CLASSIC .com

www.burmeseclassic.com



နေတာ မှီ၊ကျွန်တော်က ဝယ်ရမှာကို မေ့ပြီး အဲဒီ လူကို 'အကောင်းရှိတယ်' လို့ ပြောပြီး အကောင်းစာအုပ် လှမ်းပေးလိုက်မိတယ်'

'ဟင် ဘယ်လိုလဲကွာ'

မှီ စိတ်ပျက် လက်ပျက် ဖြစ်နေတာကို မောင်က လက်နှစ်ဘက် နောက်ပစ် ပြုံးကာ ကြည့်နေရင်း

'မှီ စိတ်ပျက်သွားပြီလား၊ နောက် ခိုင်းပါအုံးမလား'

'ဘာလဲ – နောက်မခိုင်းအောင်ပေါ့'

'မဟုတ်ပါဘူး၊ နောက်ဆို ပြောစရာမရှိအောင် လုပ်ပေးပါ့မယ်လို့ ပြောမလို့ပါ မှီရယ်'

မောင် – ပြုံးပြုံးကလေး ပြောပုံက အပြစ်ကင်းစင်ကာ ကလေးလည်း ဆန်လှသည်။

'ကိုမောင်မောင့် အသက်ဘယ်လောက်ရှိပြီလဲ'

'မှီရော'

မှီ ရုတ်တရက်မေးခွန်းကို သူက အမေးနှင့်ပင် တုံ့ပြန်သည်။

'မှီ ဆယ့်ကိုး'

'မှီ့ထက်ကြီးတာပေါ့ အများကြီး'

'ဘယ်လောက်လဲ'

'ကြီးတယ် ဆိုတာလောက်ပဲ ပြောပါရစေ၊ အသက်ထုတ်ဖော်ပြောရမှာ စိတ်ခါတ်ကျလို့ပါ'

'အပိုတွေ ပြောမနေပါနဲ့၊ သူ့ဟာသူ လျှို့ဝှက်ချင်တာများ၊ စိတ်ခါတ်ကျရလောက်အောင်လဲ မကြီးနိုင်ဘဲနဲ့၊

BURMESE CLASSIC .com

www.burmeseclassic.com



အလွန်ဆုံး အစိတ်ပေါ့၊ မဟုတ်ဘူးလား မပြောလဲ နေပေါ့'

မပြောလဲ နေပေါ့ ဆိုတော့ ဘာမှ မပြောတော့ဘဲ နေသည်။ သူ ဝတ္ထုစာအုပ်ဖတ်နေတာကို မှီ မရိုးမရွ ဖြစ်လာရတာ။

'နေပါအုံးဘာလို့ဒီလောက်တောင်လျှို့ဝှက်တတ်ရတာလဲ'

'ကျွန်တော့် အကြောင်းက နားထောင် မကောင်းတတ်လို့ပါ'

မောင့်အပြောကြောင့် ဒေါသ ပြေရပြန်သည်။ မှီ စဉ်းစားမိတာတွေ တပုံတပင်ကြီးနှင့်

'ကိုမောင်မောင်၊ နာမည်ရင်းကရော ကိုမောင်မောင် ဟုတ်ရဲ့လား ဟင်'

မျက်တောင်ကလေး ခတ်ကာ ခတ်ကာ မေးလိုက်မိ၏။ သူက မဖြေ။

'နာမည် စ ပြောတုန်းက ငြိမ်ပြီးစဉ်းစားနေတာ၊ ပြောလိုက်တာကလဲ ဖုံးကွယ်ထားတဲ့ နာမည်အတုပဲ မဟုတ်လား'

မောင် ဘာမှ မဖြေ။

'အိမ်လိပ်စာလဲ မပြောဘူး၊ ကဲ အိပ်တော့ ဘယ်မှာ အိပ်သလဲ'

'ခုတင်ပေါ်မှာ'

'ကိုမောင်မောင်နော် ကဲ မပြောလဲ နေ'

မောင်က အသံထွက်အောင် ရယ်နေသည်။ မှီ မျက်စောင်း ထိုးလိုက်မိပြီးမှ မောင့်အကြောင်းကို သိချင်စိတ်

BURMESE CLASSIC .com

www.burmeseclassic.com



နည်းပါးလာရသည်။ ဒီလောက် ဖုံးနေပုံ ထောက်တော့ သိလိုက်ရလျှင် စိတ်မချမ်းသာစရာတွေ ပါဖို့များသည်မဟုတ်လား။

'ဘာပဲဖြစ်ဖြစ် အကူအညီ လိုရင်တော့ မှီတို့ ဒေါ်လေး ငယ်တို့ကို ပြောပေါ့ နော်'

မှီ့ စကားအဆုံး မောင့်ကို မော့ကြည့်လိုက်တော့ နှလုံးသားတွေ ပြုတ်ကျသွားမတတ် လှုပ်ရှား သွားစေလောက်အောင် တမေ့တမော စိုက်ကြည့်နေသည့် မောင့်မျက်ဝန်းတွေနှင့် ဆုံသည်။

* * *

မှီ ကျောင်းမသွားခင် ရောက်လာတတ်ကာ မြတ်မြတ်တို့ သုံးယောက် မှီ့အိမ် ရောက်လာကြပြီးမှ လေးယောက်လုံးကို ဘတ်စ်ကားဂိတ်သို့ မောင်က လိုက်ပို့တတ်သည်။ ကားထွက်သွားမှ မှီတို့ဆိုင်ဘက် ခြေဦးပြန်လှည့် ထွက်ခွာသွားတတ်၏။

မှီတို့ ကျောင်းပြန်ချိန်ဆို ဘတ်စ်ကားဂိတ်မှာ မောင်ရပ် စောင့်နေတာနှင့် ထာဝစဉ် ကြုံသည်။ ကားပေါ်မှာ မှီတို့ ပါလာ မလာ သူ့အရပ်ရှည်ကြီးကို ခြေဖျား ထောက်လျက်ရှာရတာအမော။ ပါလာတာကိုမြင်လျှင် ကားတံခါးနားထိ တိုးရပ်ကာ ကြိုတတ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကားပေါ်က တိုးဝှေ့ ဆင်းလာသော မှီတို့ လေးယောက် ထံမှ ထီး၊ ထမင်းဘူး၊ ဖိုင်တို့ကိုအောက်မှ ဆီးသယ် တတ်လေသည်။ ကားအောက် လွတ်လွတ်ကျွတ်ကျွတ် ရောက်ကြလျှင် မြတ်မြတ်တို့၊စုမာတို့၊ သွယ်တို့က သူတို့ ပစ္စည်းကို ပြန်ယူကြသော်လည်း မှီကတော့ မယူရ။

မှီ တောင်းလျှင် မောင်ကမပေး။ အိမ်အထိ သူပဲသယ်ဆောင် ယူလာတတ်တာမို့ စုမာတို့က စချင်သည်။

'ကိုမောင်မောင်က မှီ ပင်ပန်းမှာ တော်တော် ကြောက်ပုံရတယ်' ဟု နောက်လျှင်

'မှီက မနက်ကျောင်းတက်ရ၊ အိမ်ပြန်ရောက်ရင် စာအုပ်ဆိုင်ထိုင်ရ၊ အိမ်အလုပ်လဲ လုပ်ရနဲ ပင်ပန်းလို့ပါ'

'ဒါများ သွယ်တို့လဲ ဒီလိုပဲဟာ'

'မှီက ကျွန်တော့် အလုပ်ရှင်ပါဗျာ'

မျက်နှာလေး ခပ်ငုံ့ငုံ့နှင့် ပြုံးကာ ပြောတတ်သည်။

'လခ ဘယ်လောက်ရလဲ'

'ထောပတ်သီးဖျော်ရည် ခွက်သုံးဆယ် ရတယ်'

'ဒီလခမျိုး မကြားဖူးဘူး အဆန်းပဲ'

မှီ ပြုံးနေရသည်။ မှီ့သူငယ်ချင်းတွေကလည်း ရင်းနှီးခင်မင်တတ်သူတွေမို့ မောင်နှင့် ပြေလည်သည်။ မိန်းကလေးအုပ်စုထဲ ယောကျ်ားလေး တစ်ယောက်ထဲမို့ မောင့်ခမျာ တော်တော်တော့ အစ အနောက် ခံရ၏။ ပြီးတော့ မောင့်ပုံစံကလည်း ပြောရဲဆိုရဲ ရှိစရာ။

www.burmeseclassic.com



စုမာရော မြတ်မြတ်ရော သွယ်ရော မေပွင့်လင်းတွေချည်း ပဲမို့ တစ်ခါတစ်ခါ မောင့်ခမျာ အနေရတောင် ခက်နေတတ်သည်။ အိမ်ခြေ ရာခြေ အတည်တကျ မသိရသော အလုပ်လက်မဲ့ မောင့်ကို ခင်မင်ရုံထက်ပိုပြီး သူတို့က ဘာမှ အရေးထား မစဉ်းစားကြပေမယ့် မှီကတော့ မှီ့ နံဘေးမှာ လူထူးလူဆန်း မောင် တစ်ယောက် ရှိနေတာကို ကျေနပ် ကြည်နူးတတ်နေခဲ့၏။

အစကတော့ သွယ်တို့လည်း မောင့်အကြောင်းကို စပ်စပ်စုစု ပိုင်းမေးမြန်းတတ်ကြသေးသည်။ မောင်က လိမ္မာ ကျွမ်းကျင်စွာ စကားလွှဲရှောင် ထွက်သွားသည်ချည်းပါပဲ။ မောင့်အကြောင်း ဘာမှ မသိရတာ ကိုတော့ မှီ စိတ် အနှောင့်အယှက် ဖြစ်ရသည်။ ဒါပေမယ့် မှီ မောင့်ကို သံယောဇဉ်ကြီးခဲ့ရပါသည်။

မှီ တင်မက ဒေါ်လေးငယ်ကလည်း မောင့် အပေါ် သံယောဇဉ်တွယ်ခဲ့ရတာပါပဲ။

'မောင်မောင်ရေ မှောင်ခါတောင် နီးပြီ၊ အိမ်မှာပဲ ထမင်းစားသွားတော့လေ'

မောင် ပြန်ခါနီးတိုင်း ပြောနေကျ။

'ကျွန်တော် အိမ်မှာပဲ စားတော့မယ် ဒေါ်လေးငယ်'

'အိမ်မှာကျတော့ ဘယ်သူချက်ပြုတ်ကျွေးသလဲ'

ဒေါ်လေးငယ်ကိုတော့ လုံးဝကြီး လျှို့ဝှက်ထားဖို့မဖြစ်။ ဒေါ်လေးငယ်က လူကြီးမဟုတ်လား။ အထိုက်အလျောက်

www.burmeseclassic.com



တော့ လက်သင့်ခံနိုင်ဖွယ်ဖြေရမှာမို့ မောင်က ပြုံးဝိုးဝိုးနှင့်

'ကိုယ့်ဘာသာပဲ ချက်ရတာပါပဲ'

'အိမ်ရောက်မှ ချက်တော့ ဘယ်အချိန် သွားစားမှာလဲ မောင်မောင်ရယ် ..၊စားသွား စားသွား၊ တစ်နေကုန် အိမ်ကို ပစ်ထားရတာ ကျတော့ကော ... စိတ်ချရသလား'

'စိတ်မချလောက်တဲ့ ခိုးစရာ ဝှက်စရာ ဘာမှ ရှိတာမှ မဟုတ်တာ ဒေါ်လေးငယ်ရယ်... ၊ သူငယ်ချင်းတွေ စုနေတဲ့ အိမ်ခန်းကျဉ်းကျဉ်းကလေးဟာ၊ စိတ်ချရပါတယ်'

'သူငယ်ချင်းတွေနဲ့ စုနေတာလား၊ သူတို့ကကော ဘာ လုပ်ကြသလဲ'

ဒေါ်လေးငယ်က ခပ်ရိုးရိုးမို့ စကားကို တန်ဆာမဆင်။ သိချင်တာရှိလျှင်...ပြောင်ပဲ ... ရိုးရိုး ဖွင့်မေးချတတ်တာမို့ မောင် မကြာခဏ အဖြေခက်နေတတ်သည်။ ခုလည်း ...

'ကျပန်းပါပဲ၊ ရုံးဝန်ထမ်းလဲ ပါတာပဲ ... ၊ စီးပွားရေး လေး ဘာလေး လုပ်တာလဲ ပါ ပါတယ်'

မျက်နှာပျက်ပျက်နှင့် ထစ်ငေါ့ငေါ့ ဖြေသည်။

မောင် ဘာကြောင့် ဒီလောက် လျှို့ဝှက်ပါလိမ့် ဆိုတာ စဉ်းစားမရ။ မှီက နောက်ပိုင်း ဘာမှ မမေးတော့သလို.. ဒေါ်လေးငယ်ကိုလည်း နည်းနည်း ဟန့်တားရသည်။

'သူ ဖြေနိုင်လား မဖြေနိုင်လား မသိ ဒေါ်လေးငယ် ရယ်၊ ဖြေချင်ပုံမရတဲ့ ဥစ္စာ၊ သူကလဲ မြုံစိစိနဲ့ ဥစ္စာ၊ သိပ်ပြီး မေးမြန်းမနေပါနဲ့၊ အားနာစရာကောင်းပါတယ်'

www.burmeseclassic.com



'လူကတော့ ရည်မွန်ပါရဲ့၊ ဘာရယ် ညာရယ် သေချာ မသိရတာက ခက်တာပဲ၊ သူ သိပ်မပြောချင်မှန်းလဲ သိတော့ သိပါတယ် မှီရယ်၊ ဒါပေမယ့် ဒေါ်လေးတို့က အိမ်မှာ မိန်းမသားချည်းနေတာ၊ အမြဲဝင်ထွက် ခင်မင်နေလို့သာ ကြည့်နေရတယ်၊ ကိုယ့်လဲ ယောကျ်ားသား အားကိုး မရှိတော့ သူ ကူညီ လုပ်ကိုင်ပေးနေတာတွေကို တူလို သားလို အမှတ်နဲ့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အေ'

ဒေါ်လေးက စကား လက်စ မသတ်ဘဲ မှီ့ ကိုလှည့်ကြည့်သည်။ ဒေါ်လေးစကား အဓိပ္ပာယ်ကို မှီ သဘောပေါက်ပါသည်။

'စိတ်မပူပါနဲ့ ဒေါ်လေးရယ် သူ့ကို ကြည့်ရတာလဲ မှီ တို့ တူအရီးကိုပဲ ဆွေလို မျိုးလို လာခင်နေတဲ့ ပုံပါပဲ'

မှီ တို့ကို ဆိုင်မှာလည်း အောက်ခြေသိမ်း ကူညီကာ မှီ သွားလေးရာကိုလည်း တစောင့် တရှောက် လိုက်ပါနေတတ်သည့် မောင့်ကို အဖော်ရင်း တစ်ယောက်လို မှီ ခင်တွယ်လာခဲ့ရသည်။

မြို့ထဲက စာအုပ်ဆိုင်တန်းတွေမှာ မောင်နှင့် ပုခုံးချင်းယှဉ်လျှောက်ရင်း မှီ ဝယ်သမျှ ဝတ္တု၊ မဂ္ဂဇင်း၊ ကာတွန်း စာအုပ်တွေကို သယ်ပေးတတ်သည့် မောင့်ကို ဘယ်လို လူတစ်ယောက်ပဲ ဖြစ်နေပစေ မှီ သံသယဇဉ် လျှော့နိုင်တော့မှာ မဟုတ်။

ဘတ်စ်ကားစီး ပြန်လာကြတိုင်း ကားပေါ်မှာ ဝယ်လာခဲ့သော စာအုပ် သစ်စက်စက်တွေကို ထိုင်ဖတ်လာတတ်

BURMESE CLASSIC .com

www.burmeseclassic.com



လျက်၊ ဘယ်စာရေးဆရာက ဘယ်လို၊ ဘယ်ကဗျာက ဘယ်လို စသဖြင့် မှီ့ကို လာပြီး နှီးနှော ဆွေးနွေး တတ်ပြန်သည်။

'ကိုမောင်မောင်က စာရေးဆရာ ဒါမှမဟုတ် ကဗျာဆရာများလားဟင်'

...ဟု မှီ မေးမိတုန်းက ခေါင်းကို မော့ကာ ဟက်ဟက်ပတ်ပတ် ရယ်လိုက်သည်။ ချစ်နိုးဖွယ် ဟန်ကလေးကြောင့်လည်း မှီ မှင်တတ်သွားတတ်ခဲ့ဖူးပါသည်။

* * *

ကျောင်းမှာ မှီ့ကိုစိတ်ဝင်စားနေကြသူတွေထဲက မင်းလွင်လတ်က အသဲဆုံးပင်ဖြစ်သည်။ မှီ့ကို စာလည်း ပေးဖူးပြီ။ နောက်က တကောက်ကောက် လိုက်ပြီး စကား ပြောဖူးပြီ။ ကဲင်တင်းမှာ ဖွတ် ပိုက်ဆံရှင်းသွားတာကို မသိ လိုက်တာမျိုးလည်း ဖြစ်ဖူးပြီ။ မှီ့ အခန်းဝမှ ရပ်စောင့် ငေးကြည့်ကာ အနေရခက်လောက်အောင်လည်း ချစ်မြတ်နိုးဟန်တွေ ပြဖူးပြီ။

လူရမ်းကား မဆန်သရွေ့ တော့ မှီက သည်းညည်းခံရမှာပေါ့။ မှီ့ကို နှောင့်နှောင့်ယှက်ယှက် အဖြစ်မျိုးတော့ သူက

www.burmeseclassic.com



ရှောင်ရှားသည်။ သူ့ ပုံစံကတလေးတနက် ရှိတာမို့ မှီရင့်သီး မာထန်စွာ မတုံ့ ပြန်မိပါ။

ဘာမှ အဖြေမပေးပေမယ့် သူပြုံးပြလျှင်တော့ မှီမပွင့်တပွင့်ပဲဖြစ်ဖြစ် ပြန်ပြီး ပြုံးပြမိတတ်သည်။

တစ်ရက်တော့ မှီတို့ဘတ်စ်ကားစောင့်နေခိုက် သူ့ဆန်နီကားကလေး ထိုးရပ်လာကာ

'ယွန်းမှီ အိမ်ပြန်မလို့မဟုတ်လား၊ တို့ လိုက်ပို့ ပါရစေ အားလုံးကိုပဲပေါ့'

'ရပါတယ် ဘတ်စ်နဲ့ပြန်နေကျ'

စုမာက ခပ်သွက်သွက်ပင် ငြင်းသည်။ သူကလည်း ဖွတ်ပင်ခေါ်သည်။ မှီတို့လေးယောက်လုံး ခေါင်းတခါခါ ငြင်းကြရင်း ကား အချောင်မစောင့်တော့ဘဲ ရောက်လာသော တစ်စင်းပေါ် ကမန်းကတန်း တက်ကြသည်။

မှီတို့ ဘတ်စ်ကားနောက်မှာ မင်းလွင်လတ် ကားကလေး တဖြည်းဖြည်းနှင့် ပါလာမှန်းသိတော့ မှီ စိတ်ညစ်လိုက်ရတာ။

'ဂိတ်ကျရင် ကိုမောင်မောင်က စောင့်နေမှာပဲ'

မှီ ညည်းညူတာကို သွယ်က မျက်စောင်းထိုးလျက်..

'တွေ့ ... ဘာဖြစ်လဲ'

'တစ်မျိုးထင်မှာပေါ့'

'ထင် ဘာဖြစ်လဲ ဘာကိုစိုးရိမ်စရာရှိလို့လဲ ယွန်းမှီရဲ့'

မှီ ခေါင်းသာခါလိုက်သည်။ တစ်လမ်းလုံး စိတ် မဖြောင့် လက်မဖြောင့်နှင့်ပင် မှီတို့ မှတ်တိုင်ရောက်တော့ ဆင်းရသည် ထုံးစံအတိုင်း မှီတို့လက်ထဲက ပစ္စည်းတွေကို မောင်ကလှမ်းယူ

www.burmeseclassic.com



ကာ မှီတို့ လွယ်အိတ်ပြင်လွယ် အင်္ကျီဆွဲချ စသဖြင့် နေသား တကျဖြစ်မှ သွယ်တို့စာအုပ် ထမင်းဘူးတို့ကို ပြန်ပေးလိုက်၏။

'ဟယ် မင်းလွင်လတ်က ရပ်ကြည့်နေတုန်း'

မြတ်မြတ်က တီးတိုး ပြောပေမယ့် မောင် ကြားသွားကာ မျက်လုံးတွေက မင်းလွင်လွတ်ထံ ရောက်သွားသည်။

မှီလည်းမလုံမလဲ လှမ်းကြည့်မိခိုက် မင်းလွင်လတ်ကနှုတ် ခမ်းကလေး ဖွင့်ကာ ပြုံးပြလိုက်တာမို့ မနေတတ် မထိုင် တတ် ခြေလှမ်း မှားရသည်။ မောင် တစ်မျိုးထင်မှာကို ဘာ ကြောင့် မှီ ဒီလောက် ကြောက်ရွံ့မိပါလိမ့်။

'အဲဒါ ဘယ်သူလဲ မှီ'

ငုံ့မေးသော မောင့်အသံက မတင်မကျကြီး။

'ကျောင်းကပါ'

'သူငယ်ချင်းလား'

'မှီ့ကို ချစ်နေတယ်'

တုံ့နှေးနှေး ဖြေလိုက်သံနောက်မှာ မောင့်အသံ တိတ် သွားသည်။ ဆိုင်မှာလဲ စာကို ခပ်တည်တည် ထိုင်ဖတ်နေ လျက် မှီ့ကို ဘာမှမပြောတော့။ မှီ နေလို့ ထိုင်လို့ မရ။ ငိုချင်သလိုလို ဖြစ်နေကာ စာအုပ်လာငှားသူတွေအပေါ်မှာ တောင် မာပြတ်ပြတ် ဖြစ်နေရ၏။

မောင်က ဒေါ်လေးငယ်နှင့်တော့ ပြေလည်စွာ စကား ပြောတာမို့ မှီ မောင့်အနား ဆက်မထိုင်ချင်တော့။ ဒေါ်လေးငယ်ကို ခွင့်တောင်းကာ မြတ်မြတ်အိမ်ကို သွားဖို့

BURMESE CLASSIC .com

www.burmeseclassic.com



ထွက်လာခဲ့သည်။ မမှောင်သေးပေမယ့် နေတော့ ဝင်ပြီ။ မြတ်မြတ်က ပဒုမ္မာကွင်း အနောက်ဘက်မှာ နေတာမို့ ခါတိုင်းလိုပင် ဒေါ်လေးငယ်က စိတ်ချလက်ချ လွှတ်လိုက်သည်။

မှီ ခြေလှမ်းနှေးနှေးနှင့် ခေါင်းငုံ့လျှောက်လာရင်း မီးသတ်ရှေ့မှာ လမ်းကူးဖို့အရပ်

'မှီ'

မောင်ရောက်လာသည်။ မှီကတစ်ချက်လှည့်ကြည့်ရင်း . . .

'ပြန်တော့မလို့လား' ဟု ခပ်တိုးတိုးပဲ မေးလိုက်သည်။ မောင်က ခေါင်းခါရင်း . . .

'မှီ တစ်ယောက်ထဲမို့လို့ လိုက်ပို့မလို့'

'ဒီလောက်လေးများ သွားနေကျပါ'

'ဒါပေမယ့် ခါတိုင်းဆို တစ်နေရာ သွားခါနီးရင် ကျွန်တော့်ကို ခေါ်ရင်ခေါ် ဒါမှမဟုတ် သွားအုံးမယ်လို့ နှုတ်ဆက်သွားနေကျ မဟုတ်လား'

'ခု နှုတ်ဆက်မသွားမိလို့လား၊ မှီ မြတ်မြတ်တို့အိမ်သွားလိုက်အုံးမယ် ကိုမောင်မောင် နှုတ်ဆက်ပါတယ်'

မှီ့ မျက်နှာမှုန်မှုန်ကို ကြည့်ကာ မောင်က ပြုံးတော့မလို ဖြစ်လာသည်။

'မှီ ဘာဖြစ်နေတာလဲ'

'မှီ ဘာမှမဖြစ်ဘူး၊ ကိုမောင်မောင်သာ ဖြစ်နေတာ'

'ကျွန်တော် ဘာဖြစ်လို့လဲ'

'စကား မပြောဘူး'

BURMESE CLASSIC .com

www.burmeseclassic.com



'မှီက မပြောတာများ'

မှီ မောင့်ကို မျက်စောင်း ရွယ်လိုက်မိသည်။ မောင်က မှီ့ဘက် တည့်တည့်လှည့်ရပ်ကာ မှီ့ ပါးကွက်ကျားကလေး ကို ငေးကြည့်လျက်

'မင်းလွင်လတ်က မှီ့ ရည်းစားလား'

'ဘယ်က ဟုတ်ရမှာလဲ'

'မှီ အဖြေမပေးရသေးတာလား'

'အင်း'

'ဘာလို့ အဖြေမပေးသေးတာလဲ၊ မှီ မချစ်လို့လား'

'အင်းပေါ့'

'ဒါဖြင့် ငြင်းလိုက်တော့ပေါ့'

မောင့် မျက်ဝန်းကလေးတွေကို မှီ ကြည့်ရင်း ရင်ထဲမှာ နွေးမြ လှိုက်ဖိုသွားရသည်။ မှီ ဘယ်လိုဖြစ်သွားမှန်း မသိ။ ကလေးဆိုးကြီးလို ထုံပေပေ မှုန်ကုပ်ကပ်နှင့် မျက်နှာကြီး အလိုမကျ ဖြစ်နေသော မောင့်ပါးပြင် ဖြူစိမ်းစိမ်းကို ချစ် စနိုးစွာ လိမ်ဆွဲပစ်လိုက်ချင်သည်။

ခုနက ဘဝင်မကျခြင်းတွေ မှီ့ ရင်ထဲမှာ ပျောက်ပျက် လျက် ဘာကိုလုပ်မှန်းမသိ ပျော်ရွှင်လာသည်။

မှီ ရယ်မောလိုက်မိလေသည်။

'မှီ ကျွန်တော့်ကို ရယ်တာလား'

'အင်း'

'ရယ်ပေါ့ဗျာ'

'ရယ်တယ် ရယ်တယ်။ ဟင်း ဟင်း ဟင်း'

www.burmeseclassic.com



'ဘာဖြစ်လို့ ရယ်တာလဲ'

'မပြောပါဘူး'

'ပြောပါ မှီရာ၊ ဘာဖြစ်လို့ မှီ ရယ်တာလဲ'

'မပြောဘူး မပြောဘူး၊ ကိုမောင်မောင့်ကိုရော မှီ ဘာများ မေးလို့ ရဖူးလို့လဲ၊ မှီ့ကို ဘာများ သေသေချာချာ ဖြေဖူးလို့လဲ၊ မှီလဲ မဖြေဘူး၊ ကြေပြီ'

မှီ လမ်းကို အပြေး ဖြတ်ကူးလိုက်သည်။ မောင်ကလဲ နောက်က လိုက်အကူး ကျွီးကနဲ ဘရိတ်အုပ်သံကြောင့် မှီ လမ်းတစ်ဝက်မှာရပ်ပြီး လှည့်ကြည့်လိုက်မိသည်။

ကားတစီးက မောင့်ကြောင့် အပြင်းအထန် ဘရိတ်အုပ်လိုက်ရတာပါပဲ။ ကားထဲက ခေါင်းတစ်ခေါင်း ထွက်လာကာ မောင့်ကို တအံ့တသြကြည့်ရင်း

'ဟိတ်ကောင်'

လှမ်းအော်လိုက်သည်။ မောင်က ထိုသူ့ကို လက်ဝါး တစ်ချက် ကာပြကာ မှီ့ဆီ လျှောက်လာ၏။

'မှီ လာလေ လမ်းဆက်ကူး'

မှီ့ကို တစ်ဘက်ပလက်ဖောင်းရောက်အောင် လမ်းကူး ပေးလိုက်ပြီးမှ

'ဟိုဟာ သူငယ်ချင်း တစ်ယောက်လေ၊ ကျွန်တော် ကားကြုံစီးပြီး အိမ် တခါထဲ ပြန်လိုက်တော့မယ် မှီ'

မှီ စကားမပြန်ပဲ ခေါင်းသာ တစ်ချက်ညိတ်လိုက်မိသည်။ ဒီအချိန်မှာ မောင်နှင့် စကားတွေ များစွာပြောချင်နေသေး

BURMESE CLASSIC .com

www.burmeseclassic.com



တာ မောင် မရိပ်မိဘူးလား။ မောင် လမ်းပြန်ကူးပြီး ကား ပေါ် တက်ကာ မှီ့ကိုပင် မကြည့်ဘဲ ထွက်သွားခဲ့သည်။ မှီ ကားကလေး ဝေးသွားသည်ထိ ခြေစုံရပ် ငေးကာ ကျန်ရစ် ခဲ့ရသည်။

မောင် ပြန်သွားတာကို မကျေနပ်နိုင်၊ မင်းလွင်လတ် နှင့် ပတ်သက်ပြီး အောင့်သက်သက် မောင့်စကားတွေ ကြည့်နူး ရယ်မောကာ နားထောင်ချင်သေးသည်။ မှီ့အပေါ် မောင်သဝန်တိုရိပ်နှင့် မပွင့်တပွင့်စကားဆိုနေသည်ကို ငေး ကြည့်ချင်သေးသည်။

အဲဒီနေ့မှာပဲ မှီ နားလည်လိုက်ရတာပါ . . .။

မှီ မောင့်ကို ချစ်မိ . . . မချစ်မိ မသေချာသေးပေမယ့် မောင် . . . မှီ့ကို ချစ်နေစေချင်ခဲ့သည့် ဆန္ဒ၊ မှီ့ နှလုံးသား ထဲ ကိန်းဝပ်နေခဲ့ပြီ မောင်ရယ် . . .။

အဲဒီနေ့က မောင့်ကို မကျေနပ်။ နောင်အခါ မောင်နှင့် ချစ်မိကြတော့ မှီ အမှတ်တရ ပြန်ပြောပြီး စိတ်တိုပြခဲ့သည်။ မောင်က

'မှီ့ကို မောင်က ရိပ်မိနေပြီ၊ မှီ့ ရင်ထဲမှာ မထိတထိ ဖြစ်ပြီး ကျန်ရစ်ခဲ့အောင် မောင် တမင်ပြန်သွားတာ၊ မှီ ရပ်ငေးနေတာ ကားမှန်ထဲကနေ မောင်မြင်သားပဲ . . .၊ သနားလဲ သနားတယ် . . .၊ ဒါပေမယ့် မှီ့ကို အဲဒီလို နည်းနည်းတူးဆွပေးမှ မှီ လှုပ်ရှားလာမှာ မဟုတ်လား . . .၊ မောင်က သိပ်ချစ်နေပြီ . . . မှီရဲ့'

BURMESE CLASSIC .com

www.burmeseclassic.com



ပြုံးစေ့စေ့ကလေး မောင်ပြောတော့ ..မောင့်ကို နမ်းဖူး ချင်းဆောင့်ကာ မို စိတ်ကောက်ခဲ့ဖူးသည်။

* * *

မောင် မို့ကို ချစ်နေကြောင်း ဖွင့်ပြောသည့်နေ့တုန်းက မိုးတစိမ့်စိမ့် ရွာနေသည့် တစ်ရက်။

ဖရေဇာလမ်းပေါ်က ပန်းခြံ အအေးဆိုင်မှာ မိုနှင့် မောင် နှစ်ယောက်ထိုင်နေသည်။ ဒီနေ့ မနက်ပိုင်းကမှ ထွက်သော ရုပ်ပြ ကာတွန်း နှစ်အုပ်နှင့် လုံးချင်း ဝတ္ထု တစ်အုပ်၊ မဂ္ဂဇင်း တစ်အုပ် မို ဝယ်လာသည်။ မောင်က ကြွပ်ကြွပ်အိတ်နှင့် ထည့်ပြီး ဆွဲကိုင်လာသည်။

မိုတို့ ထောပတ်သီးဖျော်ရည်ပဲ သောက်ဖြစ်သည်။ မို ကြိုက်လွန်းလှလို့တော့မဟုတ်။ မောင်ကြိုက်လို့ မို မှာတာ ပါပဲ။

'ကိုမောင်မောင် မို ဖျော်တာနဲ့ ဘယ်ဟာ ကောင်း လဲ'

မောင်က ပြုံးကာ တစ်ငုံမြည်းကြည့်ပြီးမှ

'မို ဖျော်တာ ကောင်းတယ်'

မို ရယ်လိုက်ရသည်။ ခေါင့်မော့ သွားသောကြောင့် ကိုယ်က လှုပ်ရှားကာ မို့ ပေါင်ပေါ် တင်ထားသည့် ဆွယ်

BURMESE CLASSIC .com

www.burmeseclassic.com



တာ ဖြူဖြူကလေး သမံတလင်း အခင်းပေါ် ပြုတ်ကျသွား ရသည်။ မှီ ရော မောင်ပါ ပြိုင်တူ ကုန်းကောက်လိုက်မိ တာမို့ မှီ ရယ်မောကာ လက်ရုတ်လိုက်သည်။

မောင်က ကောက်ယူကာ မောင့် ပေါင်ပေါ်ပဲ တင် ထားလိုက်သည်။

'မှီ့ ကိုပဲ ပေးလေ'

'မပေးဘူး'

'ဟင် ဘာဖြစ်လို့လဲ'

'မပေးချင်လို့ပေါ့'

'ဘာလို့ မပေးချင်တာလဲ'

မှီက မျက်ခုံးကလေးရှုံ့ကာ မေးလျှင်. . .

'မပေးချင်တာ ယူထားချင်လို့ပေါ့ကွာ. . . မှီရာ၊ မေးလု ချည့်လား'

'အမယ် လေသံက မာလှချည်လား'

'မာဆို ဒီနေ့ ဒီထောပတ်သီးကို မှီ့ကို ကျွန်တော် တိုက်မှာ'

မောင်က ရယ်ပြုံးတုံ့နှင့် ခေါင်းငုံ့ ပြောကာ မှီ့ ဆွယ် တာ အင်္ကျီကလေးကို ခေါက်နေသည်။ ခင်မင် သိကျွမ်းခဲ့ သမျှ အချိန် လေးလကျော် ငါးလလောက်အတွင်း. . . တစ် နေ့ရာရာ သွားဖြစ်သမျှ ဘာကိုပဲ စားဖြစ် သောက်ဖြစ်. . . မှီ ကပဲ ပိုက်ဆံရှင်းတတ်လေ့ ရှိသည်။

မောင့်မှာ ပိုက်ဆံ ပါမပါ မသေချာတာကလည်း တစ်ကြောင်း. . . ပြီးတော့ မောင့်ပြောစကားတွေအရ မောင်

BURMESE CLASSIC .com

www.burmeseclassic.com



အခက်အခဲ ရှိမှာကို ကြိုသိနေမိတာကလည်း တစ်ကြောင်း ဖြစ်သည်။

မောင်က. . ကျွန်တော် တိုက်မှာ. . .ဟုဆိုလိုက်တော့ မှီ မောင့်ကို သနားသွားရသည်။ ပြောပုံကလေးကိုက ထာဝစဉ် မှီ့ထံမှာ ကပ်စားလာခဲ့ရသလို မလုံမလဲ မဝံ့မရဲဖြစ်နေ ရှာသည်။

'ဘာဖြစ်လို့ တိုက်မှာလဲ'

'မှီ့ကို ပြောစရာရှိလို့၊ မှီ တိုက်တာ သောက်ပြီး ပြောလို့ကောင်းတဲ့ စကားမျိုး မဟုတ်ဘူး. . . မှီ'

'မှီ့ကို ဝယ်တိုက်ပြီး ပြောလို့ ကောင်းတဲ့စကား ဆိုပါ တော့'

'နည်းနည်းတော့ ခံသာတာပေါ့ မှီရာ'

'ပြောလေ. . . ဒါဖြင့်'

'မှီ မအံ့သြနဲ့ နော်'

'အင်း. . . မအံ့သြဘူး'

'ကျွန်တော် မှီ့ကို စသိတာ၊ ဘယ်တုန်းကလဲလို့ မှီ မသိဘူး မဟုတ်လား'

'မှီ့ စာအုပ်ဆိုင်ကို စာအုပ် ဝင်ငှားတုန်းကပေါ့၊ အိမ် ကို ငှားယူသွားဖို့ စပေါ်မတတ်နိုင်လို့ ထိုင်ဖတ်သွားရ တာလေ'

'မှီက သိပ်ရိုးတာပဲ . . .၊ ဒီရပ်ကွက်ထဲက လူတစ်ယောက် မဟုတ်ဘဲနဲ့ တခြားအဝေးကနေ လာပြီး စာအုပ် လာငှား ဖတ်တယ်ဆိုတာ မှီရယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟင် ... ဒါဖြင့် ဒီ မတိုင်ခင်ကထဲက မို့ ကို သိတာ ပေါ့'

ဟုတ်တယ် မို ...၊ ဒါပေမယ့် တစ်ခါထဲပဲ မြင်ဖူးထား တာပါ၊ ကျွန်တော် တစ်နေ့ . . .သုံးဆယ့်နှစ်လမ်းထဲကို ရောက်တယ်၊ အဲဒီမှာ စာအုပ်တွေ တပွေ့ တပိုက်နဲ့ ကား တစ်စင်းနဲ့ တိုးမိတော့မလို ဖြစ်တဲ့ ... မို့ ကို စပြီး မြင်ဖူး လိုက်တယ်'

မို့ နှလုံးသားတွေ တဖြတ်ဖြတ် လှုပ်ခါလျက်၊ ခေါင်း ကလေးငုံ့ချလိုက်မိသည်။

'ကားရှေ့မှာ မို စာအုပ် တစ်အုပ် လွတ်ကျသွားလို့ ကမန်းကတန်း ကောက်ပြီး လမ်းဘေး ကပ်ရပ်လိုက်ရတာ မို မှတ်မိလား'

'မှတ်မိတယ် ... ထင်တာပဲ'

'မို အဲဒီနေ့က... ပါတိတ်လုံချည် နက်ပြာကလေးနဲ့အင်္ကျီ အဖြူကလေး ဝတ်ထားတယ်'

မိုမောင့်ကို ဖျက်ကနဲမျက်လွှာလှန်ပြီးကြည့်လိုက်မိသည်။ အဲဒီနေ့က မိုဘာဝတ်မှန်း မို့ဘာသာ မမှတ်မိတော့ပေမယ့် မို့မှာ အဲဒီဝတ်စုံကလေးတော့ ရှိတာ အမှန်ပင်။

မောင်က မို့ကို ကြည့်နေလျက်က ...

'ကျွန်တော် မို့ လက်ထဲက စာအုပ်တွေကို ကူသယ်ပေး လိုက်ချင်တယ်၊ မိုနဲ့ကလဲ မသိတော့ မပြောရဲဘူး၊ စိတ်ပျက် ပြီး နှုတ်ဖူးကလေးရှုံ့နေတဲ့ မို့ မျက်နှာလေးကိုလဲ မမေ့တော့ ဘူး'

BURMESE CLASSIC .com

www.burmeseclassic.com



'အဲဒီတုန်းက ... ဘယ်နားကနေ မို့ကို တွေ့နေတာလဲ'

'အဲဒီလမ်းပေါ်မှာပဲ ကျွန်တော် ရှိနေတာ၊ မိုဝယ်တဲ့ စာအုပ်ဆိုင်နားမှာပေါ့'

'မို မမြင်ပါဘူး'

'မို မမြင်တာ ကျွန်တော်သိပါတယ်။ မြင်လဲ ဘယ်သူရယ်လို့ မို ဘယ်အမှတ်ထားမိပါ့မလဲ၊ ကျွန်တော် မို့နောက်က ပါလာတယ်၊မို ဘတ်စ်ကားဂိတ်မှာ ရပ်လိုက်တော့ အရမ်းသနားသွားတာပဲ၊ စာအုပ်တွေ အများကြီးနဲ့ မို ဘတ်စ်ကားပေါ် တိုးတက်မှာကို မကြည့်ရက်လို့ ဖြစ်နိုင်ရင် ... ကားတစ်စင်း ဖန်ဆင်းပြီး... မို့ ကို တင်ခေါ်သွားချင်လိုက်ချင်တယ်'

'အဟင်း ကိုမောင်ရယ်၊ မို့ကို ဂရုတစိုက် လိုက်ကြည့်နေတဲ့သူ တစ်ယောက်ရှိမှန်း မိုတော့ မသိပေါင်၊ ရှက်လိုက်တာ'

'ဘာကို ရှက်တာလဲမို'

'ကြည့်နေတဲ့သူ ရှိမှန်းမသိတော့ မို ရိုးရိုးပဲ နေတာပေါ့၊ မို့ပုံ မလှမပဖြစ်နေရင် ဖြစ်နေမှာ'

'ကျွန်တော် ရှိနေမှန်းသိရင် ရှိုးထုတ်နေမှာလား'

'အင်း'

'မို ... ရှိုးထုတ်မနေပေမယ့် အဲဒီနေ့က လှပါတယ်။ ကျွန် တော် မို့ အိမ်အထိ ပါလာတယ်၊ မို့ အိမ်ရှေ့က လှည့်ပြန်သွားတဲ့ထိ ...ကျွန်တော် မို့ကို ...စိတ်ဝင်စားမိရုံပါပဲ၊ ဒါပေမယ့် ...'

BURMESE CLASSIC .com

www.burmeseclassic.com



မှီ ပါးကလေး ရဲစွေးလာကာ ထောပတ်သီး ဖန်ခွက်ကို ကိုင်ပြီး မော့သောက်ဖို့ ပြင်လိုက်၏။

'နောက်တစ်ရက်မှီ့ ဆီကို မလာဘဲမနေနိုင်အောင်ဖြစ်နေလို့ ရောက်လာရတယ်၊ စာအုပ်ငှားဖို့ စကားပြောဖြစ်ကြရင်းနဲ့ ...ထိုင်ဖတ်ရင် ပြားခြောက်ဆယ် ...ဒါမှ မတတ်နိုင်ရင်လဲ အလကားသာ ဖတ်သွားပါတော့ ...လို့ မျက်စောင်းထိုးပြီး မှီ ပြောလိုက်တော့ '

မှီ မျက်စိကို ယောင်ယမ်းမိတ်ကာ နှုတ်ခမ်းနား လာထိသော ထောပတ်ဖျော်ရည်ကို ပါးစပ်ထဲမသွင်းမိဘဲ ငြိမ်သွားရ၏။

'မှီ့ကို ...ကျွန်တော့် ချစ်သူကလေးသာ ဖြစ်လိုက်ပါတော့လို့ ဆုတောင်းမိတဲ့အထိ ကျွန်တော် . . .'

'မှီ့ လက်ထဲမှ ဖန်ခွက်ကို စားပွဲပေါ် ပြန်ချကာ နှုတ်ခမ်းလေးကို မှီ လျှာကလေးနဲ့သပ်ရင်း . . .

'အိုး ကိုမောင်မောင်ကလဲ၊ ဘာတွေပြောနေတာလဲ'

ပလုံးပထွေး ပြောလိုက်မိသည်။ မောင်ကတော့ အေးဆေးစွာပင်။ မျက်နှာက ခပ်တည်တည် ...မျက်လုံးက ရွှန်းလက်စွာနှင့် မှီ့ကို တမေ့တမောပဲ စိုက်ကြည့်လို့ နေတော့သည်။

မောင် အကြာကြီးတိတ်ကာ မှီ့ကိုပဲ ငေးကြည့်နေတာမို့ မှီမနေတတ် မထိုင်တတ်တော့ဘဲ . . .

'ဒါဖြင့် . . . ကိုမောင်မောက ဒီလောက် လေး ငါးလ

BURMESE CLASSIC .com

www.burmeseclassic.com



မှီတို့ကို ခင်မင်ကူညီနေတာ ရိုးရိုးသားသားမဟုတ်ဘူးပေါ့၊ ကိုယ့်အကြံနဲ့ ကိုယ်ပေါ့ ဟုတ်လားဟင်'

'မှီ့နားမှာ နေချင်လို့ပေါ့'

'မှီနဲ့ ဒေါ်လေးငယ်ကဖြင့် ရိုးရိုးမှတ်လို့ ရင်းနှီးခင်မင်လိုက်ရတာ'

'မှီ့ကို ကျွန်တော် ချစ်နေတာ ကြာပါပြီ မှီရယ်၊ မမြတ်တို့ ... မသွယ်တို့တောင်မှ ရိပ်မိပြီး နောက်ပြောင်နေကြတယ် မဟုတ်လား၊ မှီ မသိဘူးလားဟင်'

'အို ... သူတို့က ဘာရယ်မဟုတ် စတာ၊ ဒီလို မရိုးမသားဆိုတာသိရင် စ မှာ မဟုတ်ဘူး ... သိလား၊ မင်းလွင်လတ်လိုလူနဲ့တောင်မှ အတည် စ ကြတာမဟုတ်ဘူး'

'မင်းလွင်လတ်လို ကားမပါတဲ့ ကျွန်တော်လို ကောင်နဲ့ဆို ပိုတောင် မ စ ဘဲ နေကြအုံးမယ်ပေါ့ မှီ ဟုတ်လား'

မှီ အားနာသွားရပေမယ့် မော့မကြည့်ဘဲ ငြိမ်သက်နေလိုက်သည်။

'ပိုက်ဆံမရှိတဲ့လူတစ်ယောက်ဟာဘယ်မိန်းမတစ်ယောက်ကိုမှ မချစ်ရတော့ဘူးလား မှီ'

မောင့်လေသံက အသည်းထဲကထွက်လာသလို အေးစက်နေတာမို့ မှီ ထိတ်လန့်တကြား ဖြစ်သွားရသည်။ ခုနက တည်တံ့သော်လည်း ပျော့ပြောင်း နူးညံ့နေသည့် မောင့်မျက်နှာထားက မာကြောအေးစက်ကာ နှုတ်ခမ်းက မလွန့်တလွန့် မပြုံးတပြုံး။

တစ်ခါမှ မမြင်ဖူးသေးသော အပြုံးမျိုးမို့ မှီ ကြောက်

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ မောင့် မျက်နှာကို မကြည့်ရဲတော့။ မှီ ငိုလဲ ငိုချင်လာသည်။

'ပြန်ကြစို့ မှီ'

မောင့်စကားကြောင့် ခေါင်းခါလိုက်မိကာ . . .

'နေပါအုံး၊ မပြန်သေးပါနဲ့၊ မိုးရွာနေတယ်လေ'

'မိုးက တိတ်မယ့်ပုံ မရဘူး'

'နည်းနည်း စဲသွားအောင် စောင့်ရအောင်လေ'

'ဒီလောက် မိုးဖွဲလေးကိုလဲ မှီ ခံနိုင်ရည် မရှိဘူးပေါ့နော်'

မောင့်စကားကြောင့် မှီ သက်ပြင်း ချမိသည်။ မှီက ဒီလောက် နုနေရလောက်သည့် အခြေအနေမှာလည်း မဟုတ်။ ဒါပေမယ့် ထီးတစ်ချောင်းထဲ တစ်မိုးအောက်မှာ မောင်နှင့် ပုခုံးထိတိုက် ယှဉ်သွားရမှာကို ပထမဆုံးအကြိမ်မို့ မှီ မရဲဝံ့သေးပါ မောင်ရယ်။

'ထီးတစ်ချောင်းထဲမို့လို့ပါ'

မှီ့ စကားကြောင့် မောင်က အတန်ကြာ စိုက်ကြည့်နေသည်။ ချစ်စကား ပြောသည့် အခိုက် တခဏပင်လျှင် မောင်မျက်နှာ မချိုသာ ထားနိုင်ပါလား။ မှုန်ကုပ်ကုပ်နှင့်။ သူနှင့် ထီး အတူ မဆောင်းလိုပုံ ပြောမိသည့် မှီ့ ကို စိတ်ကွက်ပုံပြသည်။

စိတ်ဆိုးမှာ စိုးပေမယ့် မှီ့ နှုတ်ကဘာမှမထွက်။ မှီက အစိမ်းသက်သက်မို့ အရှက်အကြောက်တော့ ကြီးမိသေးတာပေါ့ မောင်ရယ်။

BURMESE CLASSIC .com

www.burmeseclassic.com



'ကျွန်တော် ပြန်နှင့်မယ် . . .၊ မှီ မိုးစဲမှ ပြန်တော့နော်'

ရုတ်ကနဲ ထ ရပ်လိုက်သော မောင့်ကို အံ့သြစွာ စိုက်ကြည့်လိုက်မိသည်။ မောင်က ဂျာကင် အိတ်ထဲမှ ပိုက်ဆံနှိုက်ယူကာ စားပွဲပေါ် ချလိုက်သည်။ မှီ့ ကို ထပ်မကြည့်တော့ဘဲ ပစ္စည်းများကို လက်နှစ်ဘက်နှင့် ပိုက်လျက် ခြေလှမ်းကျဲနှင့် လှည့်ထွက်သည်။

'ကိုမောင်မောင်'

မှီ လှမ်းတော့ ခေါ်သေးသည်။ ခပ်တိုးတိုးမို့ မောင်မကြားတာလည်း ဖြစ်နိုင်သည်။ ဆိုင်ထဲမှာ ဆက်ထိုင်နေဖို့ မှီ့ မျက်နှာလည်း ပူ၊ အားလည်းငယ်လာရသည်။ မှီ့ လက်ထဲက တစ်ခုတည်းသော ပစ္စည်း၊ ထီးကလေးကို ကိုင်ကာ မှီ ဆိုင်ပြင် ထွက်ခဲ့ရသည်။ ထီးဖွင့်ပြီးသော် မောင့်ကို အပြင်ဘက်မှာ ရှာသည်။

မှီ ငိုချင်လိုက်တာ အရမ်းပါပဲ။ မိုးက ဖွဲဖွဲဆိုပေမယ့် စိုရွှဲနိုင်သည်။ စိတ်ကလည်း တစ်ဇွတ်ထိုးနိုင်ပါဘိ မောင်ရယ် ။ ဒီလောက်ကလေးကိုလည်း စိတ်ကွက်တာပဲလားဟု တွေးရင်း မှီ သုံးဆယ့်နှစ်လမ်းထဲသို့ ဝင်သည်။ မောင် ဒီလမ်းထဲ ချိုးဝင်ရင် ဝင်မှာ ဟု မျက်လုံးကလေး ဝဲကာ ဝဲကာ ရှာသည်။ လမ်းတစ်ဝက်လောက်ထိ မှီ သွက်သွက်လျှောက်သည်။

မောင့်ကို မတွေ့။

ဖရေဇာလမ်းပေါ်တစ်လျှောက်ပဲ လျှောက်သွားပြီ ထင်ပါရဲ့ . . .ဟု မှီ ထင်လိုက်မိပြန်သည်။ မျက်နှာကလေး မဲ့

BURMESE CLASSIC .com

www.burmeseclassic.com



ကာ မျက်ရည်တွေ ရစ်ဝဲလာရ၏။ ခြေလှမ်းတွေကို ရုတ်တရက် ရပ်ကာ နောက်ဘက် လှည့်အလျှောက် . . .

'မှီ'

မောင်နှင့် တိုးမိမလို ဖြစ်သွားသည်။ မှီ့ နောက်ကတိုးတိုး တိတ်တိတ်ပါလာတာကိုး။ မောင့်ကို ရဲရဲ စူးစိုက်ကြည့်ကာ မှီ မျက်ရည်ကျသွားမိသည်။

မောင် မျက်ခုံးကြီး ပင့်ကာ မှီ့ကို အံ့သြ ကြင်နာစွာ ငုံ့ကြည့်ရင်းက . . .

'မှီ့ ထီးလဲပေး၊ ဒီဘက် တိုးလေ မှီ'

ဆွယ်တာနှင့် စာအုပ်တွေ ထည့်ထားသော ကြွပ်ကြွပ် အိတ်ကို တစ်ဘက်က ပွေ့ပိုက်လျက် ထီးကို တစ်ဘက်နှင့် မောင် ကိုင်သည်။ မှီက ခြေမလှမ်းဘဲ ပေတေပြီး ရပ်နေ လိုက်၏။ မောင့်ကို ချစ်မြတ်နိုးစိတ်တစ်ခုပဲ မှီ့ ရင်ထဲရှိသည်။ မောင့်အကြောင်း ရေရေရာရာ မသိရသေးတာကိုလည်း မှီ မေ့နေသည်။

'လာလေ မှီ'

'မလာဘူး'

မှီ မျက်ရည်သုတ်ကာ ငိုသံနှင့် ပြောလိုက်သည်။

'မှီကလဲ ကလေးလိုပဲ၊ ငိုနေတော့တာကို၊ စ တာ ဆို တာ မသိဘူးလား မှီရယ်'

'စ တာ မဟုတ်ပါဘူး၊ တကယ် စိတ်လုပ်သွားတာ မဟုတ်လား၊ ခုမှ မှီ ငို လို့ လျှောချတာမဟုတ်လား'

www.burmeseclassic.com



'စ တာ ပါ မှီရယ် . . . တကယ်ပါ၊ စိတ်မကောင်းဘဲ ဖြစ်တာပါ'

'ဘာကိုလဲ'

'မှီ့ အတွက် ချမ်းသာပြည့်စုံတဲ့ ချစ်သူ ဖြစ်မလာတာကို ပေါ့'

'အဲဒါ မှီ့ကို ရွဲ့ပြောတာ မဟုတ်လား'

'မဟုတ်ပါဘူး မှီရယ်၊ လာပါ . . . လမ်းကျမှ ပြောပြမယ်၊ မှီ့ကို မိုးပက်နေပြီ . . . ရှေ့တိုးလေ . . . အနွေးထည်ဝတ်မလား'

'ဟင့်အင်း'

မောင် ချော့မည့်ပုံပြတော့ မှီ ခေါင်းမော့နေလိုက်သည်။ နှုတ်ခမ်း တင်းတင်း စေ့ကာ ပေတေတေ စိတ်ကောက် ကောက်နှင့် မောင့်ထီးအောက် တိုးမဝင်ပဲ ဖွတ်နေသည်။ မှီ ရှေ့မတိုးတော့ မောင်တိုးလာသည်။ လူချင်း ဘာမှ သိပ်မကွာတော့တာမို့ မောင့်လည်ကုပ်နှင့် ပုခုံး၊ နားရွက် ဖျားတစ်ဝိုက်ဆီမှ သင်းပျံ့သော ရနံ့ဆန်းကလေး တစ်ခု မှီ ရှူရှိုက်မိသည်။

'စာအုပ်တွေ စိုကုန်တော့မယ် မှီရယ် . . . မောင့်လက်ကို တွဲနော်'

အို . . . မောင့်လက်ကို . . . တွဲ့။

မှီ ခေါင်းပိုငုံ့သွားရသည်။ သို့ပေမယ့် ထီးကိုင်ထားသော မောင့်ဘယ်လက် တံတောင်ဆစ်ကိုတော့ မှီ့ လက်ဖျားလေး နှင့် မရဲတရဲ ချိတ်လိုက်မိတော့သည်။ မောင့် ဂျာကင်အင်္ကျီ

www.burmeseclassic.com



လက်မောင်းမှာ ပါးအပ် နှဖူးအပ်ရင်း ခြေလှမ်းမိလို့ လှမ်း မိမှန်းမသိဘဲ ပါလာရသည်။

ရင်ထဲမှာ အေးစက်စက် ကျင်တင်တင်နှင့် တစ်လမ်းလုံး ဘယ်သူ့ကိုမှလည်း မမြင်။ ထီးရိုးကိုကိုင်ထားသော မောင့် လက်ချောင်း လက်ဖမိုးများကိုပဲ ကြည့်ရင်း မှီ ပါလာသည်။

သွယ်ပျောင်းသန့်စင်သော လက်ချောင်းဖွေးဖွေးကလေး တွေက အညတရလက်မျိုး မဟုတ်နိုင်။ မောင် ဘယ်လောက် ပဲ လမ်းပေါ်ကအလုပ် လက်မဲ့ ဖြစ်ပါစေ . . .တစ်နေ့တော့ ကောင်းစားရမည့်သူဟုပဲ မှီ ယူဆလိုက်ချင်သည်။

ဘတ်စ်ကားပေါ်မှာ လူကျပ်သည်။ မောင်က တန်းကို ကိုင်ကာ တန်းကိုင်ထားသော မောင့်လက်ကို မှီက ကိုင်ပြီး အားပြုသည်။ ပြုံးငုံ့ကြည့်နေသော မောင့်မျက်နှာကို မှီ မမိုတ်မသုန် ပြန်လည်စိုက်ကြည့်နေမိရင်း . . .

'မောင့်ကို မှီ ချစ်တယ်' ဆိုသည့်စကားကို သုံးခါလောက် တီးတိုးပြောဖြစ်သည်။ ဘာကြောင့် ဘယ်လိုချစ်သွားရသည် မသိနိုင်တော့ဘဲ မှီ့ အသည်းတွေ ထုံ ကျဉ် နေအောင်ပင် မောင့်ကို ချစ်စိတ်က ရင်ထဲ ပြည့်သိပ်ဖိစီးထုံမွှမ်းထားတော့ သည်။

* * *

www.burmeseclassic.com



အဲဒီနေ့က မှီ့ ဆွယ်တာ ဖြူဖြူကလေး မှီ မသိလိုက်ဘဲ မောင့်ဆီ ပါသွားခဲ့သည်။ နောက်တစ်ရက်မှာ လျှော်ဖွပ် ပြီးသား သန့်ပြန့်မွှေးကြိုင်စွာနှင့် မောင် ပြန်ယူလာခဲ့၏။

'မွှေးနေတာပဲ မောင်'

'မောင် ... လျှော်လာတာ'

မောင့် မျက်နက်ဝန်းကလေးကို မှီ ငေးစိုက်ကြည့်ကာ ဘာပြောရမှန်းမသိ ဖြစ်သွားရ၏။ မောင်က ချစ်စဖွယ် ပြုံးနေသည်။

'မောင်ကိုယ်တိုင် ... ဟုတ်လား'

'အင်း'

'မောင်ကလဲ ဘာလို့ လျှော်လာရတာလဲ၊ မှီ မနေ့က ထုပ်ပြီးတော့ မောင်နဲ့ပါသွားမှန်းတောင် မသိလိုက်ဘူး'

'သမံတလင်းခပ်စိုစိုပေါ်ကျသွားတဲ့ဟာ ... လျှော်မှ ဖြစ် မှာပေါ့မှီရဲ့၊ မှီ ကျွေးတဲ့ထမင်း၊ မှီ ကျွေးတဲ့ မုန့်ကိုပဲ မောင် စားနေရတာမဟုတ်လား မှီ၊ မောင် တတ်နိုင်တာကို ချစ်လို့ လုပ်ပေးတာပဲ'

'မောင်ရယ် ... အဲ့လို မပြောပါနဲ့'

မောင် ပြောပုံကို မှီ ကရုဏာများစွာ သက်သွားရသည်။

'အဲ့လိုပြောတာ ဘာဖြစ်လဲ မှီရဲ့၊ မှီနဲ့ တူတူနေရင်လဲ မောင် အဝတ်လျှော်ပေးပါ့မယ်၊ မှီက စာအုပ်ဆိုင် ထိုင်နေ ရမှာ'

'မောင်ကလဲ... မဟုတ်တာ...လျှော်ချင်းလျှော် မှီက လျှော်ပြီး ...မောင်က စာအုပ်ဆိုင် ထိုင်ပေါ့၊ မောင် ဘာမှ

www.burmeseclassic.com



မလုပ်ဘဲနေရတာ မပျင်းဘူးလားဟင်၊ အလုပ်တစ်ခုခု မလုပ်ချင်ဘူးလား'

'အခု ... မှီကို ကူလုပ်နေတာပဲ'

'အဲဒါကို ပြောတာမဟုတ်ဘူး၊ ဝင်ငွေရှိတဲ့ မောင့် ကိုယ်ပိုင်အလုပ်တစ်ခုခု လုပ်ဖို့ပြောတာ'

'ဝင်ငွေ မရှိရင် မှီက မချစ်တော့ဘူးလား'

'မောင်ကလဲ'

မှီ စကားမဆက်ဘဲနေလိုက်သည်။ မောင့်ကို ချစ်မိလိုက်တာကို ဒေါ်လေးငယ်ထံ မှီ ဖွင့်ပြောမထွက်ဘဲရှိခဲ့သည်။ မှီကိုယ်မှီလဲ မျက်စိမှိတ် ချစ်နေမိတာကို မကျေနပ်နိုင်။ မောင့်ဇာတိ ဇစ်မြစ်ကို မှီ ဘာမှ ရေရေရာရာ မသိရသေးပါလား။ ဘယ်လိုလူမှန်း မသိဘဲနှင့်ကို ... မှီ ချစ်လိုက်မိတာပါလား။

မောင့်အသက်ကိုတောင်မှ ချစ်မိကြပြီး နှစ်ပတ် အကြာလောက်မှ မှီ သိရသည်။ တစ်ခါ တလေတော့ မှုန်တေတေနှင့် အလိုမကျတတ်သော ကလေးနှင့် တူသည်၊

'မောင် မှီထက် ဘယ်နှစ်နှစ် ကြီးလဲဟင်'

'ဘာလုပ်မလို့လဲမှီရဲ့၊ ဗေဒင် တွက်မလို့လား'

'ဟင့်အင်း ... သိချင်လို့ပါ၊ မှီ ဒီလကုန်ရင် ဆယ့်ကိုးနှစ်ပြည့်မယ်၊ မောင့် မွေးနေ့ကကော ဘယ်နေ့လဲဟင်'

'နောက် ငါးလလောက်ဆို ...မွေးနေ့တစ်ခု ရောက်မယ်'

'ဘယ်နှစ်နှစ် ပြည့်မှာလဲဟင်'

BURMESE CLASSIC .com

www.burmeseclassic.com



မောင်က ရယ်နေသည်။ မောင်ဖတ်ဖို့ ပြင်နေသော ဝတ္ထုစာအုပ်ကို ဆွဲလုပိတ်ပစ်လိုက်ရင်း မှီ့မျက်နှာကလေး မှုန်လာရ၏။

'မှီ့ကို ဘာလို့ ဘာမှ ပြောမပြတာဘဲဟင်'

'မှီရယ် . . . မောင့်အသက်က ဘာအရေးကြီးလို့လဲ'

'အသက်တင် မကဘူး၊ ဘာမှ မောင်မပြောပြတာ၊ မှီ့အတွက်လဲ စဉ်းစားကြည့်ပါအုံး မောင်ရယ်၊ လူတစ်ယောက်အတွက်လဲ စဉ်းစားကြည့်ပါအုံး မောင်ရယ်၊ လူတစ်ယောက်ကို ချစ်လို့သာ ချစ်နေမိတယ်၊ ဘာမှ ရေရေရာရာ မသိရဘူး၊ ဒေါ်လေးကိုတောင် ဘယ်လို ဖွင့်ပြောရမလဲ၊ ချစ်သူချင်းတောင် လျှို့ဝှက်တုန်းလား'

'မောင့်ကို ချစ်တာ မချစ်တာနဲ့ . . . မောင့် အကြောင်း သိတာ မသိတာ ဆိုင်သလား . . . မှီ'

'မောင့်ကို ချစ်တယ်လို့ မှီ ပြောပြီးပြီပဲ၊ မောင် မှီ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်တယ်ဆိုရင်တော့ ပြောသင့်တာပေါ့၊ မှီလဲ သိမှ ဖြစ်မှာပေါ့ မောင်ရယ်၊ ဥပမာ . . . မောင့်မှာ မိန်းမရှိရင် ဘယ်လိုလုပ်မလဲ၊ ဒါတောင် . . . မှီ မသိရဘူး'

'မှီလေးကလဲ . . . မဟုတ်တာကွာ၊ လုံးဝမရှိပါဘူး၊သူငယ်ချင်းတွေနဲ့ပဲနေတာပါဆို၊မဟုတ်တာတွေလျှောက်ထင်မနေနဲ့'

'ဥပမာ ပြောတာပါ၊ ရှိတယ်လို့လဲ မှီ မထင်ပါဘူး၊ ရှိရင် မောင် မှီ့ကိုဒီလို ဘယ်လုပ်မလဲနော်၊ မှီ ယုံပါတယ်'

မှီ့ကို ငေးကြည့်ကာ မောင့် မျက်လုံးကလေးတွေ ရီရွှန်းလာသည်။

www.burmeseclassic.com



'မိုက သိပ်ဖြူစင်တာပဲနော် ...၊ မောင်လိုချင်တဲ့ ချစ်သူ ကလေးတစ်ယောက်ပုံစံဟာ မိုပါပဲ မိုရယ်...၊မောင် သိပ်ဆင်းရဲတယ်ဆိုရင်ကော မို မောင့်ကို လက်ခံမှာလား'

'အခုကော မောင်ကသိပ်ချမ်းသာနေလို့လားဟင် ... ဟင်း'

မို ရယ်မောလိုက်တော့ မောင်က မို့ ဆံပင်စတွေကို ဆွဲကိုင်ရင်း လိုက်ရယ်သည်။

'ရယ်မနေနဲ့ ...အသက်ပြော...သိပ်ပြီး လေ ကပ်စေး နဲ့တာပဲ ... တစ်ခွန်းပြောရမှာကို လေကုန်မှာစိုးနေသလိုနဲ့ အချိန်ဆွဲနေရော...၊ ဒါပဲ ...တပတ်ကို တစ်ခုတော့ ဖြေရမယ်၊ မို များများ မမေးဘူး၊ တပတ်မှ မေးခွန်းတစ်ခုပဲ မေးမယ် နော်'

'မိုလေးရယ် ...၊ မောင် ... ချစ်လိုက်တာ'

'ချစ်ရင် ပြော'

'မောင့် မွေးနေ့က ကုလသမဂ္ဂနေ့'

'အောက်တိုဘာ ၂၄ ရက်ပေါ့'

'အင်း'

'ဘယ် နှစ် နှစ် ပြည့်မှာလဲဟင်'

'နှစ်ဆယ့်ခြောက်'

'ဟင် ... မောင်က နှစ်ဆယ့်ခြောက်နှစ်တောင် ရှိပြီလား၊ မိုက နှစ်ဆယ့်လေးနှစ်လောက်ပဲ ထင်ထားတာ၊ မောင်က တစ်ဦး တည်းသော သားလား ဟင်'

'တပတ် ... တခုပဲ မေးမယ်ဆို'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟင် ... မောင်ကလဲ'

မှီ ... စိတ်ပျက် လက်ပျက် ဖြစ်ပုံကို မောင်က ရယ်သည်။ တကယ်ပဲ မောင်က မဖြေ။ မောင်က နှုတ်လည်းနည်းသည့်ကြားထဲ လျှို့ဝှက်တတ်ပြန်သေးတော့ ခက်ပါရဲ့။ မှီ့ကို ကျောင်းထိပို့ ... ကျောင်းမှာ လာကြိုတတ်ပေမယ့် ကရားရေလွှတ် စကား မဆိုတတ်။

မောင်နှင့် မှီ ချစ်သွားကြတာကို သိသော ဥမ္မာတို့က မှီ့ကို သိပ်မကျေနပ် မောင် ... မှီနှင့် ချစ်ခွင့်ရတာသည် မောင့်အတွက် မတန်တရာ ဆုလာဘ်ကြီး တစ်ခုလို သူတို့မြင်သည်။ မှီ တို့က ရွှေဇွန်းကိုက်မွေးတာ မဟုတ်ပေမယ့် အိမ်ပိုင် ရာပိုင်နှင့် ချောင်လည်စွာ နေထိုင် စားသောက်နိုင်သည့် အဆင့်မို့ ဒီထက်သာတာကို ရစေလို သောမိတ်ဆွေကောင်း စေတနာမှန်း မှီ သိသော်လည်း မောင့်ကို နှိမ်သလို စကားပြောလျှင် ကြားထဲမှ မခံရပ်နိုင်။

မှီ့ မွေးနေ့မှာ မောင်နှင့် မှီ့ သူငယ်ချင်း တစ်စုကိုမှီက ဘုံကျောင်းမှာ နံနက်စာ ကျွေးသည်။ မှီတို့တသိုက် ဇွန်းနှင့် ခက်ရင်းကို မျက်စိရှုပ်လောက်အောင် ကိုင်တွယ်နေချိန်မှာ၊ က္ကန္ဒြေရ သေသပ် လှပစွာ ကျွမ်းကျွမ်းကျင်ကျင် စားနေသော မောင့် ပုံစံကြောင့် သွယ်တို့ မျက်စ ပစ်နေကြလေသည်။

မှီ ကတော့ မောင့်အတွက် ဂုဏ်တွေ ယူနေ၏။ ဂုဏ်ယူစရာ မဟုတ်ပေမယ့်လည်း မောင့်ကို အထင်ကြီးစရာ အမှတ်ပေးစရာ အကွက် တစ်ကွက်အဖြစ် မှီ့ သူငယ်ချင်းတွေ

www.burmeseclassic.com



ရှေ့ မှီ. . . ခပ်တည် တည် လုပ်နေသေးသည်။ အဲဒီနေ့မှာ မှီ အံ့ဩရသည်။ မောင် ပေးသော လက်ဆောင်ကလေး တစ်ခုကြောင့် ပဲ ပေါ့။

မြတ်မြတ်တို့ သုံးယောက်. . . ဓာတ်ပုံ သွားရိုက်နေကြခိုက် မောင် က ဂျာကင်အင်္ကျီ အိတ်တွင်းမှ နတ်ပြာရောင် ကတ္တီပါ လေးထောင့် ဘူးလေးတစ်ခု နှိုက်ယူကာ မှီ့ ရှေ့ ချလျက်. . .

'မှီ လေးဖို့. . . မွေးနေ့ လက်ဆောင်'

'ဘာတွေလဲ မောင်ရယ်. . .၊ လက်ဆောင်ပေးရမယ့် သူလဲ မဟုတ်ဘဲနဲ့'

'အမှတ်တရပေါ့ မှီရယ်'

မှီ. . . ဘူးကို ဖွင့် အကြည့်မှာ အံ့ဩစိတ်နှင့် မျက်ခုံး ပင့် သွားရလေသည်။ ဘူးထဲမှာ ရွှေရောင်ကြိုး အမာနှင့် မိန်းမ ဝတ် ဆီကို နာရီကလေး။ နှစ်ထောင်ပတ်ဝန်းကျင် တန်ဖိုး ရှိတာ မှီ သိသည်။

'မောင်'

မောင့်မျက်နှာကို စိုက်ကြည့်ကာ မှီ အံ့ဩနေသည်။

'မောင် ဝယ်လာတာလား ဟင်'

မောင် မဖြေ။ ငြိမ်သက်နေသည်။

'ဟင်. . . မောင် ဘယ်က ရတာလဲ ဟင်. . .၊ အရမ်း အဖိုး တန်တဲ့ ပစ္စည်းကြီး မောင်ရယ်. . .၊ ဘယ်လို ရတာလဲ'

မှီ မေးပုံမှားယွင်းမှုကြောင့် မောင် မျက်မှောင်အနည်း ငယ် ကုတ်သွားရသည်၊ ခေါင်းတစ်ချက်ယမ်းရင်း. . .

BURMESE CLASSIC .com

www.burmeseclassic.com



'မောင်. . . ခိုးလာတာတော့ မဟုတ်ပါဘူး. . . ယုံပါ'

'ဟင်. . . မောင်ကလဲ၊ ခိုးလာတာလို့လဲ မှီ မပြောပါဘူး၊ နှစ်ထောင်တန် ပစ္စည်းကို မှီ့ကို ဝယ်ပေးဖို့ မောင် ပိုက်ဆံ ဘယ်ကရလဲဟင်'

'မှီရယ်. . . မောင့်ဘာသာ မောင် ဘယ်လိုရရပေါ့'

'ဟင့်အင်း၊ မှီ သိချင်တယ်၊ မောင့်ကို တစ်မျိုးမထင်ပါဘူး မောင်ရယ်၊ မှီ စိုးရိမ်တာက. . . ဒါဝယ်ပေးဖို့ မောင် တစ်ခုခုကိုများ ရောင်းလိုက်ရတာမျိုးလားဟင်'

'မဟုတ်ပါဘူး မှီရယ်'

'မောင် ပိုက်ဆံချေးပြီး ဝယ်တာလား၊ ဒါဖြင့်. . . '

'အကြွေး ချေးငှား ဝါသနာ မပါဘူးမှီ'

'ဒါဖြင့် ဘယ်လိုလုပ်ပြီး ဝယ်သလဲ၊ မှီ မောင့်ဆီက ဒါရဖို့မှ မလိုဘဲ၊ မောင် တစ်ခုခု ပေးဆပ်ပြီးမှ ဒါကို ရမှာဆိုရင်လဲ. . . မှီ စိတ်ကောင်းမလား. . .၊ မှီ. . . စိုးရိမ်လို့ မေးတာပါ မောင်ရယ်'

မှီ့ကို ကြည့်နေသော မောင့် မျက်ဝန်းတွေ ရွှန်းလက်လာသည်။

'မှီ မမက်မောမှန်းသိလို့ မောင် ပေးချင်တာပေါ့၊ မက်မက် မောမော လိုချင်မျက်စိရှိတဲ့သူဆိုရင်. . . မောင်က ဘယ်ပေးချင်မလဲ၊ မှီ ယုံပါ၊ ဒီပစ္စည်းလေးဟာ ဖြူစင်ပါတယ်၊ မတော်မတရားနည်းလဲ တစ်ခုမှ မကျူးလွန်ဘူး၊ မောင် ဝယ်လာတာပါ၊ ရှိသမျှ ခြစ်ခြုတ်ပြီး တော့ပေါ့'

ပြောပြီး မောင် ရယ်မောနေသည်။ မောင် ရယ်မောနိုင်

BURMESE CLASSIC .com

www.burmeseclassic.com



ပေမယ့် မို မျက်ရည် ဝိုင်းလာရကာ. . .

'ခြစ်ခြုတ်ပြီး ဝယ်ရတော့ရော မို စိတ်ကောင်းပ့ါမလား၊ မို့ မွေးနေ့မှာ မောင် အမှတ်တရဖြစ်ဖို့ ဒီလောက် ရင်းနှီး စရာ မလိုပါဘူး မောင်ရယ်၊ နှင်းဆီပန်းလေး တစ်ပွင့်ပေးလဲ မို့ရင်ထဲမှာ ဒီနာရီ ရတာနဲ့ တူတူပါပဲ'

'မိုလေး၊ မို အရမ်းဖြူစင်လို့. . . မောင် အရမ်းကို ပျော် တယ်၊ မိုနဲ့ တွေ့ရတာ မောင် သိပ်ကံကောင်းတာပဲ မိုရယ်'

နာရီကလေးကို မို့ လက်ကောက်ဝတ်မှာ ဝတ်ဆင်ပေး ရင်း မောင်က နှစ်သိမ့် ပီတိဖြစ်စွာ တိုးတိုး ပြောသည်။ ဒီ တစ်ခါလည်းပဲ မောင် ဘယ်လိုဘယ်ပုံ ရလာမှန်း မသိရပေ မယ့်. . . မို့ ရင်ထဲမှာ ကြည်နူးနေမိသည်။ မို့ကို မောင်တန်ဖိုး ထားတာ တမြတ်တနိုး ရှိတာတွေကို မို အသိခဲ့ဆုံးပါပဲ။ မောင် ဝတ်ဆင်ပေးလိုက်သော နာရီကလေးကို ညအိပ်ခါ နီးထိပင် မို မဖြုတ်ရက် မသိမ်းရက် ဖြစ်ရသေးသည်။

'ဖြူစင်သော ပစ္စည်းကလေးပါ' ဆိုသည့် မောင့်စကားကို ယုံကြည်တာမို့ မို ဘာမှ ရှည်ရှည်ဝေးဝေး မတွေးမိတော့။ ထိုနာရီ ကလေးကို မို တစ်ရက် မပြတ် ဝတ်ဆင်ကာ အရိပ် တကြည့်ကြည့်နှင့် မထိ မပွန်းရအောင်လည်း ဂရုစိုက်ခဲ့သည်။ မြတ်နိုးခဲ့ရသည်။

မောင်ပေးသော ပစ္စည်းကလေးမို့ မောင့်ကို တမြတ် တနိုး ရှိခဲ့ရသည်နှင့် ထပ်တူ မို တန်ဖိုး ထားမိတာမျိုးပါ မောင်ရယ်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com



မောင်. . . တစာစာ တရရ ပူဆာလွန်းလာတော့. . . ဒေါ်လေးငယ်ကို မှီ ဖွင့်ပြောရတော့သည်။ ဒေါ်လေးငယ်က အံ့သြသွား၏။ မောင့်ကို သူကိုယ်တိုင် သံယောဇဉ် ရှိပေမယ့် မှီ မျက်စိစုံမှိတ် လက်ခံလိုက်တာကိုတော့ အပြစ်စကား ဆိုသည်။

'လက်ထပ်တယ်. . .အိမ်ထောင်ပြုတယ်ဆိုတာမိန်းကလေး တစ်ယောက်ဘဝမှာ အရေးအကြီးဆုံး အစိတ်အပိုင်းမို့. . . သေသေ ချာချာ စဉ်းစားဖို့လိုတယ် မှီ၊ မောင်မောင့်ကို ဒေါ်လေးလည်း ခင်ပါတယ်၊ ဒါပေမယ့်. . . ဘာ အလုပ်မှ မိမိရရ မရှိတာကိုလဲ မကြိုက်ဘူး၊ သူ့ အကြောင်း ဘာမှ မသိရတာကတော့ အဆိုးဆုံး ပဲကွယ်'

ဒေါ်လေးငယ်စကားက မှန်တာထက်တောင် လွန်နေသေးသည်။ မှီ. . . မောင့်ကို ပြတ်သားစွာပင် ပြောရတော့၏။

'မောင့်အကြောင်း. . . မောင့်အနေအထား အခြေအနေမှီသိချင်တယ်မောင်၊ လူတစ်ယောက်ကို ဘယ်သူမှန်း မသိဘဲ မှီ လက်ထပ်ဖို့ ဖြစ်ပါ့မလား၊ ပြီးတော့ လက်ထပ်ပြီးကြရင်. . . မောင် ဘာလုပ်မယ်၊ ဘာကိုင်မယ်ဆိုတာ စဉ်းစားဆုံးဖြတ် ပြီးပြီလား. . .

'တစ်ခုခုတော့ ကြိုတင် စီစဉ်ရမှာပေါ့ မောင်ရယ်၊ ဘာမှ အစီအစဉ်မရှိဘဲ အိမ်ထောင်တစ်ခု တည်ဆောက်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး၊ မောင်. . . မှီ့ကို ဘာလုပ်ကိုင်ပြီး ရှာဖွေကျွေးမှာလဲ၊ မှီ့ ခင်ပွန်းသည်ဟာ အလုပ်လက်မဲ့ တစ်ယောက် ဖြစ်နေမှာကိုတော့ မှီ ရှက်တယ်'

BURMESE CLASSIC .com

www.burmeseclassic.com



မို့. . . ညင်သာစွာ ပြောပါလျက်၊ မောင် မျက်နှာ ပျက်သည်။

'ဘာအလုပ်ပဲ ဖြစ်ဖြစ်ပေါ့၊ ယောက်ျားဆိုတာ ယူထားတဲ့ မိန်းမကိုတော့ ရှာဖွေ လုပ်ကိုင် ကျွေးမွေးရမှာပဲ မဟုတ်လား မောင်ရယ်၊ မောင့်ကို မို့ သိပ်ချစ်ပါတယ်၊ ဒါပေမယ့် လက်ထပ်ဖို့ စဉ်းစားရင်တော့. . . မောင် ဒီလိုနေလို့ မဖြစ်ဘူး၊ မောင် အလုပ်လုပ်ဖို့ မို့ကို ကတိမပေးသရွေ့. . . မို့ လက်ထပ်ဖို့ ကတိမပေးနိုင်ဘူး'

မို့နှင့် သိကျွမ်းခဲ့သမျှ ခြောက်လလောက်အတွင်း ဘာဆိုဘာမှ မလုပ်ဘဲ မို့တို့ ဆိုင်မှာသာ ကူညီနေခဲ့သော မောင့်ထံမှ မို့ ကတိတောင်းမိတာ အပြစ်လား။ မို့ ကျန်တာတွေကို ခွင့်လွှတ်နိုင်သည်။ မောင့်ကို လူပေါ်ကြော့ ကလေကချေ တစ်ယောက်။ မိန်းမ ယူကာ မိန်းမအိမ်ပေါ် အခန့်သား တက်လာသူ တစ်ယောက်အဖြစ် ပတ်ဝန်း ကျင်က ထင်မှာ ပူပန်သည်။

'အိမ်ခြေရာခြေ အတည်တကျမပြဘဲ လမ်းပေါ်မှာချည်း အချိန်ကုန်နေတဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ ဆိုတာ. . . တော်တော် စဉ်းစားရမယ့်ကိစ္စပါ မောင်ရယ်၊ ဒေါ်လေး ငယ်ကလည်း ပြောတယ်၊ မို့ကို လက်ထပ်ချင်ရင် အလုပ်ရှာပါ။ ပြီးတော့ ပိုက်ဆံစုပါ။ မောင် ချစ်လှချည်ရဲ့ ဆိုတဲ့ မို့ကို တင့်တောင့်တင့်တယ် ထားနိုင်အောင် လုပ်ပါမောင်'

BURMESE CLASSIC .com

www.burmeseclassic.com



မို့ စကားတွေထဲ ဘာမှ အမှားမပါပါဘူးဟု မိုကတော့ ယူဆသည်။ မောင့်မျက်နှာ သုန်မှုန်နေတာကို စိတ်ပင်ပန်းရသည်။ နောင်တစ်ရက်က စ ပြီး မို့ အပါးက မောင် ပျောက်ကွယ် ခြေရာဖျောက်သွားတော့တာပဲ မဟုတ်လား မောင်ရယ်။

ဖြစ်ပျက်ခဲ့သမျှမှာ မို ဘာများ မှားမိလို့လဲ။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၄)

စင်္ဝနေဗလ ပါလာသော ကားအဖြူရောင်ကြီးက နေဗလ ကုန်တိုက်ဟု ဆိုင်းဘုတ်ခန့်ခန့် တပ်ထားသော လေးထပ် အဆောက်အအုံတစ်ခုရှေ့ ညင်သာစွာ ရပ်သွားသည်။

သူ ရောက်လာမည်ကို သိနှင့်ပြီးသားဖြစ်သော မန္တလေး မြို့ နေဗလကုန်တိုက်မှ မန်နေဂျာ ဦးဝင်းစိန်က ကုန်တိုက် ရှေ့ ပေါ်တီကို အောက်ထိ ထွက်ကြိုနေသည်။ သူ့ နောက် မှာ ဝန်ထမ်းအမျိုးသား တချို့ ရပ်နေကြ၏။

ကားရပ်လိုက်သည်နှင့် အသက် နှစ်ဆယ်ရွယ် လူငယ် တစ်ဦး က သွက်လက်စွာ ရှေ့တိုးလာလျက် နောက်ခန်း တံခါးကို ဆွဲဖွင့် လိုက်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကားထဲတုန်းက လေအေးစက်နှင့်မို့ မသိခဲ့ရသော အပူရှိန်က. . . ပြင်ပမှ ဆီးကြိုနေသည်။ နေဗလကားပေါ်မှ ဆင်းရင်း မွေးပွ လက်ကိုင်ပဝါငယ်နှင့် နဖူးစပ်ကို သုတ်လိုက်ဖြစ်သည်။

ရှေ့ခန်းတံခါးမှ ခင်မောင်ကျော် ဆင်းလာသည်။ နေဗလ နံဘေးမှ ယှဉ်လိုက်လာရင်း. . .

'အောက်မှာ ခဏနားတာပေ့ါ. . . ဦးဝင်းစိန်'

'စီစဉ်ထားပါတယ်. . . ကိုခင်မောင်ကျော်'

စဝ်နေဗလ ဦးဝင်းစိန်ကို တစ်ချက်ပြုံးကာ နှုတ်ဆက်ပေမယ့်. . . အပြုံးကမပီလှ။ ရင်ထဲမှာ ခုထိ တင်းကျပ်ကျပ် ဖြစ်နေဆဲ။ မဖုံးဖိတတ်သူမို့ မျက်နှာက မနူးညံ့နိုင်ဘဲ ဖြစ်နေရသည်။

အောက်ထပ် မှန်တံခါးကို တံခါးစောင့်က ဖွင့်ပေးထားတာမို့ နေဗလက ခြေလှမ်းကျဲနှင့် ခပ်မတ်မတ် လှမ်းဝင်လိုက်သည်။ နောက်ပါးမှ. . . ဘေးမှ ရိုရိုကျိုးကျိုး ပါလာသူတွေ မနဲမနောအပြင်၊ ခန်းမတွင်း ကောင်းတာများနောက်မှ အလုပ်သမား ဝန်ထမ်းတို့ကပါ မတ်တက်ရပ် ကြိုလိုက်ကြသောမြင်ကွင်းကြောင့်. . . အောက်ထပ် စားသောက်ခန်းမမှ လူတိုင်းလိုပင် နေဗလကို အကဲခတ်သည်။

'ဆရာ. . . ဒီမှာထိုင်ပါခင်ဗျ'

စဝ်နေဗလ ခေါင်းညိတ်ကာ စားပွဲခင်းဖြူ ခင်းထားသော စားပွဲရှည်တစ်ခုနောက်မှ ကုလားထိုင်မှာ ဝင်ထိုင်သည်။ စားပွဲပေါ်မှာ နှင်းဆီနီတစ်ပွင့် ထိုးထားသော

BURMESE CLASSIC .com

www.burmeseclassic.com



ပန်းအိုးရှည် တစ်ခုနှင့် ရီဆာ့ဗ် ဆိုသော စာတန်းတုံးငယ်ကလေး တင်ထားသည်။

စဝ်နေဗလ ဝင်ထိုင်လိုက်သည်နှင့် စာတန်းငယ်ကို စားပွဲတစ်ယောက်က သိမ်းသွား၏။

'မြေညီထပ်မှာ အဲကွန်း ဘယ်နှစ်လုံး တပ်ထားပြီလဲ ဦးဝင်းစိန်'

'လေးလုံး တပ်ထားပြီ. . . ဆရာ'

'ဩော်. . .ဩော်၊ ဒီမှာ. . .ဦးဝင်းစိန်၊ ကျွန်တော်ရောက်တဲ့အတွက် အလုပ်သမားတွေ ဝန်ထမ်းတွေ ဘာမှ အနှောင့်အယှက် မရှိပါစေနဲ့၊ သူတို့ လုပ်စရာရှိတာပဲ ဆက်လုပ်ပါစေ'

'ဟုတ်ကဲ့. . . ဆရာ၊ ဆရာ. . . ဘာသုံးဆောင်မလဲ'

'ဘီယာပေးပါဗျာ. . . မြည်းစရာတော့ ကြည့်လုပ်ပါ'

'ဟုတ်ကဲ့ ဆရာ'

ဦးဝင်းစိန်က ခေါင်းညိတ်ကာ စာပွဲထိုးကလေး တစ်ဦးကို တီးတိုးမှာသည်။ မှာ အပြီးမှာ နေဗလနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တစ်ခု၌ ဝင်ထိုင်လိုက်၏။

'ဆရာ မနေ့က ရောက်တယ်ဆိုတာ ကိုခင်မောင်ကျော် ဖုန်းဆက် ပြောပါတယ်'

'ဟုတ်တယ်ဗျ. . .၊ မနေ့က ခန်းမမှာ ရီဆက်ပ်ရှင်တစ်ခု ရှိတယ်ဆိုတာနဲ့ ဒီနေ့မှ လာဖို့ စီစဉ်လိုက်တာ'

'ဟုတ်ကဲ့. . . အဆင်ပြေပါတယ်'

www.burmeseclassic.com



နေဗလ. . .မျက်မှောင်ကုတ်ကုတ်နှင့်အခန်းကို ဟိုသည် လှည့်ပတ်ကြည့်ရှု စစ်ဆေးနေ၏။ ဦးဝင်းစိန်က ခပ်ငြိမ်ငြိမ် ပင် နေဗလ စကားကို စောင့်ဆိုင်းနေသည်။

မျက်နှာကြက်မှ မြှုပ် မီးချောင်းတွေအနက် တစ်ချောင်း ကို နေဗလ လက်ညှိုးညွှန်လိုက်တာမို့ ဦးဝင်းစိန် ကပျာ ကယာ မော့ ကြည့်လိုက်မိသည်။ မီးချောင်းက ကျွမ်းနေ၏။ ဦးဝင်းစိန် ချွေးပြန် သွားရသည်။

'မနက်က လင်းပါသေးတယ် ဆရာ'

'ကျွမ်းတာဆိုရင် ကိစ္စမရှိဘူး ဦးဝင်းစိန်၊ တောင်ကြီး ကလို ဖြစ်နေအုံးမယ်'

တောင်ကြီးမှ နေဗလ ကုန်တိုက်မှာ ဘာဖြစ်မှန်း မသိ သော ဦးဝင်းစိန်က. . . ခင်မောင်ကျော့ကို လှမ်းကြည့်လိုက် မိသည်။

'အပေါ်ဆုံးထပ်မှာ ဝိုင်ယာပွန်းပြီး ရှော့ခ်ဖြစ်တာလေ၊ မီး မလင်းတာကိုကျွမ်းတယ်ပဲမှတ်ပြီး. . . အေးဆေးနေလိုက် တာ၊ မီးလောင်မလို ဖြစ်လိုက်သေးတာ ဦးကျော်ဌေးက မပြောဘူးလား'

ကိုကျော်ဌေးနဲ့ကျွန်တော်ဖုန်းမရဘူး ကိုခင်မောင်ကျော်၊ ဝိုင်ယာရင်းတွေ ဟိုတစ်ပတ်ကပဲ တစ်တိုက်လုံး ချက်က် လုပ် ထားပါတယ် ဆရာ၊ အပွန်း အပေါက် မရှိပါဘူး'

နေဗလ ခေါင်းညိတ်လိုက်သည်။

နှစ်လတစ်ခါလောက်နယ်ကုန်တိုက်တွေကို စစ်ဆေးရေး ဆင်းနေကျ။ ဒီတစ်ခါလောက် စိတ်မပါ လက်မပါ တစ်ခါ

BURMESE CLASSIC .com

www.burmeseclassic.com



မှ မဖြစ်ဖူးချေ။ ဦးဝင်းစိန် ပြောစကားတွေကို စိတ်မဝင်စားနိုင်ပဲ လူက ငေးတေးတေး မှုန်တုန်တုန် ဖြစ်နေရသည်။

'တောင်ကြီးကို နက်ဖြန်ပဲ သွားမလား'

'အေး. . . နက်ဖန်သွားမယ် ခင်မောင်ကျော်'

'ဒါဖြင့် ခုတစ်ခါထဲ. . . မင်းစစ်စရာ ဆေးစရာနည်းနည်း ပါးပါးကြည့်သွားလိုက်ပေါ့ နေဗလ'

'ကြည့်သွားမယ် ဦးဝင်းစိန်၊ အဆင်သင့် လုပ်ထားပါ'

'လုပ်ထားပါတယ် ဆရာ'

ခင်မောင်ကျော်က နေဗလ မျက်နှာ မှုန်တင်းတင်းကို ကြည့်ကာ ပြုံးချင်နေသည်။ သည် သူဌေး ကလေးကို လုပ်ငန်းခွင်အရ အားလုံးက ရိုသေလေးစား ကြောက်ရွံ့နေကြရပေမယ့်. . . ခင်မောင်ကျော်ကတော့ ငယ်ပေါင်းမို့ ပြောရဲဆိုရဲလည်း ရှိသည်။

ခင်မောင်ကျော်က ရန်ကုန် ကုန်တိုက် တစ်ခုမှာ မန်နေဂျာ ဖြစ်ပေမယ့် နေဗလ နယ် ကုန်တိုက်ခွဲတွေဆီ သွားလျှင် တကောက်ကောက်လိုက်ရသူလဲ ဖြစ်သည်။

တစ်ယောက်အကြောင်း တစ်ယောက်သိကာ အရင်းနှီးဆုံးမို့လည်း နေဗလ မျက်နှာကိုမြင်သည်နှင့် ဘာဖြစ်နေသလဲ ခင်မောင်ကျော် သိတတ်တာ များသည်၊ ခုလည်း ရိပ်မိနှင့်ပြီ။ ရန်ကုန်မှာ သနားစဖွယ် ကျန်ရစ်ရှာသော ယွန်းမှီမှီကို နေဗလ ကြင်နာခြင်း တဝက် နာကျင်ခြင်းတဝက်နှင့် လွမ်းတာကို ဟန်လုပ် ဖုံးကွယ်ဖို့ ကြိုးစားနေတော့သည် ထင်ပါရဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



'ဦးဝင်းစိန်'

'ခင်ဗျာ'

'ဝန်ထမ်းဦးရေ. . . အတိုးအလျှော့ ရှိသေးလား'

'အရောင်းဝန်ထမ်း တစ်ဦးကို ရပ်စဲလိုက်တယ် ဆရာ၊ နောက်တစ်ယောက် လူစားခန့်ပြီးပါပြီ၊ ပြီးခဲ့တဲ့ လကပါပဲ'

'ခန့်လိုက်တာ အမျိုးသားပဲလား'

'မဟုတ်ပါဘူးဆရာ၊ ရပ်စဲလိုက်တာကလဲ အမျိုးသမီးပဲ ဆိုတော့ ပြန်အစားထိုး ခန့်တာလဲ အမျိုးသမီးပါပဲ၊ ပထမ ထပ်မှာပါပဲ ဆရာ၊ အဝတ်အစားနဲ့ အထည်အလိပ် ကောင်တာကပါ'

နေဗလ ခေါင်းညိတ်လိုက်စဉ် ဘီယာပုလင်းတချို့ ရောက်လာ၏။ ပုလင်းမှ အအေးဓာတ်ကြောင့် ရေခဲငွေ့ တထောင်းထောင်း ထွက်နေသည်။

နေဗလက ခန်းမထဲ ဟိုကြည့် ဒီကြည့်နှင့်ပင် ဘီယာကို ဇိမ်ခံ ဆွဲသောက်မနေဘဲ ခပ်မြန်မြန် မော့သောက်သည်။ ကိုင်းဖန်ခွက် တစ်ခွက်မျှ သောက်လိုက်ပြီးသော် ရေငတ်ပြေသွားသလို အပူလည်း လျော့သွားသလို ခံစား လိုက်ရ၏။ တစ်နေရာထဲမှာ ကြာရှည် ကြာမြဲ ထိုင် မနေချင်တာက နေဗလအကျင့်မို့ ခပ်မြန်မြန်ပင် ထိုင်ရာမှ ထ လိုက်သည်။

ကောင်းနိုးရာရာ စီစဉ်ယူလာသော အမြည်းပွဲကို ထိပင် မထိတို့ဖြစ်။

'မင်း သောက်ဦးလေ ခင်မောင်ကျော်၊ ငါ. . . ဦးဝင်းစိန် အခန်းထဲ. . . ဖိုင်လ်တွေ သွားလှန်လိုက်ဦးမယ်'

www.burmeseclassic.com



ခင်မောင်ကျော် ခေါင်းညိတ်သည်။ ဦးဝင်းစိန်က ရှေ့မှ နေကာ သူ့ အခန်းရှိရာ ဦးဆောင် ခေါ်သွား၏။ အောက်ဆုံးထပ် ထောင့် တစ်နေရာမှာ သပ်ရပ်စွာ ထားရှိသော ဦးဝင်းစိန်၏ အခန်းငယ်ရှိသည်။

နေဗလက ဦးဝင်းစိန် စားပွဲရှေ့ ကုလားထိုင်မှာ ထိုင်ချကာ ဦးဝင်းစိန် ချပြသော ဖိုင်လ် တချို့ကို ဝတ္တရားကျေလှန်နေမိသည်။ ကုန်ပစ္စည်း အဝင်အထွက် စာရင်း ဇယားများ၊ ငွေဝင်မှုပမာဏနှင့် မွန်းမံပြင်ဆင်မှု စရိတ်စကတွေ၊ အလုပ်သမားများခန့်ခြင်း ရပ်စဲခြင်း နှင့် ပတ်သက်သော စာရွက် စာတန်းများ. . .။

ထူးခြားတာလောက်ပဲ ပြောပြတော့ဗျာ၊ ပြီးခဲ့တဲ့ လကုန်က. . . စာရင်းစစ် ဝင် သွားပြီးပြီပဲ၊ ရှင်းတမ်းလဲ ကျွန်တော့်ဆီ ရောက်ပြီးပါပြီ၊ အားလုံးလဲ တိကျ မှန်ကန်ပါတယ်၊ ဦးဝင်းစိန်တို့ကိုလဲ ယုံကြည် စိတ်ချပြီးသားပါ’

‘ဟုတ်ကဲ့. . . ဆရာ၊ ထူးထူးခြားခြား ဘာမှ မရှိပါဘူး ဆရာ၊ အဆင်ပြေပြေနဲ့ ပုံမှန် လည်ပတ်နေပါတယ်’

‘တိုးတက်မှုရော ရှိရဲ့လား’

‘တိုးတက်မှု အများကြီးရှိပါတယ်. . . ဆရာ’

စဝ်နေဗလ ခေါင်းတစ်ချက် ညိတ်သည်။ နှုတ်ခမ်းစေ့ကာ တစ်ချက်ပြုံးလိုက်မှ ဦးဝင်းစိန် အသက်ရှူ နည်းနည်း ချောင်သွားရ၏။

ဒီ သူဌေးလေးက အသက်ငယ်သလောက် တိကျပြတ်သားလှတာ သူ အသိပင်။ အလုပ်ဝင်တာ လေးနှစ်လောက်

www.burmeseclassic.com



ပဲ ရှိသေးပေမယ့် ဦးဝင်းစိန် ဒီအလုပ်ကို သံယောဇဉ် ကြီးသည်။

ပိုင်ရှင်က ရန်ကုန်မြို့မှာ နေထိုင်သော ကုန်တိုက်ခွဲမို့ မန်နေဂျာ ဆိုပေမယ့် ကိုယ့်လုပ်ငန်း ကဲ့သို့ပင် စိတ်အား လူအား စိုက်ထုတ်ကာ လှုပ်ရှားရသည်။ တိုးတက်မှု ရှိလျှင်လည်း အရင်ဆုံး သိရသူက ကိုယ်၊ ကျဆုံးရှုံးမှုကိုလည်း အရင်းဆုံးသိရသူက ကိုယ်ပဲမို့ အရာရာသည် မိမိခေါင်းပေါ် ပုံနေသလိုပင်။

မြွတ်စွန်းမှုများလျှင် များသလောက် တစ်နှစ် တစ်ခါ ဘိုးနပ်စ်ကလည်း ပိုရတတ်ပေတာမို့ . . အောင်မြင် တိုးတက်မှုကိုသာ ဦးဝင်းစိန် လိုလားသည်။

ကိုယ်တိုင်ကလည်း လူဖြောင့်မို့ လူဖြောင့်စိတ်တို ပုံဟန်ပေါက်သော ကိုယ့်သူဌေးကလေးကိုလည်း လေးစားသည်။

ခါတိုင်းတော့ မျက်နှာထားကတည်ပေမယ့် နူးညံ့သား။ ဒီတစ်ခါ ဆရာ စဝ်နေဗလ ဘာများ အလိုမကျပါလိမ့်ဟု တထင့်ထင့် ဖြစ်နေရတာ။ အံ့သြစိတ်လည်း ရင်ထဲ ရှိနေသည်။ လွန်ခဲ့သော နှစ်ရက်ကမှ မင်္ဂလာဆောင်ထားပါလျက်နှင့် ဒီလိုရက်များ အစစ် အဆေး ရောက်လာရသေးသလားဟု တွေးရ ခက်နေမိ၏။

ဇနီးသည် အသစ်စက်စက်လည်း ပါမလာ၊ ခင်မောင်ကျော်သာ ပါလာသည်။ ဒီမှာတော့ လာမည့်သတင်း ဖုန်းရစဉ်က ဇနီးချောပါ ပါလာမည် အထင်နှင့် ကြိုဆိုရေးထဲ တောင် မိန်းကလေးနှစ်ဦးလောက် ထည့်ထားတာ။

BURMESE CLASSIC .com

www.burmeseclassic.com



မနေ့က ခင်မောင်ကျော် ဖုန်းဆက်မှပင် မိန်းမပါမလာတာ သိရသည်။ မျက်နှာကလည်း ခါတိုင်းထက် မှုန်လို့။

'ဦးဝင်းစိန်. . . ဘာတွေ စဉ်းစားနေတုံး၊ အပေါ်တက်ကြစို့ လို့ ကျွန်တော် ပြောနေတာ'

'ဟာ. . . ဆောရီး ဆရာ. . . ကျွန်တော်. . .နည်းနည်း သတိလွတ်သွားလို့'

'အပေါ်မှာ လူများနေမလား'

'လူကတော့ အချိန်ပြည့် အကျပ်ပဲဆရာ၊ လူရှင်း စောင့်နေရင် တော့ ညထိ တိုင်သွားလိမ့်မယ်ခင်ဗျ'

ကိုယ့်ကုန်တိုက် ကိုယ်ဂုဏ်ယူစွာ ဦးဝင်းစိန်က တဟဲဟဲ ရယ်သည်။ နေဗလပါ ပြုံးလိုက်မိရင်. . .

'ဒါဖြင့်လဲ တက်တာပေါ့'

နေဗလ နောက်မှ ဦးဝင်းစိန်နှင့်. . . ဦးဝင်းစိန်ခေါ်ထားသော တပည့် နှစ်ယောက် ပါလာသည်။ ခင်မောင်ကျော်ပါ စားပွဲမှ ထလိုက်လာ၏။ လူ သုံးလေးဦး. . . ခြံရံကာ အပေါ်ထပ် တက်လာသော စစ်နေဗလ ပုံဟန်က ထင်ပေါ်နေသည်။

ရှပ်ဖြူဆွတ်ဆွတ်ကို လက်ရှည် ကြယ်သီးတပ်ဝတ်ကာ ပုဆိုး အရောင် ရင့်ရင့်နှင့်. . . သာမန်ပင် ဝတ်စားထားပေမယ့်. . . ဆံပင်ပုံ၊မျက်နှာကျပုံကအစ. . . ကိုယ်နေဟန် မျက်နှာပေးတို့က အဆင့် တစ်ခုကို ဖော်ပြ ရည်ညွှန်းနေသလို ထင်ထင်ရှားရှား ရှိလှ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ပထမထပ်မှာ ကြည့်နေသူ ဝယ်နေသူများပါ. . . ဂရုတစိုက် နှင့် လှည့်ကြည့်ရသည်ထိ နေဗလ၏ အသရေက ထွန်းလင်းသည်။ ဦးဝင်းစိန်၏ တပည့် တစ်ယောက်က လည်း. . . သိသင့်သည်တို့က နံဘေးမှ တတွတ်တွတ် ရှင်းပြနေတာမို့ ပိုပြီး ဂရုစိုက်မိစရာ ဖြစ်နေ၏။

နေဗလမှန်း သိနေသော ဝန်ထမ်းများကလည်း တရို့တကျိုး ရှိနေကြတာမို့ နေဗလပင် ကြာကြာ လျှောက်ရန် မစဉ်းစားတော့။ ဟိုဟိုဒီဒီ တစ်ချက် နှစ်ချက် ဖြန်းသန်း ကြည့်ကာ. . . ချိတ်ဆွဲထား သည့် ပိတ်စ တချို့ လက်နှင့် ပွတ်ကြည့်ရုံနှင့် နောက်တစ်ထပ် တက်ဖို့ ခြေလှမ်းစောစွာ ပြင်နေမိသည်။

'ဆရာ. . . ဝန်ထမ်း အသစ်က ဒီမှာပါ'

ဦးဝင်းစိန် စကားကြောင့် မျက်မှောင်ကုတ်ကုတ်နှင့်ပင် နေဗလက လှည့်ကြည့်လိုက်သည်။ ယောကျာ်းဝတ် ပုဆိုးကောင်တာ နောက်မှာ လှပစွာရပ်ကာ နေဗလထံ မခို့ တရို့ မျက်စချီကြည့်နေသည့် အမျိုးသမီး တစ်ဦး။

နေဗလ မျက်ခုံးတစ်ချက်ပင့်သွားမိကာ နှုတ်ခမ်းက ပိုပြီး တင်းတင်း စေ့သွား၏။

'မဥမ္မာအောင်လို့ ခေါ်ပါတယ် ဆရာ. . . ၊ အလုပ်ဝင်တာ တစ်လ မပြည့်သေးပါဘူး'

ဦးဝင်းစိန်က ဝင်ပြောသည်။ နေဗလ မျက်နှာကို ခင်မောင်ကျော် ဖျတ်ခနဲ ကြည့်လိုက်၏။ ဘာဖြစ်သွားမည်ဆိုတာ သိလျက်နှင့် သေချာအောင် ကြည့်မိချင်းပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



နေဗလ မျက်နှာ တင်းမာခက်ထန်သွားကာ ဘာတစ်ခွန်းမှ မပြောဘဲ ရှေ့ ဆက်လျှောက်တာမို့. . . ဦးဝင်းစိန် မျက်နှာပျက်ကာ ပါလာသည်။ ပထမထပ်ကို တစ်ပတ် ပတ်ကြည့်ကာ လှေကားရှိရာ ပြန်ရောက်လာသည်။ နေဗလက နောက်တစ်ထပ်တက်ဖို့ မပြင် တော့ဘဲ အောက်ထပ် ပြန်ဆင်းလိုက်၏။

'ကိုခင်မောင်ကျော်. . . ၊ ဆရာ အပေါ်ထပ်တွေ မကြည့်တော့ဘူးလား'

'မကြည့်လို့ ဆင်းတာပေါ့ ဦးဝင်းစိန်ရာ'

'ဆရာ ဘာများ မကျေနပ်ဘူးလဲ ကိုခင်မောင်ကျော်'

'ပြောရမှာပေါ့ဗျာ. . . အောက်ရောက်တော့'

အောက်ထပ်. . . ခုန ထိုင် စားသောက်သော စားပွဲနံဘေး စဝ်နေဗလက ရပ်လိုက်တာမို့ အားလုံး ရပ်ကြသည်။

'ဦးဝင်းစိန်'

'ခင်ဗျာ'

'ခုန အမျိုးသမီးကို ဖြုတ်မယ်. . . ၊ လူသစ်ခန့်ပါ'

'ခင်ဗျာ. . . ၊ ဆရာ ဘာများ မကျေနပ်လို့များလဲ'

'ဒီ အမျိုးသမီးရဲ့ အကျင့်စာရိတ္တကို ကျွန်တော် မကြိုက်လို့'

'ဟုတ်. . . ဟုတ်ကဲ့. . .၊ဒီလကုန်ပဲ ဖြုတ်လိုက်ပါ့မယ်. . . ဆရာ'

BURMESE CLASSIC .com

www.burmeseclassic.com



'ဒီလ မကုန်စေနဲ့. . .၊ ဒီနေ့ပဲ ဖြုတ်၊ သုံးလစာပေးပြီး ဖြုတ်လိုက်ပါ ဦးဝင်းစိန်၊ ဒီ ညနေပဲ ပြောလိုက်ပါ'

'ဟုတ်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့'

ဦးဝင်းစိန် ခေါင်းတဆတ်ဆတ်ညိတ်ကာ နီရဲ တက်လာသော စဝ်နေဗလ၏ နဖူးပြင်နှင့် နားရွက်ဖျား. . . နားထင်ဖျားတို့ကို ကြည့်ရင်း တအံ့တဩ ဖြစ်နေရသည်။

'ခင်မောင်ကျော်. . . ပြန်ကြမယ်ကွာ'

'ပြန်မယ်. . . ဦးဝင်းစိန်'

'ဟုတ်ကဲ့'

မှန်တံခါးဝမှ တံခါးစောင့်က အရိုအသေပေးကာ ဖွင့်နှင့်သည်။ ကားမောင်းသူကလည်း နောက်ခန်း တံခါးကို ဆင်းဖွင့်နှင့်၏။ ဒေါသနှင့် မို့ ကား သိမ့်ကနဲ လှုပ်သွားအောင် နေဗလ ဝင်ထိုင်ချလိုက်သည်။

နေဗလမျက်နှာက ခက်ထန်နေရသည်။ ခုနက ဥမ္မာအောင့်ကို ပြန်လည်မြင်ယောင်ရင်း တခြား မျက်နှာကလေး တစ်ခုကိုပါ မျက်ဝန်းထဲ ယှဉ်တွဲပေါ်လာသည်။

မှီ. . .

တမ်းတ ခေါ်လိုက်မိတော့မလို နှုတ်ခမ်းလေး လှုပ်သွားရပြီးမှ နေဗလ သက်ပြင်းတစ်ချက် ခပ်ပြင်းပြင်း ရှိုက်ထုတ်လိုက်မိ၏။ မှီ့ ထံပါးမှ ခွာခဲ့ရသော နှစ်ညလုံးလုံး တလူးလိမ့်လိမ့်နှင့် နေဗလ အိပ်မပျော်ဘဲရှိခဲ့ရတာ မှီ သိမည်မထင်။

မှီ့ မျက်နှာကိုပဲ မြင်မြင်နေမိကာ ဇွတ်မှိတ် အိပ်လို့မရ။ ချစ်တာပဲဖြစ်ဖြစ်၊ မုန်းတာပဲဖြစ်ဖြစ်၊ လူတစ်ယောက်အပေါ်

BURMESE CLASSIC .com

www.burmeseclassic.com



အစွဲအလမ်း ရှိနေသမျှ ကာလပတ်လုံး. . . ရင်ထဲ ငြိမ်းချမ်းစွာ အချိန်ပြည့်ရှိဖို့ မလွယ်။

မှီ့ မျက်နှာကို မြင်မိတိုင်းသည် ရင်ထဲ ပူလောင် ကျွမ်းရသည်။

* * *

မျက်စိနှစ်လုံးပွင့်ကာ အိပ်ရာမှ သေသေချာချာ နိုးမိသည်နှင့် တစ်ပြိုင်နက် နေဗလ မျှင်ခုံးတွေက တွန့်သွားရတော့သည်။ ညက အိပ်မက်ကို ခုထိ မှတ်မှတ်မိမိ ရှိနေသည်။

အိပ်မက်ထဲမှာ မှီက ဆေးရုံခုတင် တစ်ခုပေါ်မှာ အင်္ကျီဖြူဖြူ စောင်ဖြူဖြူ မျက်နှာ ဖြူရော်ရော်ကလေးနှင့် ပက်လက် အိပ်မော ကျနေသည်။ လက်မောင်းမှာ သွေးပုလင်းမှ အပ်ကလေးက စိုက်သွင်း လျက်သား။

မှီ. . . နေမှ ကောင်းရဲ့လား။

သက်ပြင်းတစ်ချက်ချကာ စောင်ကိုခွာပြီး အိပ်ရာမှ ထသည်။ ခပ်လှမ်းလှမ်းက ခုတင်မှာ ခင်မောင်ကျော် ရှိမနေတော့။

မျက်နှာသစ်ကာ အဝတ်အစားလဲပြီးမှ အခန်းတံခါး ဖွင့်ထွက်ခဲ့၏။ မမျှော်လင့်ဘဲ ဂျင်းဘောင်းဘီကို ဝတ်ဖြစ်မိလျက်သား ဖြစ်နေတာမို့. . . မှီ့ကို များစွာ သတိရမိတာ အမှန်ပင်။

BURMESE CLASSIC .com

www.burmeseclassic.com



အောက်ထပ် စားသောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။ စားပွဲထိုးကောင်ကလေးက ပြေးလာကာ. . .

'အစ်ကို. . . ၊ ကိုခင်မောင်ကျော်က ဈေးချိုဘက် ခဏ သွားမယ်လို့ ပြောသွားပါတယ်'

'ဟုတ်လား. . . ၊ သူ ကြာမယ်တဲ့လား'

'ခဏပဲတဲ့. . . ခါတ်ပုံရွေးစရာရှိလို့တဲ့. . . အစ်ကို'

'ခါတ်ပုံ'

နေဗလ မျက်မှောင် ကုတ်သွားရသည်။ သို့ပေမယ့် ကြာကြာ တွေးမနေတော့ဘဲ ခေါင်းမော့ကာ. . .

'ကော်ဖီ တစ်အိုးပေး၊ ငါဘာသာဖျော်မယ်၊ ပြီးတော့ ပေါင်မုန့်နဲ့ ကြက်ဉ ဟပ်ဖ်ဘွိုင်းလဲ တစ်ပွဲပေး'

'ဟုတ်'

ကောင်ကလေး ပြန်ထွက်သွားသည်။ မန္တလေးရောက် တိုင်းတည်းနေကျမို့ ဟိုတယ် အမှုထမ်းများနှင့် ရင်းနှီး နေပြီဖြစ်သည်။ ပုဂ္ဂလိက ဟိုတယ်မို့ နေဗလကို သိထားသော ပိုင်ရှင်နှင့်ပါ ရင်းနှီး ခင်မင်သည်။ ပိုက်ဆံ မလောက်ငရင် တောင်မှ ကြိုက်သလောက် ကြွေးတင်ပြီး ပြန်သွားနိုင်သည်။

နေဗလလို လူတစ်ယောက်ထံမှ ရဖို့ပိုက်ဆံကို မယုံမကြည် မျှော်စရာမလိုမှန်း သူတို့ သိသည်။ ကော်ဖီပွဲက မြန်မြန်ပင် ရောက်လာ၏။

'အစ်ကို. . . နေ့လည်. . . ဒီမှာပဲ ထမင်းစားမလား'

'မသိသေးဘူးကွာ၊ ခင်မောင်ကျော့်မှာ ဘာအစီအစဉ်

www.burmeseclassic.com



ရှိမလဲ ငါမသိဘူး။ တောင်ကြီး. . . အင်း. . . တောင်ကြီး ဆက်ဖြစ် မဆက်ဖြစ်လဲ မသေချာပါဘူးလေ။

တစ်ယောက်လဲ ညည်းညူ လိုက်မိသည်။ တကယ်တော့ အစီအစဉ်က သေသေချာချာလုပ်ပြီးသား၊ မသေချာတာက စိတ်။ လူကသာ မန္တလေးမှာ ထိုင်နေလျက်. . . နှလုံးသားက ရင်မှ ခုန်ထွက် ဝဲပျံကာ ရန်ကုန်သို့ ဦးတည် ခရီးဆန့်စ ပြုပြီ။

အို. . . ဘာကြောင့် မှီ့ကို မခွဲနိုင်ရမှာလဲ။ ရန်ကုန်တစ်မြေထဲမှာပင် တစ်လလောက် ဇွတ်ပေပြီး ခံနိုင်ရည် တင်းထားနိုင်သေးတာ။ ခုဟာက မန္တလေးမှာ ကိုယ်က ရောက်နေတာမို့ ပိုလို့သာ တင်းနိုင်ရမှာပေါ့။

စားသောက်နေဆဲ ခန်းမအလယ်တည့်တည့် ဝင်ပေါက်မှ ခင်မောင်ကျော် ဝင်လာသည်။ စဝ်နေဗလရှိရာ စားပွဲသို့ပင် လျှောက်လာလျက် လက်ထဲမှ စက္ကူထုပ် ထူထူတစ်ထုပ်ကိုစားပွဲပေါ် တင်လိုက်၏။

'ဘာဓာတ်ပုံတွေ သွားကူးတာလဲ'

'မင်း. . . မင်္ဂလာဆောင်ပုံတွေလေ. . .၊ရောက်တဲ့နေ့ ကထဲက ငါ သွားကူးလိုက်တာ. . . အခု ရပြီ'

ဩော်. . . မင်္ဂလာဆောင်ပွဲတုန်းက ပုံတွေကိုးဟု စိတ်ထဲမှ ရေရွတ်ကာ ဆွဲယူကြည့်လိုက်ချင်စိတ် ပေါက်လာသည်။ ဒါပေမယ့် ကြည့်လိုက်ရမှာကိုလည်း ဝန်လေးသည်။

မှီ့ ပုံကလေးတွေကို မြင်ရမှာ။

www.burmeseclassic.com



မင်္ဂလာပွဲတုန်းက တင့်လွင်ဦးက ဗီဒီယို လာရိုက်ပေးသည်။ အခမဲ့ လက်ဖွဲ့ ရိုက်ကူးပေးတာပါ။ ကိုယ်ပိုင် ဗီဒီယို ရိုက်ကူးရေး လုပ်ငန်းရှင်မို့ ကျောင်းတုန်းက သူငယ်ချင်း မင်္ဂလာပွဲမှာ ကူညီသည့် သဘောပဲ ဖြစ်သည်။

ဒီကြားထဲမှာပင် ဓာတ်ပုံဝါသနာအိုး၊ ခင်မောင်ကျော်က ဖလင် သုံးလိပ်စာလောက် ရိုက်လိုက်သေးသည်။

'ညတွင်းချင်း ထွက်လာတာဆိုတော့ ငါ့ဆီမှာ ဖလင်လိပ်တွေ လဲ ပါလာတာနဲ့. . . ရောက်ရောက်ချင်း ကူးလိုက်တယ်။ ဟော့. . . ဘယ်လိုလဲကွာ. . . ၊ ကြည့်လေကွာ'

ခင်မောင်ကျော်ပြောမှ ဓာတ်ပုံအိတ်ကို ရှေ့ဆွဲယူကာ ထုတ်ကြည့်လိုက်ဖြစ်သည်။ တစ်ပုံချင်း ခပ်မြန်မြန်ကြည့်သွားရင်းက ရင်ခုန်နှုန်း မြန်လာရ၏။ ဘာကြောင့် ရင်ခုန်ရသည်ကိုတော့ မသိ. . . ။ ရင်ထဲ မောပန်းလို့လဲလာသည်။

'မယွန်းမှီကို မင်း နည်းနည်းလေးတောင် သတိမရဘူးလား'

'ရတယ်'

ဖြေသံက တိုပြတ်ပြတ်။

'မင်းနဲ့ ငါက အရင်းအနှီးဆုံး အခင်မင်ဆုံးမို့ မင်း စိတ်ချမ်း သာမယ်ဆိုတာကို လုပ်နေတာပဲ. . . ဆိုပြီး ငါ ဘာမှ မဝေဖန်ချင်ပါဘူး နေဗလ၊ ဒါပေမယ့် ငါ့နှမ တစ်ယောက်ကိုသာ မင်း ဒီလို လုပ်မယ်ဆို ရင်တော့ ငါ ဒီလို ငြိမ်မှာ မဟုတ်ဘူး ထင်တယ်၊ စဉ်းစားပေါ့ကွာ. . . ဒီနေ့ တောင်ကြီးတို့ တက်မလား'

BURMESE CLASSIC .com

www.burmeseclassic.com



ရုတ်တရက် နေဗလ မဖြေနိုင်။

'ဩော်. . . ဟော့ ကောင်၊ နောက်တစ်ခု ပြောမလို့ မေ့နေတယ်။ ငါအခု ဈေးထဲမှာ မင်း ဥမ္မာအောင်ကြီးနဲ့ တွေ့ခဲ့တယ်'

'တွေ့တော့'

'သူ အလုပ်ပြုတ်သွားပြီ ဆိုတာ. . . ငါ့ကို မျက်ရည် ဝဲတဲဝဲတဲနဲ့ ပြောလိုက်တယ်၊ ငါတို့ ဒီမှာ တည်းနေမှန်းလဲ သူသိပြီးသားပဲ ဟာ. . . ၊ သူ မင်းကို လာတွေ့မယ်တဲ့'

'မင်း ဘာပြောလိုက်လဲ'

'ဘာမှ ပြောစရာမရှိတာ. . . ၊ လာရင်လာ မလာရင်နေပေါ့. . . တွေ့ဖို့ မတွေ့ဖို့က မင်း သဘောပဲဟာ. . . ၊ မင်း နည်းနည်း တော့ သတိထားပေါ့ကွာ. . . ၊ တွေ့သင့် မတွေ့သင့်'

'ငါ. . . ရန်ကုန်ပြန်ချင်ပြီ. . . ခင်မောင်ကျော်'

ခင်မောင်ကျော်က နေဗလကို မျက်ခုံးပင့်ကြည့်ကာ. . . ရယ်တာမို့. . . နေဗလ သက်ပြင်း တစ်ချက်ချလိုက်သည်။

'ဒီညပဲ ပြန်မယ်. . . ၊ မင်း လက်မှတ် လုပ်တော့ကွာ'

'လက်မှတ်လောက်က ပူမနေပါနဲ့၊ အေးဇေးပါ'

'ငါ ရန်ကုန် ပြန်ရောက်ရင်. . . ငါ့ကို မေမေ ဆူမှာ အမှန်ပဲ ခင်မောင်ကျော်. . . ၊ မှီ ကတော့'

'မယွန်းမှီက မင်းကို ဘာပြဿနာမှ လုပ်မှာမဟုတ်ဘူး နေဗလ၊ အဲဒါကို မင်းယုံ. . . ၊ မင်း ညကြီး မင်းကြီး လက်

www.burmeseclassic.com



ဆွဲအိတ်ပြင်ပြီး ထွက်လာတုန်းက. . . မြန်မြန်တော့ ပြန်လာပါ. . . လို့ မှာလိုက်တယ်ဆို'

'အင်း'

'နေဗလ. . . ၊ မင်း ကို ငါက ပေါင်းလာတာ ကြာတော့ နောကြေအောင် သဘောပေါက်နေပြီ. . .၊ မင်းဟာ. . . မင်း နာမည် မသိတဲ့ သူ ဗမာပြည်မှာ ရှားလောက်အောင် ချမ်းသာ မြင့်မားတဲ့ မျိုးရိုးက ဆင်းလာပေမယ့် မာနလဲ မကြီး တတ်ဘူး။ လူချင်း အဆင့် အတန်းလဲ မခွဲတတ်ဘူး၊ ရက်ရော တဲ့ စိတ်သဘောထားလဲရှိတယ်၊ ကူညီတတ်တဲ့ စေတနာ လဲရှိတယ်၊ ဒါပေမယ့် အဲဒါတွေ လူမသိဘူး၊ မင်း အပြင် ပုံစံကခက်ထန် မာကျော်တယ်၊ အဲဒီ့အပြင် မင်းက အရာရာ စိတ်တိုင်းကျ ပြည့်စုံနေကျ လူမျိုးဆိုတော့ နည်းနည်းပါးပါး စိတ်တိုင်းမကျရင် ပုံကြီးချဲ့တတ်တယ်. . .

'ခေါင်းမာတယ်၊ ဂျစ်ကန်ကန်နိုင်တယ်၊ ကိုယ်မန်တယ် ထင်ရာ ဘက်ကို တယူသန် တဇွတ်ထိုး လိုက်တယ်။ လူ တစ်ယောက် ကိုလဲ မင်း လွယ်လွယ်နဲ့ ယုံကြည်ခဲတယ်။ သက်ာ မကင်း ဖြစ်တတ်တယ်'

နေဗလက ပြုံးချင်လာတာမို့ နှုတ်ခမ်းကလေး တွန့် သွားရသည်။ ပါးချိုင့်တစ်စုံနှင့် နုပျိုသွားသော မျက်နှာကို ခင်မောင်ကျော်က စိုက်ကြည့်နေရင်း. . .

'ဘယ်သူ စကားတစ်ခွန်း ပြောလိုက်မလဲ၊ အဲဒီ စကားကို နားထဲ လျှောကနဲ မသွင်းဘဲ ဘာသဘောနဲ့လဲ. . . တခြား

www.burmeseclassic.com



အဓိပ္ပာယ် ဘာရှိအုံးမလဲ၊ ဘယ်လောက်ထိ မှန်နိုင်သလဲ ဆိုတဲ့သံသယတွေနဲ့ ဆန်ကာတင် စစ်လိုက်သေးတယ်။ တစ်ခုခုလုပ်လိုက်ရင်လဲ အဲဒီလူရဲ့ အဲဒီ အပြုအမူကို မင်း ဦးနှောက် ခြောက်အောင် သရုပ်ခွဲပြီး ကောက်ချက်တစ်ခုခု ချတတ်သေးတယ်'

'အဲဒီတော့. . . အမှန်တရားနဲ့ ပိုနီးစပ်စွာ လက်ခံနိုင်တာ ပေါ့. . . မဟုတ်ဘူးလား'

'မင်းကို ဖုံးကွယ် လိမ်ညာနေတဲ့ သူတွေနဲ့ဆိုရင် မင်း ရဲ့ချင့်ချိန် တတ်မှုကြောင့် မင်းအတွက် ကောင်းတယ်၊ မယွန်းမှီကို ငါ ဧည့်ခံပွဲနေ့နဲ့ ပေါင်းမှ သုံးခါပဲ တွေ့ဖူး တယ်၊ သူ မကောက်ကျစ်မှန်း ငါ ပြောနိုင်တယ်'

'ဒါတော့ ငါလဲ ပြောနိုင်ပါတယ်'

'သူ့လို မိန်ကလေး တစ်ယောက်ကို သံသယတွေနဲ့ ဟို တွေး ဒီတွေးသွားကြည့်ရင် မင်းအတွက် မကောင်းဘူး နေဗလ'

'ဘာဖြစ်လို့လဲ'

'ကောက်ကျစ်ဖုံးကွယ်တတ်တဲ့ သူကိုသာ သံသယနဲ့ မင်း ကြည့်ရမယ်၊ ဖြူစင် သန့်ရှင်းတဲ့သူတစ်ယောက်ကို သံသယနဲ့ မကြည့်သင့်ဘူးပေါ့'

'မှီက ဖြူစင်တယ်ပေါ့'

'မင်း ပိုသိမှာပါ'

'အရာရာ ဖြူစင်ခဲ့ပါတယ်. . . ခင်မောင်ကျော်၊ ဒါပေမယ့်

BURMESE CLASSIC .com

www.burmeseclassic.com



ပိုက်ဆံကိုကြည့်တဲ့ မျက်စိချင်းကတော့ ဥမ္မာအောင်နဲ့ တူတူပဲ'

'ဒါတော့ မင်း ကောက်ချက်ပေါ့'

'ဒါဖြင့် မင်း ကောက်ချက်ကရော. . . ဘာလဲ'

'ငါ သူ့ကို ကောက်ချက်ချနိုင်လောက်အောင် ရင်ရင်းနှီးနှီးမှ မရှိသေးဘဲ'

ခင်မောင်ကျော် ထိုင်ရာမှ ထ သည်။

နေဗလကို အထက်တန်း ကျောင်းသားအရွယ် ကထဲက ခင်မင်ပေါင်းသင်းခဲ့တာမို့ အရာရာကို ဆရာစားမကျန် ခင်မောင်ကျော် သိနေသည်။ ဥမ္မာအောင်နှင့် ပတ်သက်ခဲ့တုန်းကလဲ သိတာပဲ။ မှီနှင့် ပတ်သက်စဉ်ကလဲ သိသင့်သလောက် သိသည်။

သို့သော် မှီ့ အကြောင်းကို ဖောဖောသီသီ ပြောမချတတ်ဘဲ တချို့ တလေလောက်သာ ဖွင့်ဟ တတ်ခဲ့သော နေဗလကြောင့် လုံးစေ့ ပတ်စေ့တော့ မသိရ။

မှီ့ကို အမြတ်တနိုးမှုနှင့် သူငယ်ချင်း ယောကျ်ားကလေး တစ်ယောက်ကိုပင် မှီ့အကြောင်း စစ်စစ်ပေါက်ပေါက် ပြည့်ပြည့် စုံစုံ ပြောရမှာ နှမြောဟန်ရှိသော နေဗလကို ခင်မောင်ကျော် ရယ်မော လှောင်ပြောင်ခဲ့ဖူးပေမယ့် ကျေတော့ ကျေနပ်သည်။

'မိန်းမ တစ်ယောက်ကို ကိုးကိုးကွယ်ကွယ် ချစ်မိဖို့ဆိုတာ အိမ်မက်တောင် မမက်ဘူး၊ ယောကျ်ားတစ်ယောက်ရဲ့ ဘဝမှာ မိန်းမ တစ်ယောက်ကို ချစ်နေဖို့ အဓိက မကျပါဘူး'

www.burmeseclassic.com



. . . ဟု ထာဝစဉ်အပြောကြီးတတ်ခဲ့ပေမယ့်. . . နေဗလ နှလုံးသားက နုနယ်မှန်း ပျော့ပျောင်းမှန်း ခင်မောင်ကျော် နားလည်သည်။

မှီ့ကို သိပ်ချစ်နေပြီမှန်း သိရတော့ ဝမ်းသာခဲ့မိသည်။ သူ့ အပြောနှင့်ပင် မိခင်ကြီး ဖြစ်သူကပါ တွေ့ချင်လွန်းအားနှင့် တမျှော် လင့်လင့် ရှိနေရသည်။

မှီဆိုသည့် မိန်းကလေးကလည်း နေဗလကို အချစ်ကြီးချစ်မြတ်နိုးနေပြီမှန်း ခင်မောင်ကျော် သိပြီးသား။

တစ်ရက် စမ်းချောင်းဘက်ကို ကိစ္စတစ်ခုနှင့် ဖြတ်အသွားစမ်းချောင်း မီးသတ်ဌာနရှေ့မှာ လမ်းကူးနေသော သူတို့နှစ်ယောက်ကို ကားနှင့်တိုးမိသလို ဖြစ်ခဲ့ရသေးသည် မဟုတ်လား။

ပုံစံဖျောက်ကာ အံ့ဩလောက်စရာ လုပ်ကြံဇာတ်လမ်းနှင့်မှီ့ကို နေဗလ ချဉ်းကပ်နေတာမှန်းလည်း အဲဒီတော့မှပဲ သိရသည်။ အစကတော့ ပုံမှန်ဘဝနှင့်ပင် မှီ့ထံ အသွားအလာအဝင်အထွက် ရှိနေသည် ထင်ခဲ့ရတာ။

အဲဒီနေ့က လမ်းတစ်ဘက်ခြမ်း ပလက်ဖောင်းပေါ် ရပ်ရင်း ကားကို ငေးမျှော်ကြည့် ကျန်ရစ်သည်မို့ မှီ့ ပုံစံကလေးက နူးညံ့ အပြစ်ကင်းစင်သည်။

ဒီလို မိန်းကလေးကိုမျှား နေဗလမို့ အပြစ်ကို စစ်စစ်စီစီရှာတွေ့နိုင်သေး၏။

'ဘယ်လဲ ခင်မောင်ကျော်'

BURMESE CLASSIC .com

www.burmeseclassic.com



'ငါ. . . လက်မှတ်ရဖို့ ခဏ ထွက်လိုက်အုံးမယ်၊ မင်း လိုက်ဦးမလား'

'ငါ နေခဲ့ရင် ရမလား'

'ရပါတယ်'

'မနေ့က တောင်ကြီးက. . . ဦးကျော်ငွေးဆီ ဖုန်းဆက်ထားတာမဟုတ်လား၊ လာမယ်မှတ်ပြီး. . . အစီအစဉ်တွေ ဘာတွေ လုပ်နေအုံးမယ်၊ မလာဘူးဆိုတာ ဆက်မယ်၊ ပြီးတော့ အိမ်ဖို့ ဘာကလေး ညာကလေး ဝယ်အုံးမယ်'

'ဟား. . . ဟား. . . နေဗလရယ်'

'ဘာလဲကွ'

နေဗလ နားရွက်ဖျားတွေ နီလာရသည်။

'ဘာမှ မဟုတ်ပါဘူး၊ ခါတိုင်း ခရီးထွက်ရင် အိမ်ပြန်လက်ဆောင်ဆိုတာ. . . အစဉ်အလာ မရှိပါဘူး'

'တစ်ခါတလေ. . . ရှိပါတယ်ကွာ၊ တစ်ခါတလေသာ မဝယ်ဖြစ်တာ'

'အေးပါ၊ ခရီးတစ်ခုက ပြန်တာဆိုတော့ အိမ်ပြန်လက်ဆောင်ပါတာ သဘာဝကျပါတယ်၊ ဒါဖြင့်. . . ငါသွားမယ်'

ခင်မောင်ကျော်က ခြေလှမ်း သွက်သွက်နှင့် ဟိုတယ်ရှေ့မျက်နှာစာမှာ ရပ်ထားသည့် အငှားကားများထဲမှ တစ်စီးထံ လျှောက်သွားလိုက်သည်။

ခေတ်ပုံများကို စားပွဲပေါ်မှ ကောက်ယူရင်း နေဗလလည်း ထိုင်ရာမှ ထ လိုက်၏။ နေဗလ ဒီမှာတည်းတိုင်း စီး

www.burmeseclassic.com



နေကျ နံပါတ်နက် အငှားကား အဖြူရောင်ကြီးက ဟိုတယ် ရှေ့ ရပ်လျက်သား ရှိနေသည်။

နေဗလ ဟိုတယ်ပေါ်မှဆင်းကာ ကားရှိရာ လျှောက်လာခဲ့၏။

* * *

'ကိုကို'

ခေါ်သံတစ်ခွန်းကြောင့် နေဗလ တုန်လှုပ်သွားရသည်။ မြေပြင်ပေါ် ခြေလှမ်း၏ ရှေ့တတောင်ခန့်သာ ကြည့်ပြီး မျက်စိငြိမ်ငြိမ် ထားကာ လျှောက်တတ်မြဲမို့ ကား၏ နောက်ကွယ်မှာ မမြင်သာအောင် ရပ်နေသည့် သူမကို မမြင်လိုက်။

'စကားပြောစရာရှိလို့ အချိန်ခဏပေးပါလား ကိုကို'

'ကျွန်တော့် နာမည် စဝ်နေဗလပါ. . . မဥမ္မာအောင်'

'ဒါပေမယ့် ဥမ္မာက ကိုကိုလို့ပဲ နှုတ်ကျိုးပြီးနေပြီ'

နေဗလ. . . ကား နောက်ခန်း တံခါးကို ဆွဲဖွင့်ပြီး တက်ဖို့ ပြင်သည်။ ဥမ္မာအောင်က ရှေ့ခန်းတံခါးကို ချပ်ကနဲ ဖွင့်လိုက်တာမို့ ခြေလှမ်း တုံ့သွားရရင်း. . .

'ဘယ်သွားမလို့. . . ကားပေါ်တက်ဖို့ ပြင်တာလဲ၊ ဒီကားကို မင်း ငှားထားသလား'

'ငှား မထားပါဘူး၊ ကိုကို့ကို စကားပြောစရာရှိလို့'

'မအားသေးဘူး. . . မဥမ္မာအောင်'

BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်အားတော့မလဲလေ၊ ဥမ္မာ့အတွက် အချိန်အား ဘယ်ပေးနိုင်တော့မလဲ၊ မိန်းမတောင် ရသွားမှကိုး. . . ၊ ဥမ္မာ ကြားပါတယ်'

'ကြားရင် ပြီးရော'

'ဘယ်ပြီးမလဲ ကိုကိုရဲ့၊ ကိုကို့ဘဝ အခြေကျ အနေကျ ငြိမ်းချမ်းနေပေမယ့် ဥမ္မာ့ဘဝက လုံးဝ မငြိမ်းချမ်းဘူး၊ တစ်ကောင် ကြွက် တစ်မျက်နှာနဲ့ ကြည့်ရှုမယ့် သူ၊ စောင့် ရှောက်မယ့်သူလဲ မရှိပါဘူး။ အလုပ်တစ်ခု ဝင်မလား စိတ် ကူးတော့လဲ. . . ကိုယ် သံယောဇဉ်ကြီးခဲ့တဲ့၊ ကိုကို့ကုန်တိုက် မှာပဲ ဝင်လုပ်ချင်တယ် ဆိုပြီး ဝင်ခဲ့တာ'

'ဩော်. . . အဲဒီတော့. . .'

'ကိုကိုနဲ့ ခွဲခဲ့ရပေမယ့်. . . ကိုကို့ လုပ်ငန်းမှာ ဝန်ထမ်း တစ်ဦး အနေနဲ့ ဝင်ရတာ. . . ကိုကို့ကို တစ်ဘက်တစ်လမ်းက ကူညီနေရသလို ဥမ္မာ အရမ်းပီတိ ဖြစ်နေရတာ၊ အခု ကိုကိုက အလုပ်ဖြုတ်ပစ်တယ်၊ နည်းနည်းတောင်မှ ငယ်သံယောဇဉ်နဲ့ မညှာတာဘူး'

နေဗလ ချွေးပြန်ကာ မျက်နှာ ရဲလာရရင်း. . .

'ငယ်သံယောဇဉ်. . . ဟုတ်လား၊ ကြားရတာတောင် ရှက် စရာကောင်းတယ် မဥမ္မာအောင်၊ ကျွန်တော် ဘာကိုမှ မမှတ်မိတော့ဘူး ဆိုတာ ပြောပါရစေ၊ အလုပ်သွင်းတာ ထုတ်တာကတော့ ကျွန်တော် ပိုင်ရှင်ဖြစ်တဲ့အတွက် ကျွန် တော့်သဘောပေါ့'

www.burmeseclassic.com



'ရက်စက်လွန်းအားမကြီးဘူးလား ကိုကို'

'တောပါတော့ မဥမ္မာအောင်၊ ကျွန်တော် ကိစ္စတစ်ခု ရှိသေးလို့. . . ခွင့်ပြုပါ'

သူမ မျက်နှာကို မြင်နေရတာကိုက လူကို မီးတိုက်နေသလို အပူလောင်စေသည်။ မျက်နှာချင်းလည်း မဆိုင်ချင်၊ အသံလည်း မကြားချင်ကာမှ လာတွေ့နေရပြန်ပြီ။

'ခွင့် မပြုနိုင်ဘူး'

မျက်ရည် ရစ်ဝဲပြနေသော ဥမ္မာအောင် မျက်နှာက အံ့သြစရာ ကောင်းလောက်အောင် ပြောင်းလဲ တင်းမာလာသည်၊ နေဗလ အကျပ် အတည်းထဲ ရောက်နေရသလို ချွေး ပြန်သထက် ပြန်လာရ၏။

ဒီ မိန်းမနှင့် အပတ်အသက် အဆက်အစပ် လုံးဝ မရှိချင်ကာမှ၊ တမင်တကာ နေဗလ၏ ကုန်တိုက်မှာ ဝင်လုပ်နေခြင်းပဲ ဖြစ်နိုင်သည်။ အကြံတွေ အဖန်တွေက ကုန်ပဲ မကုန်နိုင်ပါလား။

'ကျွန်မကို ရှင် အလုပ်ထုတ်ပစ်တယ်၊ လောလောဆယ် ရှင့် လုပ်ငန်းမှာ ကျွန်မ ဘာမှ အပြစ်မကျူးလွန်ရသေးဘူး၊ ရှင် လုပ်တာ မတရားဘူး ကိုစဝ်နေဗလ၊ ကျွန်မ လုံးဝ ငံ့ မခံနိုင်ဘူး'

'အဲဒီတော့ ဘာလုပ်ချင်သလဲ'

'အလုပ်ပြန်ခန့်ပါ၊ ရှင် အလုပ် ထုတ်ပစ်တော့ သို့လော သို့လောနဲ့ ကျွန်မကို လူတွေ မသင်္ကာ ဖြစ်စရာ ဖြစ်နေတယ်၊ ကျွန်မ နာမည်ပျက်တယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'နာမည်က ဒီထက် ထူးပြီး ပျက်စရာ ရှိသေးသလား' ဟု ပြောချလိုက်ချင်သော်လည်း မိန်းကလေး တစ်ယောက်မို့. . . ပြောမထွက်တော့ဘဲ နှုတ်ကို တင်းတင်း ပိတ်ထားလိုက်ရ၏။

'တခြားမှာ အလုပ်ဝင်ရင်. . . မင်း ဘာဖြစ်သွားမလဲ၊ ကျေးဇူးပြုပြီး ငါနဲ့ ဝေးဝေးမှာ နေစမ်းပါ၊ ငါ့ဘဝမှာ အစွန်းအထင်း လဲ အဖြစ်မခံနိုင်တော့ဘူးကွာ၊ ငါ မိန်းကလေး တစ်ယောက်နဲ့လဲ လက်ထပ်ပြီးပြီ၊ မင်းကိုလဲ မနစ်နာရအောင် သုံးလစာ လခ ပေးသွားပဲ'

'မဖြစ်စလောက် သုံးလစာကို စကားထဲ ထည့်ပြောမနေပါနဲ့ ကိုကိုရယ်'

'မင်းမှာ ရှိတဲ့ ပိုက်ဆံနဲ့ အရင်းအနှီး တစ်ခုခုလုပ်ပြီး တခြား သမာအာဇီဝ လုပ်ငန်းတစ်ခု ပြောင်းလုပ်ပါ. . . လို့ငါ အကြံပေးချင် တယ်၊ မင်းမှာ ပိုက်ဆံ ရှိပါတယ်'

'ကိုကို ပေးထားတဲ့ ပိုက်ဆံတွေ မသုံးရက်ပါဘူး'

နေဗလ မျက်နှာ ရဲတွတ်သွားရပြန်သည်။ မကြားချင်ဆုံး အရာတွေကို ပြန်ကြားနေရသည်။ စိတ်ပျက် ဆင်းရဲခြင်း ကြီးစွာနှင့် သက်ပြင်း တစ်ချက် ချလိုက်မိပြန်၏။

အတိတ်က. . . နာကြည်းခံပြင်းခဲ့ရတာတွေအရိပ်လို လိုက်လာမှာ စိုးရိမ်သည်။ ဒါတွေကို. . . မှီ. . . မှီသာ သိသွားမှာကိုရော စိုးရိမ်နေသလား'

'ကိုကို သိပ် အကြံအိုက်နေပလား၊ မိန်းမ သိသွားမှာကိုရော စိုးရိမ်နေသလား'

BURMESE CLASSIC .com

www.burmeseclassic.com



'မင်း. . . သိလှချည့်လား'

'သိတာပေါ့၊ ကိုကို့ မိန်းမကိုရဖို့ ကိုယ့်ကိုယ်ကို ခြေသလုံး အိမ်တိုင် ငမွဲပုံစံ ဖန်တီးပြီး ချဉ်းကပ်ခဲ့တာကအစ သိတယ်'

'ဟင်'

နေဗလ. . . ဒေါသ ဖြစ်သွားရသည်။ ဒီလို မျက်စိပွင့်နားပွင့် လည်လည်ပတ်ပတ် မိန်မတစ်ယောက် ဒီလောက်သိနေတာ အံ့ဩစရာ မဟုတ်။ ဥမ္မာအောင်က ရန်ကုန်မှာပါနှံ့စပ်လူသိများသူ တစ်ယောက်ပဲ။

'ဘာလဲ. . . ဥမ္မာ့ကို ကြောက်လို့. . . ငွေမမက်. . . ဂုဏ်မမက် မိန်းကလေးကို ဆင်းရဲသားယောင် ဆောင်ပြီး ရှာတယ်ပေါ့. . . ၊ ဟင်း. . . ဟင်း. . . ပုံပြင်ပဲ'

ရယ်မောနေသော သူမကို နေဗလ စိတ်ပျက်အောင့်သက်လာရသည်။

'ယွန်းမှိုမှိုတဲ့. . . သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်၊ နာမည်ကလေးကိုက ကြင်နာချင်စရာ ကောင်းတယ်နော်'

'အဲဒီတော့ ဘာဖြစ်သလဲကွာ'

'ကိုကို ချစ်ပါပေလိမ့်မယ်၊ ကိုကို စဉ်းစားပေါ့၊ ဥမ္မာ့ကို အလုပ် ပြန်သွင်းပေးရေး မပေးရေး၊ သမ္မာ ဘာကိုမှမျှော်လင့်ပြီး တောင်းနေ တာမဟုတ်ဘူး၊ ဥမ္မာတစ်ယောက်ထဲ အလုပ်တစ်ခု လုပ်နေရင် နေထိုင်စားသောက် လောက်တယ်၊ ကိုကို့ ကုန်တိုက်အလုပ်ကို ကျွမ်းဝင်ပြီးသားမို့ ဒါပဲ လုပ်

www.burmeseclassic.com



ချင်တယ်၊ အဆင်လဲ ပြေတယ်၊ လုပ်ငန်း ခွင်မှာလဲ ပျော် နေပြီ. . .

'ဥမ္မာ ဒီအလုပ်ကိုပဲ ရိုးသားစွာ လုပ်သွားတော့မှာ ဒါကို ခွင့်မပြုနိုင်ဘူးလား၊ ကိုကို မသနားရင်တော့ ကိုကို့ မိန်းမ သနားအောင် လာပြောမယ်'

နေဗလ ရင်ထဲမှာ ပြင်းစွာ တောက် ခတ်လိုက်မိသည်။ တကယ်တော့ အကျပ်ကိုင်တာပဲ။ နေဗလကလဲ ဒီ မိန်းမကိုမှ ပတ်သက်ခဲ့ဖူးခဲ့တာကိုး။ သို့ပေမယ့် မှို့ထံ ဥမ္မာအောင် ရောက် သွားပြီး ဘာဘာညာညာ ပြောမှာကိုတော့ လက်မခံနိုင် လောက်အောင် ကြောက်လန့်ရသည်။

မှို့ စိတ်ထဲ ရှုပ်ထွေး သောကမကင်း ဖြစ်သွားမှာကို စိုးရိမ် မိခြင်းကြောင့် ဥမ္မာအောင် စိတ်ဆိုးအောင် ဘာမှ မလုပ်ဝံ့သလို ဖြစ်နေရတော့၏။ ဥမ္မာအောင်ကတော့ ပြောရင် ပြောသလို လုပ်မှာ နေဗလ အသိဆုံးပါပဲ။

ဒါပေမယ့် ဒီကုန်တိုက်မှာ အလုပ် ဝင်လုပ်နေခြင်းဖြင့် တပတ်တသက် ဖြစ်နေရမှာကိုလဲ စိုးရိမ်ရပြန်သည်။ အလုပ် ရှင်နှင့် အလုပ်သမား ပတ်သက်မှုမျိုးနှင့်ပင် မနီးစပ်ချင် တော့။ ဦးနှောက် ခြောက်လာရတာမို့ ခုချက်ချင်းပင် မန္တလေးမြေပြင်မှ ထွက်ပြေးသွား လိုက်ချင်သည်။

'သိပ် ခေါင်းကိုက်မခံနေပါနဲ့လေ. . . ၊ ကိုကို တပတ်စဉ်း စား ပေါ့၊ ဒီည ရထားနဲ့ ပြန်မှာ မဟုတ်လား'

'ဒါလဲ သိပြန်တာပဲလား'

BURMESE CLASSIC .com

www.burmeseclassic.com



'ကိုခင်မောင်ကျော် ထွက်အလာနဲ့တွေ့လို့ သိလိုက်တာ။ ကိုကို ပြန်သွားပြီး ဟိုကနေ ဦးဝင်းစိန်ကို လှမ်း ညွှန်ကြား လိုက်ပေါ့'

'မင်းကို သုံးလစာ ပေးပြီးသား ဖြစ်နေပြီ'

'မဖြစ်စလောက်ကို တွက်မနေနဲ့တော့ပေါ့'

'ကျွတ်'

ခု ဖြုတ် ခု ပြန်သွင်းနှင့် ရှုံ့ချည်နှပ်ချည် နိုင်ရအုံးမည်။ ဦးဝင်းစိန်ကတော့ ဘယ်လိုထင်မည်မသိ။ အင်း. . . ဒီတစ်ခါ လည်း ဒီမိန်းမကို ရှုံးရပြန်ပြီဟု နေဗလ ခံပြင်းစွာ တွေးမိ ပေမယ့် ဖြစ်ချင်ရာ ဖြစ်ဟု ဇွတ် ပေမနေလိုက်ဝံ့။

ကိုယ့်နာမည် ဂုဏ်သိက္ခာ ထိခိုက်မှာထက် မှီ အထင်လွဲမှာ ကို စိုးရိမ်မိတာက များစွာ ပိုနေသည်။ မှီ့ကို ချစ်မြတ်နိုးရ လွန်းတာတော့ တစ်နေ့ထက်တစ်နေ့ ပိုသိလာပါရဲ့။ သို့ပေ မယ့် ကိုယ်မုန်းတီးစက်ဆုပ် သော စိတ်ထားမျိုးကို ချစ်မြတ် နိုးရသော မိန်းကလေးထံ တွေ့နေရခြင်း က တခြားသူတွေ ထံမှာ တွေ့မြင်ရတာထက် ပိုပြီး ခံစား နာကြည်းဖွယ် ဖြစ် သည်။

မျက်နှာမှုန်ကုပ်စွာ ကားထဲ ဝင်ထိုင်လိုက်သော နေဗလ ကို ဥမ္မာအောင်က ကားတံခါး တွန်းပိတ်ပေးလိုက်ရင်း. . .

'ဖုန်းဆက်ပြောလိုက်ပေါ့. . . ဦးဝင်းစိန်ကို၊ ဥမ္မာကတော့ အလုပ်ပြန်ဆင်းရမယ့်ရက် လက်ချိုးနေမှာ'

www.burmeseclassic.com



ပြုံးနွဲ့နွဲ့ပြောပုံကို လှည့်မကြည့်ဘဲနှင့်တောင် မြင်ယောင်သည်။ ပလီပလာနှုတ်ခမ်းတွေနှင့် လွန်စွာ အမြင်ကတ်ဖွယ် ဖြစ်နေမှာ အမှန်ပဲ။

*  *  *

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၅)

'အခန်းအပြင်မှာ ကြည့်စမ်း'

သွယ့် တီးတိုး စကားသံကြောင့် မှီတို့ စာသင်ပြနေသော ဆရာ မရိပ်မိအောင် မသိမသာ အခန်းပြင်ကို ကြည့်မိသည်။

အခန်းအပြင်ဘက်က ကော်ရစ်ဒါမှာ ရပ်နေသူ တချို့တလေ ထဲမှာ စပို့ရှပ်အနီရဲနှင့် မင်းလွင်လတ်ကို တွေ့လိုက်ရတာမို့ မှီက ချက်ချင်း မျက်နှာလွှဲပစ်လိုက်မိ၏။

'မင်းလွင်လတ် တွေ့လား'

'အေး'

'ဘာလာလုပ်နေတာလဲ'

BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်သိပ့်ါမလဲ သွယ်ရယ်'

စိတ်ပျက် လက်ပျက် ပြန် ဖြေ လိုက်မိ၏။ မှီ ဒီနေ့မှ ကျောင်း စ တက်သည်။ သုံးရက်လောက် ကျောင်းမတက်ဘဲ အိမ်မှာပဲ ငြိမ်ငြိမ်ကလေး နေခဲ့တာ။

မောင် ထွက်သွားတာကို မသိလိုက်သော မေမေက. . . နောက်တစ်နေ့မနက်မိုးလင်း လက်ဖက်ရည်ဝိုင်းကျမှ သိရကာ အလွန် အံ့ဩသွားခဲ့သည်။ မှီတို့ချင်း ဘာများ ဖြစ်ကြ သလဲ ဆိုတာကို တိုက်ရိုက်တော့ မမေး။ သို့ပေမယ့်. . . တစ်ခွန်းစ နှစ်ခွန်းစ စကားများက သံသယမကင်း ဖြစ်နေမှန်း သိသည်သည်။

မောင် လုပ်ပုံကလည်း ကြည့်ပါအုံးလေ၊ ချစ်ခင်ရင်းနှီးစ ဇနီးမောင်နှံ ဆိုတာ ခဏလေးပင် ခွဲနိုင်ဖို့ ခက်ခဲတာ။ တစ်ရက်ကလေး တောင် အချိန်မဆွဲဘဲ ညတွင်းချင်း မောင် ထွက်သွားပုံက ပြဿနာတစ်ခုခု ဖြစ်ပျက်သွားရသလို ထင် စရာ ရှိသည်။

'ဘာတွေများ အရေးကြီးနေတယ် မသိပါဘူး' ဟုသာ မေမေက မယုတ်မလွန်ပြောလျက် မှီ့ကိုတော့ မိန်းမသား ချင်း စာနာလှုပုံနှင့် 'သမီး' ဆိုတာ နှုတ်ကမချ တဖွဖွခေါ် လျက် တယုတယ ရှိလှသည်။

တစ်ရက်နှစ်ရက်နှင့်ပင် မောင့် မေမေနှင့် မှီတို့ ဆက်ဆံ ရေးက ရှေး နှစ်ပေါင်းများစွာကတည်းက ကျွမ်းဝင် သံယောဇဉ် ကြီးတဲ့သူတွေဟု ထင်စရာ ရှိလောက်အောင် ချစ် ကြည် စည်းကပ်သွား ခဲ့ရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ခြေနှင့် လက်တွေ သိပ်မသန်စွမ်းတော့သော မောင့် မေမေကို မှီက မိခင်တစ်ယောက်လိုပင် သဘောထားကာ မြောက်မြားလှစွာသော အခြေအရံ အစေအပါးတို့ရှိလျက်နှင့် ပြုစုယုယခဲ့ပါသည်။

မောင့်မေမေက နဂိုကပင် ကြင်နာတတ်သော စိတ်ဓာတ်ခံ နူးညံ့သောနှလုံးသား ရှိပုံရသည်။ သည်လို ယောက္ခမမျိုးမို့သာလည်း မောင် ရက်ရက်စက်စက် လုပ်သွားပေမယ့် ခံသာနေတာပေါ့။

မှီ့ကို ဒီနေ့ ကျောင်းတက်တော့ဖို့လည်း မေမေပဲ ပြောလိုက်တာ။ မှီက မတက်ချင်သလိုလို။ မှီ့ စိတ်ထဲမှာ ဝမ်းနည်းအားငယ် နေတာမို့ အပြင်မထွက်ဘဲ အိမ်မှာသာ နေလိုသည်။

'ကျောင်းတက်တော့လေ သမီးရယ်၊ အိမ်မှာ မေမေ့ဝေယျာ ဝစ္စ လုပ်ပေးဖို့သူလဲ ရှိနေတာပဲ၊ နောက်ဆံတင်းမနေနဲ့၊ ဒီလိုပဲ မေမေ နေလာတာပါ၊ ဝေဒနာသည်မှ မဟုတ်ဘဲကွယ်'

'ကိုစဝ်. . . အဲ. . . မောင်. . . က. . . အိမ်မှာသိပ်မရှိဘူးပေါ့နော်၊ ဘာပဲဖြစ်ဖြစ် မှီ အိမ်မှာရှိနေမှတော့ မေမေ လုပ်စရာရှိသမျှ မှီပဲ လုပ်ပါရစေ'

မောင်. . . ဟုပင် ရဲရဲမခေါ်ဝံ့ဘဲ မှီ စကား ထစ်နေရသေးသည်။

'သူက. . . မိုးလင်းက မိုးချုပ် အိမ်မှာ မရှိတတ်တာ သမီးရဲ့၊ များသောအားဖြင့်လဲ ခရီးထွက်နေတတ်တာ၊ မေမေက

BURMESE CLASSIC .com

www.burmeseclassic.com



နေသားကျနေပြီ၊ ကျောင်းပြန်တက်ပါတော့ သမီးရယ်၊ စားမေးပွဲလဲ နီးလာပြီ မဟုတ်လား၊ နက်ဖြန်ပဲ တက်တော့ကွယ်'

မေမေ ပြောစကားကြောင့်ပင် မှီ ကျောင်း ပြန်တက်ရသည်။ ကျောင်းတက်မည်ဆိုတာ သွယ် တို့ကိုလည်း ကြိုတင် မပြောနိုင်။ ကိုရိုလာ အဖြူရောင်လက်လက် ကားကလေးနှင့် ကျောင်းထဲ ဝင်လာရတာကို ရှက်သလိုလို ဖြစ်နေမိသည်။

ဒီကားက မေမေ့ကား။ စဝ်နေဗလ၏ကားက ဖော်လ်ဗို (၇၆၀) ကားကြီး။ ကား နှစ်စင်းစလုံး အိမ်မှာ ရှိနေတာမို့ မေမေက ကြိုက်ရာ ကားကို စီးသွားဖို့ ပြောသည်။ မောင့်ကားကို မှီ မစီးရဲ။ ဒါကြောင့် လည်း မေမေ့ ကားကိုသာ ရွေးချယ်ရသည်။

မှီ ကားပေါ်တက်ဖို့ တံခါးကိုဖွင့်ကာ ဦးညွတ်စောင့်နေသော ဦးမားပန်ကို အားနာ စိတ်ပျက်မိတာမို့ ကားပေါ် ရောက်ရောက်ချင်း ပင်. . .

'ဦးမားပန်. . . မှီ့ ကို တံခါးတွေ ဘာတွေ ဖွင့်ပေးဖို့ ပိတ်ပေးဖို့ မလိုပါဘူး၊ ဦးမားပန်က လူကြီးပဲ၊ မှီ အားနာတယ်၊ နောက် မှီ့ ဘာသာပဲ လုပ်မယ်နော်'

'ဟုတ်ကဲ့'

ဘာမှ အထွန့်တက်စကား မဆို။

ကျောင်းရောက်တော့ ပရယ်တီကယ်ခန်းတွေရှေ့ ရပ်ခိုင်းပြီး မှီ ကားပေါ်က ခပ်သွက်သွက်ဆင်းသည်။ ဒီကားနှင့်

BURMESE CLASSIC .com

www.burmeseclassic.com



ကိုယ်နှင့် ဘာမှ မဆိုင်သလို. . . ဆင်းပြီး တံခါးပိတ်သည်နှင့် နောက်လှည့် မကြည့်တော့။

အခန်းထဲ ရောက်တော့ သွယ်၊ စုမာနှင့် မြတ်မြတ်တို့ သုံးယောက်လုံး ရောက်နေတာ တွေ့ရသည်။ သုံးယောက်သား ခေါင်းချင်းဆိုင် စကားတွတ်ထိုးကာ ဇီးသီးထုပ်က ရှေ့မှာ အပုံလိုက်။ စက္ကူ တစ်ခု စားပွဲပေါ် ဖြန့်ခင်းထားကာ သရက်ပြား အကွင်းတွေပုံထားသည်။ ဆား ငရုတ်သီးမှုန့်တို့ ဖြူးထားသော မချစ်စု သရက်သီးစိမ်း အကွင်း တစ်ကွင်းကို မို လှမ်းနှိုက်ယူလိုက်တော့မှ. . .

'ဟယ်. . . မို' ဟု သုံးယောက်သား အံ့သြသွားသည်။

သူတို့နှင့် ပြောရင်း ဆိုရင်း. . . စာသင်တာ နားထောင်ရင်း မို့ စိတ်ကလေး ပြန်ရွှင်လာရသည်။

'ကိုမောင်မောင် လိုက်ပို့တာပေါ့'

'ဟုတ်ဖူး. . . ၊ ကားမောင်းတဲ့ ဦးမားပန် လိုက်ပို့တာ'

'ဟင်. . . သူကလဲ. . . လိုက်မပို့ဘူးလား'

'သူ. . . ခရီး သွားတယ်'

ပြောရင်း ရုတ်တရက် ညှိုးသွားသော မျက်နှာကို မို မပြင်နိုင်လိုက်။ သွယ်က မျက်ခုံးရှုံ့ကာ တဖျစ်တောက်တောက် လုပ်နေသည်။ ဒါတောင်. . . ညတွင်းချင်း ထွက်သွားတာ ဘယ်သူမှ မသိလို့။

'ကိုမောင်မောင်က ဟန်ဆောင်နေတုန်းကလဲ အရမ်းပိရိတယ် နော်. . . ၊ မျက်နှာဖုံး ခွာချလိုက်တော့လဲ ချက်ချင်း

BURMESE CLASSIC .com

www.burmeseclassic.com



ပုံစံ ပြောင်းသွားလိုက်တာပဲ၊ သူ့ မျက်နှာပေါ်က ဟန်ကြီး ပန်ကြီးတွေက ထည်ဝါလွန်းလို့ စကားတောင် ဟဟမပြော ရဲဘူး'

'နင်နဲ့ ကျရင်ကော. . . ဘယ်လိုလဲ'

ဘာမှ မဖြေတတ်တာကြောင့် မှီ ရယ်မောနေလိုက်သည်၊ သူတို့က ဒီနေ့မှ ပြန်တွေ့ရတာမို့. . . မောင့် အကြောင်းချည်းပဲ ပြောကြ မေးကြတာမို့. . . မောင့်ကို အားငယ်စွာ အောက်မေ့ ခြင်းနှင့် ရင်ထဲမှာ နာကျင်ရလေသည်။

ဒီ ကြားထဲ အပြင်မှာ မင်းလွင်လတ် စောင့်နေတာမြင် တော့. . . မှီ မျက်နှာကလေး ရှုံ့မဲ့ကာ စိတ်ညစ်နေရတော့ သည်။

'သိပ်လဲ စိတ်ညစ်မနေပါနဲ့ဟာ. . . ၊ အေးအေးဆေးဆေး ပဲပေ့ါ၊ သူ စကားပြောရင်လဲ တည်တည်ငြိမ်ငြိမ်ပဲ ပြန်ပြော၊ သူလဲ သတင်းစာထဲ တွေ့မှာပဲ၊ ဒီ ကြားထဲက ပိုဆိုးနေရ လောက်အောင်တော့ သူ ရိုင်းပုံ မရပါဘူး'

'အေး. . . ငါတို့လဲ ရှိတာပဲ၊ အေးအေးဆေးဆေး ပြုံးပြုံး ရွှင်ရွှင်ပဲ စကားပြော'

သူတို့ အားပေး စကားတွေကြောင့် မှီ စိတ်တင်းလိုက် နိုင်သည်။ ဒါတောင် စကားရပ်ပြောရမှာ ကလေးကို မှီ့ စိတ်ပျက် နေသေးသည်။

ရက်ပိုင်းမျှသော အိမ်ထောင်သည် ဘဝနှင့် မောင့်ကို သစ္စာရှိသထက် ရှိချင်တာ မှီ့ ဆန္ဒပဲ မောင်ရယ်. . . ။ မှီ့ကို ချစ်နေခဲ့ဖူးသူ တစ်ယောက်နှင့် စကားရပ်ပြောမိခြင်းအား

BURMESE CLASSIC .com

www.burmeseclassic.com



ဖြင့် မောင့် အပေါ် မတရားရာ ကျမှာ၊ မောင် မကျေနပ်မှာ စိုးရိမ် တာတွေနှင့်. . . မှီ စိတ်ရှုပ်နေတာကို မောင်တော့ သိမှာ မဟုတ်ပေ။

အတန်းပြီးချိန်မှာ မှီ တို့ လေးယောက် ရင်ဘောင် တန်းကာ အခန်းထဲမှ ထွက်ခဲ့သည်။

မင်းလွင်လတ်က ဆီးကြို ပြုံးပြတာမို့ သွယ်က ခေါင်း ဆတ် ကာ နှုတ်ဆက်ရင်း. . .

'အတန်း မရှိဘူးလား'

'ရှိတော့ ရှိတယ်'

ပြောအပြီး သူလည်း မျက်နှာပူ နေရခက် ဖြစ်နေပုံ ရသည်။ နံဘေးမှ သူငယ်ချင်းကို ကြည့်လိုက်၊ မှီ့ မျက်နှာကို ကြည့်လိုက်နှင့် မူပျက်နေရှာသည်။

'မှီလဲ ဒီနေ့မှ ကျောင်း စ တက်တယ်'

မြတ်မြတ်က တစ်ခွန်း ထောက်လိုက်တော့ မင်းလွင် လတ်က ခေါင်းတဆတ်ဆတ် ညိတ်ကာ . . .

'ကျွန်တော် ဟိုတစ်နေ့က သတင်းစာမှာပါမှ သိတာ မှီ၊ မလာလဲ မလာဖြစ်လိုက်လို့. . . ခုမှ လက်ဖွဲ့ပေးမလို့ပါ'

'အို. . . ဒုက္ခရှာလို့ ကိုမင်းလွင်လတ်ရယ်၊ မှီတို့လဲ လူကြီး တွေ ရွေးတဲ့ရက်ပဲ ဧည့်ခံပွဲ လုပ်လိုက်ရတာဆိုတော့. . . ကမန်း ကတန်းနဲ့ သူငယ်ချင်းတွေတောင် ဘယ်သူမှ မဖိတ်လိုက်နိုင် ဘူး ဖြစ်သွားတယ်'

'ဟုတ်တယ်. . . မင်းလွင်လတ်ရဲ့၊ တို့တွေတောင် တစ်ရက် နှစ်ရက် အလိုမှ သိတာ'

www.burmeseclassic.com



'ကျွန်တော့် မင်္ဂလာ လက်ဖွဲ့ပါ မှီ'

မင်းလွင်လတ်က နောက်ပစ်ထားသော လက်ကို ရှေ့ထုတ်လိုက်သည်။ ဖိုင်လ် နှစ်ခု ဘေးတိုက်ဆက်ထားသော အရွယ်လောက် ရှိသည့် ခပ်ပြားပြား ပစ္စည်းတစ်ခု။ စက္ကူပြောင်အပြာနုနုနှင့် ထုပ်ထားသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါနော်၊ မှီ မသိဘဲ. . . လွန်ခဲ့တဲ့နှစ်လလောက်က ကဲင်တင်းမှာ ကျွန်တော်တို့ ဓာတ်ပုံ ခိုးရိုက်ခဲ့ဖူးတယ်'

'ဩော်'

'အဲဒီ ဓာတ်ပုံကို ကျွန်တော် ပုံတူ ပန်းချီ အပ်ထားတာပါ၊ ဓာတ်ပုံရော ပန်းချီရော ပါ ပါတယ်၊ ကျွန်တော့် ဆီမှာ မှီ့ ဓာတ်ပုံ ရှိနေရင်. . . မှီ့ အတွက် မကောင်းဘူးပေါ့. . .

'ဖလင်ပါ. . . ဒီထဲမှာ ပါ ပါတယ် မှီ၊ ကျွန်တော် ဓာတ်ပုံ အပိုလဲ ကူးယူ မထားပါဘူး'

မှီ လက်ကမ်း ယူလိုက်သည်။

'ကျေးဇူးပဲ. . . ကိုမင်းလွင်လတ်'

'ရပါတယ်'

ပြောအပြီး ရုတ်တရက်ထွက်သွားဖို့လည်း ခက်နေပုံနှင့် သနားစဖွယ် ပြုံးကျွဲကျွဲ ရပ်နေသည်။ သူ့ သူငယ်ချင်းကလဲ အနေ ခက်နေလေသည်။

ခဏနေမှ. . .

'ကိုစဝ်နေဗလ. . . လာကြိုမလား'

'သူ ခရီးထွက်သွားပါတယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'ဩော်. . . သူက အလုပ်လဲ များတာကိုး၊ မှီ အံ့ဩသွားမယ်လို့ထင်တယ်၊ ကျွန်တော်က ကိုစဝ်နေဗလကို အရင်ထဲက သိနေတယ်'

'ဟုတ်လား'

'ဟုတ်ကဲ့'

'ဘယ်လို သိတာလဲဟင်'

'ကျွန်တော်တို့လဲ ရှမ်းအမျိုးသားပါမှီ'

'ဩော်. . . ဟုတ်လား'

'ဟုတ်ကဲ့၊ ကျွန်တော့် အဖိုး. . . ဦးခွန်တလူဆိုတာ ကိုစဝ် နေဗလရဲ့အဖေ စဝ်ဖလုံ စဝ်ဖိုမိုင်းထံမှာ အမှုထမ်းဖူးပါတယ်'

'ဩော်'

မှီ အံ့ဩ မျက်ခုံးပင့်သွားရသည်။

မောင့်အဖေ၏နာမည်ကို အိမ်ရှေ့ခန်းမှ ပန်းချီကားကြီးပေါ်မှာ မှီ တွေ့ဖူးတာကလွဲပြီး ဘာမှ မသိပါ။

'စဝ်ဖလုံ စဝ်ဖိုမိုင်းရဲ့ အတွင်းရေးဝန်ဆိုပါတော့၊ ကျွန်တော့် အဖိုးက ဆုံးသွားပါပြီ၊ ကျွန်တော့် အမေတို့ အဒေါ် ဦးလေးတို့ကတော့ အဲဒီအိမ်ကို အဝင် အထွက် ရှိပါတယ်၊ ခင်မင်ကြပါတယ်၊ ကျွန်တော် တို့သာ လူငယ်တွေ ဆိုတော့ အဝင် အထွက် ကျဲတာပါ'

'ဩော်. . . အံ့ဩစရာနော်၊ မှီ ခုမှပဲသိတယ်၊ ကိုမင်းလွင်လက်ရဲ့ မေမေကို မှီ့ ယောက္ခမ သိမှာပေါ့'

BURMESE CLASSIC .com

www.burmeseclassic.com



'သိမှာပါ၊ ကျွန်တော့် မေမေက နန်းရွှေလတ်ပါ။ ကျွန် တော့် နာမည်အပြည့်က. . . ခွန်မင်းလွင်လတ်ပါ မှီ'

'ဩော်'

'ကိုစဝ်နေဗလကိုတော့ မြင်ရုံပဲ မြင်ဖူးပါတယ်၊ မဟာဒေဝီ နဲ့တော့အဲ. . .မှီ့ ယောက္ခမ၊ ကိုစဝ်နေဗလ အမေပေါ့. . . သူနဲ့ တော့ ကျွန်တော် တစ်ခါ စကားပြောဖူးပါတယ်။ မေမေတို့ ကတော့ မဟာဒေဝီ စဝ်သီရိကျော့ဆိုတာ စကားဆယ်ခွန်း ပြောရင် သုံးလေးခွန်း ပါတယ်ဗျ။

'ဟုတ်လား. . . နောက် အန်တီတို့လာလည်ရင် လိုက်ခဲ့ပါ ဝင်ပါ ထွက်ပါနော်၊ မှီလဲ ပြောပြပါ့မယ်'

'မှီက ဘာပြောမှာလဲ'

'မှီနဲ့ ခင်ကြောင်းပေါ့'

'အဲဒါဆိုရင်တော့ တော်ပါသေးရဲ့'

ပြောရင်း ရယ်နေတာမို့ မှီ က နားမလည်လိုက်မိ။

'မှီ့ နာမည်ကို ကျွန်တော် ပြောဖူးလို့ မေမေက သိနေတယ်၊ မှီတို့ မင်္ဂလာပွဲကိုလဲ မေမေ သွားတယ်လေ၊ အိမ်ပြန် လာတော့ ကျွန်တော့်ကို အပြစ်ပြောနေတာ၊ ကျွန်တော်လဲ ငြိမ်နေရတာပေါ့ မှီ၊ ကိုစဝ်နေဗလနဲ့ လက်ထပ်မယ့်သူဆိုတာ ကျွန်တော်လုံးဝမှ မသိတာ. . .၊ သိရင်. . . ကျွန်တော်. . . ဟို ရိုးရိုးပဲ နေမှာပါ. . . ၊ ယခင်အချိန်ကဆိုရင် ကိုစဝ်နေဗလဟာ ကျွန်တော်တို့ရဲ့ စော်ဘွား ကလေးပါပဲ'

BURMESE CLASSIC .com

www.burmeseclassic.com



မှီ ဘာမှ မပြောနိုင်ဘဲ ခေါင်းကလေးက ညိတ်လိုက်ရသည်။ သူ ဆိုလိုတာကို မှီ ကောင်းစွာ နားလည်ပါသည်။ ဟိုးခေတ်ကသာ ဆို. . . စော်ဘွားက ကောက်မည့် မဟာဒေဝီကို စော်ဘွားထံမှ အမှုထမ်း အရာထမ်း၏ သားမြေးမျိုးနွယ်တို့က ကြံရွယ်ဝံ့မှာ မဟုတ်ပေ။

'မေမေတို့ကဆို ဟိုးခေတ်ကိုလဲ မှီခဲ့တော့. . . ခုထိ ကိုစဝ်နေဗလကို ယျမိုင်းကိုယ်တော်လေးလို့ နှုတ်ကျိုးနေတယ် မှီ၊ ကိုစဝ်နေဗလကို မွေးတာနောက်ကျပေမယ့် မွေးခါစကထဲက မေမေတို့က ဒီလိုပဲ ခေါ်ခဲ့တာတဲ့'

'ဩော်'

'ခတ်ပုံကိုရော ပန်ချီးကိုရော မှီ ကြိုက်သလို လုပ်လိုက်ပါ။ မှီ့ကို ပေးမနေဘဲ ကျွန်တော့်ဘာသာ ဖျက်ဆီးလိုက်ရင်လဲ. . . ဖြစ်ပေမယ့်. . . မှီ သဘောကျ လုပ်နိုင်အောင်လို့ပါ'

'ဟုတ်ကဲ့'

'ကျွန်တော့်ကို ခွင့်ပြုပါအုံး'

'ဟုတ်ကဲ့. . . ကိုမင်းလွင်လတ်'

သူထွက်သွားတော့ မှီတို့ လေးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိသည်။

မြတ်မြတ်က ပခုံးကလေးတွန့်ရင်း. . .

'ခုမှပဲ မင်းလွင်လတ်ကို သနားတော့တယ်၊ သူတို့ အမေတွေကျတော့ နင့်ယောက္ခမ ဒေါ်စဝ်သီရိကျော့ကို ရှိသေလေးစား ခဲ့တာ အစဉ်လာ စွဲနေမှာပေါ့နော်'

'အင်း'

BURMESE CLASSIC .com

www.burmeseclassic.com



မို ခေါင်းညိတ်ရင်း လက်ထဲက ပန်ချီကားထုပ်ကို ငုံ့ကြည့်မိ သည်။ ဘာလုပ်ရမှန်းတောင်မှ မသိ။ မောင်မြင်လျှင် ကြိုက်မှာလား. . . မကြိုက်မှာလား။ ကြိုက်ဖို့တော့ မရှိ. . . မကြိုက်ဖို့သာ များသည်။

မို မျက်ခုံးလေး ရှုံ့ရင်း စိတ်မောသွားရ၏။

* * *

မို့ကို မမေကြည်က တံခါးလာဖွင့်ပေးသည်။ မို့ လက်တွင်းက ပန်းချီကားချပ်ကို ဘာပစ္စည်းမှန်း သူ မသိပုံနှင့် ငုံ့ကြည့်ရင်း. . .

'ကျွန်မ သယ်ခဲ့မယ် မမလေး'

'ရတယ် မမေကြည်. . . ၊ ပေါ့ပေါ့လေးပါ၊ မို့ ဘာသာပဲ သယ်သွားမယ်. . . ၊ မေမေရော'

'အိမ်ပေါ်မှာ ရှိပါတယ်၊ ခုနကမှ ရေချိုးလို့ မရွှေက နံ့သာဖြူ လိမ်းပေးနေပါတယ်'

'ရေချိုးတာ နောက်ကျလိုက်တာ'

မိုက တီးတိုးပြောရင်း. . . လှေကားဆီ လျှောက်လာလိုက်၏။ လှေကားရင်း ဖိနပ်စင်မှာ ဖိနပ်ထားဖို့ ချွတ်စဉ် မို့ မျက်လုံးကလေးတွေ ရွှန်းလက်သွားရသည်။

ဖိနပ်စင်ပေါ်မှာ မောင် စီးသွားသော ကတ္တီပါဖိနပ်

www.burmeseclassic.com



ညိုနက်နက်ကလေး ရှိနေသည်။ ရင်ထဲဝမ်းသာ တုန်လှုပ်သွား ရခြင်းကို မဖုံးဖိနိုင်ဘဲ. . .

'မမေကြည်. . . မောင် ပြန်ရောက်နေပြီလား'

'ဟုတ်ကဲ့'

မေကြည်က မှီ့ ဖိနပ်ကို ကောက်ယူကာ စင်၏ ဒုတိယ ဆင့်မှာ တင်လိုက်၏။ မှီ လှေကားကို အပြေးအလွှား တက် သွား မိရင်း. . . ရင်တွေခုန်နေသည်။ မှီ တို့ အခန်းဝနားရောက် မှ ခြေလှမ်း ကလေးတွေ နှေးသွားရ၏။

မောင့်ကို ဝမ်းသာစွာ ကြည်နူးစွာ. . . မှီ နှုတ်ဆက်ချင်ပေ မယ့် မောင်က ကြိုက်အုံးမှ၊ မောင့် လက်မောင်းကို ပြေး ကိုင်ဖက်တွယ်ပြီး မှီ မျက်ရည်ကျလိုက်ချင်သည်။ ဒါပေမယ့် မောင့်ကို မှီ. . . ကြောက်ပါ တယ် မောင်ရယ်။

မောင့်လက်မောင်းမှာ မှီ နွဲ့ဖို့ မောင့်ရင်ခွင်ထဲ ခိုဝင်ဖို့ နေနေသာသာ. . . 'မောင်'ဟု ခေါ်ရမှာကိုပင် မဝံ့ရဲ၊ မောင်ပဲ ပြောခဲ့တာ မဟုတ်လား မောင်ရယ်။ 'မောင်မောင်' ဆိုတဲ့ အလွယ်တကူ ပေးလိုက်တဲ့ နာမည်ကြောင့်သာ 'မောင်'လို့ ခေါ်ခိုင်းခဲ့တာ။ ငါ. . . အရင်က မောင်မောင် မဟုတ်ဘူး. . . စဝ်နေဗလ. . . တဲ့။

မှီ အခန်းတံခါးကို အသာအယာ တွန်းဖွင့်လိုက်သည်။ လှမ်း မြင်နေရသော ခုတင် တစ်ခုပေါ်မှာ မောင်က ပက် လက်အိပ်ကာ နဖူးပေါ် လက်မောင်းတင်ထားလျက်။

မှီ. . . ခြေသံ မကြားရအောင် ခပ်ဖွဖွ နင်းလျှောက် ဝင်ခဲ့

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ စားပွဲပေါ်မှာ ပန်းချီကားချပ်ကို တင်ကာ. . . မောင့်ကို လှမ်း ကြည့်လိုက်မိ၏။

အခန်းထဲမှာ ရှိနေသော ခုတင်နှစ်လုံးအနက် မင်္ဂလာဦး ညကတည်းက မှီ အိပ်စက်ဖြစ်ခဲ့သော နံရံဘက် ခုတင်ပေါ်မှာ မောင် အိပ်နေတာကိုး. . . ၊ မောင်ကတော့ အဲဒီ ညကတည်းက ထွက်သွား တာမို့. . . ဘယ်ခုတင် သူ့ ခုတင်ရယ်လို့ သတ်မှတ်မိပုံ မရသေး။

ထို ညက မှီ အိပ်နေခဲ့သော ခုတင်ဟာ ဒီ ခုတင်ပဲဆိုတာ မောင် မှတ်မိလိုက်ဟန်မတူ။

မှီ တိတ်ဆိတ်စွာ အဝတ်အစားလဲသည်။ မေမေ့ အခန်းကို သွားဖို့ ပြန်ရောက်မတည်းက စိတ်ကူးရပေမယ့် ခုတော့ ထိုအတွေးကို မေ့လျော့နေပြီ၊ မာန်မာန ကင်းစင် အပြစ်မဲ့စွာ အိပ်မောကျနေသော မောင့်မျက်နှာကို ငေးမောကြည့်နေလိုက်ချင်သည်။

သည်လို အေးမြသော မျက်နှာထား. . . မှီ မတွေ့ရတော့တာ ကြာပြီပဲ။ မှီ ငေးမော့ကြည့်နေဆဲ မောင် နိုးလာမှာစိုးစိတ်နှင့် မှီ ရဲရဲပင် မကြည့်ရဲ။ စားပွဲရှိရာ ပြန်လျှောက်လာကာ ကုလားထိုင် ဆွဲထုတ်ထိုင်ရင်း ပန်းချီကားကို ကြည့်ဖို့ လက်လှမ်းလိုက်၏။

လက်လှမ်းစဉ်မှာပင် စားပွဲပေါ်မှာ ရှိနေသော ခေတ်ပုံ အထပ်လိုက်ကို တွေ့သည်။

မောင်. . .ဘယ်မှာကူးလာပါလိမ့်။ မန္တလေးမှာ ကူးလာတာထင်ပါရဲ့။ မှီ့ နှုတ်ခမ်းကလေးက ပြုံးလို့လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အပေါ်ဆုံးက မှို့ လက်ဖျားကို မောင် ဆွဲကိုင် လမ်းလျှောက်လာပုံကို မမှိတ်မသုန် စိုက်ကြည့် ကျေနပ်နေမိသည်။

ဓာတ်ပုံ တော်တော်များများမှာ မောင်က မပြုံး။ ပြုံးနေသော ပုံတွေမှာ မောင့် အပြုံးက မချို။

မှို့ . . ကြည့်နေဆဲ . . မပြီးသေးခင် . . ခုတင်ဆီမှ လူးလွန့်သံလှုပ်ရှားသံ ကြားရတာမို့ . . . မှို့ တုတ်တုတ် မလှုပ်ရဲဘဲ ငြိမ်နေ လိုက်သည်။ လှည့်မကြည့်ဘဲနှင့် မောင် ခုတင်ပေါ်မှ ထလာတာကို သိသည်။

စဝ်နေဗလက နိုးနိုးချင်းမှို့ မြင်တွေ့လိုက်တာမို့ အိပ်ရာမှ လူးလဲ ထသည်။ မှို့ အနားကို လျှောက်သွားကာ နံဘေးမှာ ရပ်လိုက်တာမို့ မှို့က. . . လက်ကလေးများ တုန်ယင်ကာ ဓာတ်ပုံတွေကို ခပ်မြန်မြန် ကြည့်နေမိသည်။

မောင့်ကို မော့မကြည့်ရဲတာမို့ မမော့ကြည့်မိ။

စဝ်နေဗလမျက်လုံးတွေက မှို့ ထံမှ တစ်ဆင့် စားပွဲပေါ်မှ စက္ကူပြာနှင့် ထုပ်ထားသော အထုပ်ဆီရောက်သွားရသည်။ သေသပ်စွာထုပ်ပိုးထားသော ခပ်ပြားပြားပစ္စည်းကို မှို့နှင့် ပါလာတာပဲဆိုတာ အတပ်သိလျက် စိတ်ဝင်တစား ကောက်ကိုင်လိုက်သည်။

အောက်ဘက် ထောင့်နားမှ 'ကိုစဝ်နေဗလနှင့် မယွန်းမှို့မှို့' တို့အတွက် မင်္ဂလာလက်ဆောင်' ဟူသော စာတန်းကြောင့် ပိုပြီး စိတ်ဝင်စားသွားရသည်။

'ဘယ်သူ ပေးလိုက်တာလဲ'

'မင်း. . . ခွန်. . . မင်းလွင်လတ်. . . ပါ'

BURMESE CLASSIC .com

www.burmeseclassic.com



'ခွန်မင်းလွင်လတ်. . . ၊ အဲဒါ ဘယ်သူလဲ'

'ဒေါ်နန်းရွှေလတ်ရဲ့ သားပါ'

မှီက မောင့်မျက်နှာကို မော့ကြည့် ဖြေလိုက်ရင်း မရဲတရဲ အကဲခတ်သည်။

'ဒေါ်နန်းရွှေလတ်. . . ၊ သူ့ သားနဲ့ ဘယ်လိုသိနေတာလဲ'

'အစကထဲက သိတာလေ. . . ၊ ကိုစဝ်နေဗလ. . . ၊ သူ့ကို သိပါတယ်၊ မှီ ပြောဖူးတဲ့ မင်းလွင်လတ်. . . ဆိုတာ'

'ဘယ်လို ခေါ်လိုက်တယ်'

မောင် မျက်ခုံးနှစ်ဘက်က စုဆုံ ကုတ်ကျသွားသည်။ မှီ ရင်ထဲမှာ ထိခိုက်သွားရတာမို့ ထိုင်ရမှ ထကာ စာကြည့် စားပွဲမှ ဖယ်ထွက်လိုက်ရင်း. . .

'မန္တလေးမသွားခင်က ကိုစဝ်နေဗလပဲ ပြောခဲ့တယ်မဟုတ်လား၊ မောင်လို့ မခေါ်နဲ့. . . မောင်ဆိုတာ. . . မောင်မောင် ဘဝက ခေါ်ခိုင်းခဲ့တာ ဆိုတာလေ၊ အဲဒါကြောင့် ကိုစဝ် နေဗလလို့ ခေါ်တာပါ၊ ဒါကိုပဲ မကြိုက်သေးရင်. . . ဘယ်လို ခေါ်ရမလဲ ဆိုတာ သင်ထားပေါ့. . . ကိုစဝ်နေဗလ ရယ်'

စဝ်နေဗလက မှီ့ ကျောပြင်ကို လှည့်ကြည့်လိုက်ရင်း သက် ပြင်းတစ်ချက်ကြိတ်ရှိုက်ကာ မျက်နှာလည်း ပျက်ယွင်းသွားရ သည်။ ဟုတ်သားပဲ. . . အဲဒီညက စိတ်တွေ ကယောက်ကယက် လွင့်ပါး ခက်ထန်စွာ သူ ပြောဖြစ်ခဲ့သည်။

မှီက ဒီလို ပြောလိုက်တော့ စိတ်မကောင်းသလိုပင်။ မှီ့ ထံမှ အကြည့်လွှဲယူရင်း အထုပ်၏ အပေါ်ယံမှ စက္ကူပြာကို

www.burmeseclassic.com



ဆွဲခွာလိုက်သည်။ တဝက်တပျက် စုတ်သွားကတည်းက မှီ့ ပုံတူ ခဲပန်းချီဆိုတာ သိလိုက်နိုင်သည်။

စက္ကူပြာစ လုံးလုံးလျားလျား ပယ်သွားတော့ ပန်းချီ စက္ကူကတ်၏ အပေါ်မှာ ဓာတ်ပုံကလေး တစ်ခုကိုပါ တွေ့ လိုက်တာမို့ . . . ဆတ်ကနဲ ကောက်ယူကာ ကျောဘက်ကို ကြည့် သည်။ ကျောဘက်မှာ လွန်ခဲ့သော လ အနည်းငယ်မှ ရက်စွဲ တစ်ခုအပြင် ဘာမှမပါ။

ဓာတ်ပုံထဲမှာ မှီက မျက်နှာလေး မစောင်းတစောင်းနှင့် ပြုံးလဲ့လဲ့ ရှိနေသည်။ လက်တစ်ဘက်က ဖန်ခွက်တစ်ခုကိုင်း ကို ကိုင်ထားဟန် ရှိပေမယ့် . . . အပြည့်မပါ။ ကျန် လက်ဖျား ကလေး တစ်ခုက ပိုက်ဆံအိတ်ကလေးကို ကိုင်လျက်သား။

မျက်ဝန်းက ဘေးက တစ်ယောက်ကို ကြည့်နေသည်။ ပို့ စကတ်အရှယ် ကန့်လန့်ဖြတ်ပုံမို့ မျက်နှာကလေး များ များပါသည်။ ဓာတ်ပုံထောင့် တစ်ဘက်မှာ မိန်းကလေး တစ်ယောက်၏ ဆံပင်က ခပ်ဝါးဝါး။ မှီ့ နောက်ဘက်မှာ ဖြတ်လျှောက် သွားသော လူနှစ်ယောက် ကလည်း ခပ် ဝါးဝါးပင်။ ပုဆိုးကွက်တွေ တွေ့ရတာမို့ ယောကျ်ား ကလေးတွေ ဖြစ်မည်။

ပုံ တစ်ခုလုံးကို ခြုံကြည့်လျှင် မှီ မသိအောင် တိတ်တဆိတ် ရိုက်ယူထားမှန်း သိသာနေလေသည်။

'မင်းလွင်လတ်ဆိုတာ ဘတ်စ်ကားနောက်ကနေ ကားနဲ့ ပါလာတဲ့ ချာတိတ်ပေါ့ . . . ဟုတ်လား'

'ဟုတ်ကဲ့'

www.burmeseclassic.com



မှီက ခေါင်းညိတ်ပြကာ အခန်းထဲမှ ထွက်သွားတာမို့ နေဗလ မျက်နှာပုပ်သိုးကာ ကျန်ရစ်သည်။ ပန်းချီပုံကို ကိုင်ကာ ခုတင်ပေါ် ထိုင်ချလိုက်၏။ ပုံက တော်တော် တူသည်။ ချွန်နေသော မှီ့သွား ပုလဲသွယ်ကလေးကလည်း အပြင်က အတိုင်း။

ဒီကောင်မလေးက မှီ့ ပုံကို ဘာကြောင့် ခိုးပြီး ခတ်ပုံ ရိုက်ထားရတာလဲ။ ဘာကြောင့် ပုံတူဆွဲရတာလဲ။ ပြီးတော့ မှီ့ကို ဘာကြောင့် ဒါကြီး လက်ဖွဲ့ရတာလဲ။ မှီကကော. . . ဘာဖြစ်လို့ ယူလာရတာလဲ။

ပန်းချီထဲမှာတော့ ဘေးပတ်ဝန်းကျင်ပုံတွေကို ဖျောက်ကာ မှီ့ မျက်နှာကလေး တစ်ခုတည်းကိုသာ ဆွဲထားသည်။

ကြည့်နေရင်းက ဝန်တိုမစ္ဆရိယတွေနှင့် ရင်ထဲ ပူလောင်လာသည်။ မှီ့ကို လိုက်နေသည်. . . ဆိုတာလောက်တော့ စ ကတည်းက သိပေမယ့်. . . ခုလို ခတ်ပုံခိုးရိုက်၊ ပုံတူကူးဆွဲ ဆိုတာမျိုးက တော်ရုံ စွဲလမ်းမှုမျိုးနှင့် မဟုတ်နိုင်။

ဒီ ပန်းချီကို လက်ဖွဲ့ဖို့ ရည်ရွယ်အပ်တာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ ဒီလောက် ရက်ကလေးအတွင်း ပြီးနိုင်မှာ မဟုတ်။ ဟိုး အစကတည်းက သူ့ ရည်ရွယ်ချက်နှင့် သူ အပ်ထားတာပဲ ဖြစ်မှာ။

'တောက်. . . '

ပန်ချီကားကို ခုတင်ပေါ် ပစ်ချခဲ့ကာ နေဗလ အခန်းထဲမှ ထွက်လာသည်။ မှီ ဘယ်ရောက်နေပါလိမ့်။ မှီ့ ပုံစံက

www.burmeseclassic.com



မထုံတက်တေးနှင့် . . . ဆွဲဆောင့် ပစ်လိုက်ချင်စရာ ကောင်းနေသည်။

သူ ပြန်ရောက်လာလျှင် မှီက မျက်ရည်ကလေးတွေကျပြီး ဝမ်းသာအားရ ဆီးကြို စကားနာ ထိုးမည်ဟု ထင်မြင် မျှော်လင့်ထား ခဲ့တာမို့ မှီ မထံတက်သေး လုပ်နေသောအခါ ကိုယ့်အတွေးကို ကိုယ် ရှက်ရတော့ မလိုလိုပင်။

မှီ ငိုယိုကာ စကားနာထိုး . . . စိတ်ဆိုး စိတ်ကောက်ပြလျှင် သူ လုံးဝ စိတ်ပြေ ကျေနပ်ခြင်း မရှိတောင်မှ နည်းနည်း ပါးပါးတော့ နှစ်သိမ့် ချော့မော့ ဖြစ်မည်ဟု ထင်ထားခဲ့မိသည်။

'မှီရော'

မေမေ့အခန်းဝမှာ မရှေ့ကိုတွေ့တာမို့ လှမ်းမေးလိုက်သည်။

'မေမေကြီး အခန်းမှာပါရှင့်'

မေမေ့ အခန်းတံခါးကို နေဗလ တွန်းဖွင့်လိုက်သည်။ မေမေက မှန်တင်ခုံရှေ့က ကနုတ်ပန်းကွပ် ကုလားထိုင်မှာ မှီမှီထိုင်ကာ မှီက နောက်ဘက်မှာ ရပ်လျက် ဆံပင်ကို ဖြီးသင်ပေးနေသည်။

'သား . . . နိုးပြီလား . . . သမီး'

'နိုးလာပါပြီ မေမေ'

'ဘာလုပ်နေပါလိမ့်'

'ဒေါ်နန်းရွှေလတ်သားက ပေးလိုက်တဲ့ လက်ဖွဲ့ကို ကြည့်နေပါတယ်မေမေ'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟင်. . . နန်းရွှေလတ်သားက. . . သမီးနဲ့ သိသား'

'သိပါတယ်မေမေ၊ ကျောင်းမှာတော့ အခင်ကြီးမဟုတ်ပေမယ့်. . . စကား တစ်ခွန်း နှစ်ခွန်း ပြောဖူးပါတယ်၊ ဒေါ်နန်းရွှေနန်းရွှေလတ်သားဆိုတာတော့ မှီ ခုမှ သိတာပါ'

'မင်္ဂလာပွဲနေ့က နန်းရွှေလတ်တို့ လာသားပဲ၊ လက်ဖွဲ့ပြီးသားပါကွယ်'

'ဟုတ်ကဲ့ မေမေ. . . ၊ သူက မှီ့ ကို သူငယ်ချင်းအနေနဲ့ သတ်သတ် လက်ဖွဲ့တဲ့ သဘောပါ'

'ဟုတ်လား. . . သြော်၊ နန်းရွှေလတ်သားကို တစ်ခါ နှစ်ခါတော့ မြင်ဖူးသား. . . ၊ မှတ်တော့ မမှတ်မိပါဘူးကွယ်. . . ၊ သူ့ အမေက ရောက်ပေမယ့် ကလေးတွေက သိပ်မှ ပါမလာတတ်တာ၊ လာလည်ပါစေ. . . ဝင်ပါ ထွက်ပါစေကွယ်. . . ၊ သူ့ အဖိုးက မမမေတို့ အပေါ် အင်မတန် သစ္စာရှိပြီး လေးစား ခင်မင်တဲ့ သူပါ'

'သူ ပြောပြပါတယ် မေမေ'

'အေး. . . အေး. . . ၊ သူ့နာမည်က ဘာတဲ့လဲ'

'ခွန်. . . မင်းလွင်လတ် ပါ. . . မေမေ'

'သြော်. . . သြော်'

မှီက ဒေါ်စဝ်သီရိကျော့၏ ဆံပင်ရှည်ရှည်ကို ဖြီးသင်ပြီးသွား တာမို့ မှန်တင်ခုံပေါ်မှ ဆင်စွယ်ဘီးကို လှမ်းယူရင်း. . .

'မှီ. . . ထုံးလိုက်တော့မယ်နော်. . . မေမေ'

'အေး. . . အေး'

BURMESE CLASSIC .com

www.burmeseclassic.com



မှီက သေသပ် လှပသော ဘီးဆံပတ်တစ်ခု ထုံးပေး လိုက်သည်။ အဖြူ အနက် ဆတူ ရောနေသော ဆံပင် သန်သန် များကြောင့် ဆံထုံးက ခပ်ကြီးကြီး ခပ်ပုံ့ပုံ့။

'ပြီးပါပြီ မေမေ. . . ဆံပင် တင်းသေးလားဟင်'

'မတင်းပါဘူးကွယ်. . . ၊ မေမေ့ကို ခြေစွပ်ယူပေးပါအုံး၊ ခြေဖျား အေးချင်သလိုလိုပဲ'

မှီ က ကော်ဇောခင်း ကြမ်းပေါ်ထိုင်ချကာ ဒေါ်စဝ်သီရိ ကျော့၏ ခြေဖျားကလေးများ လက်နှင့် ဆုပ်ထွေး ကြည့်လိုက်သည်။ အေးအေးစက်စက် ရှိနေ၏။

မှီ့အပေါ် ကောင်းလွန်းသော အမျိုးသမီးကြီးမို့ . . . မှီ ယောက္ခမ ဟုပင် မမြင်။ ကိုယ့် မိခင်တစ်ယောက်နှယ်ပင် ချစ်ခင် စေတနာ ထားမိပါသည်။ ခြေဖျား အေးနေတော့ လည်း မှီက ရင်ထဲ ပူပန်သွားမိလျက်၊ မလှမ်းမကမ်းမှ ဗီရိုပုကို ဖွင့်ကာ ခြေစွပ် အဖြူတစ်စုံ ထုတ်ယူလိုက်ရင်း ကမန်းကတန်းပင် ခြေထောက်မှာ စွပ်ဖို့ ပြင်သည်။

မေမေက ခြေ အေးစက်ကာ ထုံကျဉ်လျက်၊ နွေးနွေး မနေမိပါက ခြေသလုံး ပေါင်တို့အထိ တက်ပြီး ထုံကျဉ်ကာ လှုပ်ရှား မရ ဖြစ်တတ်သော ရောဂါ ရှိသည်လေ။

မှီတို့ မင်္ဂလာဆောင် ညက ခြေအစွပ်မပါဘဲ အိပ်ဖြစ် သွားသော မေမေ. . . နောက်တမနက်မှာ အိပ်ရာထဲက မထ နိုင်အောင် ခြေထောက်တွေ လှုပ်မရ ဖြစ်နေတာ မှီ ကြုံခဲ့ ရပြီးပြီ မဟုတ်လား။

www.burmeseclassic.com



'မီးသွေးဖိုကလေးနဲ့ ခြေထောက်ကို နည်းနည်းနွေးသွားအောင် လုပ်မလား မေမေ'

'အေး. . . ကောင်းသားပဲ သမီးလေး'

'မှီ သွားယူခဲ့မယ်နော်. . . ၊ ဇန်းနဲ့ ထည့်ယူခဲ့ပါ့မယ်'

'မရွှေတို့. . . ဒေါ်ကြူးတို့ကို သယ်ခိုင်းခဲ့ပါ၊ အပေါ်ထပ်ထိ သမီး သယ် တက်မလာနဲ့နော်၊ မီးပွားစဉ်တာ ခလုတ်တိုက်လဲတာ ဖြစ်နေအုံးမယ်'

'ဟုတ်ကဲ့ပါ မေမေ'

မှီ ထိုင်ရာမှ ထ ရပ်လိုက်စဉ်၌ပင် အခန်းဝက မောင့်ကို လှမ်းမြင်လိုက်ရသည်။ လှမ်းလုဆဲ ခြေလှမ်းလေး တုံ့ သွားရတာကြောင့် မေမေက လှည့်ကြည့်လိုက်ရင်း. . .

'သား. . . လာလေ၊ မေမေ ခြေထောက် အေးလို့ကွဲ့၊ ရေချိုးတာလဲ ညနေစောင်းသွားတယ်လေ'

စဝ်နေဗလက ခပ်တည်တည် ဝင်လာသည်။ မှီ့ကိုပဲ စိုက်ကြည့်လာတာမို့ မှီက မျက်လွှာ ချထားလိုက်မိသည်။ အနားကို မောင် ရောက်လာမှ မောင့်ရှေ့က ခေါင်းငုံ့ဖြတ်ကာ အခန်းထဲမှ အပြေးတပိုင်း ထွက်လာခဲ့၏။

'သားရွေးလာတဲ့ မိန်းကလေးကို မေမေတော့ သမီးလေးအရင်းလို ချစ်နေမိပြီသား'

'ကောင်းပါတယ် မေမေ'

'အင်မတန် လိမ္မာတဲ့ သမီးကလေးပဲကွယ်၊ မေမေ့ကို ပြောစမ်းသား၊ သားတို့ ဘာပြဿနာ ဖြစ်ထားကြသလဲ'

www.burmeseclassic.com



'သူ ဘာပြောသလဲ မေမေ'

ဒေါ်စင်သီရကျော့က သားဖြစ်သူ မျက်နှာကို မှန်ထဲမှတစ်ဆင့် အကဲခတ်ကြည့်လိုက်ရင်း. . .

'သူက ဘာမှမဖြစ်ပါဘူးလို့ ပြောပေမယ့်. . . ၊

'ဟုတ်ပါတယ်၊ ဘာမှ မဖြစ်ပါဘူး မေမေ'

'မေမေကတော့ တစ်ခုခုဖြစ်နေကြသလားလို့ ထင်တာပဲ၊ ဘာပဲဖြစ်ဖြစ်. . . ဘာမှ မဖြစ်တာကိုဘဲ လိုချင်ပါတယ်ကွယ်၊ သားကိုယ်တိုင် ချစ်မြတ်နိုးလို့ မေမေ ပေးစားထားရတဲ့ ချွေးမပါ၊ မေမေက. . . စပ်ပေးထားလို့ သား လက်ခံထားရတာ မဟုတ်ဘူး ဆိုတာ သား သဘောပေါက်ထားရင် ပြီးတာပဲ'

စင်နေဗလက မျက်မှောင်ကြီး ကုတ်ကာ ငိုင်နေသည်။ ဘာမှ မကြာခင် မှီနှင့် ဒေါ်ကြူး ဝင်လာ၏။ ဒေါ်ကြူး လက်ထဲမှာ ကြေးလင်ပန်း တစ်ချပ်ပါသည်။ လင်ပန်းပေါ်မှာ မီးသွေးကျောက်ဖို အသေးကလေးက မီးခဲတရဲရဲနှင့် ပါလာ၏။

မှီက ဒေါ်ကြူးကို ကူညီကာ ဗန်းကိုချသည်။ ဒေါ်စင်သီရိ ကျော့ ခြေဆန့်ထားလျှင် အပူငွေ့ နွေးနွေး ဟပ်သာရုံ နေရာကို မှန်း၍ ပြင်ဆင်သည်။

'မေမေ. . . လှုံရအောင်နော်'

'အေး. . . အေး'

BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်စင်သီရိကျော့က ခုံပေါ်ထိုင်လျက် ခြေကို ရှေ့သို့ ဆန့်၏။ မှီက ခြေထောက်ဖျားကို ကိုင်ကာ မီးငွေ့ နွေးနွေး ဟပ်စေလျက် ခြေဖျားကို ချိုးခေါက် ဆုပ်နယ်ပေးသည်။

'သမီးရယ်. . . ဒီအတိုင်းပဲ ခြေဆန့် ထားပါ့မယ်၊ ရပါ တယ်'

'မေမေ ခြေ ဆန့်ထားရရင် ညောင်းမှာပေါ့၊ ညောင်း ပြီး ခြေထောက် နိမ့်အကျမှာ မီးဖိုနှုတ်ခမ်းနဲ့ ထိပြီး. . . အပူ လောင်မှာ စိုးလို့ပါ'

'ကျေးဇူးပါပဲ သမီးရယ်၊ မကြူး. . . သွားတော့၊ လုပ် စရာ ရှိတာလုပ်ပါ'

'ဟုတ်ကဲ့ပါရှင့်'

ဒေါ်ကြူးက ခပ်ရို့ရို့ ထွက်သွားသည်။

ဒေါ်ကြူး. . . ကြက်ဥသုံးလုံး ခေါက်ထားလိုက်ပါ၊ နွားနို့ လည်း ကြိုလိုက်တော့နော်၊ မှီ တော်ကြာ ပူတင်း လာလုပ် မယ်'

'ဟုတ်ကဲ့'

'မေမေ. . . ဆာပြီလား'

'မဆာပါဘူး သမီးရယ်၊ စားချင်စိတ်ကို မရှိဘူး ညနေ ဘက် ဆိုရင်. . . '

ဒေါ်စင်သီရိကျော့က ညနေစာဆိုလျှင် လုံးဝ စားမဝင် တတ်။ ဇွတ်မှိတ် စားလိုက်ပြန်လျှင် အစာမကြေဘဲ ရင်ပြည့် နေတတ်တော့ တာမို့ နွားနို့ကလေး လောက်သာ သောက် တတ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



မှီက ညနေဘက်ဆို ပူတင်းကလေး လုပ်ပေးတတ်တာကို မြည်း ကြည့်ပြီး ဒေါ်စဝ်သီရိကျော့က ခံတွင်း တွေ့သည်။ ဒီတော့ ညနေဘက်ဆို ပူတင်း ဖုတ်ပေးရတာ မှီ့ တာဝန် ဝတ္တရား ဖြစ်နေပါပြီ။

စဝ်နေဗလက သားအရင်း တစ်ယောက်လုံး လုပ်ကွက် မရှိအောင် အကွက်စေ့စေ့ စီစဉ် လုပ်ကိုင်နေသော မှီ့ကို မျက်မှောင် တွန့်ကြည့်နေရင်း. . . ကျေနပ်ခြင်း တဝက်၊ မကျေနပ်ခြင်း တဝက်နှင့် မှုန်ကုပ်ကုပ် ဖြစ်နေရ၏။

'သား'

'ဟုတ်ကဲ့ မေမေ'

'ဟိုပေါ်က သော့ယူပြီး ဒီ အံဆွဲကို ဖွင့်စမ်း'

'ဟုတ်ကဲ့'

စဝ်နေဗလက မိခင် ညွှန်ကြားသည့်အတိုင်း သော့ကို ယူကာ မှန်တင်ခုံ အံဆွဲကို ဖွင့်သည်။

'ခရမ်းရောင် ကတ္တီပါ ဘူးကလေး ထုတ်လိုက်စမ်းပါ. . . သား'

'ဟုတ်ကဲ့'

စဝ်နေဗလက ထုတ်ယူကာ ဒေါ်စဝ်သီရိကျော့ လက်ထဲ ထည့်ပေးလိုက်၏။ ဒေါ်စဝ်သီရိကျော့က ဘူးကလေးကို ဖွင့်ပြီး အတွင်းမှ လက်စွပ်တစ်ကွင်းကို ထုတ်ယူသည်။

'ဒါ. . . လွန်ခဲ့တဲ့ခုနှစ်နှစ် ရှစ်နှစ်လောက်ထိ မေမေဝတ်ခဲ့ တာပေါ့၊ ဒီ နောက်ပိုင်း မေမေက ဝလာတော့ ခုဆိုရင်

www.burmeseclassic.com



လက်သန်း နဲ့တောင် ဒီ လက်စွပ်လေး မတော်ချင်တော့ဘူး။ မှီ နဲ့ တော်မလားလို့. . . သားရဲ့'

ပြောပြောဆိုဆို မှီ့လက်ကို လှမ်းကိုင်ရင်း. . .

'သမီး ဘယ်ဘက်လက် ပေးစမ်း'

မှီက ငြင်းရတာလည်း ရိုင်းမှာ စိုး. . . ၊ သိပ်လည်း လက်ခံချင်စိတ် မရှိလှတာမို့. . . လက်ကလေးက တုံ့နှေးစွာ မြောက်တက်လာသည်။

'လက် သူကြွယ်မှာ စွပ်ကြည့်ရအောင်'

'မှီ့ ကို အခု စွပ်ခိုင်းထားတဲ့ တန်းကွင်းကလေး သုံးခုလဲ ရှိနေပြီးသားပဲ မေမေ၊ မေမေပဲ သိမ်းထားပါ'

'စွပ်ကြည့်ပါအုံး'

မှီ မငြင်းသာဘဲ စွပ်ထားဆဲ စိန်တန်းကွင်းကလေးများကို ဖြုတ်ကာ အပါးဝိုင်း တစ်လုံးတည်း လက်စွပ်ကို ဝတ်ပြလိုက်ရ၏။ ပြားစေ့ နီးနီး ကြီးသည့် စိန်ပွင့်မှ အရောင်တို့က ဖျိုးဖျိုးဖျပ်ဖျပ် လက်နေတော့သည်။

'ကြည့်ပါအုံး. . . တိုင်းလုပ်ထားသလိုပဲ၊ အတော်ပဲ. . . ၊ လှလိုက်တာ. . . သမီး လက်မလေးနဲ့'

မှီက ပြန်ချွတ်ဖို့ ပြင်သည်။

'မချွတ်နဲ့ သမီး၊ ဆက်ဝတ်ထား၊ တန်းကွင်းကလေးတွေက နုတ်ပါတယ်'

'ဒါက သိပ်. . . သိပ်ကြီးပြီး တန်ဖိုးအရမ်းကြီးတော့ မှီ မဝတ်ရဲဘူး မေမေ'

BURMESE CLASSIC .com

www.burmeseclassic.com



'ဘာလို့ မဝတ်ရဲရမှာလဲ သမီး၊ ဝတ်ထား၊ ရော့. . . ဒီသုံးကွင်းလဲ သိမ်းထား'

မှီ. . . လှမ်းယူလိုက်ရရင်း မောင့်မျက်နှာကို မရဲတရဲ လှမ်းကြည့်မိလျက်သား ဖြစ်သွားရသည်။ မောင်က မျက်တောင်နက်ကြီးများ စင်းလျက် မှီ့ကို ငုံ့ကြည့်နေရာမှ ဖျတ်ခနဲ အကြည့် လွှဲသည်။

'သွားသိမ်းလိုက် သမီး'

မှီ ထိုင်ရာမှ ထထွက်သည်။ စဝ်နေဗလ မျက်ခုံးကို ကုပ်ထားရင်း. . .

'မေမေ့ ချွေးမဖြစ်တာ သုံးလေးရက်ပဲ ရှိပါသေးတယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် ဆင်နေတာလဲ မေမေ'

'ချစ်လို့ပေ့ါကွဲ့'

စဝ်နေဗလက သက်ပြင်းတစ်ချက်ကို ခက်ခဲစွာ ချမိသည်။ မှီရယ်. . . ထင်တော့ မထင်ရက်ပေမယ့် ဥမ္မာအောင်လို မိန်းကလေးမျိုး ဖြစ်နေမှာ ကို စိုးထိတ်သည်။ ဂုဏ်မက် ငွေမက် ပစ္စည်းမက်လွန်းသော မိန်းမတစ်ယောက်ကြောင့် နာမည်ပျက်မတတ် ဖြစ်ခဲ့ရဖူးတာ. . . သိပ် ချစ်ရသော မိန်းကလေး တစ်ယောက် ကြုံလာရသည့်အခါ သိပ်ကြောက်တတ်နေတာမျိုးပါပဲ။

ထင်တော့ မထင်ရက်။ ဒါပေမယ့် မင်းလဲ ငွေနှင့်ဂုဏ်ကို မက်မော တန်ဖိုးထားတတ်သူပဲ မဟုတ်လား မှီ ရယ်။

www.burmeseclassic.com



ဥမ္မာအောင်တုန်းကလို တိကနဲ ပြတ်ကာ မစွန့်ရက်အောင် ချစ်မိတာမို့. . . လက်ထပ်တော့ ယူမိသည်။ ဒါပေမယ့် ရင်ထဲ အောင့်သက်သက်နှင့်. . . စိတ်တော့ နာချင်တယ် မှီ။

*　*　*

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၆)

'မမေကြည်'

အခန်းဝမှ ခေါင်းကလေး ပြူကာ မှီ လှမ်းခေါ်လိုက်တာမို့ ကြက်မွေးတစ်ချောင်းကိုင်ကာ မောင့် ပန်းပုရုပ်ဗီရိုကို သန့်စင်နေသည့် မမေကြည် ထ လာသည်။

'ဟုတ်ကဲ့. . . လာပြီ. . . မမလေး'

အခန်းဝမှာ ခြေထောက်သုတ်ကာ မမေကြည် ဝင်လာသည်။ မှီ့ ခုတင်ပေါ် ပြန့်နေသည့်အင်္ကျီအချို့ကို ကြည့်ကာ မျက်လုံးကလေး ပြူးသည်။

မှီ ဆံပင်ကလေးသပ်ကာ အသံထွက်အောင် ရယ်လိုက်

BURMESE CLASSIC .com

www.burmeseclassic.com



မိ၏။ မမေကြည်နှင့် တစစ ရင်းနှီးခင်မင်နေပြီမို့ မမေကြည်ကလည်း လိုက်ရယ်သည်။

ဒေါ်စင်သီရိကျော့နှင့် စင်နေဗလကိုဆို အဆင့် အများကြီး ကွာသလို အရိုအသေပေးလျက် အရေးတယူ တလေးတစား နေနေ ကျနေပြီ ဖြစ်ပေမယ့်. . . မှီကတော့ တရင်းတနှီး ပေါင်းလို့ရတာမို့. . . မှီ့ ကိုဆို မေကြည်က ပြောရဲဆိုရဲ ပွင့်လင်းသည်။

'ဘာလုပ်နေတာလဲ မမလေး'

'မှီ ဘာဝတ်ရမလဲ စဉ်းစားနေတာ မမေကြည်၊ သူ ဖုန်းလှမ်းဆက်ထားတယ်. . .၊အဆင်သင့်လုပ်ထားတဲ့. . .၊ ညှော့ခံပွဲ တစ်ခု သွားရမယ့်တဲ့ မမေကြည်'

'ဘာပွဲလဲ မမလေး'

'(        )စော်ဘားရဲ့မြေး စင်သီဝဦးနဲ့ (        ) စော်ဘွားရဲ့မြေး စင်မာလာနှင်း စေ့စပ်လက်စွပ် စွပ်တဲ့ပွဲလို့ ပြောတာပဲ. . . မမေကြည်၊ မမေကြည် သိလား ဟင်'

'သိတော့ သိပါတယ်၊ သိတယ်ဆိုတာက ကျွန်မ ကြားဖူးတာကို ပြောတာပါ၊ မေမေကြီးတို့နဲ့လဲ ဒီလောက်ကြီးတော့ မခင်ကြပါဘူး'

'အခုပွဲမှာတော့ နယ်(    ) နယ်က စော်ဘွားကြီးတွေရဲ့ အမျိုးတွေကို ဖိတ်တယ်လို့ ပြောတယ် မမေကြည်'

'ဟုတ်ကဲ့'

'အဲသလို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားပွဲမျိုး မှီ မသွားဖူးဘူး. . . မမေကြည်ရဲ့'

BURMESE CLASSIC .com

www.burmeseclassic.com



အရိုးခံ မျက်နှာကလေးနှင့် ဖြူစင်စွာ ပြောသော မှီကို မမကြြည်က ချစ်ခင်စွာ ပြုံးကြည့်ရင်း. . .

'ဪ. . . အဲဒါကြောင့် မမလေးက အဝတ်အစား ရွေးနေ တာလား'

'ဟုတ်တယ် မမကြည်'

မှီက ပြောပြောဆိုဆို ဗီရိုကို ဆွဲဖွင့်လိုက်သည်။

'မှီ ဘာဝတ်ရမလဲ မမကြည်'

လှည့်မေးရင်း မမကြည်နေရာမှာ မောင်သာဆို ဘယ်လောက် ကောင်းမလဲဟု စိတ်ကူးယဉ်လိုက်မိသေးသည်။

'မှီက ထုံတမ်းအစဉ်အလာတွေ ဘာမှမသိတော့ တော်ကြာ မှီ ရွေးမိတဲ့ အရောင်က မင်္ဂလာ မရှိတာတို့ ဘာတို့ သူတို့အယူနဲ့ တိုက်နေမှာစိုးလို့'

'အဖြူရောင်ကတော့ ကောင်းတာပေါ့ မမလေး'

'ဒါဖြင့် အဖြူရောင်ပဲ ဝတ်ရမှာလား'

မှီက ဗီရိုထဲရှိသမျှ အဖြူရောင် အင်္ကျီကလေးတွေကို ဆွဲထုတ်လိုက်သည်။ မမကြည်ကိုပဲ အားကိုးလှစွာ ထုတ်ပြရသည်။ မမကြည်က တစ်ထည်ဆွဲယူလိုက်. . . လုံချည် တစ်မျိုးနှင့် ကပ်လိုက် လုပ်ကြည့်ရင်း. . . စိတ်ဝင်တစား ရွေးချယ်ပေးနေသည်။

မှီ ဘာမှ ဝင်မပြောဘဲ လက်ကလေးပိုက်ကာ ရပ်ကြည့်နေရသည်။

'သခင်လေး ဘာဝတ်မယ်ဆိုတာ မမလေးကို ပြောပြီးပြီလား'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟင့်အင်း. . . မှီ့ကို မပြောဘူး. . . ဘာဖြစ်လို့လဲ'

'တိုက်ပုံ၊ ပုဆိုးပဲ ဝတ်မှာလား. . . ရှမ်းဝတ်စုံ ဝတ်မှာလား ဆိုတာ မပြောရသေးဘူးလား. . . မမလေး'

'ဟင့်အင်း'

မှီ ခေါင်းကလေးခါကာ ဝမ်းနည်း ရှက်ရွံ့သွားရသည်။ မောင်က မှီ့ကို စကားပို များများ စားစားမှ မပြောဘဲလေ။ မနက် မိုးလင်းကတည်းက သူ့ လုပ်ငန်းခွင်ကို ထွက်သွားလိုက်တာ. . . ည မိုးချုပ် နေဝင်မှ ပြန်ရောက်လာတတ်တာ။

သမီးရည်းစား ဘဝတုန်းက နွှေးထွေး ယုယခဲ့ဖူးသူ တစ်ယောက်သည်. . . သူမှ ဟုတ်ရဲ့လားဟု အထင်မှားရတော့ မလိုပါဘဲ။ လင်မယားဘဝရောက်မှ နှစ်ယောက်သား စိမ်းနေရသည်။

'သူ ရှမ်းဝတ်စုံဝတ်ကော မှီ့မှာ ရှိမှ မရှိတာ၊ မှီကတော့ ဘာဝတ်ဝတ် ရပါလိမ့်မယ် ထင်ပါရဲ့ မမေကြည်ရယ်'

မှီ ခေါင်းကလေး ကုန်နေခိုက် တယ်လီဖုန်း မြည်သံ တစ်ခုကြောင့် မမေကြည်က မှီ့ရှေ့မှ ခေါင်းငုံ့ကာ ဖြတ်ပြေးထွက် သွားသည်။ မှီပါ အခန်းထဲက လိုက်ထွက်လာခဲ့၏။

'အမိန့်ရှိပါရှင်'

'ကိုစဝ်နေဗလ ရှိပါသလား'

'ကုန်တိုက်သွားပါတယ် ရှင်'

'ဒါဖြင့် သူ့ဇနီးရော ရှိပါသလား'

www.burmeseclassic.com



'ခဏာပါနော်. . . မမလေး အိပ်များနေသလား. . . ကြည့်လိုက်ပါရစေ. . . အမိန့်ရှိတာ ဘယ်သူပါဘဲ'

'ကိုစဝ်နေဗလရဲ့ မိတ်ဆွေပါ။ နာမည်ပြောလဲ ယွန်းမှီမှီက သိမယ် မထင်ပါဘူး'

'ဟုတ်ကဲ့ရှင်. . . ကိုင်ထားပါနော်'

မမေကြည်က ဖုန်းကို နံဘေးချထားခဲ့တာ မှီ့ကို တီးတိုးလာပြောသည်။

'သခင်လေးရဲ့ မိတ်ဆွေလို့ ပြောပါတယ်၊ အမျိုးသမီးပဲ မမလေး၊ မမလေးရှိရင် ပြောချင်တယ်တဲ့၊ ကျွန်မကတော့ အိပ်နေ သလား မသိဘူးလို့ ပြောခဲ့ပါတယ်'

'ဘာကိစ္စလဲမှ မသိတာ၊ မှီ ပြောလိုက်ပါ့မယ်၊ မှီ့အတွက် အကျီ ရွေးထားပေးနော်'

'ဟုတ်ကဲ့'

'ယွန်းမှီမှီလား'

'ဟုတ်ပါတယ်'

'တို့နာမည် ဥမ္မာအောင်ပါ၊ သိသလား'

'ဟင့်အင်း. . . မသိပါဘူး'

'ကိုကိုက ပြောပြမထားဘူးဆိုပါတော့'

'ဘယ်သူ့ကို ပြောတာပါလဲ'

'ကိုကိုဆိုတာ ကိုစဝ်နေဗလကို တို့ ခေါ်တာလေ၊ အစ

www.burmeseclassic.com



က အရမ်းရင်းနှီးတာ၊ ခုတော့ ပြဿနာတစ်ခုဖြစ်ပြီး သိပ်အခေါ်အပြော မရှိဘူး'

'ဩော်. . . ဟုတ်ကဲ့'

မှီ. . . ရင်တွေတဒိတ်ဒိတ်ခုန်လာသည်။ မောင့်ကို. . . ကိုကိုတဲ့။ မျက်နှာကလေး အုံ့မှိုင်းကာ ဖုန်းကိုင်ထားသော လက်ကလေး တွေ တုန်ချင်လာသည်။

'ဟိုတပတ်က သူ မန္တလေးလာတယ်လေ'

'ဟုတ်ကဲ့'

'အဲဒီမှာ တို့နဲ့တွေ့တယ်၊ တို့က မန္တလေး ဆိုင်ခွဲမှာ ဆေးလ်စ်ဂဲလ်ပေါ့၊ အရောင်းတာဝန်ခံ လုပ်နေတာ၊ ဝင်လုပ်တာ ဘာမှ မကြာသေးပါဘူး၊ သူတောင် အဲဒီ တစ်ခေါက်လာမှ သိသွားတယ်'

'ဟုတ်ကဲ့'

'တို့ကို သူက မုန်းတယ်လေ. . . ဟဲဟဲ၊ တို့ကို တွေ့တာနဲ့ မန်နေဂျာကိုပြောပြီး အလုပ်ဖြုတ်ပစ်ခဲ့တယ်'

'ဩော်'

'တို့ နောက် တစ်ရက် သူ့ ဟိုတယ်လိုက်သွားပြီး စကားပြောတယ်. . . ပြန်ခန့်ဖို့၊ စဉ်းစား ကြည့်လေ. . . တို့ ကောင်းကောင်း လုပ်နေတာပဲ၊ သူ့ဆိုင်မှာ ဥပမာ. . . တို့က ပစ္စည်းခိုးလို့၊ ပိုက်ဆံခိုးလို့ ဆိုရင် ထားပါတော့'

'ဟုတ်တာပေါ့ရှင်'

'တာဝန်လစ်ဟင်းပေါ့လျော့လို့ဆိုရင်လဲ ထားပါတော့'

'ဟုတ်ကဲ့'

www.burmeseclassic.com



'ခုတော့ ဘာမှ မဖြစ်ဘဲ တို့ ဖြစ်နေတာနဲ့တင် အလုပ် ဖြုတ်ပစ်တာ'

'ဪ'

'သူ့ကို ဟိုတယ်မှာ သွားတွေ့တဲ့နေ့က တို့ပြောပြတယ်၊ ပြန်ခန့်ပါ. . . လို့၊ ရုတ်တရက် ဖြုတ်ပစ်တော့ လုပ်ဖော်ကိုင်ဖက် တွေကလဲ သို့လော-သို့လော ထင်ကြတယ်'

'ဟုတ်ကဲ့'

'ပြန်ခန့်ပေးဖို့ပြောတာ သူ ခုထိ မန်နေဂျာဆီ မညွှန်ကြားဘူး၊ လောလောဆယ် တို့မှာ အလုပ်လဲ မရှိဘူး ဖြစ်နေပြီ။ ဘွဲ့ရထားရင်လဲ ဘားအရေးလဲ၊ ဘယ်မှာဝင်လုပ်လုပ်၊ တို့က ဆယ်တန်း မအောင် ဘူးလေ'

'ဟုတ်ကဲ့'

'သူ့ ကုန်တိုက်တွေဆိုတာ တို့နဲ့ ဟိုတုန်းကထဲက ရင်းနှီး နေတာ၊ ရန်ကုန်က ကိုခင်မောင်ကျော် ကိုင်တဲ့ ကုန်တိုက်ဆိုရင် တို့ခြေ တို့လက် တို့ ဝင်ထွက်နေတာ'

'ဪ'

'တို့ ကျွမ်းဝင်နေတဲ့ အလုပ်လေ၊ ဒါကြောင့် တို့ လုပ်ချင် တယ်၊ အဆင်ပြေတယ်၊ အဲဒါကို အပြစ်မရှိဘဲ ဖြုတ်ပစ်တာ သူ ရက်စက်တာပေါ့ ယွန်းမှိုမှိုရယ်'

'ဟုတ်. . . ဟုတ်ကဲ့'

'သူ မေ့နေတာ ထင်တယ်၊ နည်းနည်း သတိပေး ပေးပါလား'

'ဟုတ်ကဲ့. . . မှို သတိပေးပါ့မယ်'

www.burmeseclassic.com



'မှီ လို့ ခေါ်ရမလား'

'ခေါ်ပါ'

'မှီ အသက် ဘယ်လောက် ရှိပြီလဲ'

'နှစ်ဆယ်ပါ'

'ငယ်တာပေါ့၊ မမက နှစ်ဆယ့်လေး၊ နာမည်လဲ မှတ်ထားအုံး. . . မှတ်မိရဲ့လား. . . မှီ'

'ဟုတ်ကဲ့'

'ဘာတဲ့လဲ'

'မဥမ္မာအောင်ပေါ့'

'ဟင်း ဟင်း'

တစ်ဘက်က ရယ်သံ ကြားရသည်။ မှီ. . . အသက်ရှူသံ ပြင်းပြင်းနှင့် ငြိမ်နေမိ၏။ စကားပြော ရဲတင်း ချက်ချာလှသော ဥမ္မာအောင် ဆိုသူကို ဘာအကြောင်းမှ မရှိဘဲ မှီ လန့်နေသလိုပင်။

မောင်နှင့် သိပ်ရင်းနှီးပုံရသည်။ ကိုခင်မောင်ကျော်ကိုပင် သိနေတာ။ ကိုခင်မောင်ကျော် မန်နေဂျာအဖြစ် ထိုင်သည့် ကုန်တိုက်က သူ့ခြေ သူ့လက် ဆိုတာကတော့. . . တော်ရုံ ရင်းနှီးမှုဖြင့် ဖြစ်နိုင်ပါ့ မလား

မောင့် ထံမှ တစ်ခါမှ မကြားရဖူးသော အမည်ဆိုတော့ ယုံရမလို မယုံရမလို။ သို့ပေမယ့်. . . မှီ တစ်စုံ တစ်ခုကိုတော့ တုန်လှုပ် နေမိတာ အမှန်ပါပဲ။ မောင်နှင့် ဥမ္မာအောင်တို့ ပတ်သတ်ခဲ့မှုကို မယုံမရဲ ရှိနေမိတာပဲ ထင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



'မှီက စကားပြော ချိုတယ်နော်၊ မမတော့ မချိုဘူး၊ ကိုကိုနဲ့. . . ဟိုတုန်းကထဲက သိပ်မတည့်ပါဘူး။ ရင်းနှီးခါမှသာ ရင်းနှီးရော'

မှီ မျက်စိကလေး ယောင်ယမ်း မှိ ထားလိုက်မိသည်။ 'ကိုကို' ဆိုသော အသုံးအနှုန်းက နားထဲ ပွဲတင် ထပ်နေသည်။

'မှီနဲ့မမ. . . ကွန်တက်က်ရတာသာ သူ သိရင် သိပ်အံ့သြသွားမယ်၊ ဘာတွေပြောသလဲ. . . လို့ သူမေးလိမ့်မယ်၊ မယုံရင် စောင့်ကြည့်၊ ဒါပါပဲ၊ မမ ပြောတာတွေသာ ပြောလိုက် ပါနော်'

'မှီ. . . ပြောပြပါ့မယ်'

'ပြန်ခန့်ဖို့လဲ တိုက်တွန်းပေးစမ်းပါ'

မှီ ရင်ထဲ ကတုန်ကယင် ဖြစ်လာရသည်။ မောင် ပြန်ခန့်လိုက် မှာကိုပင် လန့်လာသလိုလို ဖြစ်လာရ၏။ 'ဘာတွေပြောသလဲ. . . လို့ သူမေးလိမ့်မယ်' ဆိုသည့် စကား တစ်ခွန်းကိုလည်း ကြောက်လန့်သည်။

'နော်. . . တိုက်တွန်းပေးစမ်းပါ'

'ဒါတော့ သူ့ကိစ္စ. . . အထူးသဖြင့် အလုပ်ကိစ္စမှာ မှီ ဘာမှ ဝင်မဆွေးနွေးဘူး မမ'

'ဟင်. . . ဘာဖြစ်လို့လဲ. . . လင်မယားပဲ'

မှီ နှုတ်ဆိတ်သွားရပြန်သည်။

'ပြောပေးစမ်းပါ မှီရယ်၊ မမ အကြောင်းကိုလဲ သူ သိ

BURMESE CLASSIC .com

www.burmeseclassic.com



ပါတယ်၊ မမက. . . လိုချင်တာ ရ ရမှ၊ အခုဟာက. . . ဘာ ကူလီ ကူမာမှ မပါဘူး၊ အရောင်းကောင်တာမှာ လုပ်ရတာ မမ ဝါသနာလဲပါတယ်၊ မမက စကားခပ်များများဆိုတော့ ကိုက်လဲ ကိုက်တယ်၊ တခြားလဲ ဘာမှ မလုပ်တတ်ဘူး'

'ဒီအလုပ် သိပ်လုပ်ချင်နေတာကို တမျိုးတမည်လဲ မတွက်ပါနဲ့. . . လို့၊ ကိုယ် ကျွမ်းကျင်ပြီးသား အလုပ်တစ်ခုကို လုပ်ချင်တဲ့ ရိုးရိုးသားသား ကိစ္စပါ. . . လို့'

'ဟုတ်ကဲ့'

'ဒါဆိုရင် ဒါပဲလေ. . . ၊ ဒီကိစ္စ. . . ဒီကိစ္စ. . . ဥမ္မာအောင် ဖုန်းဆက်ပြီး ပြောတယ်လို့သာ ပြောလိုက်ပါ'

'ဟုတ်ကဲ့. . . ၊ အကယ်၍ သူ တစ်ခုခု ပြောချင်ရင် မှီ ဘယ်ကို ဆက်သွယ်ခိုင်းရမလဲ'

'မမ အခု. . . ပတ်ဘလစ်ခ်ဖုန်းက ဆက်ရတာ၊ ရန်ကုန်က သူငယ်ချင်း တစ်ယောက်ဆီ တည်းနေတယ်. . . ၊ ဝင်းဝင်းကြူ ဆိုရင် သူ သိပါတယ်. . . ၊ဒါပေမယ့်. . . လာမယ်တော့ မထင်ပါဘူး. . . ၊ မမပဲ. . . တစ်ရက် နှစ်ရက်အတွင်း ဖုန်း ပြန်ဆက်လိုက်မယ်'

'ဟုတ်ကဲ့'

'ကျေးဇူးပဲ မှီရေ. . . ဒါပဲ'

'ဟုတ်ကဲ့'

တစ်ဘက်က ဖုန်းချသွားတာမို့. . . မှီလည်း ချလိုက်ရသည်။ မှီ့ အခန်းရှိရာ ပြန်လာသော ခြေလှမ်းတွေက နှေးတုံ့တုံ့ ဖြစ်နေသည်။ အခန်းထဲမှာ မမေကြည်က အကျီ

BURMESE CLASSIC .com

www.burmeseclassic.com



နှစ်စုံ ရွေးထားပြီးသား ဖြစ်နေသည်။ ဖြီးလိမ်းပြင်ဆင်ဖို့ကို မှီ စိတ်မဝင်စားလှတော့ဘဲ ငိုင်တွေနေရာမှာ. . .

'မမေကြည်'

'ရှင်. . . မမလေး'

'ဥမ္မာအောင်ဆိုတာ ကြားဖူးလား'

မေကြည် မျက်ခုံး မြင့်သွားရသည်။ ခုန ဆက်တာ ဥမ္မာအောင်ကိုး. . . ဟု သဘောပေါက်သွားရသည်။ မေကြည်က မွေးကတည်းက ဒေါ်စဝ်သီရိကျော့၏ အိမ်ဂေဟာမှာ ရှိခဲ့ရတာပဲလေ၊ မေကြည် မွေးပြီးမှ သခင်လေးဟု ခေါ်ရမည့် စဝ်နေဗလကို မွေးခဲ့တာ။ အစ အဆုံး ဇာတ်လမ်း မှန်သမျှ မေကြည် သိပြီးသားတွေချည်းပါပဲ။

စဝ်စုနေစရာမလိုဘဲ ကြားမြင်ထိတွေ့ကာ သိရှိနေခဲ့ရတာ ချည်းပါပဲ။ ခုလည်း မလိမ်ညာလိုတာမို့. . .

'ဟုတ်ကဲ့. . . သိပါတယ်'

. . . ဟု ခေါင်းညိတ်လိုက်ရသည်။

'အခု သူ ဆက်တာလေ'

'ဟုတ်ကဲ့'

'မောင်နဲ့လဲ ရင်းနှီးတယ်တဲ့'

မေကြည် ဘာမှမပြောဘဲ ခေါင်းငုံ့မေးလိုက်သည်။ မှီ မမေကြည်ကို တွေတွေဝေဝေကလေး အကဲခတ်နေမိ၏။

'သူ ရန်ကုန်ရောက်နေတယ် တဲ့၊ မန္တလေး ဆိုင်မှာ သူ ဝင်လုပ်နေတာ မောင်က သိသွားလို့ အလုပ် ဖြုတ်ပစ်ခဲ့တာကို ပြန်ခန့်ပေးဖို့ မှီ့ကို ပြောခိုင်းတယ်'

BURMESE CLASSIC .com

www.burmeseclassic.com



မှီ့ လေသံလေးက ဖျော့တော့သည်၊ ဘယ်သူ့ကို ပြောပြရမှန်း မသိတာမို့ မမေကြည်ကိုသာ ပြောရတော့သည်။ မေမေနှင့် ဘာစကား မဆို ပြောလို့ရနေပြီ ဖြစ်သော်လည်း ပြောသင့် မပြောသင့် မှီ မဆုံး ဖြတ်တတ်။ မောင့်ကို မပြောခင် ဘယ်သူ့ကိုမှ မှီ မပြောသင့်ဟု ထင်သည်။

သို့သော် မမေကြည်ပုံစံက ဥမ္မာအောင်နှင့် ပတ်သက်ပြီး မှီ့ ထက် ပိုသိနေတာ သေချာတာမို့ မရေမရာ အားကိုးမှုနှင့် မှီ ပြောဖြစ်သွားရသည်။

'မန္တလေး ကုန်တိုက်မှာ သူ ဝင်လုပ်နေတယ်. . . ဟုတ်လား မမလေး'

ဟုတ်တယ် မမေကြည်၊ မောင်က ဖြုတ်ခဲ့တယ်တဲ့'

'သခင်လေး ဖြုတ်ပစ်ခဲ့တာ မှန်တာပေါ့ မမလေးရယ်'

'ဥမ္မာအောင်က ဆိုးသလားဟင်'

'ကျွန်မ သေသေချာချာတော့ မပြောတတ်ဘူး မမလေး၊ ဒါပေမယ့် အဲဒီနာမည် ကြားရင် မေမေကြီး သွေးတိုးသွားနိုင်တယ်'

'ဟုတ်လား. . . ဒီလောက်တောင်ပဲလားဟင်'

'ကျွန်မလဲ သိပ်တော့ သေချာ မသိပါဘူး မမလေး'

စကား ရှုပ်ရှုပ် ယှက်ယှက် မရှိသော မမေကြည်ကို မှီ ခင်မင်သွားရသည်။ ဘာမှလည်း ထပ်မမေးမိတော့။

မှန်တင်ခုံရှေ့ ထိုင်ကာ သပ်ရပ်အောင် ပြုပြင်နေရင်း မောင့်ကို 'ကိုကို' ဟု ခေါ်သည့် မိန်းမ တစ်ယောက်ကို စိတ်ဝင်စား နေမိတော့သည်။

www.burmeseclassic.com



မှို့ထက် အရင် ရင်းနှီးခဲ့ပုံရသည်။ သဝန်တိုသလိုလို ခံစားချက် မရေမရာ တစ်ခုနှင့် မှို ရင်မောနေရတာ မောင်သိမှာမဟုတ်။ မောင် ဘာမှ သိမှာမဟုတ် မှိုနှင့် ပတ်သက်သမျှကို စိတ်ဝင်စားပုံမှ မပြတတ်တော့တာ။

မှို့ကို စိမ်းကားနေတဲ့ မောင်။ လက်ထပ် ယူထားပြီးမှ မာကျော အေးစက်နေတဲ့ မောင်။ ချစ်မြတ်နိုးလှစိတ်နှင့် မောင့်အပေါ် စောဒက တစ်စုံတစ်ရာ မတက်သော. . . မောင်ထားသလို နေလိုက်မိသော. . . ဝမ်းနည်းအားငယ်ပြုခြင်းမျိုးနှင့်လည်း မောင့်ကို နှောင့်အယှက် မပေးသော မိန်းမတစ်ယောက်ကို မောင် ထပ်ရှာကြည့် စမ်းပါ။ ရှာမတွေ့တော့တဲ့အခါ. . .

မှို့ကို မကျေညက်သော စိတ်ခံတတ်နှင့် ပစ်ထားရက်သူ တစ်ယောက်အပေါ်မှာ မှိုငြိမ်သက် သည်းညည်းခံ နေခြင်းဟာ. . . အချစ်ကြီး ချစ်ရလို့ပါ. . . ဆိုတာ မောင် နားလည်ခွင့်ရလိမ့်မယ် မောင်။

* * *

စဝ်နေဗလ မှို့ လက်ဖျားကလေးကို ဆက်ကနဲ ဆုတ်ကိုင်လိုက်တာမို့. . . မှို့ ကိုယ်ကလေး တောင့်သွားရသည်။ တောင့်တင်းကာ လက်ကသာ ဆန့်ထွက်သွားပြီး လူက

BURMESE CLASSIC .com

www.burmeseclassic.com



လိုက်ပါမလာတာမို့ စဝ်နေဗလက မျက်မှောင်ကုတ်ကုတ်နှင့် လှည့်ကြည့်လိုက်သည်။

'လာလေ'

မှီ. . . အားယူ ခြေလှမ်းရသည်။

မှီ့ လက်ဖျားတွေ အေးစက်နေသည့် အတွေ့က နေဗလ လက်ဖဝါးသို့ ကူးစက်လာသည်။ မှီ့ကို ရုတ်ခြည်းပင် ကြင်နာစိတ် ဝင်သွားရ၏။

မှီ့ လက်ဖဝါးကလေးတွေကို သူ မကိုင်ဖူးတာ မဟုတ်။ မှီ့ လက်ဝါးလေးတွေ လက်ဖျားကလေးတွေကို တယုတယ ကိုင်ဖူးသည်။ မှီ့ မေးဖျားကလေးကိုလည်း ကိုင်ဖူးသည်။ မှီ့ ပါးကလေးကိုလည်း ထိကိုင်ဖူးသည်။ မှီ့ဆံပင်ရှည် ကလေးတွေကိုလည်း. . .

သို့ပေမယ့် မှီနှင့် နီးနီးစပ်စပ် ထိထိတွေ့တွေ့ မနေတာ ကြာပြီမို့ ခုမှပင် လက်ဖျားကလေးကို စ ထိဖူးသလို. . . နေဗလ ကိုယ်တိုင် ရင်တွေ ခုန်ချင်နေရတာကို. . . မင်း မသိပါဘူး မှီ။

ဖိတ်စာနှင့်တကွ ကြွရောက်ရသော ပွဲမို့. . . ခြံ အဝင်အဝ နေရာမှာ ဖိတ်စာကို အပ်ရသည်။ ဧည့်ခံကြိုဆိုသော အမျိုးသမီး တစ်ဦးက မှီ့ လက်တွင်းသို့ ခရမ်းရောင် သစ်ခွတစ်ပွင့် ကပ်ထားသော ကျေးဇူးတင်ကတ်ကလေး ကမ်းသည်။

အမျိုးသား တစ်ဦးက ခါးညွတ် လက်ဆန့်တန်း ညွှန်ပြကာ. . .

www.burmeseclassic.com



'ဦးစဝ်နေဗလ. . . ဒီဘက်ကို ကြွပါခင်ဗျား'

စဝ်နေဗလ ထိုသူ ဦးဆောင်ရာ နောက်မှ လိုက်ပါရင်း မှီ့ လက်ဖျားကလေးမှ လက်မောင်းသို့ ပြောင်းကိုင်ကာ ဖေးမခေါ်လာ သည်။ တယုတယ ရှိလှပုံပါဘဲ မောင်ရယ်. . . ဟု မှီ ဝမ်းနည်း ဝမ်းသာ ဖြစ်ရသည်။

စားပွဲတစ်ခုမှာ မှီ တို့ နေရာယူသည်။ ထိုင်ရမည့် ကုလားထိုင်မှာ. . . 'ဦးစဝ်နေဗလ' ဦးစဝ်နေဗလ၏ဇနီး'ဟု စာတန်း ကပ်ပြီးသား အဆင်သင့် ဖြစ်နေတာကို. . . မှီ တအံ့တဩ တွေ့သည်။

လွတ်ကျန်နေသော ကုလားထိုင် နှစ်ခုမှာ 'ဦးစဝ်မင်းဝန်' 'ဦးစဝ်မင်းဝန်၏ ဇနီး' ဟု စာတန်း ရေးထိုးထားလျက်ရှိတာကို မှီ. . . လှမ်းဖတ်ရင်း မိမိနေရာမှာ ထိုင်လိုက်ရ၏။

မှီ ထိုင်ဖို့ ကုလားထိုင်ကို တယုတယ ပြင်ဆင် ပြုပြင်ပေးပြီးမှ စဝ်နေဗလက သူ့ နေရာမှာ သူ ဝင်ထိုင်သည်။ နောက်ထပ် မှီ့ကို မကြည့်ဘဲ တခြား စားပွဲများကိုသာ အကဲခတ်နေတာမို့ မှီ ငြိမ်နေလိုက်ရသည်။

မကြာခင် မှီ တို့ စားပွဲသို့ လူတချို့ ရောက်လာကာ မောင့်ကို တရင်းတနှီး နှုတ်ဆက်စကား ဆိုသည်။ နေဗလက ထိုရာမှ ထရပ်ကာ နှုတ်ဆက် ရယ်မော စကား ဆိုနေတာမို့ မှီ ထိုင်မနေရဲဘဲ မတ်တတ် ကလေး ရပ်လိုက်ရ၏။

'ဒါ ကျွန်တော့် ဇနီးပါ၊ ယွန်းမှီမှီ. . . တဲ့။ မှီ. . . ဒါက ကိုစဝ်လွန်းဆိုင်၊ ဒါက ဦးစပ်သူရ၊ ဒီဘက်က ဦးခွန်ကြာညို့တဲ့'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်ကဲ့ရှင်. . . တွေ့ရတာ ဝမ်းသာပါတယ်'

'ကျွန်တော်တို့လဲ ဝမ်းသာပါတယ် ခင်ဗျ၊ ကျွန်တော်က ကိုစဝ်နေဗလ မင်္ဂလာပွဲတုန်းက မရောက်လိုက်ဘူး ခင်ဗျာ၊ ခုမှပဲ မြင်ဖူးတော့တယ်။ ကျွန်တော် ကိုယ့်နယ် ပြန်ရောက်နေလို့ မင်္ဂလာပွဲ မမှီလိုက်တာ ခွင့်လွှတ်ပါအုံး'

'ကိစ္စ မရှိပါဘူးရှင်'

စကားသံက မဆိုစလောက် ကမ္ဘောဇလေဝဲကာ နားထောင် ကောင်းလှသည်။ မောင် မိတ်ဆက်ပေးလိုက်စဉ်က ထိုသူ့ နာမည် ဦးစဝ်သူရ. . . ဆိုတာ သိလိုက်ရတာမို့. . .

'ဦးစဝ်သူရ. . . ဇနီး မပါဘူးလားရှင်'

လောကဝတ် စကားတစ်ခွန်း၊ နှုတ်က ထွက်မိ ထွက်ရာ ထွက်သွားရ၏။ ဦးစဝ်သူရက မျက်ခုံးပင့်သွားရပြီးမှ မျက်စိမှေးမှိတ် အောင် ရယ်ကာ. . .

'ဘယ်လိုလုပ် ပါမလဲ ခင်ဗျာ'

'ဦးစဝ်သူရက လူပျိုကြီး မှီ'

'အို. . . '

မှီ. . . မျက်နှာကလေး နီသွားရ၏။ မောင့်ကို မရဲတရဲ မော့ကြည့်ကာ နှုတ်လည်း ဆိတ်သွားရသည်။ ဦးစဝ်သူရကတော့ တ ဟား ဟား ရယ်လျက်. . .

'ကိုစဝ်နေဗလတို့ အိမ်မှာ ကျုပ် အကြောင်း စကားမစပ်မိတာ သေချာပြီဗျ'

နေဗလက ရယ်နေလိုက်ရသည်။ နံဘေးမှ စဝ်လွန်းဆိုင်က ပြုံးရယ်ရင်း. . .

BURMESE CLASSIC .com

www.burmeseclassic.com



'ကျွန်တော့် ဇနီးကတော့ အိမ်ထဲမှာ ရောက်နေလေရဲ့၊ မာလာနဲ့ ကျွန်တော့ဇနီးက ငယ်သူငယ်ချင်းလေ၊ ရန်ကုန်ရောက်လာ ပြီးမှ ပြန်တွေ့တာ မကြာကြသေးဘူး၊ ထွက်လာမှ မယွန်းမှီမှီနဲ့ မိတ်ဆက်ပေးရအုံးမယ်'

'ဟုတ်ကဲ့ ရှင့်'

မှီ. . . ဒီ တစ်ခါတော့ စကားမများတော့ဘဲ နေလိုက်သည်။

'မာလာနဲ့ စဝ်သီဝဦးက. . . စပ်ရင် သုံးဝမ်းလောက်ကွဲမှာပေါ့။ မဟာဒေဝီချင်းက ညီအစ်မ တစ်ဝမ်းကွဲတယ်ပြောတယ်၊ သူတို့ အမေချင်းသာ နှစ်ဝမ်းကွဲပေါ့'

'သြော်. . .'

မောင် ကိုယ်တိုင် 'သြော်' ဟု ခေါင်းညိတ်နေရသော ကိစ္စမို့ မှီက နှုတ်ဆိတ်နေလိုက်သည်။

'ကိုစဝ်သီဝဦး ကိုတော့ နာမည်ပဲ ကြားဖူးပါတယ်၊ ကျွန်တော်နဲ့ မရင်းနှီးဘူး'

နေဗလက စဝ်လွန်းဆိုင်ကို လှည့်ပြောသည်။

'ကျွန်တော်တို့လဲ သူနဲ့တော့ သိပ်မရင်းဘူး၊ ကိုနေဗလက ပိုဝေးတော့မှာပေါ့၊ ရန်ကုန်ရောက်လာတာလဲ ကြာမှကိုး၊ ကိစ္စရှိမှသာပြည်နယ်ဘက်ရောက်တော့တာ မဟုတ်လား'

'ဟုတ်တယ်ဗျ'

'မယွန်းမှီမှီကတော့ ရန်ကုန်သူနော်'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်ကဲ့'

မှီ ခေါင်းညိတ်လိုက်သည်။

'ကျွန်တော့် ဇနီးနာမည်က နန်းသက်ရည်လို့ ခေါ်ပါတယ်၊ ရန်ကုန်တက္ကသိုလ်က နည်းပြဆရာမပါ၊ မှတ်ထားပေါ့ခင်ဗျ'

'ဟုတ်ကဲ့. . . မှီ မှတ်ထားပါ့မယ်'

'ဟော. . . ဟိုမှာ. . . စဝ်မင်းဝန် ရောက်လာပြီ၊ ကျွန်တော်တို့ ဟိုဘက်စားပွဲ ပြန်ကူးလိုက်ဦးမယ်'

'ကောင်းပါပြီ'

လှည့်ထွက်သွားသော သုံးဦးကို မှီ အပြုံးနှင့် နှုတ်ဆက်ပြီး မောင် ထိုင်မှ လိုက်ထိုင်ချလိုက်သည်။

'သူတို့က အားလုံးလိုလိုနဲ့က ရင်းနှီးတော့ လူတိုင်းကို ဧည့်ခံ စကားပြောနိုင်အောင် ခေါ်ထားရတာ၊ အခု လာနေတဲ့ စဝ်မင်းဝန် ဆိုတာ ( ) စော်ဘွားရဲ့ သားအငယ်ဆုံး၊ အရမ်း သဘောကောင်းတယ်၊ သူ့ အမျိုးသမီးက နန်းခင်အိညိုတဲ့. . . မှတ်ထားအုံး'

တီးတိုးပြောသော မောင့်စကားကို ခေါင်းညိတ်ပြကာ မှီ မှတ်ထားလိုက်ရသည်။ သူတို့စားပွဲမှာ လာအထိုင် မောင်နှင့်မှီက ခဏပ်ကာ ပြုံးရယ်နှုတ်ဆက်ပြီးမှ လေးယောက်သား ပြန်ထိုက်ဖြစ် ကြ၏။

နေဗလက စဝ်မင်းဝန်နှင့် ယခင်ကတည်းက ရင်းနှီးဖူးတာမို့ စကားလက်ဆုံကျနေတော့ရာ. . . မှီနှင့် နန်းခင်အိညိုက တစ်ဖွဲ့လို ဖြစ်သွားရ၏။

www.burmeseclassic.com



မှီ့ ထက်ကြီးမှာ သေချာသည်။ မောင်နှင့် ရွယ်တူလောက် ရှိမှာ။ စဝ်မင်းဝန်နှင့်လည်း ရွယ်တူလောက်ပင် ဖြစ်နိုင်သည်။ ‘မမ’ဟု တလေးတစား ချိုသာစွာ ဆက်ဆံသော မှီ့ကို ‘မှီ’ ‘မှီ’နှင့် နန်းခင်အိညို ကလည်း ချက်ချင်း ရင်းနှီးသွားရလေသည်။

‘ခုမှပဲ မြင်ဖူးတော့တယ် မှီရယ်၊ မှီတို့ ဧည့်ခံပွဲတုန်းက မမ ခင်ပွန်းပဲ လာနိုင်တယ်၊ မမက အမေတို့ဆီ ကိစ္စနဲ့ ခဏ ရောက်နေတော့ မလာဖြစ်လိုက်ဘူး’

‘ရပါတယ် မမရယ်’

‘ဘယ်ဟုတ်မလဲ. . . လာချင်တာ. . . ကိုမင်းဝန်ကပြန်ပြော တယ်လေ၊ ကိုစစ်နေဗလ အမျိုးသမီးက ဗမာမလေးဆိုတော့ ပို တွေ့ချင်ပြန်ရောပေါ့၊ ကိုစဝ်နေဗလက ပြည်ထောင်စု စိတ်ဓာတ်နဲ့ သွေးစည်း ညီညွတ်ပြလိုက်တာလို့တောင် ပြောရသေးတယ်ကွယ်၊ ခုမှပဲ မြင်ရတယ်-သိပ်ချောတာပဲကိုး’

မှီ ပြုံးနေရသည်။

‘မှီက ငယ်သေးမှာပေါ့’

‘နှစ်ဆယ်ပါ မမ’

‘ငယ်သေးတာပေါ့ကွယ်. . . ၊ ခြောက်နှစ်လောက်ကွာမှာ ပေါ့နော့’

‘ဟုတ်ကဲ့ မမ’

‘ကိုစဝ်နေဗလက တကယ်သဘောကောင်းကွယ်၊ အစက မျက်နှာတည်တော့ သိပ် စကားမပြောရဲဘူး၊ နောက်တော့ အကြောင်း သိမှ ခင်သွားရတာ၊ မှီက ကျောင်းနေတုန်းလား’

www.burmeseclassic.com



'ဟုတ်ကဲ့'

'ကိုစဝ်နေဗလက ဘာကြောင့် အချိန်မဆိုင်းတုံး၊ စိတ်မချနိုင်ဘူး ထင်ရောကွယ်'

စကားပြောပုံကလေးက နားထဲ ဆန်းပြားနေတာမို့ မှီနားဝင်ချိုကာ သဘောတကျ ပြုံးနေမိသည်။

'ဒီမှာ . . . မမတို့ လိပ်စာကတ်ပြား၊ အားရင် လာလည်ပါ ညီမ၊ မမတို့က ခင်မင်တတ်ပါတယ်၊ မမ သားကလေး တစ်ယောက်ရှိတယ်၊ သုံးနှစ်ပေါ့၊ မိန်းကလေးချောချောလာရင် အားကြီး သဘောကျတယ်၊ ချီလဲ လိုက်တယ်၊ လက်က မဆင်းနိုင်ရောဘဲ၊ လာလည်နော်'

'ဟုတ်ကဲ့ပါ မမ'

ကိုစဝ်နေဗလကတော့ အသွားအလာ ကျဲပါတယ်၊ တစ်ခါတလေ အလုပ်ကိစ္စရှိမှ'

'သူက အလုပ်လဲ များပါတယ် မမ. . . ။ ခရီးကလဲ မကြာမကြာ သွားရတာဆိုတော့. . . '

'ဟုတ်တယ်နော် . . . မြို့ပေါင်းစုံ စီးပွားရေး လျှောက်ခွဲထားတော့ လူပင်ပန်းတာပေါ့. . . ကိုစဝ်နေဗလ မေမေ နေကောင်း တယ်နော်'

'နေတော့ ကောင်းပါတယ်၊ မေမေက ခြေထောက်ကတော့ သိပ်မကောင်းလှဘူး မမ၊ အေးလို့ကို မရပါဘူး'

စကားစ အပြတ်မှာ စဝ်နေဗလက မှီ့ဘက် အမှတ်တမဲ့ လှည့်ကြည့်နေမိသည်။ မှီ့ကြည့်ရတာ တပင်တပန်း လုပ်

BURMESE CLASSIC .com

www.burmeseclassic.com



ပြောနေရသလိုပင်။ တစ်ခုခု အမှားအယွင်းရှိမှာ စိုးပုံနှင့် သက်တောင့် သက်သာ မရှိဘဲ ထိန်းနေရဟန် ပေါ်နေသည်။

မှီ ဖြစ်နေပုံကို သနားလည်းသနား၊ ရယ်လည်း ရယ်ချင်သည်။ စဝ်နေဗလ ကတော်အဖြစ် ဆံပင်ရှည်ကို ကျစ်ဆံထုံး လုပ်လာတာကလည်း မမြင်ဖူးသေးတာမို့. . . ကြည့်ရတာ ချစ်စရာလိုလို. . . ရယ်စရာလိုလို။

လည်ထောင်ရင်ဖုံး ပိုးအင်္ကျီလက်စက ဆင်စွယ်ရောင် ကလေးကလည်း လက်မှတ်ထိုး လက်ထပ်သည့်နေ့က တစ်ရက်သာ ဝတ်ဖူးသည့်အင်္ကျီ။ ခါးက မဆိုစလောက် ရှည်တာမို့ ဗမာ အင်္ကျီပေမယ့် အဖွားကြီးဝတ်ဆန်ဆန် ဖြစ်နေသည်။

လုံချည်ကလည်း အဖြူပေါ် ခဲရောင်ချိတ်နှင့် ငွေချည်ထိုး ထားသော ဇင်းမယ်လုံချည်၊ လူကြီးပုံ ဖမ်းထားတာကိုက ရယ်မိတော့ မလို ဖြစ်နေစေသည်။

ကြည့်နေရင်းက သက်ပြင်းတစ်ချက် ချလိုက်မိ၏။

ဟန်တွေ. . . ဟန်တွေ။

စမ်းချောင်းအိမ်ကလေးမှာ စာအုပ်ဆိုင် ထိုင်စဉ်ကနှင့် ဘာမှ မဆိုင်သော ဟန်ကလေးတစ်ခု မှီ့မှာ ကပ်ငြိနေသည်။ ဒီ ဟန် တစ်မျိုးလေးကို နှစ်သက်ရမလို. . . မနှစ်သက်ရမလို စဝ်နေဗလ ဝေခွဲမရ။

စပြီး ချစ်ခဲ့စဉ်တုန်းက ဟန်ဆောင်မှု ဘာမှမရှိ။ ပကတိ ပွင့်လင်းဖြူစင်သော၊ သွက်လက်စွာ ပြောရဲဆိုရဲ ရှိသော၊

BURMESE CLASSIC .com

www.burmeseclassic.com



ဂုဏ်ဒြပ် အရှိန်အဝါတစ်ခု၏ လွှမ်းမိုး ဖမ်းစားခြင်း ခံဖူးပုံ မပေါ်သော သန့်ရှင်းသည့် မှီ့ကို မြတ်နိုးချစ်ပိုခဲ့ရတာ။

ခုတော့. . . မှီ့မှာ ဟန်ကလေးတစ်ခုနှင့်။ ပြီးတော့ ဘာကိုမှ မစဉ်းမစား မပြောဆိုတော့ဘဲ စကားတစ်ခွန်းတိုင်းကို ချင့်ချင့်ချိန်ချိန် တန်ဆာဆင်တတ်လာပြီ။

'စဝ်နေဗလရဲ့ ကတော်' ဟူသော ဂုဏ်ဒြပ်ကိုတော့ မှီ မက်မောခုံမင်နေတာ သေချာပါပဲ။ ဒီဘဝမှာ မင်း ပျော်တယ်လား မှီ။ ငါဟာ စဝ်နေဗလဆိုတဲ့သူ မဟုတ်ရင်ကော မင်း. . . ငါ့ကတော် ဘဝမှာ ဒီလို ပျော်နိုင်ပါအုံးမလား။

ဒါကို ငါ စိတ်ချလက်ချ မယုံပါဘူး မှီရယ်. . . မယုံရဲပါဘူး။

ကားတစ်စင်း မင်းနံဘေး ထိုးရပ်ခေါ်တင်မလာခဲ့ဘူးဆိုရင် မင်း. . . ငါ့ကို လက်ထပ်နိုင်မှာမို့လို့လား။ လက်ထပ်ခွင့် မပေးနိုင် သေးရာက. . . လက်ထပ်ခွင့် ပေးလိုက်တဲ့ ပြောင်းလဲမှုကလည်း မြန်မြန်ဆန်ဆန် နိုင်လှချည်လား။

'ဟင်း. . . '

နေဗလ သက်ပြင်းကျသည်။

သြော် . . . ဘာကိုပဲ လုပ်လုပ် မှီ့ကို မကျေနပ် မတင်မကျ စိတ်က လည်ပင်းထဲ နင်နေသလို တစ်ဆို့ဆို့ဖြစ်ကာ မှီ့ အကြောင်း ချည်းပဲ တွေးဖြစ်သည်။

ကိုယ်သာ. . . ဘာရယ် ညာရယ် မတွေးတော မစဉ်းစားဘဲ ရူးရူးနှမ်းနှမ်း လုပ်တတ်သူတစ်ယောက်ဆိုလျှင် မှီ့ကို ပိုက်ဆံ ပုံကြီးထဲ လည်ပင်းထိမြှုပ်နှစ်ကာ ခေါင်းကလေးသာဖော်

BURMESE CLASSIC .com

www.burmeseclassic.com



ထားလိုက်ချင်သည်။ မှီ. . . ဝမ်းပမ်းတသာ ရှိနေမလား စောင့်ကြည့်ချင်သည်။

မှီ. . . မှီရယ်။

မင်းဟာ ဖြူစင်သန့်ရှင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်နေစမ်းပါစေတော့။

'စားလိုက်အုံးလေ. . . ကိုနေဗလ'

'ဩော်. . . ဟုတ်ကဲ့'

စဝ်မင်းဝန် စကားသံကြားမှပင် စားပွဲပေါ် စားသောက်စရာများ ရောက်ပြီဖြစ်ကြောင်း သတိထားမိသည်။ စဝ်မင်းဝန်တို့က အရင်ပြီးနှင့်ကာ. . . စေ့စပ်စုံတွဲကို နှုတ်ဆက်ဖို့ ထသွားလိုက်ကြ သည်။ နန်းခင်အိညိုက မှီ့ကို လာလည်ဖို့ အထပ်ထပ် မှာသွားသေးသည်။ မှီက ခေါင်းသာ ညိတ်ပြရ၏။

'ကိုစဝ်နေဗလ၊ မှီ လက်ဖက်ရည် စပ်ပေးရမလား'

မောင်က တို့တိတိနှင့် စိတ်မပါစွာ စားနေတာမို့ မှီ မပွင့်တပွင့် မေးလိုက်သည်။ မောင်က ခေါင်းခါသည်။ မှီ့ဘာသာပဲ မှီဖျော်စပ်တာ သောက်လိုက်၏။

အမှန်က မှီ ရေအေးအေး သောက်ချင်နေတာ။ စိန်ရောင်ရွှေရောင် ကျိန်းစပ်အောင် ဖြတ်ဖြတ်လက်နေသော ပတ်ဝန်းကျင် တစ်ခုမှာ ပွဲထိုင် အဝတ်အစား ဝတ်ပြီး ယဉ်ကျေးဖွယ်ရာသော စကားတွေ ပြောနေရတာ မှီ မူးနောက်နေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com



မှီ ဝါသနာ မပါသော တစ်ခါမှ နီးစပ်မှု မရှိခဲ့သော ဂုဏ်ဒြပ် ခမ်းနားမှုနှင့် ပြည့်ဝနေသည့် ပွဲပဲ မဟုတ်လား။

စကား မှားမှာကိုပင် ကြောက်လန့် သတိထား နေရတာမို့ မှီ မပျော်။ ပြုံးရယ် နေရသည့်တိုင် အပြုံးက သိပ်ဖြူစင်နေသည်မှာ မဟုတ်။ ကျဉ်းကျပ်လှပြီ။

'ကဲ. . . ထ၊ ပြန် ဖို့ သွားနှုတ်ဆက်မယ်'

စဝ်နေဗလ ပြောလိုက်တော့ မှီ့ မျက်နှာ ဝင်းလတ်သွားရသည်။ ဆန်ကနဲ ထ ရပ်လိုက်၏။

'ဟေး. . . ဖြေးဖြေးလုပ်ပါ၊ ခုံကို နောက်ရွှေ့မယ်ဆိုရင် နောက်ကြည့်အုံးမှပေါ့'

မှီ ရပ်လိုက်ပုံက ဇိုးဇတ်ဇတ်နိုင်လွန်းတာမို့ စဝ်နေဗလက မျက်ခုံးရှုံ့ရှုံ့နှင့် သတိပေးစကား ဆိုရသည်။

ဧည့်ပရိတ်သတ်တို့၏ ထိပ်တစ်ဘက်မှာ ရှိနေသည့် ကတ္တီပါ ထိုင်ခုံများ အပေါ်မှာ သတို့သားလောင်းနှင့် သတို့သမီးလောင်းက ရှမ်းဝတ်စုံနှင့် ထိုင်လျက်ရှိသည်။ မလှမ်းမကမ်းမှာ ဆွေမျိုး မိဘ မိသင်္ဂဟများ နေရာယူလျက်ရှိ၏။

သတို့သားလောင်းနှင့် သတို့သမီးလောင်းတို့ကို ဦးစွာ နှုတ်ဆက်ပြီး နှစ်ဘက်ဆွေမျိုး အဝန်းအဝိုင်းနှင့်ပါ မောင်က နှုတ်ဆက် နေတာမို့ မှီ နံဘေးက မျက်နှာကလေး ပြုံးပြီးရပ်ကာ ခေါင်းတညိတ် ညိတ် နှုတ်ဆက်နေရသည်။

'ကျွန်တော့် ဇနီးပါ. . . ယွန်းမှီမှီပါ'

မောင့် မျက်နှာက ချိုနေကာ မှီနှင့် အားလုံးကို မိတ်

www.burmeseclassic.com



ဆက်ပေးသည်။ မောင့်ကို အရေးတယူ ဖော်ရွေကြတာမို့ မှီလည်း မျက်နှာ ရှိလှပါသည်။

သို့ပေမယ့်. . . ခြံဝင်းမှ ထွက်ကာ ကား ရပ်ထားရသည့် နေရာရောက်မှ မှီ သက်ပြင်းကလေး ချသည်။ အားလုံးက ပျူငှာ ချိုသာစွာ ယဉ်ကျေးဖွယ်ရာပေမယ့်. . . မှီ မှ မနေမထိုင် တတ်တာဘဲ။

ကား မောင်းသူ ခေါ်မလာတာမို့ စဝ်နေဗလပဲ မောင်းသည်။ မှီက မှန်ကို တဆုံးချကာ ပြင်ပလေကို မျက်နှာကလေး လှည့်ပြီး ခံယူလိုက်တာမို့ နေဗလက လေအေးစက်ကို လှမ်းပိတ်ရင်း. . .

'အိုက်လဲ မအိုက်ပါဘူး'

'မအိုက်ပါဘူး၊ မှီ့ စိတ်ထဲ ငြီးစီစီ ဖြစ်လို့ပါ'

စဝ်နေဗလက မှီ့ကို တစ်ချက်လှည့်ကြည့်ရင်း. . .

'ဒီ ပွဲမျိုး လာရတာ ဘယ်လိုနေလဲ'

မောင်က အောက်နှုတ်ခမ်းကိုက်ကာ မျက်ဝန်းမှေးစင်း ခဏ ငြိမ်သက်နေပြီးမှ. . .

'ပျော်လား'

ဘယ်လိုပါလိမ့်။ မောင့် မေးခွန်းက ထူးဆန်းလိုက်တာ၊ မပျော်ဘူး ပြောလျှင် မောင် စိတ်ကွက်မှာ စိုးရိမ်သည်။ ပျော်တယ် ဟု ဆိုလျှင်. . . မောင် ကျေနပ်မလားဟု ထင်သည်။

'အင်း. . . ပျော်တယ် ထင်ပါတယ်၊ မှီ ပျော်ပါတယ်'

BURMESE CLASSIC .com

www.burmeseclassic.com



မှီ စကားအဆုံးမှာ မောင်က တစ်ချက် ရယ်မောသည်။ တကယ်တော့ ဘာ့ကြောင့် ရယ်လိုက်မိမှန်း စဝ်နေဗလ ကိုယ်တိုင်ပင် လုံလောက်သည့် အကြောင်းပြချက် ရှာမရ။

ကား မီးကို ထွန်းကာ မောင်းနေရသော ညမှောင် မှောင်မို့ ဘေးမှာ ထိုင်နေသည့် မှီ့ မျက်နှာကလေးကို သဲကွဲစွာ မမြင်ရ။ အမှောင်တဝက် ဖုံးနေသည်။ သို့ပေမယ့် ရွှင်ရွှင်ပျပျ မရှိတာကိုတော့ သဲကွဲစွာ အကဲခတ်သာသည်။

ဒါကို စဝ်နေဗလ ကျေနပ်သလိုလို ဖြစ်လာရကာ ရင်ထဲ ရယ်ပြုံးချင်နေရ၏။ တင့်တောင့် တင့်တယ် ဘဝမျိုးမှာ နေနိုင်တိုင်း. . . ပျော်ရွှင် ကျေနပ်ခြင်းနှင့် ပြည့်စုံနေမယ် ထင်သလား. . . ဟု မှီ့ကို သင်ခန်းစာတွေ ဇွတ်ပင် ပေးချင်နေတာကို. . . မှန်သလား မှားသလား အကြိမ်ကြိမ် စဉ်းစားဖူးပါလျက်. . . ဘယ်တော့မှလဲ အဖြေမထွက်။

တကယ်တော့ သူ မှီ့ကို စိတ်ဆင်းရဲစေချင်တာလား။ မှီ့ကို သိပ်ကို ချစ်ရလွန်းလို့ ပဲ လက်ထပ် ယူခဲ့ရတာ။ မစွန့်ပစ်နိုင်လွန်းလို့ သူ့ နံဘေး ရှိနေစေခဲ့တာ။ ဒါပေမယ့်. . . ငွေတွေ ဂုဏ်တွေ အရှိန် အဝါတွေ အသိုင်းအဝိုင်းတွေကို မှီ တဖြည်းဖြည်း ကြောက်လန့် လာစေချင်စိတ်တော့ ရှိနေသလိုပင်။

ငါ တရားရဲ့လား မှီ။ တရားပါ့မလား။ မှီ့ ထံမှာ ရင်ထဲက ခံစားချက်တွေအားလုံး ဖွင့်သွန် ဝန်ခံပြလိုက်ချင်တာ. . . မောင့်မှာ ပိုက်ဆံတစ်ပြားမှ မရှိလည်း လက်ထပ်မှာပဲ မဟုတ်လား မှီ ဟု ယုံယုံရဲရဲ မေးချင်သည်။

ဘာကြောင့်များ သူ့မှာ ဒီလို ပိုက်ဆံတွေ ဂုဏ်ဒြပ်တွေ

BURMESE CLASSIC .com

www.burmeseclassic.com



ရှိနေရပါလိမ့်။ ဒီလို ပိုင်ဆိုင်နေရတော့ ဘယ်လိုပင် ဟန်ဆောင် ဟန်ဆောင် တစ်နေ့မှာ ကိုယ်ဟာ ဒီအသိုက် အဝန်းမျိုးကဆိုတာ မှီ သိသွားတော့တာပေါ့။ ဘာပစ္စည်း ဥစ္စာမှ တကယ်မရှိဘဲ မှီ့ ထံမှ လက်ထပ်ခွင့်ကို မရ အရ တောင်းချင်သည်။ မှီ လက်ထပ်သည်ထိ ကြိုးစားယူချင်သည်။

ဒီလိုဆိုရင် မှီ လက်ထပ်ခွင့် ပြု မပြုကို စောင့်ကြည့်ချင်လှသည်။ မှီ့ ထံက အမှန်တရားကို မြင်လိုတယ် မှီ။

'ဒါနဲ့. . . ဒီနေ့ ဒေါ်လေးငယ်ဆီရောက်တယ်ဆို၊ ဦးမားပန် ပြောတယ်'

'ဟုတ်ကဲ့'

'ဒေါ်လေးငယ် မှာလို့လား'

'မမှာပါဘူး. . . မှီ့ ဘာသာ သွားတာပါ'

'အထူးအထွေ ကိစ္စရှိသလား. . . အလည်ပဲလား'

မှီ ချီတုံချတုံတော့ စဉ်းစား နေဖြစ်သေးသည်။ သို့ပေမယ့် မှီ့ရဲ့ ရင်ထဲမှာ တစ်စွန်တစ်စရှိနေသော စိတ်ထားကိုတော့ မောင် သိစေချင်သည်။ မိန်းမသားတစ်ယောက် ချစ်တတ်သလောက် တန်းတူ၊ သည်းညည်းခံနေသလောက် တန်းတူ၊ မခံချင်တရား မာနမျိုးကိုလည်း တစ်စိတ် တစ်ပိုင်းပဲ ဖြစ်ဖြစ် ရှိနေမှာပဲဆိုတာ မောင် သိစေလိုသည်။

'အလည်လဲအလည်ပေါ့၊မှီခုတစ်ကြိမ်မှပထမဆုံးရောက်တာ၊ တကယ်ဆို မှီတို့ သွားသင့်တယ် မဟုတ်လား၊ ဒုတိယ တစ်ချက်က. . . စာအုပ်အသစ် ဝယ်ပြီး မှီ စာအုပ်ဆိုင်ကို သွား

www.burmeseclassic.com



ပို့ဖို့ ကိစ္စလဲ ပါတယ်၊ ပြီးတော့. . . မှီ့ စာအုပ်ဆိုင် ဝင်ငွေထဲက မှီ့ ကျောင်းစရိတ် သွားယူတာ’

‘ဘာကွ’

စဝ်နေဗလ မျက်နှာ အရမ်းပင် ပျောက်သွားရသည်။ ဒီ စကားမျိုး ကြားရဖို့ မျှော်လင့်ဖို့ နေနေသာသာ၊ သူများ တကာတွေ ဆီမှတောင် ဆင်ဆင်တူသောစကားမျိုး မသိမမှတ် မကြားဖူးတာ ကြောင့် အံ့လဲ အံ့ဩသွားရသည်။

‘မှီ ကျောင်းစရိတ် သွားယူတာ. . . ဟုတ်လား၊ အဲဒါ ဘာသဘောလဲ’

‘ထူးထူး ခြားခြားသဘော မရှိပါဘူး ကိုစဝ်နေဗလ၊ မှီ တစ်သက်လုံး ဒီ စာအုပ်ဆိုင် ဝင်ငွေနဲ့ပဲ ကျောင်းတက် နေခဲ့တာပဲ’

စဝ်နေဗလ ဘာပြန်ပြောရမှန်း မသိအောင် နှုတ်ဆိတ် သွားရရင်း မှီ့ကို ကိုင်ပေါက်ပစ်ချင်လောက်အောင် ဒေါသထွက်သည်။ အံတင်းတင်းကြိတ်ကာကားကိုအရှိန်မြှင့် ့လျှက်မောင်းနေသော နေဗလ အမူအရာကြောင့် မှီ. . . တိတ်တဆိတ် ပြုံးမိသည်။

ဒီစကားကိုတော့ စိတ်ဆိုးဖို့ မောင် သဘောပေါက်သလား။ တစ်အိမ်ထဲ တခန်းထဲ အတူနေတာ. . . ဇနီးတစ်ယောက်လုံးကို အေးစက် မာကျောခြင်းနှင့် နှိပ်စက်ပြနေမိတယ်ဆိုတဲ့ အဖြစ်ကိုတော့ မောင် သဘောမပေါက်ဘူးလား။

မှီ အော်ဟစ် မေးလိုက်ချင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



မောင် မိန်းမတစ်ယောက်ကို ဘာအတွက် လက်ထပ်ယူထား တာလဲ။ အိမ်မိုးတစ်ရိပ်ထဲအောက် အတူနေရုံ ရည်ရွယ်ချက်လား။ မောင့် လုပ်ငန်း ဆောင်တာနှင့် ပတ်သက်ပြီး မှီ ဘာသိရသလဲ။ မောင့် များပြား လှစွာသော ကုန်တိုက်တို့မှ ဝင်ငွေကို မှီ မက်မောစိတ်မရှိဘူး ဆိုတာတောင်မှ. . . ဇနီးမယား တစ်ယောက်အနေနှင့် နားလည် သိပိုင်ခွင့်တော့ ရှိစေချင်သည်။

ဗီရိုထဲ ငွေအထပ်လိုက် ထည့်ပေးလိုက်သော အခါမှာ ခင်ပွန်း သည် တစ်ယောက် တာဝန်ကျေပွန်သွား ရော့တဲ့လား။ ဇနီးသည်ကို မြတ်နိုး သထာရာ ရောက်ရောလား။ ထိုဇနီးသည်က မိမိရဲ့ အိမ်ထောင်သည် ဘဝကို ပြည့်စုံလှချည့်ရဲ့လေးဟု. . . အော်ဟစ် ကျေနပ်သွားတတ် ရောတဲ့လား။

မှီ့ကို မောင့် အခြေအနေအပေါ် မက်မောသာယာသွားတယ်လို့ ထင်နေရက်နဲ့. . . ချစ်လို့ကို မစွန့်ပစ်ခဲ့တာ မှန်းလည်း မှီ သိနေတယ်။ အဲဒီအတိုင်း မောင် အထင်သေးရက်တာကို ရင်နာ မိပေမယ့်. . . မှီကလည်း မောင့်ကို မခွဲနိုင်အောင် ချစ်လို့ မောင့်ဆီက ခွာမသွားခဲ့တာပဲလေ။

ရယ်တော့လဲ ရယ်ရသားပဲ မောင်။

သိပ်ချစ်ခဲ့ကြပေမယ့်. . . ကိုယ်စီ မကြေညက်စိတ်တွေနဲ့ တစ်မိုးထဲအောက် လက်တွဲနေရင်း ဘယ်သူ့ကိုမှ ဘယ်သူက မကျေနပ်တဲ့ ချစ်သူစုံတွဲမျိုး မောင် ကြားဖူးရဲ့လား။

အတွေးတွေနှင့် မှီ. . . မဲ့ မဲ့ပြုံးရင်း မျက်ရည် ရစ်ပိုင်းလာသည်။ မင်္ဂလာဦးညက တစ်ခါ ငိုအပြီးမှာ. . . မှီ မငိုမိအောင်

www.burmeseclassic.com



ကြိုးစားနေခဲ့တယ်။ မှီ့ နံဘေးမှာ ရှိနေသူဟာ တစ်ချိန်က 'မောင်' ဆိုရင် မှီ. . . ချော့မော့ ယုယခံလိုမှု နှစ်သိမ့်စကား ကြားလိုမှုတွေနဲ့ မောင့် ပခုံးပေါ် နဖူးလေး မှီပြီး ငိုပစ်လိုက်ချင်တာ အမှန်ပါပဲ။

ခုတော့ မှီ့ နံဘေး ရှိနေသူက မောင်နဲ့ မတူတဲ့ သူ တစ်ယောက်။ လုံးဝ ဆန့်ကျင်ဘက် ယောကျ်ား။ မှီ့ကို တရားဝင် ရက်စက်ပိုင်ခွင့် ရယူထားတဲ့ မှီ့ ခင်ပွန်း. . . ဂုဏ်ရှင် ဒြပ်ရှင် ဦးစဝ်နေဗလပဲ။

'မိန်းမတွေဟာ. . . ထင်တာထက်တောင် နားလည်ရ. . . ပေါင်းရသင်းရ ခက်နေပါလား. . . ဟဲဟဲ. . . ၊ မင်းတို့ကို စိတ်ရှိ တိုင်းသာ လွှတ်ပေးထားလိုက်ရင် တော်တော် ပြဿနာ တက်နိုင်တယ်'

ရိသဲ့သဲ့ လေသံအောက်မှာ မှီက ထုံပေပေ မျက်နှာနှင့် ငြိမ်သက်နေသည်။ စဝ်နေဗလက ရုတ်တရက် ကားကို လမ်းဘေး တစ်နေရာ ထိုးရပ်လိုက်ရင်း. . .

'ဒီမှာ ယွန်းမှီမှီ. . . ၊ မင်းနဲ့ ငါနဲ့ ဘာတော်လဲ'

'လင် မယား'

'အေး. . . အဲဒါကို မမေ့စမ်းပါနဲ့၊ ငါရှာတဲ့ ပိုက်ဆံကို သုံးစမ်းပါ. . . သုံးစမ်းပါကွာ၊ မင်ကမှ ငါ့ပိုက်ဆံ မသုံးတော့ဘူးဆိုရင် ဘယ်သူ လာသုံးမှာလဲ၊ ခုဆို အိမ်မှာ မေမေက အစ မင်းခြေ မင်းလက် ဖြစ်နေစေသားပဲ'

မှီ. . . ခေါင်းတစ်ချက်ကို လေးကန်စွာ ခါယမ်းရင်း စဝ်နေဗလကကို ကြေကွဲစွာ လှည့်ကြည့်မိသည်။

BURMESE CLASSIC .com

www.burmeseclassic.com



'ဒါပေမယ့် . . . အိမ် တစ်အိမ်မှာ ကိုယ့်ခြေ ကိုယ့်လက် ဖြစ်ချင်ရုံ တစ်ခုနဲ့ အဲဒီအိမ်က လူရဲ့ . . . ဇနီး အဖြစ် လက်ထပ် ပေါင်းသင်းတဲ့ မိန်းမရယ်လို့လဲ မရှိသေးဘူးဆိုတာ မမေ့ပါနဲ့ ကိုစဝ်နေဗလ'

'ဒါဖြင့် . . . မယွန်းမှီမှီတို့ အမျိုးသမီးတွေရဲ့ အိမ်ထောင်ရေး ရည်မှန်းချက်က ဘာပါလိမ့်'

နှုတ်ခမ်းပါးလေးတွန့်ကာ ပါးချိုင့်လေးပေါ်အောင် ပြုံးလျက် မေးပေမယ့် . . . လေသံက နှိမ်ချ ခနဲ့ရိပ်တို့နှင့် ညစ်ထေးနေသည်။ လမ်းမီးရောင် ပျပျထင်နေသော မောင့် မျက်နှာကို မှီ နာကျင်စွာ ပြန်လည် ငေးမောရင်း . . .

'တစ်နေ့တော့ သိရမှာပေါ့ ကိုစဝ်နေဗလ'

'နေစမ်းပါအုံး၊ အခုချက်ချင်း မပြော နိုင်တာကရော ဘာကြောင့်လဲ'

'ကိုယ့်မိန်းမကို ကိုယ် အရိပ်တကြည့်ကြည့် ဂရုစိုက်တတ်တဲ့ ယောကျ်ားတစ်ယောက်ဆိုရင် ဒီလောက် မအပါဘူး'

'မေးတာကတခြား ဖြေတာကတခြားပဲ၊ ဆိုပါတော့ . . . ကျုပ်က တော်တော်ပဲ အ တယ်လို့ . . . '

မှီ မျက်နှာ လွှဲနေလိုက်သည်။

စဝ်နေဗလ သက်ပြင်းတစ်ချက် လေးကန်စွာ ချရင်း ဆံပင်ထဲ လက်ငါးချောင်း ထိုးသွင်း ဖွလိုက်၏။ ဒီလို မသပ်မရပ် အပြုအမူမျိုး နေဗလ ပြုလုပ်ခဲလှသည်။ စိတ်ရှုပ်လွန်းလျှင် စားပွဲကို ဖြစ်စေ တစ်ခုခုကို ဖြစ်စေ လက်သည်းထိပ်တို့နှင့် တစ်ဒေါက်ဒေါက် ခေါက်ကစားတတ်တာ အလွန်ဆုံး။

www.burmeseclassic.com



ခုတော့ ဘာကိုမှန်းမသိ ညစ်ညူး နောက်ကျိလွန်းတာမို့ ခေါင်းကိုပင် ဖွပစ်လိုက်မိသည်။

'ကျွန်တော် တော်တော် အ တယ် မို့ . . . ဟုတ်တယ်ဗျ . . . မိန်းမတွေရဲ့ အတွင်းစိတ်နဲ့ ပတ်သက်ရင် ပို အ ပါတယ်'

'မိန်းမတစ်ယောက်အတွက်နဲ့ ဘဝပျက်ဖူးတဲ့သူ ထင်ပါရဲ့'

မှီ ချဉ်တူးတူးနှင့် ခပ်တိုးတိုးရေရွတ်တာကို စဝ်နေဗလ ကြားဖြစ်အောင် ကြားသွားကာ . . .

'ဘာ'

သူ့ ခေါင်းကို မှီ့ မျက်နှာနား ငိုက်ကနဲ တိုးရွှေ့လိုက်၏။ မှီ့ ပါးပြင်၊ မှီ့ ဆံစတို့နှင့် သူ့ မျက်နှာက ငါးလက်မထက် ပိုပြီးမကွာ။ မှီ့ ထံမှ မွှေးရနံ့ကလေး တချို့ပင် နှာခေါင်းထဲ တိုးဝှေ့လာသည်။

ဝေးကွာခဲ့တာ ကြာပြီဖြစ်သော မှီ့ ကိုယ်ရနံ့ကလေးက ကြိုင်သင်းပျံ့နေ၏။ မှီ ဆံပင်တွေကို တစ်ချက်လှမ်းပြီး ဆုပ်ကိုင်လိုက် မိတော့ . . . မခိုင့်တခိုင် ဆံထုံးကလေးက ပြေကျလာ၏။

မှီ လန့်သွားတာကို သဘောကျပြီး မှီ့ ဆံပင်တွေကို မလွှတ်ပဲ ထားလိုက်သည်။ မှီ့ မျက်နှာကို သူ့ဘက် ဆွဲလှည့်ရင်း . . .

'ဘယ်မိန်းမ တစ်ယောက်အတွက်မှ ဘဝမပျက်ဘူး၊ စဝ်နေဗလဆိုတဲ့ ကောင်ရဲ့ ဘဝကို ဘယ်မိန်းမကမှ မဖျက်နိုင်ပါဘူး မှီ မင်းလည်း ဖျက်နိုင်လိမ့်မယ် မထင်နဲ့'

BURMESE CLASSIC .com

www.burmeseclassic.com



တင်းမာ အေးစက်သော မောင့် မျက်လုံးတွေကို မှီ နီးကပ်စွာ မော့ကြည့်နေရသည်။ မှီ့ ဆံပင်ကို ကိုင်ဆုပ်ထားသော လက်တို့ကြောင့် မှီ ထိတ်လန့်နေရ၏။ နှုတ်ခမ်းကလေးက ဖြူရော်ကာ တင်းတင်း စေ့ ထားလျက်က တဆတ်ဆတ် တုန်လာသည်။

'မှီ ဘယ်သူ့ဘဝကိုမှ မဖျက်ပါဘူး'

'ဒါပေါ့. . . ယောကျ်ား တစ်ယောက်ရဲ့ ဘဝကို ဖျက်ဆီး နိုင်တဲ့ မိန်းမရယ်လို့လဲ လောကမှာ မရှိပါဘူးကွာ. . . နားလည် ထားစမ်းပါ'

'မဖျက်ပါဘူး. . . ဟုလဲ. . . ပြောနေပါလျက်. . . ဖျက်လို့လဲ မရပါဘူး. . . ဟု မာန ထောင်လွှားတတ်သူ။ ဒီတစ်ယောက်က မှီ့ မောင်မှ ဟုတ်ရဲ့လား။ မှီ ငေးငေးကြီး ကြည့်ရင်း. . . ဒီလူကို. . . ကြောက်လန့် ရွံ့မုန်းလာရသည်။

'ဘဝကြီး ကျွမ်းထိုး မှောက်ခုံ ဖြစ်သွားမှ. . . သိသိသာသာ ဆုတ်ယုတ်နိမ့်ကျသွားမှ. . . အဖတ်ဆယ်မရတော့မှ. . . ဘဝပျက် တယ် ခေါ်တာ မဟုတ်ပါဘူး ကိုစဝ်နေဗလ. . . ၊ အမဲစက် တစ်စွန်းလောက် ထင်သွားရင်လဲ ဘဝပျက်တယ် ခေါ်တာ ပါပဲ'

ဆက်ကနဲ မှီ့ ဆံပင်တွေကို သူ လွှတ်သည်။ မှီ့ ကိုမျက်ဝန်း မှေးစင်း ကြည့်မိရင်း. . .

'မင်း စကားတွေ သိပ်ဆန်းပါလား မှီ. . . ၊ ဒီနေ့ မင်း ဘယ်သူနဲ့ စကား ထူးထူးခြားခြား ပြောဖြစ်လဲ'

www.burmeseclassic.com



မောင် မေးလိုက်မှာပင် မှီ ဖျတ်ခနဲ တစ်စုံတစ်ယောက်ကို သတိရလိုက်မိကာ. . .

'ဥမ္မာအောင်'

တုံးတိတိ ဖြေလိုက်၏။

မျှော်လင့်မထားဘဲ မောင့်မျက်နှာ ဖြူလွှ သွားတာကို အံ့ဩစွာ တွေ့ရသည်။ မှီ့ကို ခံစားချက်မျိုးစုံ ပြွမ်းတီးသော မျက်ဝန်းမျိုးနှင့် စူးစူးကြီး ငေးကြည့်ရင်း. . .

'သူ ဘာပြောသလဲ'

မှီက ဥမ္မာအောင်နှင့် ပြောဆိုသမျှ မျက်လွှာ ချကာ အကျဉ်းချုံးပြီး ပြောလိုက်၏။

'ဒါပဲလား'

'ဒါပါပဲ'

'တခြားကိစ္စ ဘာပြောသေးလဲ'

'ဘာမှ မပြောပါဘူး၊ မှီ တစ်ခုခု မေးရင်တော့ သူက ပွင့်ပွင့် လင်းလင်း ပြောမယ့် လေသံမျိုးပါပဲ၊ ဒါပေမယ့်. . . မှီက မသိချင်တော့ ဘူးလေ'

စဝ်နေဗလက ကားကို စက်ပြန်နှိုးရင်း. . .

'အို. . . သူ ဖုန်းဆက်တာ မဆက်တာ. . . ဘာပြောတာ မပြောတာ. . . ဘာတစ်ခုမှ. . . ဂရုစိုက် မှတ်သားမိနေစရာ မလိုပါဘူး၊ ဥမ္မာအောင်ဆိုတာ သိသလား၊ ပိုက်ဆံ သိပ်မက်တဲ့ မိန်းမ၊ လူတကာရဲ့ ဘဝကို ဒုက္ခရောက်အောင် လုပ်တတ်တဲ့ မိန်းမ'

'ကိုစဝ်နေဗလလဲ ခံလိုက်ရဖူးတယ်ပေါ့'

BURMESE CLASSIC .com

www.burmeseclassic.com



မှီက လျှော့မပေးဘဲ တစ်ချက် ထောက်ပေးလိုက်သည်။ နေဗလက ဘာမှမဖြေဘဲ ကားအတွင်းမှ မီးခြစ်နှင့် စီးကရက် မီးညှိနေ၏။ သူ့ လက်တွေ တုန်လှုပ်နေသည်။

'မှီတော့. . . ဘယ်ယောကျ်ား တစ်ယောက်ကြောင့်မှ အခြား ယောကျ်ားတွေကိုပါ သံသယ မကင်းရတဲ့ ဘဝမျိုး မရောက်ခဲ့ဖူးတော့၊ ရောက်ခဲ့ဖူးတဲ့သူ တစ်ယောက်ကို တွေ့ရင်. . . သနားကြင်နာမိမှာပဲ၊ ပြီးတော့. . . ကိုယ်ချင်း မစာတတ်ပေမယ့် ခွင့်လွှတ်မိမှာပါပဲ'

တစ်ဦးတည်းပြောသလို မှီ တီးတိုးပြောသည်။ စဝ်နေဗလက မျက်လုံးစွေကာ. . .

'ဘယ်သူ့ကို ဆိုလိုတာလဲ'

'အို. . . မှီ့ ဘာသာ ပြောနေတာပါ ကိုစဝ်နေဗလရယ်'

တကယ်ပါပဲ. . . မျက်နှာ ပျက်သွားရသည်ထိ ဖြစ်ရှာသော မောင့်ကို. . . ကိုယ်ချင်း မစာတတ်ဘဲ. . . ကိုယ်ချင်း စာမိကာ အကြောင်းစုံ မသိရသေးခင်လျက်က. . . ခွင့်လွှတ်ပြီး ဖြစ်နှင့်ပါသည် မောင်ရယ်။

*  *  *

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၇)

'ဟယ်. . . ငါ ဖိနပ်ပြတ်သွားပြီ'

မြတ်မြတ်က ထိတ်ကနဲ အော်တာမို့ မှီတို့ ခြေလှမ်းတွေ ရပ်လိုက်ကြသည်။ မြတ်မြတ်က ဆောင့်ကြောင့်ထိုင် ချလိုက်ရင်း သူ့ ဖိနပ်ကို ငုံ့ ကိုင်သည်။

မြတ်မြတ် အော်သံကို သတိမပြုလိုက်မိသော သွယ်က တစ်ယောက်ထဲ တစ်လှမ်း နှစ်လှမ်း ရှေ့ဆက်လှမ်းပြီးမှ ကျန် သုံးယောက် ရပ်ကျန်ရစ်တာကို သတိထား မိကာ လှည့်ကြည့်ရင်း. . .

'ဟဲ့. . . ဘာဖြစ်နေကြတာလဲ'

'မြတ်မြတ် ဖိနပ်ပြတ်လို့ '

BURMESE CLASSIC .com

www.burmeseclassic.com



မှီက လှမ်းဖြေလိုက်ပေမယ့်. . . မြတ်မြတ် ဖိနပ်ကို ငုံ့ကြည့် ကာ ဖြေတာမို့ သွယ်က မကြားလဲ. . .

'ဘာဖြစ်တယ်'

'ဩော်. . . မြတ်မြတ် ဖိနပ်ပြတ်လို့ ပါဆို၊ ဖိနပ်တစ်ဘက် တိတိပြတ်လို့. . . ကြားပြီလား'

စုမာက. . . သွယ့်ကို မျက်စောင်းရွယ်ရင်း လှမ်းအော် ဖြေသည်။ သွယ်က မှီတို့ ရှိရာ ပြန်လျှောက်လာရင်း. . .

'အိမ်ပြန်ခါနီးမှများ ဖိနပ်က ပြတ်ရသေးတယ်'

'အိမ်ပြန်ခါနီး မပြတ်ဘူးလို့ ဖိနပ်ဆိုင်က အာမ မခံလိုက် ဘူး'

မြန်မြတ်ကလည်း သွယ့်ကို မျက်စောင်းရွယ်သည်။

ခါတိုင်းဆို မှီ့ကို လာကြိုသော ကားနှင့် သူတို့ကို ပြန်ပို့ နေကျ။ နေ့စဉ် မဟုတ်လဲ ရက်ခြားတော့ ဒေါ်လေးငယ်ဆီကို လည်း ဝင်နေကျ။ ဒီ တစ်ရက် နှစ်ရက် မှီ က ကားကို ပိုရုံသာ ပို့စေပြီး ပြန်မကြိုစေ။

စာမေးပွဲ နီးကပ်ပြီမို့ သင်ခန်းစာတွေလည်း ပြတ်ပြီ။ မပြီးပြတ် သေးသော ဘာသာ တစ်ခုနှစ်ခုသာ ဘယ်နေရာမှာ သင်ခန်းစာ ဖြတ်မလဲ မသိရသေးတာမို့၊ ကျောင်းကို လာနေဖြစ် တာ။ ကျောင်းမှာ လူလည်း ပါးသွားပြီ၊ စာကျက်ကြပြီလေ။

အချိန်မှန် ပြန်ဖို့ မလွယ်တာကြောင့်. . . မှီ. . . ကိုယ့်ဘာသာ ပြန်သည်။ မြတ်မြတ်တို့လည်း ဘတ်စ်နှင့်ပဲ ပြန်ကြရမှာ။ ဖိနပ်မပါဘဲ ကသိကအောက် ဖြစ်မှာ အမှန်ပင်။

BURMESE CLASSIC .com

www.burmeseclassic.com



'လှည်းတန်းဈေး သွားဝယ်လိုက်ပေ့ါဟာ၊ နှစ်ယောက်သွားဝယ်၊ တစ်ယောက်နဲ့ မြတ်မြတ်နဲ့ ကျန်ရစ်'

စုမာက စီစဉ်သည်။

'သွယ်နဲ့ မှီနဲ့ သွားလိုက်မယ်လေ'

သွက်က ဝင်ပြောတော့ မှီလည်း ခေါင်းညိတ် လက်ခံလိုက်ဖြစ်၏။ မြတ်မြတ်တို့ကို အာရ်စီရှေ့ ထိုင်ကျန်ရစ်စေကာ၊ မှီနှင့် သွယ် လှည်းတန်းဈေးကို လမ်းလျှောက်ပြီး ဖိနပ်လာဝယ်သည်။ မြတ်မြတ်က သွယ်နှင့် ခြေတိုင်းအနေတော်မို့ သွယ့်ခြေထောက်နှင့် တိုင်းကာ လှည်းဘီးသားရေဖိနပ်တစ်ရန် ဝယ်လာခဲ့၏။

ဈေးထဲမှ ပြန်ထွက်ကာ မီးပွိုင့်နားအရောက်. . . ဖယ်မလီယာ တူးဒိုး အနီရောင် တစ်စီးထဲမှ ခေါင်း တစ်ခု ထွက်လာကာ. . .

'ယွန်းမှီမှီ'

လှမ်း ခေါ်လိုက်သံကြောင့် မှီ ခေါင်းလေး လှည့်ကာကြည့်မိသည်။ မြင်ဖူးလိုက်တာဟု စက္ကန့် အနည်းငယ် ဇဝေဇဝါဖြစ်နေရပြီးမှ ကိုမောင်မောင်ကျော်ကို မှတ်မိသွားရ၏။

'မယွန်းမှီမှီ. . . ဘယ်လဲ၊ လိုက်ပို့ပေးမယ်လေ'

'ကျောင်းတင်ပါ. . . ကိုခင်မောင်ကျော်၊ ရပါတယ်'

'လာပါ. . . တက်ပါ၊ ကျွန်တော် ပို့လိုက်မယ်'

မှီကလဲ ငြင်းရမှာကို စိမ်းသလို. . . ဖြစ်သွားမှာ စိုးရိမ်တာကြောင့် ဝန်လေးပြီး ငြင်း မနေဖြစ်တော့။ ကား တံခါးကို

BURMESE CLASSIC .com

www.burmeseclassic.com



ကိုခင်မောင်ကျော် ဖွင့်ပေးတာမို့ ခုံကို လှဲပြီး သွယ့်ကို ဝင်စေလိုက်သည်။ မှီကတော့ ရှေ့မှာပဲ ဝင်ထိုင်လိုက်၏။

'မှီတို့ လှည်းတန်းဈေးကို ဖိနပ်လာဝယ်တာလေ၊ သူငယ်ချင်း တစ်ယောက်က ကျောင်းမှာ ဖိနပ်ပြတ်လို့'

'ဩော်. . . အတန်းတွေကော ပြီးပြီလား'

'ပြီးပါပြီ'

'စောလိုက်တာနော်'

'စာမေးပွဲနီးတော့. . . အတန်းတွေ သိပ်မရှိတော့ဘူးလေ'

'ကား လာမကြိုဘူးလား၊ ဦးမားပန် မအားဘူးလား'

ကိုခင်မောင်ကျော်ပင် မှီ့ကို မောင် လာကြိုလေ့မရှိတာကို သိနေသည်။ မှီက ခေါင်းကလေး ယမ်းပြရင်း. . .

'မှီက မကြိုခိုင်းထားလို့ပါ'

'ကျွန်တော်နဲ့. . . နေဗလတောင် မန္တလေးဘက် တစ်ခါ သွားရအုံးမယ်၊ ခရီးကတော့ ပြောမနေနဲ့၊ ခဏ ခဏ ထွက်နေရတာပဲ၊ တစ်ခါတလေ လိုက်ခဲ့ပါလား နေဗလနဲ့'

'မှီ တို့ စာမေးပွဲက နီးပြီ. . . ကိုခင်မောင်ကျော်ရဲ့'

'ဩော်. . . ဟုတ်တာပဲ'

'မန္တလေးကို ဘာကိစ္စလဲဟင်'

မှီ မဝံ့မရဲ စူးစမ်းလိုက်မိသည်။

'နေဗလက ပစ္စည်းအသစ်တွေ ထပ် တင်ချင်တယ်၊ အခုလု မတင်ဖူးသေးတာ တချို့ပေ့ါ၊ မန္တလေးဘက်က. . . ဈေးကွက် အဝင် အထွက်လည်း ကောင်းတယ်ဆိုတော့ သူက ချဲ့ချင်တယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'သြော်. . . အဲဒီ ကိစ္စလား၊ ကိုခင်မောင်ကျော်ကို မေးမလို့၊ မန္တလေးက အလုပ် ဖြုတ်လိုက်တဲ့ အမျိုးသမီးဆိုတာ. . . ကိုစဝ်နေဗလ နေဗလ ပြန်ခန့်ပြီးပြီလားလို့'

'ခင်ဗျာ'

ခင်မောင်ကျော် ဆံပင်တွေတောင် ထောင်သွားသလား ထင်မိသည်အထိ လန့် ထိတ် အံ့ဩသွားရသည်။ မှီ ဘယ်က သိကာ အစ်အောက်နေတာပါလိမ့်ဟု တွေးသည်။

'ဘယ်သူ့ကို ပြောတာပါလိမ့်'

မသိသလို ပြန်မေးလိုက်သော ကိုခင်မောင်ကျော်ကို မှီ ပြုံးလိုက်ချင်သည်။ သူသိမှာ မလွဲ။ ဥမ္မာအောင်ကတောင် သူ့ကို သေသေချာချာ သိတာပဲဟာ။

'ဥမ္မာအောင်လေ'

'ဥမ္မအောင်'

နာမည်ပါ အတိအကျ သိနေတာမို့ ခင်မောင်ကျော် ပိုပြီး ခေါင်းရှုပ်သွားရသည်။ အစ်အောက်တာလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ်. . . နေဗလကပဲ ဖွင့်ပြောထားသလား။

နာမည်ကို ရေရွတ်ကာ စဉ်းစားသလို ဟန်ဆောင်နေတော့. . . မှီ ပြုံးလိုက်မိတော့သည်။ ကိုခင်မောင်ကျော် ဆိုသူဟာ စဝ်နေဗလဘက်ကသာ ရပ်ကာ. . . ကာကာ ကွယ်ကွယ် လုပ်မည့်သူ ဆိုတာ သေချာသွားပြီ။ သူ့ဆီက အမှန်အမှား သေချာ သိနိုင်မှာ မဟုတ်။

BURMESE CLASSIC .com

www.burmeseclassic.com



ရင်ထဲမှာလည်း မခံရပ်နိုင် ဖြစ်လာ၏။

ဖုန်းကွယ်ချင်ပုံ ပြုတာဟာ မရိုးသားတာဘဲ။ ဘယ်လို ယောကျ်ားတွေပါလိမ့်။ သူငယ်ချင်း နှစ်ယောက် လိုက်လဲ လိုက်သည်။ မောင်ကကျတော့ စကားတစ်ခွန်းကို အထအန ကောက်ယူတတ်ကာ သိပ်ချစ်ခဲ့ဖူးသော မိန်းမတစ်ယောက် အပေါ် အမျက်အငြိုး ထားခဲ့သည်။

ဒီ တစ်ယောက်ကျတော့ သူ့ သူငယ်ချင်း၏ အတိတ်က ဇာတ်ကြောင်းတစ်ခုကို ဖုံးဖုံး ဖိဖိနှင့် ဟန်ဆောင် ကာကွယ် နေပြန်သည်။ ပိကလည်း မပိရိ။

မန္တလေးဆိုင်မှာ ခန့်ထားရာက ဖြုတ်လိုက်တဲ့ ဥမ္မာအောင်ကို ပြောတာလေ၊ ကိုခင်မောင်ကျော်ရဲ့ သိတယ် မဟုတ်လား’

‘အဲ. . . မန္တလေး. . . မန္တလေးဆိုင်. . . ဟိုဒင်း’

‘မှီ့ကို အစ်အောက်နေတယ် ထင်လို့လား၊ မှီ့ဆီ သူ ဖုန်းဆက်တုန်းက သူ ကိုယ်တိုင်ပြောတာပါ၊ မှီ ဟိုက ဒီက သတင်း ကြားနဲ့ မေးနေတာ မဟုတ်ပါဘူး ကိုခင်မောင်ကျော်’

ခင်မောင်ကျော် မျက်နှာပူပူနှင့် နေရခတ်သွားရ၏။

‘သူက ပြန်ခန့်ပေးဖို့ ရှင့် သူငယ်ချင်းကို ပြောထား တယ်တဲ့၊ ခုထိ ပြန်မခန့်သေးလို့ မှီ့ဆီ ဖုန်းဆက်ပြီး ပြောခိုင်းတယ်လေ၊ အဲဒါကြောင့် မန္တလေးရောက်ရင် လုပ်စရာ

BURMESE CLASSIC .com

www.burmeseclassic.com



ကိစ္စတစ်ခုအဖြစ် မှီက သတိပေး ပေးတာပါ၊ ဘာ ရည်ရွယ်ချက်မှ မဟုတ်ပါဘူး’

နောက်ခန်းမှာ ထိုင်နေရင်း သွယ် စိတ်ဝင်တစား နားစွင့်နေ၏။ ခင်မောင်ကျော် ဖြစ်နေပုံကိုလည်း အကဲခတ်ကာ ဘာအရှုပ် တော်ပုံပါလိမ့်ဟု သိချင်နေရသည်။

‘အဟမ်း. . .’

ခင်မောင်ကျော်က လည်ချောင်းရှင်းရင်း. . .

‘မယွန်းမှီမှီ. . . ကျွန်တော့်ကို တစ်မျိုး မထင်စေချင်ဘူးဗျာ၊ ကျွန်တော်က ဘေးလူဆိုတော့. . . မဆိုင်သလို နေလိုက်ချင်တာမျိုး ပါ၊ အဲဒါကလဲ ကိုယ်အေးရင် ပြီးရော ဆိုတဲ့ သဘောမျိုး မဟုတ်ပါဘူး၊ မဥမ္မာအောင်က ဟိုတုန်းက မိတ်ဆွေဟောင်းပေါ့၊ သူ့အကြောင်း သိနေလို့လဲ အလုပ် ဖြုတ်ပစ်တာပါ. . .

‘နေဗလလဲ ပြန်ခန့်ချင်မှာ မဟုတ်ဘူး၊ မယွန်းမှီမှီရဲ့ စိတ်ထဲမှာ အနှောက်အယှက် မရှိပါနဲ့၊ ကျွန်တော်က ဖုံးကွယ်ချင်သလို ဖြစ်သွားမိရင်လဲ တောင်းပန်ပါတယ်၊ ပြီးခဲ့တဲ့ ကိစ္စ ပြီးခဲ့သလိုပဲ ထားချင်တဲ့သဘောပါဗျာ’

‘ကိစ္စမရှိပါဘူး ကိုခင်မောင်ကျော်၊ မောင်က. . . အဲ. . . ကိုစဝ်နေဗလကလဲ မှီ့ကို ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောဘူး၊ မှီကလဲ မမေးချင်ပါဘူး၊ ဒါပေမယ့် မှီ. . . သူ့ရဲ့ ဇနီးပဲ၊ သိတော့ သိချင်တာပေါ့ မပြောနိုင်ရင် မပြောပါနဲ့’

‘နေဗလက မယွန်းမှီမှီကို ပြောပြဖို့ ရည်ရွယ်ချက်ရှိပါ

BURMESE CLASSIC .com

www.burmeseclassic.com



တယ်၊ ရှင်းရှင်းသိထားအောင် ပြောပြလိုက်မယ်လို့. . . ဟို တစ်နေ့ကပဲ ကျွန်တော့်ကို ပြောသေးတယ်’

မှီ. . . တစ်စုံတစ်ခု ကြားလိုက်ရမှာကို မဝံ့မရဲသလို နှုတ်ခမ်း ကလေးတွေ သွေ့ခြောက်လာရသည်။ သွယ်လည်း ရှိနေတာမို့ ပိုပြီး ဆိုးသည်။ သါယက သူငယ်ချင်းကောင်းပါပဲ။ ဒါပေမယ့် . . . မောင်နှင့် မှီတို့ လောလောဆယ် စိမ်းကားနေရသော အဖြစ်ကို သူတို့မသိ၊ သူတို့သိတာ ဟိုတုန်းက ‘မောင်’ ဆိုသူကိုပဲ။ သိချင်ပေမယ့် မှီ မျိုသိပ် ထားလိုက်ရသည်။

‘သူပြောမှပဲ. . . မှီ နားထောင်လိုက်ပါတော့မယ်’

‘ကောင်းတာပေါ့ မယွန်းမှီမှီရာ’

ကိုခင်မောင်ကျော် အသက်ရှူချောင်သွားပုံ ရသည်။ မှီတို့ ညွှန်ပြတာကြောင့် အာရ်စီရှေ့မှာ ကားကိုရပ်ပေးရင်း. . .

‘အိမ်ပြန်ပို့ရမလား မယွန်းမှီမှီ’

‘ရပါတယ် ကိုခင်မောင်ကျော်၊ မှီ့ ဘာသာပဲ ပြန်ပါ့မယ်’

‘ဒါဖြင့် ကျွန်တော် သွားမယ်’

‘ဟုတ်ကဲ့’

သွယ်နှင့် မှီ ကားပေါ်က ဆင်းသည်။ အာရ်စီထဲသွားဖို့ အဓိပတိလမ်းမကိုဖြတ်ကူးစဉ်ပင် သွယ်က မအောင့်နိုင်ဘဲ. . .

‘မှီ. . . နင်နဲ့ ကိုမောင်မောင် အဆင်ပြေရဲ့လား’

ကြောင့်ကြသော လေသံလေးနှင့် မေး၏။ မှီ မညာချင်တာမို့ ခေါင်းကို အသာယမ်းလိုက်သည်။

‘ဘာဖြစ်ကြလို့လဲ’

BURMESE CLASSIC .com

www.burmeseclassic.com



'အဟင်း. . . သူ လမ်းပေါ်ကလူ ပုံစံနဲ့ ငါ့ဆီ ရောက်လာကထဲက နင်တို့ မကျေနပ်ချင်တဲ့ကြားက ငါ ပြန်ချစ်ခဲ့တာကို သူ မေ့သွားပြီ သွယ်၊ သူ့ကို လက်ထပ်ဖို့အတွက် ငါ အချိန်ယူဖို့ ကြိုးစားဖို့ အချိန် ဆွဲခဲ့တာကိုပဲ ပြန်တွေးတတ်တော့တယ်. . .

'အခု လက်ထပ်ဖို့ ငါ လက်ခံလိုက်တာဟာ သူ့ အခြေအနေ ကြောင့်လို့ သူ ထင်တယ်၊ မင်္ဂလာဆောင်တဲ့နေ့ ကထဲက ငါ့ကို ခုထိ စိမ်းကားကား ဆက်ဆံတယ်၊ မောင်လို့ ငါ ခေါ်တာကိုတောင် အရင်က 'မောင်မောင်' မဟုတ်ဘူးလို့ စကားဖြတ်ပြီး ဟောက်ပစ်ခဲ့ တဲ့အထိပဲ'

'လက်မထပ်ရခင်က မောင်လို့ ခေါ်ရသေးတယ်၊ ခုတော့ ကိုစဝ်နေဗလလို့ပဲ ခေါ်ဖြစ်တော့တယ်၊ ငါလည်း ငါ့ခံစားချက်နဲ့ ငါပဲ သွယ်ရယ်၊ ငါ သူ့ကို ဘယ်တော့မှ. . . 'မောင်'လို့ ပြန်မခေါ်နိုင် တော့ဘူး'

မမျှော်လင့်ဘဲ မှီ ဖွင့်ပြောချလိုက်မိသည်။ ပြောရင်းက မျက်ရည် ရစ်ဝိုင်းလာသော မှီ့ကို သွယ်က ဂရုဏာသက်စွာ ကြည့်ရင်း. . .

'အံ့သြစရာပဲ မှီ၊ သူ နင့်ကို မချစ်တော့ဘူးလား'

'မချစ်ရင် ဇွတ်တရွတ်နဲ့ ဒီလောက် မြန်မြန်ဆန်ဆန် ဘယ် လက်ထပ်ယူမလဲ၊ သူ ကိုယ်ယောင် ဖျောက်သွားပြီး ပြန်ပေါ်မလာဘဲ နေလိုက်လို့ရတာပဲ၊ သူ ငါ့ကို ချစ်လို့ စိတ်နာနေမှန်း ငါသိတယ်၊ ငါလဲ သူ့ကို သိပ်ချစ်လို့ ဆက်ပြီး ပေါင်းသင်နေပေမယ့်. . . ငါလဲ စိတ်နာတတ်တာပဲ သွယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'ငါ ပျော်လဲ မပျော်ဘူး၊ သူ့ ဆီမှာ နေကို မနေချင်ဘူး၊ ဒါပေမယ့် သူ့ကို ခွဲလဲ မခွဲနိုင်ဘူး သွယ်ရယ်၊ ဟိုတုန်းက သူ့ကို ချစ်ခဲ့ရတဲ့ ဘဝကို ပျော်ရပေမယ့်. . . လက်ထပ်ပြီးတဲ့နောက် ငါ တစ်ရက်မှ မပျော်တော့ဘူး သွယ်ရယ်'

သွယ် စိတ်ညစ်သွားပုံနှင့် မျက်နှာကလေး အိုသွားလေသည်။ အာရ်စီရှေ့ ပလက်ဖောင်းမှာ ခြေစုံရပ်ကာ မှီ တို့ ဆက်လက် မရွေ့လျားဖြစ်။

'ငါ သူ့ပိုက်ဆံတွေကို မမက်မောဘူး ဆိုတာ ဘယ်လို ပြရမလဲ သွယ်ရယ်. . . ဟင်၊ အခု အကျောင်းအတွက် စရိတ်ကိုတောင် ဒေါ်လေးငယ်ဆီကပဲ ငါ ပြန်ယူသုံးတယ်၊ သူ့ ပိုက်ဆံကို ငါ တစ်ပြားမှ မသုံးပါဘူး'

'အဲဒါတော့ သိပ်မကောင်းဘူး မှီ. . . ၊ ဒီလို လုပ်နေရင်တော့ ပြဿနာ ပိုကြီးလာမယ်'

'သူဟာ. . . 'မောင်' မဟုတ်တော့ဘူး သွယ်. . . ၊ တကယ့် စဝ်နေဗလ စစ်စစ် ဖြစ်နေပြီ. . . ၊ ငါ့ကို သိပ် ချစ်ပြခဲ့တဲ့ ကိုမောင်မောင်နဲ့ တစ်ယောက်စီလို့ ထင်ရတယ်'

'သူဘာလို့. . . ဒီလောက်အထအန ကောက်လိုက်ရတာလဲ'

'ငါ ထင်တယ်. . .၊ သူ့မှာ အမျိုးသမီး တစ်ယောက်နဲ့ ပတ်သက်တဲ့ အတိတ်ရှိလိမ့်မယ်. . . ၊ ဥပမာ. . . '

မှီ. . . မျက်ဝန်းကလေးတွေ ညှိုးဖျော့ မှိန်ရီသွားရင်း. . . ခုန ပြောနေတဲ့. . . ဥမ္မာအောင်. . . '

BURMESE CLASSIC .com

www.burmeseclassic.com



'ငွေမက်တဲ့ မိန်းမတစ်ယောက် တွေ့ဖူးတယ် ဆိုတဲ့ အဓိပ္ပာယ်လား'

'အင်း. . . ငါ ထင်တာပဲလေ. . .၊ အဲဒီလို ထင်လိုက်တဲ့ အချိန်က စပြီး. . . '

'သဝန်တိုတယ် ဆိုပါတော့'

'မဟုတ်ဘူး သွယ်. . . ၊ သူ့ကို ငါ သနားသွားတယ်. . . ၊ ပိုပြီးတော့ သည်းခံ ခွင့်လွှတ်ချင်လာတယ်၊ ထိုခိုက် ဒဏ်ရာ ရဖူးတဲ့ ကလေးတစ်ယောက် ချော်လဲမှာ ကြောက်လို့ ပျော်ချင်ရဲ့သားနဲ့ မဆော့ မကစားဘဲ ငြိမ်ငြိမ်ကလေး ကုပ်နေရတာကို. . . ကရုဏာသက်မိတဲ့ မိခင် တစ်ယောက်ရဲ့ ခံစားချက်မျိုးနဲ့ ဆိုပါတော့'

'နင်. . . ကိုမောင်မောင့်ကို သိပ်ချစ်တာပါလား မှီရယ်'

'ဒါပေါ့ကွယ်. . .၊ သိပ်ချစ်တာပေါ့၊ သူ နားမလည် နိုင်တာကိုတော့ ဝမ်းအနည်းဆုံးပဲ သွယ်ရယ်'

မှီ့ မျက်ဝန်းအိမ်ထဲ မျက်ရည်များ ပြည့်လျှံလာရသည်။ မောင်ရယ်. . . ၊ ဟိုတုန်းကလို မောင့် နဖူးကို မှီ့ နဖူးလေးနဲ့ မမှီ့တမှီ တိုက်ရင်း စိတ်ကောက် ဝမ်းနည်းပြချင်တယ်။

ထိီး မပါတဲ့အခါ. . . မှီ နေပူမှာစိုးရိမ်ပြီး မောင့် အရိပ်ကျတဲ့ဘက်က. . . အရိပ်ခိုပြီး လျှောက်ခဲ့စေတာ ကိုလည်း. . . ပြန်တမ်းတမိ တိုင်း နာကျင်ရတယ်။ မှီ့ အနွေးထည်ကလေး လျှော်ပေးခဲ့တုန်းက ကြည်နူးရတဲ့ ပီတိမျိုးကိုလည်း လွမ်းလှပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



မောင် ကြိုက်တဲ့ ထောပတ်သီး ဖျော်ရည်ကို မောင့်အတွက် ဖျော်မပေးရဲ၊ သွားမတိုက်ရဲတော့လောက်အောင် စိမ်းကားတဲ့ မောင့်ကို. . . ဘာကြောင့်များ မေတ္တာ မပျက်မိတာတဲ့လဲ။

မာကျောနေစိမ့်တဲ့ လူတစ်ယောက် အနားက ကျောခိုင်း ထွက်ခွာဖို့ ခြေတစ်လှမ်း စာလောက်တောင် နှလုံးသားမှာ အင်အား မရှိတာ. . . ဘာကြောင့် များပါလိမ့် မောင်ရယ်။

* * *

'မေမေ. . . မှီ့ ကို ဒေါ်လေးငယ်က သနပ်ခါးပင်ကလေး တစ်ပင် ပေးလိုက်တယ်၊ ဒီမှာ ကြည့်ပါအုံး'

စားပွဲခင်း တစ်ခုအတွက် ခြည် အဖြူနှင့် ခရုရွေး ထိုးနေရာမှ ဒေါ်စဝ်သီရိကျော့က မော့ကြည့်လိုက်မိသည်။

'ဒီမှာ မေမေ. . . ၊ ပလတ်စတစ် ပျိုးထုပ်ကလေးပဲ ရှိသေးတာ၊ မှီက အရမ်းလိုချင်နေတာ. . . ဟိုမှာ နေကထဲက ဒေါ်သေးက အညာက သူ့ မိတ်ဆွေဆီ လှမ်းမှာ ပေးထားတာ မေမေ၊ ခုမှ ရလို့. . . မှီ့ သူငယ်ချင်းနဲ့ ပေးလိုက်တာ၊ မေမေ ကြိုက်တယ်ဆို'

'အေး. . . အပင်လေးက ပေါက်စနိ ပေါက်စနနဲ့ ချစ်စရာ လေးကွယ်. . . ၊ ကြည့်ပါအုံး. . . အပင် ဒီလောက် သေးသေးမှာ တောင် အပွေးကလေးနဲ့'

BURMESE CLASSIC .com

www.burmeseclassic.com



'ခစ်. . . ခစ်'

မှီက ရွှင်လန်းစွာ ရယ်မိသည်။ ဒေါ်စဝ်သီရိကျော့ မျက်နှာကလဲ ဝင်းပလာရ၏။ သူလည်း သနပ်ခါးကို နှစ်သက်လွန်းတာမို့ သနပ်ခါးပင်ကို တမြတ်တနိုး လိုချင်နေတာ။

'ဒါ ဘယ်လိုလဲသမီး. . . မြေကြီးထဲ ချရမှာလား၊ အိုးနဲ့ပဲ ထားရမှာလား'

'မှီ မြေကြီးထဲပဲ ချလိုက်တော့မယ်၊ ခြင်းကလေးနဲ့ ဖြစ်ဖြစ် ကာထားမယ်လေ မေမေ'

ဒေါ်စဝ်သီရိကျော့ ပြုံးကာ ခေါင်းညိတ်လိုက်၏။ ပျင်းရိခြောက်သွေ့စွာသောသူ၏ ဇရာရွယ်အပိုင်းမှာ တီတီတာတာ စကား ဆိုတတ်သော၊ ပြုစုယုယတတ်သော သမီးတစ်ယောက် ရှားပေးဖော် ရသည့် သားကြီးကို ဘယ်လို ကျေးဇူးတင်မှန်း မသိ။

ဒေါ်စဝ်သီရိကျော့က သစ်ပင် ပန်းပင် ဝါသနာကြီးတော့ မှီက တစ်မျိုးပြီးတမျိုး ရှာဖွေစုဆောင်း လာတတ်သည်။ ခရုရှေးထိုး ဝါသနာပါတော့ ဒီဇိုင်းမျိုးစုံ ပါသော ကတ်တလောက်တွေ ရှာလာပေး တတ်သည်။

'မှီ့ ကိုလဲ သင်ပေးပါလား မေမေ' ဟု ပူဆာခဲ့ခြင်းသည် သူမ တကယ် ဝါသနာပါတာထက်. . . ဒေါ်စဝ်သီရိကျော့မှာ အားလပ်နေသည့် အချိန်ပိုင်းတွေအတွက် ဆောင်ရွက်နေစရာ အပျင်းပြေနေစရာ စကားလည်းပြောရင်း . . . သင်လည်း သင်ရင်း. . . ဖြစ်ရအောင် တမင်ဖန်တီးတာမှန်း လူကြီးမို့ မသိဘဲ နေပါ့မလား။

BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်နား ချစိုက်ရမလဲ မေမေ'

'ကား ဂိုဒေါင်နား မကောင်းဘူးလား. . . သမီး'

'ဦးတိုးများ ပြောနေမလားမသိဘူး၊ ဦးတိုးက ဂိုဒေါင်နားမှာ ဘာပင်မှ မရှိဘဲ တမင် မြေပြောင်ပြောင် လုပ်ထားတာတဲ့'

'ကျန်တဲ့ နေရာတွေက လူမြင်းကွင်းဆိုတော့. . . သားက မကြိုက်ဘဲ ပြောနေအုံးမယ်၊ ဂိုဒေါင်နားသာ ချထားလိုက်ပါ သမီးရယ်၊ မေမေ ချခိုင်းတယ်လို့ ဦးတိုးကို ပြော၊ အပင်နားမှာ ဝါးကပ်ကလေး လေးဖက်လေးတန် နှစ်ပေလောက် မြင့်မြင့် ကာ ခိုင်းလိုက်'

'ဟုတ်ကဲ့ မေမေ'

မှီက အပင်လေးကို မျက်နှာနားကပ်ကာ ရှုရှိုက်ကြည့်ရင်း. . .

'ခုကထဲက မွှေးနေသလိုပဲ မေမေ'

'ပြစမ်းပါ၊ ဟုတ်ပါရဲ့. . . သနပ်ခါး အစစ်ပင် မဟုတ်ဘဲ သနပ်ခါးပန်းပင်လဲ ရရင် လိုချင်တယ် သမီးရယ်'

'မှီ လျှောက် စုံစမ်းကြည့်မယ် မေမေ'

'အေး. . . အေး'

'မှီ သွားစိုက်လိုက်အုံးမယ်နော်'

'အေး. . . စာမေးပွဲ နီးပြီဆို'

'မှီ. . . ည ည. . . စာကျက်ပါတယ် မေမေ'

'အေး. . . အေး'

BURMESE CLASSIC .com

www.burmeseclassic.com



မှီက အခန်းထဲကထွက်ကာ ဒေါ်စဝ်သီရိကျော့ကို လှမ်းပြုံးပြပြီးမှ အခန်းတံခါး ပြန်ပိတ်ခဲ့၏။

ဦးတိုးက အိမ်က မာလီ နှစ်ယောက်အနက် ပိုမိုနေရာရသူမို့ သူ့ကို အရင်ရှာကာ မေမေပြောခိုင်းသလို ပြောပြရသည်။ ဦးတိုး မျက်နှာက အင်တင်တင်။

'သခင်လေးက ကြိုက်မှာ မဟုတ်ဘူး'

'သူ့ကို မှီ ပြောပါ့မယ် ဦးတိုးရယ်၊ မေမေက ဒီနား စိုက်စေချင်တာ'

'မဟာဒေဝီက ခွင့်ပြုတာ ဆိုတော့လဲ. . . စိုက်ပါ. . . မမ လေး'

'ခေါ်ပြန်ပြီ ဦးတိုးရယ်. . . မမလေးလို့'

အိမ်မှာနေသည့် အလုပ်သမားတွေက အများအပြား။ ဒေါ်ကြူး၊ မမေကြည်၊ မရွှေ၊ မအုံးမေ၊ ဦးမားပန်၊ ဦးတိုး၊ မောင်စိန်၊ ကိုအေးသာ၊ အားလုံး မှီ့ကို မမလေးချည့်ပဲ ခေါ်ကြသည်။

မမေကြည်၊ မရွှေနှင့် မအုံးမေတို့ကတော့ တားမရ။ ဒေါ်ကြူးကလဲ မမလေးကလွဲပြီး တခြားလို မခေါ်ရဲတာမို့ တစ်ခါတစ်ရံ နာမ်စားမပါဘဲ ပြောတတ်သည်။ တစ်ခါတစ်ရံလည်း ယောင်းယမ်းပြီး မမလေးပဲ ထွက်လာသည်။

မောင်စိန်က မှီနှင့် မတိမ်းမယိမ်းမို့ ရှိစေတော့။ ကျန်ယောက်ျား သုံးယောက်ကို မှီက မခေါ်စေချင်။ ဒါပေမယ့် ဘယ်သူက သင်လိုက်မှန်း မသိပါ။ မှီ ရောက်လာချိန်မှာ 'မမလေး' ဆိုသည့် အခေါ်ကို နှုတ်ကျိုးနေသလို သုံးကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဦးတိုးနှင့် မှီ နှစ်ယောက်သား မြေကို တူးကာ မြေဆွေး နည်းနည်းကျင်းပြီးမှ အပင်ကလေးကို ချစိုက်သည်။ မကြာခင်ပင် မောင်စိန်က ဝါးကပ်ငယ်ကလေးတွေ လုပ်ယူကာ နှီးကြိုးနှင့် တုပ်ချည် ရံကာလိုက်၏။

တော်တော်ကြာအောင် မှီ သဘောတကျ ကြည့်နေမိ၏။ အပေါ်ထပ်ဝရန်တာမှ မေမေကလဲ ထွက်ကြည့်သည်။

'ဟဲ့. . . မောင်တိုး. . . ဒီအပင် မသေစေနဲ့'

'ဟုတ်ကဲ့ပါ'

'သေမယ့် အရိပ်အရောင်ပေါ်ရင် အသစ်တစ်ပင် အဆင်သင့် ရှာထား. . . ကြားလား'

'ဟုတ်ကဲ့'

'သမီးက အညာကတောင် မှာပြီး တောင်းထားတာ၊ ရွှေလို သနပ်ခါးမျိုး စစ်စစ်'

'ဟုတ်ကဲ့'

ဒေါ်စဝ်သီရိကျော့က အထဲ ပြန်ဝင်သွားသည်။ မှီ အိမ်ပေါ် တက်ကာ ကျက်စရာ စာအုပ်တချို့ ယူပြီး ခြံထဲ ပြန်ဆင်းလာခဲ့၏။ အရိပ်အောက်မှ ဒန်းပေါ်ထိုင်ပြီး စာ ကျက်နေလိုက်သည်။

ဘာမှ မကြာခင် မိုးဖွဲကျလာတာမို့ အိမ်ပေါ် ပြန်ပြေးတက်ရ၏။ မှီ ပေါ်တီကို အောက် အရောက်မှာ ခြံထဲ ကားဝင်လာ၏။ မောင် ပြန်လာတာမို့ အိမ်ထဲ ဆက်ဝင်သွားရခက်၊ ရပ်စောင့်နေဖို့လဲ ဆန္ဒ မရှိဘဲ. . . မှီ အကြံအိုက်သွားရ၏ မောင်က ကားကို ပေါ်တီကိုအောက် မောင်းယူမလာ၊

BURMESE CLASSIC .com

www.burmeseclassic.com



ဂိုဒေါင်ရှိရာ တိုက်ရိုက် မောင်းသွားတာမို့ မှီ အိမ်ထဲ ဆက်ဝင်ဖို့ အပြင်. . .

‘ဦးတိုး. . . ဒါ ဘာလုပ်ထားတာလဲ’

ဂိုဒေါင်ထဲ ကား မရောက်သေးခင် သနပ်ခါးပင် ရှိရာနား ရပ်လျက် ကား စက်သံကြားမှ အော်မေးလိုက်သော မောင့် အသံကြောင့် မှီ ထိတ်ကနဲ ဖြစ်သွားရသည်။

ဦးတိုး ဖြေရှင်းနေသံ ခပ်တိုးတိုးကို မသဲမကွဲ ကြားရသည်။ မှီ. . . စာအုပ်ကို ဧည့်ခန်းနား ခဏ ထားရစ်ကာ ခေါင်းပေါ် လက်ဝါးကလေး မိုးပြီး မိုးဖွဲထဲ ပြေးထွက်ခဲ့၏။

အပင်ကလေးဘေးမှာ မှီ ရပ်လိုက်ရင်း. . .

‘မှီ. . . လုပ်တာပါ ကိုစဝ်နေဗလ’

ခပ်တိုးတိုး ပြောလိုက်မိသည်။

စဝ်နေဗလ မျက်မှောင်ကြီးကြုတ်ကာ ခဏတော့ နှုတ်ဆိတ်သွားရသည်။ မှီ့ ကိုတော့ သစ်ပင် တစ်ပင် စိုက်တာလောက်နှင့် မဆူ မပြောလို၊ သို့ပေမယ့်. . .

‘ဘာပင်လဲ’

တစ်ချက်တော့ ရှုံ့မဲ့ မေးမိသည်။

‘သနပ်ခါးပင်ပါ’

‘ဒီ ဝါးကပ်တွေကကော မကာလို့ မရတော့ဘူးလား’

‘ဘာဖြစ်လို့လဲ ကိုစဝ်နေဗလ’

‘ရုပ်ပျက် ဆင်းပျက် နိုင်လွန်းလို့’

‘မှီ. . . ဖြုတ်လိုက်ရမှာလား’

BURMESE CLASSIC .com

www.burmeseclassic.com



'သဘောပဲကွာ. . . ၊ လုပ်ချင်သလို စိတ်ချမ်းသာသလို လုပ်ပေါ့'

ခွင့်ပြုသွားသလိုလို ဖြစ်ပေမယ့်. . . စိတ်ချမ်းသာသလို လုပ်ဆိုသော စကားက စိတ်ပျက် လက်ပျက်ပြောသည့် သဘောမျိုးမို့. . . မှီ. . . ဝမ်းနည်းသွားရသည်။

သူ တစ်ပါးအိမ်မြေကို ရောက်လာပြီး. . . အိမ်ရှင် မကြိုက် နှစ်သက်တာကို လုပ်မိသလိုများ ဖြစ်မလား။ မေမေက စိုက်ဖို့ ပြောပေမယ့်. . . မေမေ ကိုယ်တိုင်က စဝ်နေဗလ စကားကို ဦးစားပေးကာ . . . သူ့ အလိုကို လိုက်တတ်သည်။

မှီ့ ကိုက ဆတ်ဆော့ပြီး အပင်ယူလာမိတာ၊ မေမေက ကြိုက်သည်ဟု ပြောဖူးပေမည့် မှီ ယူမလာလို့လဲ ဘာမှ ဖြစ်မှာမဟုတ်။ မောင် မကြိုက်မှာစိုးလို့ လူမြင်ကွင်း ခြံ ရှေ့ဘက်မှာ မစိုက်ဘဲ၊ ခြံ ဘေးဘက်မှာ စိုက်ထားတာတောင်မှ မောင်က မကြိုက်။

မှီ. . . မျက်ရည်ဝဲဝဲနှင့် အပင်ကလေးကို ကာရံထားသည့် ဝါးကပ်ပြားတို့ကို ဆွဲဖြုတ်လိုက်၏။ မိုးရေ စွတ်စွတ်စိုလာတာကို ဂရုမထားမိဘဲ လူက ဝမ်းနည်းနေသည်။

စဝ်နေဗလ ဂိုဒေါင်တွင်းမှ ပြန်ထွက်လာ၏။ မောင်စိန်က ထီးမိုးပေးကာ ပါလာသည်။ မှီ့ နားရောက်တော့ စဝ်နေဗလက ခြေလှမ်းတွေ ရပ်လိုက်ဖြစ်သည်။ မှီ့ မျက်နှာလေးကြည့်ကာ စိတ်မ ကောင်း ဖြစ်သွားမှန်းလည်း သိတာမို့. . .

'ဘာဖြစ်လို့ ပြန်ဖြုတ်နေတာလဲ. . . ထားလိုက်ပါ၊ လာ မိုးရွာနေပြီ'

BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်နာစကားကြောင့် ပိုမို ဝမ်းနည်းသွားရရင်း. . . မှီက မထ။ ထိုအခိုက်မှာ မှီ လုံးဝ မျှော်လင့် မရဲဝံ့စွာ. . . မယုံကြည်နိုင် လောက်အောင် မှီ့ လက်မောင်းလေး တစ်ဘက် နွေးသွားရသည်။

စဝ်နေဗလက မှီ့ လက်မောင်းလေးကို ဆုပ်ကိုင်ကာ ဆွဲယူ ထစေလိုက်၏။ မှီ က ပေါ့ပါးပါးကလေး မတ်တက်ရပ်ပါ လာသည်။

'မိုး စိုကုန်ပြီလေ'

လက်ထပ်ပြီးသည်မှ စ ပြီး မထမဆုံး နူးညံ့စွာ ပြောလိုက် ခြင်းမို့. . . မှီ့ ရင်ထဲ ပြောမပြတတ်အောင် ပူနွေးကာ မျက်ရည် ကျလာရ၏။

'မောင်စိန်. . . ဝါးကပ် ပြန်စိုက်ထားလိုက် သေသေချာချာ လုပ်၊ မှီ. . . လာခဲ့၊ ထီးအောက် ဝင်'

အမိန့်ပေးသံ ဆန်ပေမယ့်. . . မှီ့ ရင်ထဲ နားထဲ နားဝင် ချိုလှစွာ နှစ်သက်မြတ်နိုးစွာ နာခံလိုက်မိ၏။ မောင်စိန့်ထံမှ ထီး လှမ်းယူသည်။ မောင့် လက်ထဲက ထီးရိပ်အောက်မှာ အိမ်မက် မက်သူကို တောင့်တောင့်ကလေး ပါလာသည်။

'သစ်ပင်တွေ ဘာတွေစိုက်လို့. . . ဘာစိတ်ကူး ပေါက်တာ လဲ'

'မေမေ ကြိုက်တဲ့ အပင်မို့ပါ'

'ခင်ဗျားလေးက. . . မေ့မေ့ကိုတော့ တော်တော်ယုယ အလို လိုက်သား၊ ကျုပ်ကြိုက်တဲ့အပင်ရော မစိုက်ဘူးလား'

'ကိုစဝ်နေဗလက ဘာပင်ကြိုက်မှန်း မှီမှ မသိတာ'

BURMESE CLASSIC .com

www.burmeseclassic.com



'နှင်းဆီပင် ကြိုက်တယ်'

'မှီ. . . စိုက်ပေးရမလား'

မှီ့ မျက်နှာ ဖြူဖြူကလေးကို ငုံ့ကြည့်ရင်း စဝ်နေဗလ ငိုင်သွားရသည်။ မှီ့ကို သနားကြင်နာစိတ်ကလေး တစ်စွန်းတစ်စ ပေါ်လာရ၏။

'စိုက်ပေး'

တံခါးဝအရောက်မှာ စဝ်နေဗလက ထီးပိတ်လိုက်တာမို့ အသင့် စောင့်နေသည့် မအိုးမေက ထီး လာယူသည်။ မှီက ခုနထားခဲ့သော ကျောင်းစာအုပ်ယူကာ ရှေ့မှ တက်ခဲ့၏။

အခန်းထဲရောက်တော့ စားပွဲမှာ ထိုင်ပြီး စာကျက်ဖို့ မရေမရာ ရည်ရွယ်ရင်း စာအုပ်ကလေး လှန်သည်။

စဝ်နေဗလ အဝတ်လဲနေရင်း ဗီရိုမှန်မှတစ်ဆင့် မှီ့ကို ခိုးကြည့် နေမိသည်။ ဒီတစ်ခါ ခရီးထွက်ခါနီး မှီ့ကို အရမ်းလွမ်းနေသည်။ မှီ့ကို သူ ပစ်ထားခဲ့သော နှစ်လကျော်ပြီ။

မှီ စိတ်ပျက်လောက်ပြီလား။

တကယ်တော့ မှီ့ကို မောင် သိပ်ချစ်တာပါပဲ မှီရယ်။ ဒါပေမယ့် မယုံကြည်မိဘူး။ ခုနေ ဆင်းရဲ စုတ်ပြတ်သူ တစ်ယောက် အဖြစ် ရောက်ခွင့်ရလျှင်. . . သိပ်ကောင်းမှာ။ မှီ့ အချစ်နှင့် သစ္စာတရားကို သိခွင့်ရမှာမို့. . . ရှိသမျှ အရာရာနှင့် လဲလှယ် နိုင်ပါရဲ့။

မှီ့ကို ကြည်နာနွေးထွေးစွာ ဟိုတုန်းကလိုပဲ ယုယချင်သည်။ ခုဆိုလျှင်. . . မှီ့ ဆံပင်ဖျားကလေးတွေက ရနံ့သင်း

BURMESE CLASSIC .com

www.burmeseclassic.com



သင်းနှင့် ကင်းဝေးနေခဲ့ရတာ ကြာပြီ။ မှို့ ပါးပြင်ဝင်းပပကလေးကို လက်ဖျားကလေးနှင့်ပင် မတို့ထိဖြစ်တာ ကြာပြီ။

ရင်တွေခုန်ကာ စဝ်နေဗလ နှလုံးသားတွေ နွမ်းနယ်လာရ၏။ ထားသလို နေလိုက်ရှာတာကလေးက မာန်စွယ် ကင်းမဲ့လွန်းတာကို ပြသည်။

မှီရယ်. . .

မောင့်ကိုခွင့်လွှတ်နေသေးရဲ့လားတည်မိသည့်ဘုရား. . . လင်းတပဲ နားနားဟု အောင့်အည်းကြိတ်မှိတ် နေနေရတာများလား။ မေတ္တာတရား ကြီးမားလွန်းစွာပဲ သည်းညည်းခံနေတာလား မှီရယ်။

'မှီ'

ရုတ်တရက် လှမ်းခေါ်လိုက်မိသည်။ ဗီရိုမှန်မှ တစ်ဆင့်ကြည့်နေသော သူ့ကို မှီကလည်း မှန်တင်ခုံမှတစ်ဆင့် လှမ်းကြည့်၏။ ရုတ်တရက် နေဗလက စကားရှာမရဘဲ. . .

'မန္တလေး ဘာမှာမလဲ'

'မမှာတော့ပါဘူး'

'ထိုးမုန့် ဝယ်ခဲ့မယ်လေ'

ဟိုတစ်ခေါက် အပြန်တုန်းက ဝယ်လာသော ထိုးမုန့်၊ ကရေကရာတို့ကို မှီ နှစ်သက်စွာ စားတာကို မြင်ယောင်ပြောမိသည်။

'နေပါစေ'

မှီ ခေါင်းခါလိုက်၏။

ထိုးမုန့်ကို မှီ မကြိုက်။ ဟို တစ်ခေါက်ကတော့ သူ ကျေနပ်

www.burmeseclassic.com



ပါစေတော့ဟု သူ ဝယ်လာတာကို အားရပါးရ စာပြခဲ့သည်။ မျက်နှာသာကလေးများ ရလို့ရငြား. . . မောင် ဝယ်လာသည့် ပစ္စည်းတစ်ခုကို နှစ်သက်ပြခဲ့တာပါပဲ။

ဒီလို လုပ်ပြခဲ့လို့ရော မှီ့မှာ မျက်နှာသာရလို့လား။

'ဟိုတစ်ခါကတော့ ကြိုက်တယ်ဆို'

'ခု မကြိုက်တော့ပါဘူး'

ဖြေအပြီး ပြန်ငုံ့သွားတာမို့ စဝ်နေဗလ အောင့်သက်သက် ဖြစ်သွားရ၏။ မလုပ်တလုပ် မှီ့ကို ဆွဲလှုပ်ယမ်း ပစ်လိုက်ချင်သည်။အပြုံးကင်းမဲ့ ခြောက်သွေ့နေတာကြာပြီ ဖြစ်သော မှီ့ မျက်နှာကလေးကို ပြုံးလာအောင် ဘယ်လို လုပ်ရပါ့။

မှီရယ်. . . မင်းကို သိပ်ကို ချစ်ရလွန်းပါတယ်။ စုတ်စုတ် ပြတ်ပြတ်ပုံစံနှင့်တုန်းက လက်ထပ်ခွင့် မပြုခဲ့တာနှင့်၊ အိမ်ခေါ်လာသော နေ့က ခေါင်းညိတ်လက်ခံတာကိုသာ ရင်ထဲက နှမြောတသ နာကျင် နေသူပါပဲ။

ငုံ့နေသော မှီ့ မျက်နှာလေးကို ခိုးကြည့်နေရတာ မဝ။ ကိုယ့်ကိုယ်ကိုလဲ ဒေါသ ဖြစ်လာသည်။ မှီဟာ. . . မောင့်ရဲ့ မိန်းမပဲ၊ ကိုယ့်ဇနီးကို ကိုယ်. . . ခိုးကြည့်ရမှာလား။

နေဗလ ခြေလှမ်းတွေက မှီ့ စားပွဲနံရံဘေး ရောက်သွားကာ ထိုင်နေသော မှီ့ ပခုံးနှစ်ဘက်ကို လက်နှင့် ဆုပ်ကိုင်လိုက်မိ၏။

'ဟင်'

www.burmeseclassic.com



မှီ ကြက်သီးတွေ ထကာ အံ့ဩ မှင်သက်သွားရသည်။ လက်ဖျားကလေးက အေးစက်သွား၏။ နေဗလက မှီ့ ပခုံးမှ အားပြု ဆုပ်ကိုင်ကာ ဆွဲမ ယူလိုက်တာမို့ မှီ့ ကိုယ်ကလေး ကြွကာ နေဗလနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားရသည်။

တုန်ယင်နေသော မှီ နှုတ်ခမ်းကလေးကို ကြည့်ကာ စဝ်နေဗလ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။ မှီ့ လက်နှစ်ဘက်က သူ့ ရင်ဘက်ကို တွန်းထားသည်။ တုန်လှုပ်နေပုံကလေးက သနားစရာ။

နေဗလက မှီ့ ကိုယ်လုံးကလေးကို ရင်ထဲ တင်းကျပ်လာအောင် ဆွဲသွင်းယူကာ လက်နှစ်ဘက်နှင့် ဖက်ထွေးထားလိုက်မိ၏။

မှီ့ နှလုံးခုန်သံတွေ ဆူညံကာ မျက်ရည်ပူတွေ စီးကျလာရသည်။ မှီ့ လက်တွေနှင့် အတင်းတွန်းကာ နေဗလရင်ထဲက ရုန်းကြည့်သည်။ မှီ့ အသိစိတ်တွေ ဒွိဟ ဖြစ်နေရပြီ။ မောင့်ကို ချစ်ခဲ့ဖူးသလောက်၊ စဝ်နေဗလကိုတော့ မှီ ကြောက်ပါတယ် မောင်ရယ်။

စဝ်နေဗလက မှီ ရုန်းနေတာကြောင့် တစ်ချက် ဖြေလျော့ပေးကာ မှီ့ကို အံ့ဩတကြီး ငုံ့ကြည့်မိသည်။

မှီ့ . . . ငိုနေပါလား။

ကြည့်နေဆဲပင် မှီ့ ထံမှ ရှိုက်သံကလေးတွေ ထွက်လာသည်။ မှီ့ ဆံပင် စတွေကို လက်နှင့် ကိုင်မိရင်း ရှိုက်နမ်းဖို့ နေဗလ ကြိုးစားလိုက်၏။ ဆတ်ကနဲ ခေါင်းခါ ရုန်းလိုက်

BURMESE CLASSIC .com

www.burmeseclassic.com



သော မှီ့ကို ရင်ထဲ ဆို့ နစ်အောင် အုံ့အားသင့်စွာ နေဗလ ပါးစပ် ဟ သွားရသည်။

'မှီ. . .'

လက်ပါ လွှတ်လိုက်မိရင်း ရေရွှတ်ခေါ်မိစဉ်. . . မှီ က ခြေ နှစ်လှမ်းလောက် ဆုတ်သွားသည်။

'မှီ. . . ဘာဖြစ်လို့ ရုန်းတာလဲ'

မှီ့ မျက်ဝန်းကလေးတွေ ဝင်းဝင်း တောက်သွားရသည်။ မှီ ဘာကြောင့်မှန်း ကိုယ့်ဘာသာပင် မစဉ်းစားတတ်ဘဲ ရင်ထဲမှာ နာကျင် နေသည်။ နှုတ်ခမ်းကလေးကို တင်းအောင် စေ့ကာ မောင့်ကို အေးစက်စွာ ရင်ဆိုင်ကြည့်နေမိသည်။

'ဘာဖြစ်လို့ ဒီလောက် ရုန်းရတာလဲ၊ ကြောက်စရာ သိပ်ကောင်းနေလို့လား. . . ၊ ကျုပ်က ခင်ဗျား ယောက်ျား မဟုတ် ဘူးလား'

'ဟုတ်ပါတယ်'

'ငါ့ကို စိတ်ဆိုးနေတာလား. . . '

'စိတ်ဆိုးနေတာ မဟုတ်ပါဘူး၊ ကိုစဝ်နေဗလဆိုတဲ့ သူဖက်တာ မှီ. . . မခံချင်ဘူး၊ မှီ. . . သူ့ကို မချစ်ဘူး'

'ဘာရယ်'

မှီက ခေါင်းငုံ့နေလိုက်သည်။ မျက်ရည်တွေက တစ်ပေါက်ချင်း. . . ကျလာနေရ၏။ ကိုစဝ်နေဗလရယ်. . . ရှင်က လိုအပ်တဲ့အခါ အဆင်သင့် ရှိရုံလောက် မှီ့ကို နေရာပေးလို့တော့ ဘယ်ဖြစ်ပါ့မလဲ။

BURMESE CLASSIC .com

www.burmeseclassic.com



လူတိုင်းမှာ နှလုံးသားနဲ့ စိတ်နဲ့ပဲ။ မောင့်ကို သိပ်ချစ်တဲ့ စိတ်နဲ့. . . မို သည်းညည်းခံနေတာကို နားမလည် သဘောမပေါက် မချင်း မို့ကို မယုယပါနဲ့။ မို့ရဲ့ စိတ်ရင်းမှန်ကို ရှင်းရှင်းလင်းလင်း လက်ခံ ယုံကြည်နိုင်ပြီ ဆိုမှ. . . မောင်ချစ်တဲ့ မို့ ဆံပင်စကလေးတွေကို မောင် နမ်းပါတော့။

'တောက်. . .'

တောက်ခေါက်သံကြောင့် မို. . . ရင်နာသည်။ မှန်တင်ခုံ ရှေ့မှ ခုံငယ်ကို ကန်ကြောက်သွားတာမို့ ဆူညံစွာ ပြိုလဲ ကျန်ရစ်တာကို မို ငဲ့ကြည့်ရုံမျှ ကြည့်မိသည်။

မောင်ရယ်. . . မို့ ရင်ထဲက ကြေကွဲမှု၊ ဆုံးရှုံးမှု၊ ဝမ်းနည်း နှမြောတသမှုတွေကို သိနိုင်စမ်းပါလား။ မို့ကို နားလည်စွာ ယုယတတ်တဲ့ အရင်က မောင်ပဲ ဖြစ်လိုက်စမ်းပါတော့ မို လိုချင်တာ မောင့် ဆီက သံသယကင်းတဲ့ အချစ်တစ်ခုထဲ ကိုပါ။

*   *   *

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၈)

'မကြူး. . . သမီးရော မလာသေးပါလား'

'မမလေး အပေါ်ထပ်မှာ သခင်ကလေးအတွက် အိတ်ပြင်နေပါတယ်'

'ဘာ အိတ်ပြင်နေတာလဲဟဲ့'

ဒေါ်စဝ်သီရိကျော့ မျက်မှောင်ကြီးကုတ်ကာ မျက်လုံးတွေက စားပွဲတစ်ဘက်ထိပ်မှ စဝ်နေဗလထံ ရောက်လာရ၏။

စဝ်နေဗလက မိခင်၏ မျက်ဝန်းအောက်မှာ အနေခက်သွား ရရင်း မဖြေလို့ မရတော့တာမို့. . .

'ကျွန်တော်. . . မန္တလေးသွားဖို့ လိုအပ်တာ တည့်ပေးနေတာပါ မေမေ'

BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်တော့သွားမှာမို့လဲ'

'ဒီည ရထားနဲ့ပါ'

'ဟဲ့. . . မန္တလေးက သွားရလှချည်လား၊ ဟိုတစ်ခါ သွားတာ နှစ်လမှ မပြည့်သေးဘဲ၊ ကိစ္စအထူးအထွေ ရှိလို့လား'

'ရှိပါတယ်မေမေ၊ ပစ္စည်းအသစ်တွေတင်ဖို့ မန်နေဂျာနဲ့ ညှိနှိုင်းရမယ်'

ဖုန်းနဲ့ ညှိနှိုင်းလို့ မရဘူးလား'

'လုံလောက်မှာ မဟုတ်ဘူး မေမေ၊ ပစ္စရနိုင်တဲ့ လမ်းတွေ ရှာရမယ်၊ ဈေးနှုန်း သတ်မှတ်တာကအစ၊ ပထမဆုံး ပစ္စည်း အသစ်တင်တဲ့ တစ်ရက် နှစ်ရက်တော့ စောင့်ကြည့်ချင်တယ်၊ တီဗီတို့ ရေခဲသေတ္တာတို့ အပ်ချုပ်စက်တို့ အိမ်ထောင် ပရိဘောဂတွေပါ တင်တော့မှာဆိုတော့ သိပ်ခဲ့လာတဲ့ သဘောပဲမေမေ၊ အရင်လို နှစ်လ တစ်ခါလောက်မှ သွားပြီး. . . ဒီကြားထဲ မန်နေဂျာနဲ့ လက်ကုန်လွှဲထား လို့ မရတော့ဘူး'

'နေပါအုံး၊ ဒီရက်မှာ တင်မှလား သားရယ်၊ မှီကလေးက ရန်ကုန်ကနေ ဘယ်ကိုမှ ရောက်ဖူးတာ မဟုတ်ဘူး၊ မှီ စာမေးပွဲ ပြီးတဲ့ထိ စောင့်ပြီး. . . မန္တလေးကို ခေါ်သွားပါလား'

'မှီ မလိုပါဘူးမေမေရာ'

ဒေါ်စင်သီရိကျော့က နေဗလကို စူးရဲသော မျက်ဝန်းများနှင့် စူးစိုက်ကြည့်လိုက်သည်။

'မင်း ဘယ်လိုဖြစ်နေတာလဲ သား၊ မှီ့ အပေါ်မှာ ဘာ မကျေမနပ် ဖြစ်နေတာလဲ၊ မင်းလက်ထပ်ချင်တဲ့ မိန်းကလေး

www.burmeseclassic.com



တွေ့ထားပြီလို့. . . မေမေ့ကို ဝမ်းသာ အားရ ပြောတုန်းက မင်းရဲ့မျက်နှာထားနဲ့ မင်းအပြုံး ဘယ်ကို ရောက်သွားပြီလဲ. . .

'မင်း သဘောကျလွန်းအားကြီးလို့ ရှာလာတဲ့ ချွေးမပါ သားရယ်၊ မေမေက သားနဲ့ ချစ်ကျွမ်းပြီးမှ သိရ မြင်ရတာ

'ဘာမှ မဖြစ်ပါဘူး မေမေရယ်'

'သားကို လာပြီး စပ်ကြ ဟပ်ကြတဲ့ အကြောင်းသိ မိန်းကလေးတွေ အများကြီး ရှိလျက်သားနဲ့၊ သား တကယ်မြတ်နိုးတဲ့ သူကိုပဲ လက်ထပ်ပါစေဆိုပြီး သား ငြင်းသမျှ မေမေ ငြင်းခဲ့တယ်၊ သား ကိုယ်တိုင်က ချစ်လွန်းလို့ ဆိုပြီး လက်ထပ်ဖို့ ဆုံးဖြတ်တော့လဲ မေမေ လက်ခံခဲ့တာပဲ သား၊ မေမေ သားကို စိတ်ချမ်းသာစေချင်တာ တစ်ခုထဲပဲ ကြည့်ခဲ့တယ်၊ မှီ့ကို မြင်လိုက်ရကထဲက သား အရွေး မှန်တယ်ဆိုတာ မေမေ သိလိုက်တယ်၊ မှီ ဟာ မိန်းမကောင်းလေးပါ သားရယ်'

စားပွဲနှင့် မလှမ်းမကမ်းမှာ လက်နောက်ပစ်လျက် ရပ်နေသော မမေကြည်က စဝ်နေဗလ မျက်နှာကို မရဲတရဲ ခိုးကြည့်သည်။ မဟာဒေဝီ ပြောစကားကို မမေကြည် ကျေနပ်စွာ ကြိတ်ပြီး ထောက်ခံ နေဖြစ်သည်လေ။

သိတတ်ကတည်းက ကြောက်ရွံ့ လေးစားခဲ့ရသော သခင် ကလေးကို မှီ နှင့် ပတ်သက်မှ စိတ်ထဲ ကြိတ်ဝေဖန်ဖြစ်တာ များပါပြီ။ မိန်းမ တစ်ယောက်ကို ယူထားပြီးမှ ပေယျာလကန် ပစ်ထားရက်တာကို မိန်းမချင်း စာနာစိတ်နှင့် ဘယ်လိုမှ

BURMESE CLASSIC .com

www.burmeseclassic.com



နှစ်သက်လို့ မရ။

'မင်း တစ်ခုခု ဖြစ်နေတာရှိရင် မေမေ့ကိုပြောပြ၊ ဒါမှ မဟုတ်လဲ မှီ့ ကို ဖွင့်မေးပြီး ဆွေးနွေးရမယ်၊ မင်း အခု ဖြစ်နေတာ နန်းရွှေလတ်ရဲ့ သားကိစ္စနဲ့များ ပတ်သက်နေသလား'

'ခင်ဗျာ'

စဝ်နေဗလ အံ့သြသွားရသည်။

'ခွန်မင်းလွင်လတ်ကို ပြောတာလေ'

'မေမေက ဘယ်လို သိနေရတာလဲ'

'မှီ ပြောပြထားတာလေ၊ တစ်နေ့နေ့မှာ ပြဿနာ တစ်ခုခု ဖြစ်မှာစိုးလို့ မေမေ သတိထားရအောင် ပြောပြထားတာပါ. . . တဲ့၊ ဘယ်လောက် ရှင်းလင်းသလဲ'

'ဒီကိစ္စမဟုတ်ပါဘူး မေမေ၊ ကျွန်တော် ဒီလောက်ကြီးလည်း သဝန်မတိုပါဘူး၊ ဘာမှ မဖြစ်ပါဘူး'

'ဘာအပြစ်မှ မရှိဘဲ သားက စိတ်ပျက်သွားတာမျိုးလား'

စဝ်နေဗလက ဇွန်း ခက်ရင်းကို အသာအယာ ချရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

'မိန်းမတစ်ယောက်ကို ယူချင်တဲ့အချိန် ကောက်ယူပြီး ထားချင်သလို ထား၊ စွန့်ပစ်ချင်တဲ့ အချိန် စွန့်ပစ်မှာမျိုး မေမေ လုံးဝ လက်မခံနိုင်ဘူး သား၊ မျိုးရိုးရဲ့ ဂုဏ်သိက္ခာကို ခေတ်အဆက် ဆက် ပြန်ကြည့်လိုက်စမ်းပါ၊ အမဲတစ်စွန်း မရှိဘူး. . .

www.burmeseclassic.com



'သားရဲ့ ဖေဖေဟာလဲ စော်ဘွားကောင်း တစ်ယောက် ဖြစ်ခဲ့သလို လင်သားကောင်း တစ်ယောက်၊ ဖခင်ကောင်း တစ်ယောက်လဲ ဖြစ်တယ်၊ မဟာဒေဝီ တစ်ယောက်ပဲထားပြီး အကျင့် သိက္ခာ၊ သီလ သမာဓိနဲ့ လုံးဝ ပြည့်စုံခဲ့တယ်၊ သားဟာ အဖေဖြစ်သူရဲ့ ခြေရာကို မနင်းဘဲ သူတစ်ပါးသမီးကို. . . ကိုယ်ယူထားတဲ့ မိန်းမကို ရက်ရက်စက်စက် ပြုမူတာမျိုးတော့ လုံးဝ မလုပ်ပါနဲ့ကွယ်'

စဝ်နေဗလ မျက်ခုံးရှုံ့ကာ မျက်နှာ ညိုနေရသည်။ မေမေ ချစ်နေတဲ့ ချွေးမချောက ကျွန်တော့်ကို လပ်ဖျားကလေးမှ အထိမခံဘဲ၊ အချစ်ကုန်နေပြီ ဆိုတာရော. . . မေမေ သိရဲ့လား။

'မေကြည်. . .'

'ဟုတ်ကဲ့'

'နင့် မမလေးကို သွားခေါ်ခဲ့ပါ. . . ၊ ထမင်း တစ်ခါထဲ လာဝင်စားဖို့ ပြောလိုက်ပါ. . . ၊ လုပ်စရာရှိတာ ပြီးမှလုပ်. . . လို့၊ ဒါမှမဟုတ်. . . ဘာလုပ်ရမလဲ မေးပြီး ပြင်ဆင်စရာ ရှိတာ မေကြည် ဆက်ပြင်ပေးလိုက်'

'ဟုတ်ကဲ့ပါ'

'နေ. . . နေ. . . နင် မပြင်နဲ့ မေကြည်ပြီးမှ ဆက်လုပ် ဖို့သာ ပြောခဲ့'

'ကျွန်မ သေသေချာချာ လုပ်ပေးနိုင်ပါတယ်. . .၊ ဘာမှ မပြည့်မစုံ မရှိစေရပါဘူး သခင်ကလေး'

BURMESE CLASSIC .com

www.burmeseclassic.com



မလိုဘူး. . . မလိုဘူး. . .၊ အိတ် ပြင်ဆင်တာ သူ့ကိုပဲ သေချာပြောထားပြီးသား. . .၊ နင် ပြင်မပေးနဲ့. . .၊ ခေါ်ရုံပဲ ခေါ်ခဲ့'

'ဟုတ်ကဲ့'

မေကြည် အိမ်ပေါ်တက်ခဲ့ရသည်။

စဝ်နေဖလ တားမြစ်လို့သာ. . . ။ နို့ မို့ကတော့ ခရီးသွားဖို့ အိတ်ပြင်ရုံ ကိစ္စလောက်ကို ဟိုတုန်းကတည်းက မေကြည် ကျွမ်းကျင်စွာ လုပ်ခဲ့ဖူးပြီးသားပါ. . . ။ စာမေးပွဲအတွက် စာကို မနားတမ်း ကျက်နေရသည့်ကြားက ခင်ပွန်းသည် ခရီးသွားဖို့ အပြည့်အစုံ ထ လုပ်ပေးနေရသော မှို့ကို မေကြည် ကရုဏာ သက်နေရ၏။

ဘယ်လို လင်မယားပါလိမ့်။ လင် ယောကျ်ား မာကျော ကျောနှင့် ဂရုတစိုက် မရှိဘဲ မိန်းမကို လျစ်လျူရှုသည်။ မယားလုပ်သူ ကလဲ ထုံပေပေ အေးစက်စက်နှင့် ယောကျ်ားဖြစ်သူအပေါ် အရယ်အပြုံး နည်းပါးစွာ ဆက်ဆံကာ. . . ခေါ်ပုံကပင် 'ကိုစဝ်နေဖလ' တဲ့။

တစ်ခါတစ်ရံ ကွယ်ရာမှာတော့ 'မောင်' ဟု ခေါ်တတ်သား။ မေကြည်နှင့် စကားပြောခိုက်တွေမှာ တစ်ခါတစ်ရံ 'မောင်' ဟု သုံးနှုန်းသည်။ ရှေ့တင်တော့ ဘာကြောင့် မခေါ်ပါလိမ့်၊

'မမလေး. . . မဟာဒေဝီက ထမင်း တစ်ခါထဲ လာစားပါတဲ့'

အခန်းတံခါး ခေါက်ကာ ခပ်ဟဟ တံခါးကြားမှ လှမ်း

www.burmeseclassic.com



ပြောလိုက်၏။ အခန်းတံခါးကို ဆွဲဖွင့်ကာ မှီ တံခါးဝမှာ ပေါ်လာ၏။

'သူ့ အိတ် ပြင်ပေးနေသာ မမေကြည်ရယ်၊ မပြီးသေးဘူး၊ အင်္ကျီလုံချည်တွေပါ မီးပူ ပြန်တိုက်ပေးနေတာ'

'ကျွန်မ လုပ်ပေးလို့လဲ ရပါတယ်၊ ဒါပေမယ့် သခင်ကလေးက ကျွန်မကို ဘာမှ မလုပ်နဲ့တဲ့၊ မမလေးကို အောက်ဆင်း ဖို့သာ ခေါ်ခဲ့ပါတဲ့'

မှီ သက်ပြင်းတစ်ချက် ချကာ အခန်းထဲ ပြန်ဝင်ပြီး မီးပူခလုတ်ကို ပိတ်သည်။ အခန်းတံခါးကို စေ့ပိတ်ကာ မမေကြည်နှင့်အတူ ဆင်းလာခဲ့၏။

'လာ. . . သမီး၊ ပြီးမှ ဆက်လုပ်တာပေါ့၊ တစ်ခါထဲ ဝင်စားလိုက်ကွယ်၊ အချိန်လွန်သွားမယ်၊ ကိုယ့်မှာက စာမေးပွဲ တစ်ဘက်'

'ဟုတ်ကဲ့မေမေ'

မှီက တိတ်ဆိတ်စွာ စားသောက်သည်။ ဒေါ်စင်သီရိကျော့က မကျေနပ်နိုင်သော မျက်နှာနှင့် စင်နေဗလကို တကြည့်ကြည့် ဖြစ်နေရင်း. . .

'ဘယ်နှစ်ရက် ကြာမှာလဲ'

'တပတ်လောက်ပါ မေမေ'

'တပတ်ဆို တပတ်ပဲကြာပစေ၊ တပတ်ထက် အချိန်မလွန်နဲ့ သား၊ ထွက်လက်စနဲ့ဆိုပြီး တခြားမြို့တွေပါ ပတ်မနေနဲ့နော်၊ တခြား သွားစရာရှိတာ မှီ စာမေးပွဲ ပြီးမှ သွား၊ မှီ့ကိုပါ ခေါ်သွား'

www.burmeseclassic.com



စဝ်နေဗလက မျက်မှောင် ကုပ်ကုပ်နှင့် စားလက်စကို သတ်သည်။ ထိုင်ရာမှ ထ ကာ ဖန်ရေကရားထဲမှ ရေတစ်ခွက် ငှဲ့ သောက်လိုက်၏။ မျက်နှာကလေး ချောင်ကာ ညှိုးငယ်နေ ယောင် ရှိသော မှီ့ ပုံဟန်ကို တစ်ချက် ခိုးကြည့်မိသည်။

ရင်ထဲမှာ နည်းနည်းမှ မကောင်း။ ဒီ ခရီး ထွက်ရဖို့အရေး မှီ့ကိုပဲ လက်လွှတ်ဆုံးရှုံးရတော့မလို ရင်ထဲက မောပြီး စိတ်တွေ ထိုင်းမှိုင်းနေသည်။ မှီ့ကို လက်မလွှတ်ရမှီ... မှီ့ အချစ်ကိုတော့ လက်လွှတ် ဆုံးရှုံးရပြီ ထင်ပါရဲ့။

အသားပင် တစ်ချက် ထိမခံနိုင်အောင် မှီက စိမ်းကားပြီ ဆိုတော့... နေဗလ ဘာမှ လုပ်ချင် ကိုင်ချင်စိတ် မရှိအောင် အင်အားတွေ ယုတ်လျော့ကုန်ရသည်။ မှီ့ကို ပြန်လည်ချော့မော့ သိမ်းသွင်းယူရမှာလား၊ တောင်းပန်ရမှာလား၊ ဇွတ်တရွတ် ကြမ်းကာ ခြောက်လှန့်ပြရမှာလား။

ဖြစ်နိုင်ရင်တော့ မင်း ငါ့ကို မချစ်လို့ ဘယ်ရမလဲ... ၊ ချစ်ကို ချစ်ရမယ် မှီ... ၊ ကမ္ဘာပေါ်မှာ ငါတစ်ယောက်ပဲ ချစ်စရာ ရှိတယ်လို့ ယူဆ သတ်မှတ်ပြီး... အားလုံးထက်ကို ပိုချစ်ရမယ်’ ဟု စိန်းဟောက် အမိန့်ပေးလိုက်ချင်တာ။

သို့ပေမယ့်... မှီ ကလေးက ခြောက်လို့ ကြောက်မည့်သူ... လှန့်လို့ လန့်မည့်သူ ဟုတ်ပါ့မလား။

အပေါ်ထပ်က အိပ်ခန်းထဲ စဝ်နေဗလ တက်လာခဲ့သည်။ အခန်းထဲက ကော်ဇော မွေးပွပေါ်မှာ ခရီးဆောင်အိတ် ရှိနေ၏။ မလှမ်း မကမ်း စားပွဲပုကလေးပေါ်မှာ မီးပူ တိုက်လက်စ အဝတ်တချို့။

BURMESE CLASSIC .com

www.burmeseclassic.com



စိတ်ရှုပ်ရှုပ်နှင့် လက်ဆွဲအိတ်ကို ခြေနှင့်ခတ်ပစ်ခဲ့ကာ. . . မှီ့ ခုတင်ပေါ် လာထိုင်လိုက်မိသည်။ ထိုင်နေရာက ပစ်လှဲချရင်း. . . မှီ့ ခေါင်းအုံးကို ခေါင်းအောက်မှ ဆွဲယူခါ ရင်ခွင်ထဲ ပွေ့ဖက် ထားလိုက်မိ၏။ ရင်ထဲ နွေးလျလို့ လာသည်။ မှီ့ ထံက သင်းပျံ့သောကိုယ်နံ့ကလေးခေါင်းအုံးမှစွဲနေသည်ဟုထင်သည်။

ခေါင်းအောက်က ခပ်မာမာအရာတစ်ခုကြောင့် စမ်းကိုင်ကာ ဆွဲယူလိုက်၏။ ဘော်လ်ပင် ညှပ်ထားလက်စ ဒိုင်ယာရီကလေး။ နောက်ဆုံးနားကို လှမ်းကြည့်လိုက်သည်။

'. . . စဝ်နေဗလ ဆိုတဲ့ သူကို ကမ္ဘာပေါ်မှာ အကြောက်ဆုံး. . . အမုန်းဆုံးပါပဲ. . . ၊ မှီ့ အပေါ် မာကျောရက်စက်တဲ့သူ. . . ၊ မှီ့ကို ဗိုလ်ကျ အနိုင်ယူတဲ့သူ. . . ၊ မှီ့ကို သံသယတွေနဲ့ ရစ်ပတ် အနေခက်စေတဲ့ သူ. . .

'သူ့ ရက်ခွင်ထဲမှာ ဘယ်လိုမှ မပျော်ပိုက်နိုင်ဘူး. . . ၊ ပစ္စည်းဥစ္စာနဲ့ မှီ့ကို ဖိဖို့ အနိုင်ယူလိုတဲ့ သူမို့. . . မုန်းတယ်. . .

'ဘဝဟောင်းကိုပဲ မှီ မက်မောတယ်၊ မှီ. . . ဒီအိမ်မှာ မပျော်ဘူး။ နေလဲ မနေချင်ဘူး. . . ၊ ခက်ထန်တဲ့ လင်ယောက်ျားနဲ့ အတူနေရတဲ့ ဘဝလောက် ပူပြင်းတာ ရှိတော့မယ် မထင်ပါဘူး. . .။

'ဒေါ်လေးငယ်ရေ. . . မှီ့ အဖြစ်အပျက်ကိုသာ သိရင် မှီ့ကို အိမ်က ဇွတ်လာဆွဲခေါ်သွားမှာ မှီ သိနေတယ်. . . ။ ဒေါ်လေးငယ်ဆီ ရောက်ရင် ဒေါ်လေးငယ် ရင်ခွင်ထဲ

www.burmeseclassic.com



တိုးဝင် ရှိုက်ငို ရင်ဖွင့်လိုက်ချင် ပေမယ့်. . . မို့ ဆီက အပူတွေ ကူးစက်မှာ စိုးရိမ်တယ်. . .

'မို့ ဘဝကတော့. . . မေတ္တာ ခြောက်သွေ့တဲ့ လင်ယောက်ျား တစ်ယောက် လက်ထဲမှာ ကျွမ်းခြောက် ပြာကျနေပါပြီ'

မို့. . . ၊ မို့ ရယ်။

စဝ်နေဗလ. . . ရင်ထဲ နာသွားရသည်။ သည်တစ်ခါ နာတာက နာကြည်းရတာမျိုး မဟုတ်. . . ၊ နှလုံးသားတွေ ဖိညှပ် ဆုပ်ချေခံလိုက်ရသလို နာကျင်တာ။

မို့ မှာက မှ. . . မိန်းကလေး ဆိုတော့ အားကိုး အားထား ရင်ခွင်တစ်ခုမှာ ငိုချင် ငိုခွင့်ရှိပါတယ် မို့ရယ်. . . ၊ မောင်ကတော့ ဝမ်းနည်းတယ် ဆိုတာ ဘာလဲလို့ မေးယူရအောင် ခိုင်မာ ပြတ်သား ခဲ့ဖူးတဲ့ မတုန်မလှုပ် ယောကျာ်း တစ်ယောက်မို့. . . စိတ်ထိခိုက်လွန်း လာရင်တောင် ငိုကြွေးရင်ဖွင့်စရာ. . . ရင်ခွင် မရှိပါဘူး မို့. . . ၊ ငိုချင်ရင်တောင် ဟန်ဆောင် ပြုံးရယ်နေမယ့် ယောကျ်ားမျိုးပါ။

စဝ်နေဗလ. . . ဘောလ်ပင်ကို ကိုင်ကာ မို့ ဒိုင်ယာရီ တစ်မျက်နှာပေါ်မှာ စာလုံးကြီးကြီးတချို့ ရေးခြစ်လိုက်၏။

'ငါဟာ မင်း ယောကျ်ားပါ. . . မို့၊ ငါရှိတဲ့ အိမ်မှာ မင်းမရှိချင် လို့ မရဘူး၊ မရှိချင်လဲ ရှိရမယ်. . . ရှိချင်ရင်လဲ ရှိရမယ်။

ဒီအိမ်ကနေ ဘယ်ကိုမှလဲ ထွက်သွားခွင့် မပြု နိုင်ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com



မင်း မပျော်ဘူးဆိုတဲ့ ငါ့ ရင်ခွင်ထဲမှာပဲ တစ်သက်လုံး နေကို နေရမယ်။

မင်းကို ဘယ်တော့မှ လက်လွှတ် ဆုံးရှုံး မခံဘူး။

ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါချစ်တယ်. . . မှီ၊ သိပ်ချစ်လို့ပဲ၊ မင်းကို ငါပိုင်တယ်၊ ငါ့ လက်ထဲမှာပဲ ရှိရမယ်။

ဘယ်ကိုမှ မသွားရဘူး။ ငါ့ မျက်စိအောက်က မပျောက်ရဘူး၊ ဒီဘဝကိုလဲ မင်းပျော်ကို ပျော်ရမယ်။

မပျော်ရင်လဲ ပျော်ရမယ်။

ငါကတော့ ချစ်လွန်းလို့ အရယူထားတဲ့ကောင်မို့ မင်းကို မဆုံးရှုံးနိုင်ဘူး။

စာအုပ်ကိုပိတ်ကာ မျက်စိကိုလည်း မှိတ်ထားလိုက်၏။ မှီ အခန်းထဲ ရောက်လာတာကို မသိလိုက်။ မှီက မီးပူ ခလုတ်ဖွင့်ကာ မီးပူဆက်တိုက်ဖို့ ပြင်သည်။

မိမိမွေ့ရာပေါ် အိပ်နေသည့် စဝ်နေဗလကို မျက်စိစွေကာ ကြည့်ရင်း အံကလေး ကြိတ်ထားလိုက်မိသည်။ မီးပူတိုက်ရင်း နံဘေးမှာ ကျောင်းစာအုပ်ချကာ တစ်ဘက်က စာကျက်ရသည်။

ဘယ်သူ့ကိုခိုင်းခိုင်း ရလျက် အခြွေအရံတွေ ပေါလွန်းအားကြီး ပါလျက် မှီ့ကို ကိုယ်တိုင်ပြင်ခိုင်းတာ။ သူ့အပွေ့

www.burmeseclassic.com



အဖက်မှ ရုန်းထွက် ဆန္ဒပြတာမို့. . . စိတ်ဆိုး အနိုင်ကျင့် လိုက် ပြန်တာပဲ မဟုတ်လား။

ချစ်လွန်းလို့ မှီ ပြင်ပေးတာကိုမှ သယ်ဆောင် သွားလိုသည် ဟုမျှား မှီက ဖြေတွေး ခွင့်လွှတ်နေရအုံးမှာလား။ မှီ စာကျက်နေလျှင် တိတ်ဆိတ်စွာ အနှောင့်အယှက် မပေးဘဲ နံဘေးက ထိုင်ကြည့် နေတတ်သည့် မောင့်မျက်နှာ ပြုံးနုနုကို မြင်အောင် လွမ်းဆွတ်ရင်း မျက်ရည် တချို့က မီးပူ တိုက်လက်စ ရှပ်အကျီပေါ် စီးကျလို့ လာသည်။

မှီ တကယ်ချစ်ခဲ့တာဟာ မှီ့ကို သိပ်ချစ်တဲ့မောင် ဆိုတဲ့ သာမန်လူတစ်ယောက်ကိုပါ မောင်ရယ်။

* * *

'မမလေး. . . အိုးတွေ ဒီနားပဲ ချလိုက်မယ်'

'အေး. . . ချလိုက်ပါ မောင်စိန်၊ ပြီးမှ နေရာပြန်ချထားပေါ့'

ဒေါ့ဂျစ်ကြီးပေါ်မှ နှင်းဆီအိုးတွေကို ဦးတိုး၊ မောင်စိန်နှင့် ကိုအေးသာတို့က ဝိုင်းဝန်း သယ်ချသည်။ မှီ ကျေနပ်ပီတိနှင့် ငေးမော ကြည့်နေမိ၏။

မောင် ပြန်လာလျှင် စိတ်ကြည်နူးသွားလိမ့်မည် ထင်ပါရဲ့။ မှီ့ကို နှင်းဆီတွေ စိုက်ပေးဟု ပြောခဲ့သော မောင့် စကားသံ ထောင့်ထောင့်ကို ပြန်ကြားယောင်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



'ရော့. . . မောင်စိန်. . . ကားသမားကို ပေးလိုက်ပါ'

မောင်စိန်က မှီ့လက်ထဲမှ ပိုက်ဆံခြောက်ဆယ်ကို ရိုသေစွာ လှမ်းယူလျက် ကားဆရာကို သွားပေးလိုက်၏။ နှင်းဆီဆယ်အိုးချ အပြီးမှာ ကားက ခြံထဲမှ ပြန်ထွက်သွားသည်။

မှီ ညက မောင့်ကို အိပ်မက် မက်သည်။ နှင်းဆီ ပန်းအိုးတွေအကြား မှီနှင့် မောင်တို့ ပျော်ရွှင်စွာ လက်တွဲလမ်းလျှောက် နေကြသတဲ့။ မနက် အိပ်ရာကနိုးတော့ အိပ်မက်ကလေးကို မှီ စိတ်စွဲ လွမ်းဆွတ်နေသည်။

တွေးတော အချိန်ဆွဲမနေတော့ဘဲ ကောက်ကာ ငင်ကာပင် နှင်းဆီခြံကို သွားလိုက်သည်။ တစ်အိုး ခြောက်ဆယ်နှင့် ခြောက်ရာဖိုး ဆယ်အိုးဝယ်ကာ ကားငှားပြီး တင်ချလာခဲ့၏။ စုစုပေါင်း ကားခနှင့် ခြောက်ရာ့ခြောက်ဆယ်သော ငွေသည် မှီ့ စာအုပ်ဆိုင် ကလေးမှဝင်သော မှီ့ ငွေသက်သက်ပါပဲ။ မောင့် ပိုက်ဆံကို မတို့ထိဘဲ ဝယ်လိုက်နိုင်တာကို မှီ ကျေနပ်နေရ၏။

'သမီး'

ခေါ်သံကြောင့် မှီ လှည့်ကြည့်လိုက်သည်။ မမေကြည်က ဒေါ်စဝ်သီရိကျော့ကို တွဲကာ အိမ်ပေါ်မှ ဆင်းလာသည်။

'မေမေ. . . ခုန မိုးရွာထားတာ၊ အပြင်မှာ အေးတယ်မေမေ'

'ဒေါ့ဂျစ်ကားသံကြီး ကြားလို့ အပေါ်က လှမ်းကြည့်

BURMESE CLASSIC .com

www.burmeseclassic.com



လိုက်တော့ နှင်းဆီအိုးတွေ ချနေတာ မြင်တာနဲ့ ကြည့်ချင်လို့ ဆင်းလာတာ သမီးရဲ့၊ ဝယ်လာတာလား'

'ဟုတ်ကဲ့မေမေ၊ ကိုစဝ်နေဗလက. . . သူ့အတွက် နှင်းဆီ အိုးတွေ လုပ်ပေးရမယ် ဆိုလို့ပါ'

'ဘာလဲ. . . သူအပြန်မှာ အပြီး ဖြစ်နေရမတဲ့လား'

'အဲလိုမဟုတ်ပါဘူး၊ မှီ့ဘာသာ. . . သူပြန်ရောက်ရင်တွေ့ စေချင်လို့ပါ'

'စာမေးပွဲက သုံးရက် လိုတော့တဲ့ဟာ၊ အပင်တွေ ဝင်လုပ် မနေစမ်းပါနဲ့တော့ သမီးရယ်၊ မနက်ကထဲက သွားဝယ်မှန်း မသိလို့ မေမေက မတားတာ'

'စာလဲ တော်တော် ကျက်ပြီးပါပြီ မေမေ၊ ဒီ မနက်ပိုင်းတော့. . . စာကျက်တာ ခဏ နားမလို့ပါ'

'စာကျက်တာနားလဲ. . . သက်တောင့်သက်သာ လဲလျောင်းနေရောပေါ့ကွယ်၊ ညဘက်လဲ ညဉ့်တွေ နက်နေတာ ကြာပြီ၊ အားချိန်မှာ ခြံထဲ ဆင်းလုပ်နေတော့ ဘယ်မှာ အနားရမလဲ'

'စိတ်ကြည်လင်ပါတယ် မေမေ၊ အနားယူတဲ့ သဘောပါပဲ'

'တစ်အိုး ဘယ်လောက်ကျလဲ သမီး'

'တစ်အိုးခြောက်ဆယ်ပါ မေမေ၊ ဒီနေ့. . . ဒီနေ့သူ့မွေးနေ့လေမေမေ၊အဲဒါကြောင့်မှီ. . . ဒီနေ့ပဲ ဝယ်ဖြစ်လိုက်တာပါ'

ဒေါ်စဝ်သီရိကျော့က မှီ့ မျက်နှာကလေးကို မျက်ခုံးပင့်ပြီး ကြည့်လိုက်မိသည်။ မနေ့ကတည်းက ဒီနေ့ သား မွေးနေ့

www.burmeseclassic.com



ဆိုတာ ဒေါ်စင်သီရိကျော့ သတိရပါသည်။ ဒီ မနက်လည်း သားအတွက် ဘုရားရှေ့မှာ ဆုတောင်း မေတ္တာ ပို့ပြီးပါပြီ။

မှီ အမှတ်တရရှိကာ အရေးတယူ ဆောင်ရွက် လာတာ ကိုတော့ အံ့သြ ကြည်နူးသွားရသေး၏။

'ဦးတိုးရေ၊ အိုးတွေက. . . ပဲ့တာပဲ့နဲ့ ဟောင်းနေပြီ၊ ဆယ်အိုး စလုံး အိုးသစ်လဲချင်တယ်'

'ဟုတ်ကဲ့'

'မေမေ ထိုင်ကြည့်ဖို့ ခုံချပေးပါလား မမေကြည်'

'ဟုတ်ကဲ့ မမလေး'

မမေကြည်က ကြိမ်မှီ ကုလားထိုင်ကလေး ချလာသည်။ ဒေါ်စင်သီရိကျော့ သက်တောင့်သက်သာ ဝင်ထိုင်ရင်း မြေထိုး ခက်ရင်းကလေးနှင့် အိုးချောင်အောင် အနားသတ် ဖွနေသော မှီ့ကို ငေးကြည့်နေလိုက်မိ၏။

ခေါင်းကလေးငုံ့ကာ စိတ်ဝင်တစားလုပ်နေရှာတာကို ကရုဏာသက် ချစ်ခင်မိသည်နှင့်အမျှ သားနေဗလကို အံ့သြရ သည်။ ဒီလိုဇနီးကို ဘယ်လိုများ အပြစ် ရှာတွေ့နိုင်ပါလိမ့်။

ဒေါ်စင်သီရိကျော့ အတွေးနှင့် ငြိမ်သက်ဆဲ မှီက အိုးသစ် ပြောင်းဖို့ ပြင်ဆင်ဆဲ ခြံထဲကို ကားတစ်စင်း ဝင်လာသည်။ ကားက မလှမ်းမကမ်းမှာ ရပ်သွားကာ လူရွယ်တစ်ယောက် ဆင်းလာတာမို့ လှည့်ကြည့်မိကြရင်း. . . မှီက စတင် မှတ်မိသွားရသည်။

'ကိုတင့်လွင်ဦး မေမေ၊ မင်္ဂလာ ဆောင်တုန်းက. . . ဗီဒီယို ရိုက်ပေးတဲ့ ကိုစင်နေဗလ သူငယ်ချင်း'

BURMESE CLASSIC .com

www.burmeseclassic.com



'ဩော်. . . အေး ဟုတ်သားပဲ၊ မောင်တင့်လွင်ဦးရေ၊ မင်းသူငယ်ချင်းက မန္တလေး သွားတယ်ကွဲ့.'

ဒေါ်စဝ်သီရိကျော့က လှမ်းနှုတ်ဆက်သည်။ တင့်လွင်ဦးက ခေါင်းဆတ် အရိုအသေပေးကာ. . .

'ကျွန်တော် သိပါတယ် ဒေါ်ဒေါ်။ သူမှာသွားလို့ပါ၊ အိမ်က တီဗီ၊ ဗီဒီယို လိုင်စင်လဲဖို့၊ အခွန်ဆောင်ဖို့ ဒီရက်အတွင်း လုပ်ရမှာ ဆိုတော့ ကျွန်တော့်ကို လုပ်ပေးဖို့ ခိုင်းသွားပါတယ်'

'ဩော်. . . ဟုတ်လား၊ ဒါဖြင့် ထိုင်ပါဦးကွယ်. . . သမီးရေ'

'ရှင်'

'အဲဒါနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ မေမေတော့ မသိဘူး၊ ဘယ်မှာထားသလဲ. . . သမီး သိလား'

'မှီလဲ သိပ်တော့ မသိဘူးမေမေ၊ ဒါပေမယ့်. . . ကိုစဝ်နေဗလရဲ့ ဗီရိုအံဆွဲထဲမှာတော့ ရှိမလား မသိဘူး'

'အဲဒီထဲပဲ ရှိမှာပါ'

'မှီ သွားရှာလိုက်ရမလား. . . မေမေ'

'အေး. . . ရှာယူခဲ့ပါကွယ်'

မှီက လက်ကလေးရိုက်ခါရင်း ထိုင်ရာမှ ထသည်။

'မှီ သွားကြည့်ပါအုံးမယ် ကိုတင့်လွင်ဦး'

'ဟုတ်ကဲ့. . . ဟုတ်ကဲ့'

မှီ အိမ်ပေါ်တက်ကာ လက် အရင်ဆေးရသည်။ ပြီးမှ အိပ်ခန်းတွင်း ဝင်ကာ မောင့်ဗီရိုကို ဖွင့်လိုက်၏။ တစ်ခါ

www.burmeseclassic.com



တစ်ရံ အဝတ်အစားထုတ်ပေးဖူးရုံမို့ အံဆွဲတွေကို မှီ ဖွင့်လေ့မရှိ။ ခု တစ်ခါသာ အံဆွဲကို ဖွင့်ဖြစ်သည်။

ညာဘက်အံဆွဲထဲမှာ ငွေစက္ကူထပ် အချို့နှင့် စာရွက်စာတမ်းတချို့၊ မှီက စာရွက်စာတမ်းတွေကို လှန်လှော ဖြန့်ဖတ်ကာ ရှာသည်။ စာရွက်တွေရဲ့ အောက်ဆုံးမှာ ချစ်သူဘဝက မှီ ပေးထားသော မျက်နှာနှင့် ကိုယ်တစ်ပိုင်းပုံ ဓာတ်ပုံကလေးကို မြင်တော့. . . စိတ်တွေ ကယောက်ကယက် ဖြစ်ကာ မောင့်ကိုတောင် လွမ်းသွားရပြန်သည်။

ညာဘက်အံဆွဲထဲ မတွေ့တာမို့ ဘယ်ဘက်အံဆွဲကို ဆွဲဖွင့် ရှာဖြစ်၏။ ဖိုင်လ်တစ်ခုကို လှန်လှောရင်း. . . မှီ့ မျက်လုံး ကလေးတွေ ကျယ်ကာ မျက်ခုံးကလေးလည်း တွန့်သွားရ၏။

လက်နှိပ်စက်နှင့် ရိုက်ထားသော လျှောက်လွှာ စာရွက် ချောပေါ်က စာကြောင်းတချို့ကို အံ့သြတကြီး ဖတ်ကြည့်လိုက်မိသည်။

ကျွန်မ မညမ္မာအောင် (　　/. . . . . . . . . . )နှင့် ကိုစဝ်နေဗလ (　　/. . . . . . . . . . . . . . )တို့သည်ငွေရေး ကြေးရေး၊လူမှုရေး အစစအရာရာ မည်သို့မျှ ပတ်သက်ခြင်း မရှိပါ၊ လုံးဝ သက်ဆိုင်ခြင်း မရှိပါကြောင်း ဝန်ခံ ကတိပြုပါသည်။

မညမ္မာအောင်
(　　/. . . . . . . . . . )

BURMESE CLASSIC .com

www.burmeseclassic.com



ဥမ္မာအောင်လက်မှတ်၊ မောင့်လက်မှတ်နှင့် အသိ သက်သေတစ်ယောက်၏ လက်မှတ်ပါ ပါဝင်သော ထိုစာရွက်ကလေးကို မှီ ငုံ့ကြည့်နေရင်းက. . . တရိပ်ရိပ် မူးဝေလာရသည်။ ခေါင်းတစ်ခု လုံး ဆူဝေမတတ် နောက်ကျိကာ လူပါယိုင်သွားရတာမို့ ဗီရို တံခါးရွက်ကို ကိုင်ထားလိုက်ရသည်။

'မမလေး. . . ဟင်. . . ဘာဖြစ်လို့လဲ'

မမေကြည်အသံနှင့်အတူ အခန်းထဲကို ဝင်လာတာ မှီ သိလိုက်သည်။ မှီ့ ပခုံးကို မမေကြည်က ထိန်းကိုင်ရင်း. . .

'မမလေး. . . ဘာဖြစ်လို့လဲ. . . မူးလို့လား'

'မူးလို့ မမေကြည်'

'လာ. . . လာ ခုတင်ပေါ် လှဲလိုက်ပါလား. . . မမလေး'

မှီ စာရွက်ကို တင်းတင်းဆုပ်ကာ မေကြည် တွဲခေါ်ရာ ခုတင်ဆီ ပါလာခဲ့၏။ ခုတင်ပေါ် လှဲချလိုက်ရင်း

'တီဗီလိုင်စင်က. . . ရှာမတွေ့. . . '

'အို. . . ဒါ အရေးမကြီးပါဘူး မမလေးရယ်၊ မူးနေတဲ့ဥစ္စာ၊ ညက ညဉ့်နက်တာရော. . . ဒီမနက် ဟိုဟိုဒီဒီ လျှောက်သွားနေ တာရော. . . ပင်ပန်းသွားတာ ဖြစ်မယ်၊ ရော့. . . ရော့ ဒါလေး ရှူထားအုံးနော်'

ပါးစပ်က တတွတ်တွတ်ပြောကာ လက်ကလည်း မနားတမ်း လက်ကိုင်ပဝါယူ၊ မှန်တင်ခုံပေါ်က အော်ဒီကလုံးဆွတ်လျက် မှီ့ လက်ထဲသို့. . လက်ကိုင်ပဝါ ထည့်ပေးလိုက်၏။

'ခဏလေး နော်. . . ၊ ကျွန်မ မဟာဒေဝီကို သွားပြောအုံးမယ် မမလေး'

BURMESE CLASSIC .com

www.burmeseclassic.com



မှီ မတားလိုက်နိုင်ခင်. . . မမေကြည် လှစ်ကနဲ ပြန်ထွက်သွား၏။ မှီ စာရွက်ကို မတွန့်ကြေအောင် သတိထားဆုပ်ကိုင်ကာ. . . မျက်စိမှိတ်လျက် ကျန်ရစ်၏။ ခုထက်ထိတိုင်. . . ခုန စာတွေကို မြင်ယောင်ဆဲ. . . ။

မည်သို့မျှ ပတ်သက်ခြင်း မရှိကြောင်း ဝန်ခံ ကတိပြုပါသည်. . . ဆိုကတည်းက ပတ်သက်ခဲ့ဖူးခြင်း ပြီးဆုံးပြီ ဖြစ်ကြောင်း သဘောတူ လက်မှတ်ထိုးသည့် သဘောပေါ့။

ဘာဆို ဘာမှ ပတ်သက် မထားလျှင်. . . ဒီ ဒီစာချုပ် ထချုပ်ဖို့ ဘယ်လိုမလဲ. . .၊ ဥပမာ. . . မှီနှင့် မှီ့ သူငယ်ချင်းတစ်ယောက် ဆိုပါတော့။ အရှုပ်အရှင်း လုံးဝ မရှိဘဲ အလကား နေရင်း ဒီစာချုပ်မျိုး ဘယ်ရေးမလဲ. . . ။

အရှုပ်အရှင်း ရှိခဲ့လို့သာ. . . ခုခါမှတော့ ဒီ အရှုပ်အရှင်း ပြီးဆုံးပါပြီ ဆိုတာ သိသာအောင် ရှင်းလင်းအောင် ဝန်ခံစာချုပ် လုပ်ရတာ မဟုတ်လား. . . ။

ငွေရေး ကြေးရေး. . . လူမှုရေး. . . တဲ့။ ဒီနှစ်ခုလုံး ထည့် သွင်းရေးထားကတည်းက ငွေကြေးရေးရာမှာရော. . . လူမှုရေးရာ မှာပါ ရှုပ်ထွေးခဲ့ဖူးသည် ဆိုတာ ထင်ရှားနေတာပဲ။

မှီ. . . အောက်နှုတ်ခမ်းကို တင်းကျပ်စွာ ဖိကိုက်ထားမိလျက်. . . တောင့်တင်းသော ခန္ဓာကိုယ်က အိပ်ရာထက်မှာ မလှုပ်မယှက် ရှိနေသည်။ သို့သော်. . . ခေါင်းအုံး တစ်လုံး ကတော့ ရွဲနစ်မတတ် ဖြစ်နေပြီး၊ မျက်ဝန်း ထောင့်စွန်း နှစ်စွန်းမှ နားထင်ဘက်ဆီ မျက်ရည်ကြောင်းက စီးသွယ် လျက်. . . ခေါင်းအုံးပေါ် အဆက်မပြတ် ကျနေသည်။

www.burmeseclassic.com



မှီ နှလုံးသားတွေ ပူလောင်ကုန်ပါပြီ မောင်ရယ်. . . ။ မှီ တကယ့်ကို ဆောက်တည်ရာမရ ဖြစ်ပါပြီ. . . ။ မောင်နဲ့ ဥမ္မာအောင်က ဘယ်လို ပတ်သက်ခဲ့တာလဲ၊ မှီဟာ . . . မောင့်ချစ်ဦးသူ မဖြစ်ရရင်လဲ နေပါစေ။ ဒါပေမယ့်. . . အခုဟာကတော့. . . ပထမဆုံး ဇနီးဦး ဖြစ်ဖို့တောင် မှီ မျှော်လင့်ဝံ့သေးရဲ့လား. . . ။

ခုတော့လည်း မောင့်ကို ဝန်တိုခြင်း၊ မစွန့်ပစ်နိုင်ခြင်း။ နုမြော တသခြင်းတွေနဲ့ မူးမူးနစ်နစ် ပူပူလောင်လောင် ချစ်နေဆဲပဲ ဆိုတာ ပိုသေချာသွားရသည်။ မောင်. . . ဒါမှ မဟုတ် ကိုစဝ်နေဗလနှင့် ပတ်သက်လာလျှင် မှီ့ အသည်းတွေ ထုံပေ အေးစက် မနေသေး ပါလား မောင်ရယ်. . . ။

'သမီး. . . မှီ ဘယ်လို ဖြစ်သလဲ. . . မူးသွားတာလား၊ လဲရောကျသေးလား မမေကြည်'

ဒေါ်စဝ်သီရိကျော့ ရောက်လာသည်။

'ယိုင်နေလို့ ကျွန်မ တွဲလိုက်တာပါ. . . ၊လဲတော့ မကျပါဘူး မဟာဒေဝီ'

'ဒေါက်တာ ဟန်သင်းဆီကို ဖုန်းဆက်စမ်း'

'ဟုတ်ကဲ့'

မှီ့ ခုတင်ပေါ် မေမေ ထိုင်ချလိုက်တာ သိတော့ မှီ. . . မျက်လုံးကို အားယူဖွင့်လိုက်ရသည်။

'မောင်တင့်လွင်ဦးလဲ နောက်ရက်မှ လာပါလို့ ပြန်လွှတ်လိုက်ပြီ၊ စိတ်ကို ပူသွားတာပဲ သမီးရယ်. . . ၊ ဘယ်လို မူးသွားတာလဲ၊ နေသာသလား. . . '

BURMESE CLASSIC .com

www.burmeseclassic.com



မှီ. . . ဒေါ်စဝ်သီရိကျော့၏ လက်ဖျားကို ညာလက်ကလေး နှင့် အားကိုး အားထားဆုပ်ကိုင်လိုက်မိသည်။

'မေမေ. . . ဒီမှာ. . . ဒီမှာ ကြည့်ပါအုံး'

ဘယ်လက်ထဲက စာရွက်ကို ဒေါ်စဝ်သီရိကျော့ထံ ကမ်း ပေးမိကာ. . . မှီက အသံထွက်အောင်ပင် တရှိုက်ရှိုက် ငိုချ လိုက်မိ လေသည်။

*   *   *

နေဗလနှင့်. . . ဥမ္မာအောင် ပထမဆုံး စတင် ဆုံတွေ့ဖြစ် တာက အင်းလျားလိပ် ဟိုတယ်၏ မင်္ဂလာ ညှော်ခံပွဲတစ်ခုမှာ ဖြစ်သည်။ သတို့သားက နေဗလနှင့် ခင်မောင်ကျော် တို့နှင့် အတူ အာရ်အိုင်တီမှ တစ်နှစ်ထဲ ဆင်းသည့် စက်မှုဘွဲ့ရ တစ်ယောက်. . . ။

သတို့သမီးက ခင်မောင်ကျော် ညီမ တစ်ဝမ်းကွဲ. . . ထားထားရီ၏ သူငယ်ချင်း၊ ဥမ္မာအောင်နှင့် လည်း ခင်မင်တာမို့. . . ဥမ္မာအောင်နှင့် ထားထားရီက အတူလာသည်။

လေးယောက် တစ်စားပွဲထိုင်ဖြစ်သွားသော ထိုဝိုင်းမှာ စဝ်နေဗလကို ဥမ္မာအောင်က စတင် စိတ်ဝင်စားသွားခြင်းပင် ဖြစ်လေသည်။ မိန်းကလေးတွေနှင့် ရောထွေး ခင်မင်တတ် ခြင်း ကင်းသော စဝ်နေဗလက ခင်မောင်ကျော်နှင့်သာ

BURMESE CLASSIC .com

www.burmeseclassic.com



စကား လက်ဆုံ ကျကာ ဥမ္မာအောင်ကို မဆိုထားနှင့်. . . ထားထားရီ ကိုပင် တစ်ချက်တလေ ပြုံးမပြဖြစ်။

မင်္ဂလာပွဲပြီးကာ စဝ်နေဗလက အားလုံးကို အိမ်ပြန်ပို့ပေးဖြစ်သည်ထိ စကားတစ်လုံးမှ လက်ဆုံမကျ။ စဝ်နေဗလ ဆိုသော အမည်ကို ကြားကတည်းက ဥမ္မာအောင်က စိတ်ဝင်စားဖွယ် လူတစ်ဦး အဖြစ် သတ်မှတ်မိပြီးသား။

နေဗလ၏ ကြွယ်ဝချမ်းသာမှုက မှန်းဆနိုင်ဖို့ ခက်ခဲတာကိုလည်း မတွေ့ဖူးခင်ကပင် သိသည်။ ဘယ်လို အမျိုးအနွယ်မျိုးလဲ ဆိုတာကိုလဲ သတင်းကြားဖူးနှင့်ပြီးသား။

ထိုစဉ်ကတည်းက ဥမ္မာအောင်က အဆောင်နေသူ တစ်ယောက်ဖြစ်သည်။ ရန်ကုန်မှာ မိခင် အရင်း ရှိသည်။ ဥမ္မာအောင် ငယ်စဉ်ကတည်းက မိခင်နှင့် ဖခင်က ကွဲသွားတာမို့. . . ဖခင်ဖြစ်သူ ဘယ်ဒေသ ဘယ်အရပ်သို့ရောက်နေ ပေါက်နေသလဲ ဥမ္မာအောင် မသိ။ မိခင်၏ နောက်အိမ်ထောင်စု အတွင်းမှာလဲ ဥမ္မာအောင် မပျော်ပိုက်ခဲ့သော အခြေခံကြောင့် ကျောင်းသူဘဝမှာ ထင်သလိုနေ ရည်းစားထည်လဲတွဲကာ ချူတတ် စားတတ်သူအဖြစ် ဥမ္မာအောင် နာမည်မကောင်းလှ။

ဆိုးဆိုးတေတေ ဝသီပါသော ဥမ္မာအောင်က မိခင်ကို မကျေနပ်စိတ်နှင့် ရွဲ့ရင်း ပိုဆိုးရင်းဖြင့် မိခင်ဖြစ်သူ စကားကို တစ်ခွန်းတစ်လေမျှပင် ယောင်ပြီး လိုက်နာ နားထောင်လိုက်ဖူးသည် မရှိအောင် ပေးခဲ့သည်။

ကံကြမ္မာကပဲ ဆိုးဆိုးဝါးဝါး ဖြစ်ဖို့ ပါလာသလားမသိ။

www.burmeseclassic.com



စာမေးပွဲပြီးခါစမှာ မမျှော်လင့်ဘဲ ရည်းစားတစ်ယောက်နှင့် အိမ်ထောင် ကျသည်။ အိမ်ထောင်ကျသည် ဆိုသော်လည်း တရားဝင် လက်မှတ် ထိုးခြင်း မပြုရသေးဘဲ ခိုးရာ လိုက်ဖြစ်သွားတာကိုသာ ဆိုလိုခြင်းပါ။

ယောကျ်ားလေးမိဘက ဥမ္မာအောင်နှင့် လုံးဝ သဘော မတူ။ ဥမ္မာအောင်မိခင်က ရှက်စိတ်နာစွာ အမွေပြတ် စွန့်လွှတ်ပြီး ချိန်မှာ ထိုယောကျ်ားနှင့် ဥမ္မာအောင်လည်း ကွဲကွာခဲ့ကြရ၏။

နဂိုက နှစ်သည်းစွဲမြဲမှု မရှိခဲ့လို့ဘဲ ထင်သည်။ ယောကျ်ား ကလေး မိဘကို နာကြည်းတာကလွဲပြီး ထူးခြား အသည်းကွဲ ရခြင်း မရှိခဲ့။ ထိုစဉ်ကတည်းက အမေ့အိမ် ပြန်ကပ်ဖို့လဲ တစ်စက်မှ စိတ်မကူး ဖြစ်ခဲ့တဲ့ အဆောင်သူ ဘဝရောက်ခဲ့သည်။

ရုပ်ရည် ရူပကာကလေးကြောင့် ဥမ္မာအောင် စားစရိတ် နေစရိတ်ဆိုတာ မပူရ။ ဥမ္မာအောင် နံဘေးမှာ လူချမ်းသာ စာရင်းဝင် အမျိုးသားကလေး အမျိုးသားကြီးတွေက ပေးဖို့ ကမ်းဖို့ အရန်သင့် ရှိနေပြီးသား။

အဆုံးစွန် ဆိုးဝါးသော အခြေအနေ မဟုတ်သော်လည်း တော်တော်ကြီးတော့ နာမည်ပျက်နှင့်ပြီးသား ဖြစ်နေရပါပြီ။ ချူ လိုက်မည်။ ချိုင်လိုက်မည်ဟု ကြံစည်ခြင်း အရင်းခံ မဟုတ်ခဲ့လျှင် တောင်မှ မိမိအတွက် ကုန်ဖို့ ကျဖို့ အဆင့်သင့် ဖြစ်နေသော ယောကျ်ားသားတို့ကြောင့် ချူတတ် ချိုင်တတ်သော ပညာတွေ အပြင် လူရွှေချယ်နည်းပါ တတ်မြောက်လာရတော့တာပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



နေဗလကိုတော့ အတည် ရလျှင်လည်း ဥမ္မာအောင်က နှစ်သက် သဘောကျမိမှာပင်။ မင်္ဂလာပွဲမှာ နေဗလနှင့် မမျှော်လင့်ဘဲ တစ်စားပွဲထဲ ကျတာကို ကျေနပ်ခဲ့ရပေမယ့် အဆောင်ရှေ့မှာ သူ့ကို ချသည်အထိ စကားတစ်ခွန်းမှ အဖက် လုပ်ဖော်မရသောအခါ ဥမ္မာအောင် မကျေနပ်နိုင်တော့ ။

အလှမာနက ခေါင်းပြူသည်။

'ဒါ. . . ဥမ္မာ့အဆောင်ပါ. . . ကြုံရင် လာလည်ပါနော်. . ၊ ဥမ္မာက တစ်ကောင်ကြွက်မို့ မိတ်ဆွေ သူငယ်ချင်းတွေကိုပဲ ဆွေမျိုး သားချင်းလို ခင်မင် အဖော်လုပ်နေရာတာပါ ကိုကိုရယ်'

ကားပေါ်က အဆင်းမှာ နေဗလ ထိုင်ရာ ပြတင်းနား ခေါင်းငုံ့လျက် ပထမဆုံး စကားတစ်ခွန်းမှာပင် ကိုကိုဟု သုံးစွဲ တုပ်ချည် ပစ်လိုက်သည်။

စဝ်နေဗလကတော့ အံ့အားသင့်စွာ မျက်ခုံး ပင့်သွားခဲ့ ရသည်။ ယောင်ကန်းကန်းနှင့် ခေါင်းတစ်ချက် ဆတ်ပြမိခိုက်. . .

'ကိုကို့ လိပ်စာ ပေးပါလား. . . အပန်းမကြီးရင်'

ပွင့်လင်းစွာ ရဲရဲတင်းတင်း တောင်းဆိုလိုက်တော့ ငြင်းရ ခက်ခဲပြီး တိုက်ပုံအင်္ကျီအိတ်တွင်းမှ ကနုကမာရောင် ဗစ်ဇစ်တင်း ကတ်ကလေးကို ထုတ်ပေးလိုက်ရ၏။

'အကူအညီလိုရင် တောင်းပါရစေနော်'

ထပ်မံ၍ အားကိုးတကြီး ဆိုသောအခါ. . .

BURMESE CLASSIC .com

www.burmeseclassic.com



'ရပါတယ်. . . လိုတာပြောပါ. . . ဖုန်းဆက်ပါ'

ယောကျ်ားတစ်ယောက်ပီပီ အငြင်းခက်စွာ ခေါင်းညိတ်ခဲ့ရသည်။ အပြန်လမ်းမှာ ခင်မောင်ကျော် ထံမှ ဥမ္မာအောင်အကြောင်း တစ်စွန်း တစ်စ တဝက်တပျက် သိရတော့ ဝေးဝေးကပဲရှောင်ရ တော့မလိုလို ဘဝပျက်မလေးကို ကရုဏာပဲသက်ရမလိုလိုနှင့် ခေါင်းတောင် ရှုပ်ထွေးခဲ့ရသည်။

အိမ် ရောက်တော့လည်း ထိုမိန်းကလေးကို မေ့ပျောက်သွားရတာပါပဲ။ သို့သော် ကြာကြာမမေ့လိုက်ရ။ တစ်ရက်ပဲ ခြားပြီးနောက်တစ်ရက်ညမှာ ဖုန်းလာသည်။

မေမေနှင့် အလုပ်ကိစ္စ စကားကို ထိုင်ပြောနေခိုက် မမေကြည်က မိန်းကလေး တစ်ဦးထံမှ ဖုန်းလာကြောင်းလာပြောခဲ့သည်။ မေမေကပင် ထူးဆန်းအံ့သြနေသည်။

ဖုန်းသွားကိုင်ချိန်ထိ ဘယ်သူဖြစ်နိုင်မလဲဆိုတာ အတွေးမပေါက်သေး။ ဖုန်းကိုင်လိုက်မှ. . .

'ကိုကိုလားဟင်'

'သြော်. . . ဥမ္မာအောင်လား'

'ကိုကိုက မှတ်မိသားပဲ၊ ဥမ္မာက ကိုကိုမှ လာကိုင်ပါမလားလို့၊ လာကိုင်ရင်တောင် ဥမ္မာက နာမည်တင်မက. . . တွေ့ခဲ့တဲ့နေရာပါ ပြန်အစဖော်ပြောရမယ် မှတ်တာ'

'တို့ကို. . . ကိုကိုလို့ ခေါ်တဲ့သူ မင်းပဲရှိတာ'

'ဟုတ်လား. . . ဥမ္မာက အစ်ကိုမရှိတော့ အစ်ကိုရွယ်တွေဆို ကိုယ့်အစ်ကို သိပ်ဖြစ်စေချင်တာပဲ၊ ဒါပေမယ့်. . . ကိုကို့ကိုတော့ အစ်ကိုရွယ်မို့ ခင်မင်လိုက်တာ မဟုတ်ပါဘူး၊ မမြင်

BURMESE CLASSIC .com

www.burmeseclassic.com



ဖူးခင်ကထဲက ဥမ္မာက ကြားဖူးပြီး ရင်းနှီးနေပြီးသားပါ'

'ဟုတ်လား'

'မြင်ဖူးလိုက်တော့ ကိုကို နာမည်ကြီးနေတာ နည်းတောင် နည်းသေးတယ်လို့ ထင်လိုက်မိတယ်'

'ဘာဖြစ်လို့လဲ'

'ကိုကိုက အဘက်ဘက်က ပြည့်စုံနေတယ်၊ ဥမ္မာ့ဘဝနဲ့ ဆိုရင် တခြားစီပဲ၊ အဲဒါကြောင့် ဖုန်းဆက်ရတာတောင် ကြောက်နေတာ၊ ကိုကိုက မမှတ်မိရင်တော့ ဥမ္မာ သေတောင် သွားမလားမသိဘူး ကိုကိုရယ်'

'ဟင်. . . ဘာဖြစ်လို့ သေမှာလဲ'

'ဝမ်းနည်းပြီးတော့ပေါ့ ကိုကိုရယ်'

'ဝမ်းနည်းမနေပါနဲ့၊ အခု မှတ်မိနေသားပဲ'

'ကိုကိုက မှတ်မိတော့ အရမ်းဝမ်းသာသွားပြီး၊ အရမ်း လဲ အားတက်သွားတာပဲ'

'အင်း. . . အားတက်သွားပြီဆိုရင် ပြောလေ၊ ဘာလုပ် ပေးရမလဲ၊ ဘာအကူအညီပေးရမလဲ'

'ဩော်. . . ကိုကိုက အကူအညီ တောင်းတော့မယ်လို့ တွက်လိုက်တာကိုး၊ တော်ရုံတန်ရုံ အထင်သေးပါ ကိုကိုရယ်၊ ကြုံရာ လူကို အကူညီတောင်းနေတတ်တဲ့ မိန်းကလေးလဲ မဟုတ်ပါဘူး၊ အကူအညီလိုမှ ဆက်သွယ်မယ့် အစားထဲကလဲ မဟုတ်ပါဘူး၊ ဥမ္မာက သိပ်ခင်လို့. . . သိပ်လဲ သတိရလို့ ဆက်လိုက်မိတာ'

ရှိုက်သံကလေးလိုလို တစ်စွန်း တစ်စ ပါလာသော အခါ

www.burmeseclassic.com



စဝ်နေဗလ အံ့သြရတာနှင့်အမျှ. . . ခေါင်းလည်း နည်းနည်းကြီး သွားရသည်။ ဘယ်ဘဝကများ ခင်နေလို့ ငိုမလို. . . ရှိုက်မလိုအထိ ဖြစ်နေပါလိမ့်။ မိမိ စကားကပဲ တစ်ဘက်စီးနင်း ဆန်လွန်းအားကြီး သွားပြီလားဟု မျက်ခုံးရှုံ့တွေးမိဆဲ. . .

'ကိုကိုက ဥမ္မာ ခင်သလို မခင်ပါဘူး'

'ဒီလိုလဲ မဟုတ်ပါဘူး'

'ဒါဖြင့် ခင်လား'

'အင်း. . . ခင်ပါတယ်'

'ဒါဖြင့် ဘယ်လောက်ခင်လဲ. . . ပြော'

'ဟာ. . . ဘယ်လို ပြောရမှာလဲကွာ. . . မပြောတတ်ဘူး'

'မိုးလောက်ကြီးလား. . . သမုဒ္ဒရာလောက်ကြီးလား'

စဝ်နေဗလ ခေါင်းကုတ်သွားရသည်။ ဒီလို စကားမျိုးတွေ ကြားဖူးနား၀ ပြောလေ့ ပြောထလည်း မရှိ၊ ကဗျာ ဆန်လွန်း သလိုလို. . . ကလေးကလားနိုင်လွန်းသလိုလို၊ အမေးခံရတာပင် မျက်နှာ ထူအမ်းလာရကာ. . .

'ဟာကွာ. . . ဥမ္မာကလဲ၊ ကလေးလေးကျနေတာပဲ၊ အဲဒါ မျိုးတော့ ဘယ်ပြောတတ်မလဲ'

'ဟင့်အင်း. . . မရဘူး၊ တစ်ခုတော့ ဖြေ၊ မိုးကောင်းကင် ကြီးလောက်လား၊ သမုဒ္ဒရာကြီးလောက်လား၊ စကြာဝဠာကြီး လောက်လား'

'ဒုက္ခပါပဲကွာ. . . ၊ ဥမ္မာကြိုက်တာ ယူလိုက်'

'စကြာဝဠာကြီးလောက်မှ ကြိုက်တာ'

BURMESE CLASSIC .com

www.burmeseclassic.com



'ပြီးရော… ပြီးရော၊ အဲဒီလောက် ထားလိုက်'

'ဟေး… ကိုကိုကွ'

သက်ပြင်းတစ်ချက်ချကာ စဝ်နေဗလ ခေါင်းနောက်လာရသည်၊ သိသိသာသာကြီး… ရောနေတာကိုလည်း သိသည်။ သိလိုက်သည်နှင့် တစ်ပြိုင်နက် လေးစားမှု မထားမိတော့တာကိုတော့ ဝန်ခံရပေသည်။

'ကိုကို'

'အင်း… ပြော'

'ခင်တဲ့ အထိမ်းအမှတ်နဲ့ တစ်ခုခုကျွေး'

'စားလေ'

'ဘယ်မှာ ကျွေးမှာလဲ'

'ဥမ္မာကြိုက်တဲ့ ဆီပေါ့'

'ကိုကို ဘယ်နေ့ ဘယ်အချိန် အားလဲ၊ ကိုကို့ ကုန်တိုက်တွေကို ခေါင်းထဲက ခဏထုတ်ထားနိုင်မယ့် အချိန်ပေါ့'

'ရပါတယ်၊ တစ်နေရာရာမှာ ရုံးထိုင်ရတာမျိုးမှမဟုတ်တာ'

'ဒါဖြင့်… နက်ဖြန် ညနေ အားလား၊ အားတယ် မဟုတ်လား၊ ကိုကိုနဲ့ စတွေ့တဲ့ နေရာလေးကို မမေ့ချင်လို့… အင်းလျားလိပ်မှာပဲ စားမယ်'

'အင်း… အင်း'

'ကိုကို လာခေါ်နော်… အားတဲ့ အချိန်သာ လာခဲ့ပါ။ ဥမ္မာကတော့ ညနေ သုံးနာရီလောက် ကထဲက စ မျှော်နေမှာပဲ… ၊ ကိုကို ဘာအရောင်ကြိုက်လဲ'

BURMESE CLASSIC .com

www.burmeseclassic.com



'ဘာလုပ်မလို့လဲ'

'ကိုကို ကြိုက်တဲ့အရောင်... ဝတ်ခဲ့မလို့ပေါ့'

'ဘာဝတ်ဝတ်ပါ၊ အရေးမကြီးပါဘူး'

'အင်းလေ... ကိုကိုကတော့ အရေး မကြီးဘူးပေါ့၊ ဥမ္မာကတော့ အဝါရောင် ဝတ်တဲ့နေ့မှာ ကိုကိုနဲ့ စ တွေ့ရတာဆိုတော့ ဥမ္မာ့ လက်ကီးကာလာက အဝါ ဖြစ်နေတယ်၊ အဝါလေး ဝတ်မယ်'

'အင်း... အင်း'

'ဒါဆိုရင် ဒါပဲနော်ကိုကို၊ မမေ့နဲ့နော်၊ ကိုကိုမလာရင် တော့ ဥမ္မာ ငိုနေမယ်'

'အင်းပါ၊ လာခဲ့မယ်'

'ဒါပါပဲကိုကို၊ ဘိုင့်ဘိုင်'

အကြောင်းမရှိ အကြောင်းရှာ ဖုန်းဆက်ကာ မိန်းကလေးဘက်က စ ချိန်းကတည်းက ဘယ်လို ယောကျ်ားလေးက တလေးတစား တန်ဖိုး ထားမိအုံးမှာလဲလေ။ ဥမ္မာအောင့် သဘောထားကို သဘော ပေါက်မိသလိုလို ရှိသည်။ အတင်း လာကပ်ထားတာကိုလဲ နားလည်သည်။

နောင်အခါ ခွာချ မရရင် ဘယ်လို လုပ်ရပါ့... ဆိုတာ လောက်အထိတော့ မစဉ်းစားမိ။ အဆင်မပြေသော ဘဝထဲက မိန်းကလေး တစ်ယောက်ကို တစ်ခါတစ်ရံ လိုက်လံ ကျွေးမွေးတာ လောက်ပဲလေ... ဟု တွက်ခဲ့မိသည်။

ပထမဆုံးအကြိမ် စကား ပြောခိုက်မှာ ကိုကိုချင်း မိုးမွှန်

BURMESE CLASSIC .com

www.burmeseclassic.com



အောင် ထပ်ထပ် ခါခါ သုံးသွားသော ဉမ္မာအောင့်ထံ နောက်တစ်နေ့ညနေ လေးနာရီခွဲမှာ ရောက်သွားခဲ့သည်။ နောက်ကျသည်ဟု စိတ်ကောက်နေလေသောအခါ သူမ... ရဲရဲတင်းတင်း ဝံ့ဝံ့ စားစားရှိပုံကို အံ့ဩရယ်မောမိရင်း

'စိတ်ကောက်မနေစမ်းပါနဲ့၊ လုံးဝ မချော့တတ်ဘူးကွာ၊ သွားအုံးမှာလား မသွားတော့ဘူးလား'

နာရီ ကြည့်ကာ ဆိုလိုက်သော စစ်နေဗလ ဟန်ပန်က ဉမ္မာအောင် မခံချင်မှု မာနတွေကို ရုန်းကြွ ထ လာစေသော အမူအရာပါပဲ။ ဉမ္မာအောင် စိတ်ကောက် ပြေလိုက်ရသည်။ တော်ရုံ တန်ရုံနှင့် လျှော့မည့်ပုံ မရသောလူကို ကံကြမ္မာနှင့် အလောင်းအစား လုပ်ချင်သလို မိုက်ရူးရဲစိတ်နှင့် ဉမ္မာအောင် ဖွတ်တိုးခဲ့သည်။

ဗိုလ်ကျလို့ မရသူမို့ အလျှော့ပေး ချဉ်းကပ် ခဲ့ရသည်။ တင်းမာလို့ မရသူမို့ ချော့မော့ အလိုလိုက်ကာ မျက်နှာသာ ရယူခဲ့ရသည်။ စိတ်ကောက်လို့ မရသူမို့ ကိုယ့်ဘာသာ စိတ်ရှည် ပြခဲ့ရသည်။

ကြိုးကိုင်ပုံ ကြိုးကိုနည်းမျိုးစုံ သုံးခဲ့ရသည်။ သို့ပေမယ့် စစ်နေဗလ ဆိုသည့် လူက ထင်တာထက် ခံနိုင်ရည် ပိုမိုနေလေသည်။

'ဘယ်မိန်းမကိုမှလဲ မချစ်ခဲ့ဘူး... စိတ်လဲ မဝင်စားခဲ့ဖူး ဘူး၊ မိန်းမဆိုတာ ကိုးကွယ်ဖို့မှ မဟုတ်တာဘဲ၊ မိန်းမတွေနဲ့ ပတ်သက်သမျှ အချိန်ကုန်ဖို့ချည်းပဲ၊ တို့ အချိန်ကို... မိန်းမ

BURMESE CLASSIC .com

www.burmeseclassic.com



တွေအတွက် မဖြုန်းတီးနိုင်ဘူး၊ အဲဒီတော့ ရည်းစားလဲ မထားဘူး... အပို အလုပ်ပါပဲကွာ’

ဥမ္မာအောင့်ကိုပင် နှုတ်က ဖွင့်ပြောခဲ့သည့် သူ... ၊ သူ့စကားတွေအရ မကြာခဏ တွဲသွား တွဲလာ ရှိနေသည့် တိုင်... ဥမ္မာအောင့်ကို သူ့ ဘဝထဲ ဆွဲသွင်းနေရာပေးမည် မဟုတ်တာ သေချာနေသည်။ ခုလောက် တွဲသွားတွဲလာ ဖြစ်တာပင်... ဥမ္မာအောင့် ဘက်က ချိန်းဆို ပူဆာနိုင်လွန်းလို့။

အလည်အပတ် အစားအသောက်အတွက် ကုန်ကျစရိတ် ကျခံတာက လွဲပြီး လက်ဆောင်ပစ္စည်းဆို၍ ဘောလ်ပင်ကလေး တစ်ချောင်းပင် မပေးဖူးသော စဝ်နေဗလကို ဥမ္မာအောင်... စိတ်ကုန်ရသည်။ သို့ပေမယ့် ခွာထုတ်လို့ မဖြစ်သေး။ ဒီလောက် ကြွယ်ဝချမ်းသာသူထံမှ ဘာတစ်ခုမှ မရလိုက်ချင် ဥမ္မအောင်... သိက္ခာကျမည်ပေါ့။

စဝ်နေဗလကို ချိန်းရဖန်များလာသောအခါ ချိန်းမနေတော့ဘဲ သူ့ ကုန်တိုက်တွေသို့ လိုက်သွားတတ် ကျင့်ရလာသည်။ ကုန်တိုက်ပေါင်းစုံမှာ ဝင်ထွက်ပြီး စဝ်နေဗလလက်ကို မဖြုတ်တမ်း လိုက်တွဲကာ ကပ်လွန်း အားကြီးသော ဥမ္မာအောင့်ကို ဘယ်ဝန်ထမ်းကမှ ကြည့်မရ။

ဒီ တစ်ခုတော့ စဝ်နေဗလ ကျေနပ်ဖွယ်ရှိသည်။ ဥမ္မာအောင့်ကို မည်သည့် ဝန်ထမ်းကမှ အတင်းအဖျင်း မပြောစေ။ မလိုတမာ မရှိစေ။ ဒီတစ်ချက် ပိုင်မှန်းသိတော့ ဥမ္မာအောင်က နေဗလ ကုန်တိုက်တွေမှာ အာဏာဝင်ဝင် ပြတတ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



နေဗလနှင့် ခုပဲ မကြာခင် စေ့စပ်တော့မည့် မိန်းကလေးလိုလို သိပ်ချစ်ကြသည့် စုံတွဲလိုလို ယုန်ထင် ကြောင်ထင် ရှိစေရန် နေထိုင်ပြုမူသည်။

ဤအခြေအနေအတိုင်း လပေါင်းများစွာ ပတ်သက်ပြီး သောအခါ ဘယ်လိုမှလည်း ခွာမရ။ စဝ်နေဗလကလည်း ခွာဖို့ မကြိုးစားတော့ဘဲ တတွဲတွဲတော့ ဖြစ်ခဲ့ရသည်။ ခင်မောင်ကျော် ကတော့ စဝ်နေဗလကို မကြာခဏ သတိပေး စကားဆိုတတ်သည်။

သတိပေးနေဆဲပင်. . . ငြင်းဆန်မရအောင် ဖွတ်တရွတ် ပူဆာကာ ဥမ္မာအောင်က စဝ်နေဗလအိမ်သို့ လိုက်လည်သည်။ ရဲတိုက်ကြီးတမျှ ထည်ဝါခမ်းနားသော အပြင်အဆင် အသုံး အဆောင်များ မြင်တွေ့သောအခါ. . . စဝ်နေဗလကို အပိုင်ရလိုစိတ်က ဥမ္မာအောင့် ခန္ဓာကိုယ်ထဲ များသထက် များလာရ၏။

ခင်မောင်ကျော် ကြီးကြပ်သော ကုန်တိုက်၏ ရုံးခန်းထဲမှာ . . . မသေရုံမှန်းပြီး အိပ်ဆေးအလွန်အကျွံ သောက်ခဲ့ဖူး၏။

'ကိုကို့အချစ်ကို မျှော်လင့်နေရတဲ့ မရေမရာ ဘဝမျိုးထက် စာရင်. . . ဥမ္မာ သေသွားတာက အဓိပ္ပာယ်ရှိအုံးမယ် ကိုကို'

. . . ဟူသော စာတိုတိုဖတ်ကာ ခင်မောင်ကျော် ဗျာများ ခဲ့ရသည်။ ချက်ချင်း ဆေးရုံပို့ပြီး စဝ်နေဗလကို ဖုန်းဆက်ခေါ်လိုက် ရတာမို့. . . ထိုအဖြစ်က လူသိသင့်သလောက်တော့ သိသွားရ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုအခါကစပြီး စင်နေဗလ ဦးနှောက် ခြောက်ရတော့သည်။ ခွာချဖို့ ခက်ပြီဆိုတာ သိခဲ့ရသည်။ မိန်းမတစ်ယောက်ပဲလေ. . . ဟု ပေါ့ပေါ့ တွေးခဲ့မိသမျှ မိန်းမညာဏ်နှင့် တစ်စစ တိုးရစ်ပတ်လာသော အခါ နေဗလကိုယ်တိုင် ကျဉ်းထဲ ကျပ်ထဲ ရောက်မှန်းမသိ ရောက်ခဲ့ရတော့၏။

မေမေကလဲ. . . ဟိုကဒီက တစ်စွန်း တစ်စ ကြားရသမျှတွေနှင့် စင်နေဗလကို အစိုးရိမ် ကြီးနေပြီ။ ဥမ္မာအောင့်ကို ရအောင်ခွာဖို့ နေ့စဉ်နှင့်အမျှ နားပူအောင် နားချသည်။ မေမေ ပူပန်သလိုပင် အစက. . . ပေါ့ပေါ့ ထားခဲ့မိသမျှ စင်နေဗလလည်း ပူပန်လာရတော့၏။

ခွာဖို့ ကြိုးစားသည်။

ရှောင်သည်။

သူမ ချိန်းလျှင်လည်း မသွား။ လာလျှင်လည်း မတွေ့နိုင်အောင် ကြိုတင် စီစဉ်သည်။ မိန်းမ တစ်ယောက် လက်က လွတ်အောင် ပုန်းရသည် ဆိုတာ တကယ်တော့ ထင်သလောက် မလွယ်။ ရှောင်နေတာမှန်း ဥမ္မာအောင် လွယ်လင့်တကူပင် ရိပ်မိသွားခဲ့၏။

စင်နေဗလထံ မရမက ဖုန်းဆက်သည်။ နောက်ဆုံး ဖုန်းထဲမှာတော့ မရှောင်သာဘဲ တွေ့လိုက်ရသည်။

'ရှောင်တယ်လို့ ဥမ္မာ ထင်ချင်လဲထင်၊ ရှောင်တယ်ဆိုတာလဲ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမယ့် ဥမ္မာ သေချာပြန်စဉ်းစားကြည့်၊ တို့နဲ့ ဥမ္မာက ဘာမှ ပတ်သက်မှု ရှိတာမဟုတ်ဘူး၊

www.burmeseclassic.com



ဥမ္မာ တစ်နေ့ တကယ်ရွေးမယ့်သူ ပေါ်လာပြီဆိုရင်. . . တို့နဲ့ တွဲခဲ့ဖူးတာဟာ ထောက်ကွက် အမဲစက် တစ်ခုဖြစ်လာမယ်၊ တို့ဘက်မှာလဲ ဒီအတိုင်းပဲ၊ တို့ရွေးမယ် မိန်းကလေးဟာ ဥမ္မာနဲ့ ရိုးရိုးသားသား တွဲသွား တွဲလာခဲ့တာကို နားလည်ချင်မှ နားလည်မယ်။ သာမန်မိတ်ဆွေလောက်တော့ အဆက် အဆံ လုပ်ကြတာပေါ့၊ လွန်လွန် ကဲကဲ တွဲသွား တွဲလာကိုတော့ ရှောင်ကြစို့၊ မြင်တဲ့လူတွေက. . . တစ်မျိုးပဲ ထင်ကြမှာပဲ'

'ထင်ကြပစေပေါ့'

'မဟုတ်သေးဘူး ဥမ္မာ၊ အမှန်က တို့နှစ်ယောက်လုံး သာမန်မိတ်ဆွေတွေပဲ မဟုတ်လား'

'ဟင့်အင်း. . . မဟုတ်ဘူး'

'ဘယ်လိုပြောလိုက်တာလဲ ဥမ္မာ'

'ဒီလိုပဲ ပြောတာ၊ ဥမ္မာ လူရွေးရင်လဲ ရွေးတဲ့လူဟာ. . . ကိုကိုပဲ ဖြစ်မယ်၊ ကိုကို ရွေးရင်လဲ ဥမ္မာပဲဖြစ်. . . '

'တို့နှစ်ယောက်က သာမန် မိတ်ဆွေတွေပဲ'

'ဟင့်အင်း. . . လုံးဝ မဟုတ်ဘူး'

'ဟုတ်ကို ဟုတ်တယ် ဥမ္မာ၊ တို့က ဥမ္မာ့ကို တစ်ကောင်ကြွက် ရပ်တည်နေရတဲ့ မိတ်ဆွေ သူငယ်ချင်းမ အဖြစ် . . . ခင်မင်ခဲ့တာပဲ'

'ဒီမှာ ကိုကို၊ ဥမ္မာက အဲလို မဟုတ်ဘူးဆိုတာ နားလည်လိုက်တော့၊ ဥမ္မာ လက်ထပ်မယ့်လူအဖြစ် ရွေးခဲ့တာ'

www.burmeseclassic.com



'ရှင်းရှင်းပဲပြောတော့မယ်ကွာ၊ တို့ မင်းကိုမချစ်နိုင်ဘူး ဉမ္မာ'

'ဩော်. . . ကိုကိုက ဒီလိုပေါ့၊ ဉမ္မာကတော့ လုံးဝ လက်မခံနိုင်ဘူး၊ ဉမ္မာနဲ့ကိုကို ဒီလောက် တွဲခဲ့ပြီးမှ ပတ်ဝန်းကျင်က ဘာပြောမလဲ၊ ဉမ္မာ့ကို သက်သက် အသရေ ဖျက်တဲ့သဘောလား'

'ဒီလို ထင်စရာ ရှိအောင် ကျုပ်က. . . မင်းကို ဘာများ ကတိပေးဖူးသလဲ၊ အတူသွားလာတယ်ဆိုတာတောင် လူမြင် သူမြင် ရှိတဲ့ စားသောက်ဆိုင်တွေပဲ သွားခဲ့ကြတာ မဟုတ်လား'

စဝ်နေဗလလို လူထံမှ တစ်ပြားမှ မရလိုက်ဘူးဆိုလျှင် ဉမ္မာအောင်တို့ ရှုံးနိမ့်ပြီပေါ့။ ဉမ္မာအောင်က ဒီလို လုံးဝအဖြစ် မခံနိုင်။ အစကတော့ လူပါ အပိုင်ကြံတာ၊ လူရော စည်းစိမ်ပါ အကုန်မရလျှင်တောင် ဒီလောက် အချိန်ကုန်ခဲ့ရသည့်အတွက် နစ်နာကြေးတော့ ရှိရအုံးမှာပေါ့။ အချိန်တွေက နည်းတာမဟုတ်။ တစ်နှစ် နီးပါးတောင်ပဲ။

'ကိုကိုက ပြတ်ပြတ်ဆိုတော့ ဉမ္မာတို့ကလဲ ပြတ်ပြတ်ပဲပေါ့၊ ဉမ္မာ အရမ်း နစ်နာတယ်၊ ကိုကို လက်ထပ်ရင် လက်ထပ်၊ လက်မထပ်ရင်တော့. . . ဉမ္မာ တရားစွဲမယ်'

'ဘာ. . . '

'မြန်မာဥပဒေမှာ မိန်းကလေး တစ်ယောက်ကို လက်ထပ်ပါမယ်လို့ လှည့်ဖျား ဖျားယောင်းပြီး ချစ်ခွင့် ကြိုက်ခွင့်

BURMESE CLASSIC .com

www.burmeseclassic.com



ရယူခဲ့ရင်… လူသိရှင်ကြား တွဲခဲ့ရင့်… တကယ် လက်ထပ်ရတယ်။ လက်မထပ် တော့ရင်… မိန်းကလေးဘက်က နစ်နာတဲ့အတွက် တရားစွဲလို့ ရတယ်'

'ဘာပြောတယ်ကွ၊ ခုဟာက မင်းကို ငါဘယ်တုန်းကမှ လဲ လက်ထပ်မယ် ကတိမပေးဘူး၊ ကတိပေးလို့ ချစ်ခွင့်တောင် တောင်းခဲ့ဖူးလို့လား'

'ဟင်းဟင်း… လူသိရှင်ကြား တွဲတယ်လေ၊ ကိုကို့ အတွက် ဥမ္မာ အိပ်ဆေး သောက်တာတောင် သက်သေ အများကြီး ရှိတယ်'

'တောက်… မင်းက ဒါတွေကို ဖန်တီးဖို့ မတွဲ တွဲဖြစ်အောင် ချောင်းပေါက်အောင်လာ၊ နားညည်းအောင် ချိန်းခဲ့တာပေါ့… ဟုတ်လား'

'ဒါပေါ့'

'မင်း အကျင့်ပျက်လှချည့်လား'

'အစက မသိဘူးလား… ကိုကိုရဲ့၊ ရပါတယ်၊ ကိုကို လက်ထပ်ရင်ထပ်… မထပ်ရင် တရားရုံးမှာ ဆိုင်တာပေါ့၊ စစ်နေဗလ ဆိုတဲ့ လူတိုင်းသိတဲ့နာမည်နဲ့ တရားရုံးမှာ တရားခံ လာလုပ်လှည့်'

'မထပ်ဘူး… မင်းကို ဘယ်တော့မှ လက်မထပ်ဘူး… တောက်… '

'ကိုကို့ ဂုဏ်သရေကိုပဲ ထိခိုက်ခံလိုက်မယ်ပေါ့… ရပါတယ်၊ ကြိုက်တာ ရွေးပေါ့၊ စဉ်းစားပါ၊ ကိုကို တပတ်စဉ်းစားပါ၊ တပတ်ပြည့်တဲ့ နေ့မှာ တရားစွဲမယ်… ဒါပါပဲ'

BURMESE CLASSIC .com

www.burmeseclassic.com



သူမက စပြီး ဖုန်းအရင်ချသွားခဲ့သည်။ စင်နေဗလ ဒေါသထွက်လွန်းတာမို့ တဆတ်ဆတ် တုန်ပြီး ကျန်ရစ်ရသည်။

ခင်မောင်ကျော်ကို ဖွင့်ဟပြောပြီး ဘာလုပ်ဖို့ ကောင်းမလဲ တိုင်ပင်ရသည်။ ဒီကြားထဲ တစ်ရက်မှာ ဉမ္မာအောင် အိမ်ကို ဖုန်းဆက်ပြန်သည်။ စင်နေဗလက အိမ်မှာ မရှိ။ ဉမ္မာအောင်က ဒေါ်စင်သီရိ ကျော့ကို ထပ်မံ ခြိမ်းခြောက်လိုက်တာမို့... အေးချမ်းသိက္ခာရှိစွာ မျိုးဂုဏ်ရိုးဂုဏ်ကို ထိန်းသိမ်းခိုင်မတ်ခဲ့သည့် မဟာဒေဝီစပ် သီရိကျော့ မတ်တတ်မှ လဲကျသတိလစ်သွားခဲ့ရသည်ထိပါပဲ။

'ဘယ်လိုမှ တရားစွဲ မခံနိုင်ပါဘူး... သားတို့ရယ်၊ သူ့ကို လက်ထပ်ဖို့ကလွဲရင် သူ ကျေနပ်တဲ့အထိ ဘာကိုမဆို လုပ်ပေးလိုက်ပါ'

မျက်ရည်တွေတွေနှင့် ယူကျုံးမရ ပြောဖြစ်၏။

'ဒေါ်ဒေါ်ရယ်... ဒီလောက်လဲ စိတ်မထိခိုက်ပါနဲ့အုံး၊ နည်းလမ်းရှာကြတာပေါ့၊ တရားစွဲရင်တောင် နေဗလဘက်က အနိုင်ရနိုင်ပါသေးတယ်၊ မိတ်ဆွေ ရှေ့နေတွေနဲ့လဲ တိုင်ပင်နေပါတယ်'

ခင်မောင်ကျော်က နားချသည်။

'တရားရုံးကို အမှုရောက်တယ်ဆိုတဲ့ အဖြစ်ကိုတောင် ဒေါ်ဒေါ် လက်မခံနိုင်ပါဘူး... မောင်ခင်မောင်ကျော်ရယ်၊

BURMESE CLASSIC .com

www.burmeseclassic.com



သူတို့အဖေ စစ်ဖလုံ စစ်ဖုံမိုင်းဆိုတာ သိက္ခာ သမာဓိမှာ နာမည်တစ်လုံးနဲ့ နေခဲ့သူပါ။ သူ့ သားအဖြစ်နဲ့ ရုံးတော်မှာ အစစ်ဆေးခံရမှာမျိုး ဒေါ်ဒေါ်အဖြစ် မခံနိုင်လို့ ပါကွယ်၊ ဟိုလေးတကျော်ဖြစ်ကုန်ပါမယ့်၊ အခု သိသလောက် လူနည်းစုကလွဲပြီး ဘယ်သူမှ ပိုမသိပါစေနဲ့တော့'

'စစ်နေဗလ'ဆိုသည့် အမည်ကြားရုံနှင့် မျိုးရိုး ရာဇဝင် ပါ ချီပြီးသိနေသူတွေ ရန်ကုန်မြို့မှာတင် မနဲမနော။ ဒီတော့လည်း ဒေါ်စစ်သီရိကျော့စကားက လက်ခံနိုင်စရာရှိသည်။

တရားရုံးတာ နိုင်တာ ထည့်မတွက်နဲ့ဦး၊ တရားခွင်မှာ မတ်တတ်ရပ်ရဖို့ကိုပင် နေဗလ တုန်လှုပ်မိတာ အမှန်ပင်။

'ဒီလိုလုပ်ကွာ နေဗလ. . . ၊ ဒေါ်ဒေါ်ပြောတာလဲ မှန်တယ်၊ သူ့ဆီ ရှေ့နေလွှတ်ပြီး စေ့စပ်စကား ပြောကြည့်ရအောင်၊ ဘယ်လိုပေးရင် ကျေနပ်မလဲပေါ့၊ ပိုက်ဆံနည်းနည်းပါးပါး ရသွားရင် ကျေနပ်လိုက်မယ် ထင်ပါတယ်'

'ဒါပဲရှိတော့တာပေါ့ ခင်မောင်ကျော်ရာ'

ဉမ္မာအောင်ထံ သူငယ်ချင်း ရှေ့နေတစ်ယောက် လွှတ်၍ စကားပြောရသည်။ ရှေ့နေဖြစ်သူကတော့ တရားဥပဒေကြောင်းဘက်က အမြင်နှင့် စကားကို လှည့်ကာ ပတ်ကာ ချော့တစ်လှည့် ခြောက်တစ်လှည့် ပြောဆိုစည်းရုံးတတ်လေသည်။

သုံးရက်အကြာမှာ ဉမ္မာအောင်က ငွေနှစ်သိန်းရလျှင်

www.burmeseclassic.com



ရှေ့မဆက်ဘဲ ဘယ်လိုမှ မသက်ဆိုင်ကြောင်း လက်မှတ်ထိုး ဝန်ခံမည်ဟူသော စကားကို ပေးခဲ့၏။

မိတ်ဆွေ ရှေ့နေ၏ အစွမ်းအစကြောင့် အဆစ် အဆွတ် အတိုးအလျှော့နှင့် နောက်ဆုံးတော့ တစ်သိန်း ပေးဖို့ထိ ဉမ္မာအောင်က လိုက်လျှောလာသည်။ ခုနှစ်ရက်လည်း ပြည့်လွန်ခဲ့ပြီမို့ စဝ်နေဗလက ကိစ္စကြီးကို နိဂုံးချုပ်ချင်လှပြီ။

ဉမ္မာအောင့်ကို ပိုက်ဆံ တစ်သိန်းပေးပြီး ဘယ်လို အပတ်အသက်မျိုးမှ မရှိကြောင်း ဝန်ခံလက်မှတ် ရပြီးချိန်မှာတော့ စဝ်နေဗလ မိန်းမတွေကို လန့်သွားရတော့တာပါပဲ။

မိမိစည်းစိမ်ဥစ္စာကို မက်မောပြီးပူးကပ်လာမည့် မိန်းမမျိုးကို နာနာကျည်းကျည်း ရွံ့ရှာခဲ့ရသည်။

ထိုပြဿနာတွေ နိဂုံးချုပ်အပြီး ခြောက်လ၊ ခုနှစ်လလောက်မှာ မှီ့ကို စဝ်နေဗလ အမှတ်မထင် ကြုံဆုံတွေ့ခဲ့ရခြင်း ဖြစ်လေသည်။ သုံးဆယ့်နှစ်လမ်းထဲမှာ စာအုပ် တပွေ့တပိုက်နှင့် မှီ့ကို ဝင်တိုးမိ မလိုဖြစ်သော ကားသည် စဝ်နေဗလကိုယ်တိုင် မောင်းလာသော ကားပါပဲ။

စာအုပ်တစ်အုပ် လွတ်ကျသွားတာကို ကောက်ယူလျက် ကမန်းကတန်း လမ်းဘေးကပ်ရပ်လိုက်သော မှီ့ရဲ့ ရိုးသားဖြူစင်သော ရုပ်ပုံလွှာကလေးကို အမှတ်မထင် ရင်ထဲငြိသွားခဲ့ရသည်။

မှီ့နောက်နားမှ ကားနှင့် ပါလာဖြစ်ကာ ဘတ်စ်ကား မှတ်တိုင်မှာ မှီ ရပ်လိုက်တာမြင်တော့ အေးငြိမ်း ရိုးသားပုံ

www.burmeseclassic.com



ရသည့် ဒီမိန်းကလေးကို ကားနှင့် ဖိတ်ခေါ် လိုက်ပို့ချင် စိတ်က ရင်ထဲ ကိန်းဝပ် ကြွင်နာမိခဲ့သည်။

မြင် မြင်ချင်းပင် ချစ်သွားရတာမျိုးဟု... ခေါ်ရမလား မဆိုနိုင်တော့။ မရည်ရွယ်ဘဲ မှီ ပါသွားသည့် ဘက်စ်ကားနောက်မှ ကားနှင့် လိုက်ခဲ့ဖြစ်သည်။ မှီ့ အိမ်ကို သိခဲ့ရပြီး နောက်တစ်ရက်မှာ နောက်တစ်ရက်မှာ မနေနိုင် မထိုင်နိုင် အလုပ်အကိုင် မဖြောင့်သည့်ထိ မှီ့ကို တွေ့ချင်စိတ်နှင့် မှီ့အိမ်အထိ စွန့်စား သွားဖြစ်ခဲ့သော... အခြေအနေမှန်ကို သိရှိ စိတ်ဝင်စားမှာ စိုးရွံ့ခြင်းတို့ကြောင့် ကားလည်း ယူမသွားဖြစ်။ သပ်သပ် ရပ်ရပ်လည်း ဝတ်စားမသွားဖြစ်။ း

တကယ်ပင် ချစ်မိပြီဖြစ်သော မိန်ကလေးကို... မိမိ ဥစ္စာဓနအပေါ် ယိမ်းယိုင် ဆုံးဖြတ်လိုက်မှာ စိုးရိမ်ခြင်းတို့နှင့်... အိမ်ခြေ ရာခြေ အလုပ်လက်မဲ့ နွမ်းပါး ဆင်းရဲသူ အသွင်နှင့် ချဉ်းကပ်ခဲ့မိခြင်း ပါပဲ။

မိန်းမ တစ်ယောက်၏ မက်မော လောဘအပေါ် ဒ္ရွံ့ကြောက်ခြင်း စိတ္တဇ စွဲခဲ့သလို ဖြစ်ခဲ့ရသော စဝ်နေဗလ... ။ မှီ့ အချစ်ကို ရလိုက်တော့ ကမ္ဘာမှာ အပျော်ဆုံး လူတစ်ယောက်လို ဖြစ်ခဲ့ရသည်။

မှီက အလုပ်ရှာဖို့ ပိုက်ဆံစုဖို့ စကားဆိုသောအခါ... အတိတ်က အထိနာခဲ့ခြင်းကြောင့် မတင်ချင်သည့် သံသယတို့ တင်စွဲလာမိတာ မှီကတော့ သိနိုင်ခဲ့မှာ မဟုတ်။ အိမ်ကို ရောက်လာအပြီးမှ လက်ထပ်ဖို့ သဘောတူလိုက်တော့ မှီ့ကို

www.burmeseclassic.com



ချစ်လွန်းအားကလည်း ကြီး၊ ကင်း ပြတ် စွာ လည်း ခွဲချန် မထားရစ်နိုင်၊ သံသယကလည်း တစ်စွန်း တစ်စ တင်၊ သံသယဝင်မိတာကိုလည်း အားနာ ကြင်နာမိလျက်။ ဖြူစင်ခဲ့သူကလေး အဖြစ် ဆက်လက်ရပ်တည်နေဆဲ ဟုတ်ပါ့မလားဟု နှမြောတသသခြင်း တွေလည်း ပြည့်လျှံကာ လူက ဆောက်တည်ရာ မရ။

ဒီ့ပြဲ စိတ်တွေနှင့် ဗျာများကာ ချစ်လွန်းလို့ ယူထားဖြစ် သော မိန်းမကိုပင် မယုံမရဲ အကဲခတ်နေမိခြင်းတွေနှင့် စစ် နေဗလ ဘဝက လောင်မြိုက် ကျဉ်းကျပ်နေခဲ့ရတာမို့. . . ပြုမူဆက်ဆက်မိပုံတွေ အချိုးမကျ မပြေပြစ်နိုင်ဘဲ စိမ်းဆတ်ဆတ် နိုင်ခံ့ရခြင်းပဲ ဖြစ်လေသည်။

* * *

မေမေက ဥမ္မာအောင်နှင့် ပတ်သက်သမျှ ပြောပြလိုက် ပြီးသည့်၏ နောက်မှာ မှီ့ အပေါ် ထားနေမည့် မောင့်သဘောထား စိတ်ရင်းမှန်ကိုပါ မှီ တွက်ဆ မှန်းလိုက်နိုင်ပါသည်။

'မေမေရယ်. . . မှီ အခု သူ့ကို လုံးဝ နားလည်လိုက်ပါ ပြီ။ မှီတို့ အဆင်မပြေ ဖြစ်နေခဲ့ရတာလဲ ဒီကိစ္စပါပဲ ၊ သူက

www.burmeseclassic.com



မို့ကို သူ့ ပစ္စည်းဥစ္စာအပေါ်မှာ သာယာမိန်းမူးမယ့် မိန်းမ မျိုးလားလို့ သံသယ ဝင်နေတာပါ’

‘သြော်... သားက သမီးအပေါ်မှာ ဒီလို မြင်နေတာကိုး၊ ဒါဖြင့်လဲ ဘာကြောင့် လက်ထပ် ခဲ့သေးသလဲကွယ်၊ လက်ထပ်ပြီးမှ အဆင်မပြေကြတော့ မေမေလဲ စိတ်မကောင်းနိုင်ဘူး’

‘မောင်က... ခဲမှန်ဖူးသလို ဖြစ်နေတာကိုး၊ မို့ သဘော ပေါက်ပါပြီ’

‘ဥမ္မာအောင့် ကိစ္စကိုဘဲ သံသယ ရှင်းပါသမီးရယ်၊ စိတ် ထဲမှာလဲ အဖုအထစ် အထားပါနဲ့တော့’

‘မထားပါဘူး မေမေ၊ သူ... သူက မသိတာပါ၊ မို့ က သူ့ကို ဖြူဖြူစင်စင် ချစ်ခဲ့တာပါ မေမေရယ်’

မို့ မျက်ရည်တွေ တလိမ့်လိမ့်ကျကာ အံကလေးကြိတ်လျက် ဝမ်းနည်းအားငယ်စွာ ဆိုဖြစ်သည်။

မောင်ရယ်။

မောင့်ကို မို့ အမြင်ရှင်းသလို မို့ အပေါ်လည်း အမြင်ရှင်း စမ်းပါတော့။ သံသယ တွန်းအားနဲ့ မို့ကို မထိတထိ ရက်စက် နှိပ်စက်ချင်စိတ်တွေ ဖျောက်ပေးပါ။ မောင့်ကို မို့က ‘မောင်မောင်’ အဖြစ်နဲ့ ချစ်ခဲ့တဲ့သူပါ မောင်ရယ်။

တကယ်ဆို ဥမ္မာအောင့် ကိစ္စကိုပါ ဖွင့်ပြောထားပြီး မို့ ကို သံသယမရှင်းနိုင်တဲ့ အချိန်စောင့်ပြီးမှ မောင် လက်ထပ် ယူခဲ့သင့် တာပေါ့။ ခုတော့ မောင်က မပွင့်လင်းခဲ့ဘူး။ ချစ်

www.burmeseclassic.com



လွန်းလို့ ယူထားတာဆိုပေမယ့်လည်း မောင် ပြုမူခဲ့ပုံတွေက မှီ့ ကို တမင် နှိပ်စက်နေသလိုပါပဲ။ မှီ့ ရင်ထဲက အချစ်ကို တန်ဖိုးထား ယုံကြည်စမ်းပါလား မောင်ရယ်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၉)

ပထမဆုံး ဘာသာရပ် ဖြေဆိုရသော ရက်မှာ မောင့်ကို ဘာကြောင့်မှန်းမသိ။ အရမ်းပင် လွမ်းကာ အားကိုး အားထား တမ်းတ နေမိလေသည်။ ညပေါင်းများစွာ အိပ်ရေးပျက်ခံ စာကျက်ခဲ့သော ဒဏ်နှင့် လူကလည်း နုံးခွေခွေ။

ဘာပဲဖြစ်ဖြစ် စာမေးပွဲ အောင်မှာကိုတော့ မို့ သိနေပါသည်။ မို့က သေသေချာချာ စာကျက်ထားသူပဲလေ။ မောင့်ကို တွေ့ချင် တာရယ်၊ 'မို့. . . စိတ် အေးအေးထား ဖြေနော် အောင်မှာပါ' ဘာ ညာ အစရှိသဖြင့် မောင့်ထံမှ မရနိုင်သည့် အားပေးစကားများကို တောင့်တ မိတာရယ်ကိုတော့ ဖြေဖျောက်မရ။

BURMESE CLASSIC .com

www.burmeseclassic.com



ဦးမားပန် လိုက်ပို့သော ကားနှင့် ကျောင်းကို ရောက်လာရသည်။ ကျောင်း ရောက်တော့ ခေါင်းလောင်းတီးဖို့ မိနစ်နှစ်ဆယ်လောက် လိုသေးသည်။ နာရီကို ငုံ့ကြည့်မိရင်းက မောင်ပေးခဲ့သော နာရီကလေးမို့ မောင့်ကိုယ်စား အဖော်ကလေးကို အနည်းအကျဉ်းတော့ အားရမိသလိုပင်၊ မြတ်မြတ်တို့က လာမခေါ်ဖို့ အစကထဲက မှာပြီးသားမို့ ကျောင်းရောက်မှ တွေ့သည်။

စုမာ၊ မြတ်မြတ်နှင့် သွယ် သုံးယောက်လုံး မှီ့ ထက်စောစွာ ရောက်နေကြသည်။ မှီ့ ကားရပ်တော့ ကားနားအထိ လာကြိုကြ၏။

'ရောက်တာ ကြာပြီလား'

'မကြာသေးပါဘူး… စာရလား'

'ရပါတယ်'

'ငါတို့… ဒေါ်လေးငယ်ဆီတောင် ကျောင်းမလာခင် ဝင်ခဲ့ကြသေးတယ်'

'ဟုတ်လား… ဘာမှာလိုက်လဲ'

'ဘာမှ မမှာလိုက်ပါဘူး၊ ဒါပေမယ့်… နင် ဖြေပြီး အပြန်မှာ အိမ်ဘက် ခဏဝင်လိုက်ပါလား၊ ဒေါ်လေးငယ် သိပ်နေမကောင်းဘူး'

'ဟင်… ဟုတ်လား၊ ဘာဖြစ်တာလဲဟင်'

'အူရောင်တာ ထင်တယ်၊ ဗိုက် အောင့်အောင့် နေတတ်တာပါ'

BURMESE CLASSIC .com

www.burmeseclassic.com



'အရမ်း ဆိုးလားဟင်၊ ငါ့ဆီလဲ ဖုန်း မဆက်ကြဘူး'

'သိပ်မဆိုးပါဘူး၊ ဒေါ်လေးငယ်က ဖုန်း မဆက်ခိုင်း တာပါ၊ နင် လာနေရင်. . . စာကျက်ပျက်မှာ စိုးလို့တဲ့၊ ဆေးခန်း ပြပါတယ်၊ ငါ့ အမေနဲ့ တူတူ ဆေးခန်းသွားတယ်၊ လောလောဆယ်တော့ ဆေးသောက် နေတာပေါ့'

စုဝေက မှီ အစိုးရိမ် လွန်းသွားမှာ စိုးရိမ်စွာ နှစ်သိမ့်သည်။ သို့ပေမယ့်. . . မှီ စိုးရိမ်ခြင်းနှင့်အတူ စိတ်မကောင်းပါ ဖြစ်မိသည်။ မှီ့ကို ငယ်ငယ်ကတည်းက မိခင်လိုရော ဖခင်လိုပါ အုပ်ထိန်း စောင့်ရှောက်ခဲ့သော ဒေါ်လေးငယ်။ မှီ အိမ်ထောင်ခွဲသွားပေမယ့် ဘာတစ်ခုမှ ပြန်လည်ထောက်ပံ့ ကျေးဇူး မဆပ်ဖူးသေး။

တစ်ခါတစ်ရံ ကျောင်း အပြန် ခဏတဖြုတ် ဝင်လည် တာကလွဲရင် အချိန်ကြာကြာမရောက်။ ဒေါ်လေးငယ်ကို မှီ ပစ်ထားသလို ဖြစ်နေပြီလား။ စာမေးပွဲနီးလို့ ကျောင်းမတက် ဖြစ်ကတည်းက တကူးတက မရောက်ဖြစ်တော့တာ။

စာမေးပွဲ ဖြေနေဆဲ ဒေါ်လေးငယ်ဆိုတာ ပူပန်စိတ် ရောက်နေသည်။ အပြန် သွယ်တို့ သုံးယောက်ကိုပါ ခေါ်ကာ စမ်းချောင်းကို လာခဲ့သည်။ မှီ့ အိမ် အရင်ဝင်တာမို့ အိမ်ပေါ်ကို သွယ်တို့ပါ ပါလာသည်၊ မှီ့ တံခါးလာဖွင့်ပေးသော မိနူးက ဝမ်းသာအားရ. . .

'မမမှီ လာတယ်. . . မမမှီ လာတယ်'

တဆွဆွခုန်ကာ နှုတ်မှပင် အော်ဟစ်နေလေသည်။

'ဒေါ်လေးငယ်ရော'

www.burmeseclassic.com



'အိပ်ရာပေါ်မှာ'

'ဒေါ်လေးငယ်ရေ. . . ' ဟု မှီက အသံပြုကာ ကလေးငယ် လိုပင် အိပ်ခန်းထဲ ပြေးဝင်ခဲ့သည်။ မှီနှင့် ဒေါ်လေးငယ် အတူ အိပ်ခဲ့သော ခုတင်ကြီးပေါ်မှာ ဒေါ်လေးငယ်က ပက်လက်ကလေး လဲလျောင်းနေသည်။

'သမီး. . . ဖြေနိုင်လား'

မှီက ခုတင်ဘေး ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ကာ ဒေါ်လေးငယ် လက်မောင်းကလေးကို ဆုပ်ကိုင်လိုက်ရင်း. . .

'ဖြေနိုင်ပါတယ်. . . ဒေါ်လေးငယ်'

'ဒီကို ဘယ်သူပို့လဲ'

'ဦးမားပန်. . . ဒေါ်လေးငယ်'

'မောင်စစ်နေဗလရော. . . နေကောင်းလား'

'ကောင်းပါတယ်. . . သူ ခရီးထွက်သွားတယ်'

မှီ့ စကားကြောင့် မြတ်မြတ်က ခုတင်စွန်း ဝင်ထိုင်နေရာမှ မျက်မှောက်ကြုတ်ကာ. . .

'ခရီးကလဲ သွားလှချည်လား'

တစ်ခွန်း မြတ် ပြောလိုက်တာမို့ မှီ ပြုံးလိုက်ရသည်။

'အလုပ်များးတာကို မြတ်မြတ်ရယ်'

'အလုပ်ကလဲ များများပါအုံး၊ဘယ်တော့မေးလိုက် မေးလိုက် ရှိတယ်ကိုမရှိဘူး၊ကိုယ့်မိန်းမစာမေးပွဲတွင်း ကလေးတော့ အားရှိအောင် နေပေအုံးမှပေါ့'

'မြတ်မြတ်ကလဲဟယ်. . . သိပ် လျှာရှည်တာပဲ'

BURMESE CLASSIC .com

www.burmeseclassic.com



သွယ်က မြတ်မြတ်ပေါင်ကို တစ်ချက် ရိုက်ပုတ်ဟန့်တားသည်။ မှီကတော့ ဘယ်လိုမှ မနေပါ။ ဒေါ်လေးငယ် မျက်နှာဖြူဖျော့ဖျော့ကို ကြည့်ပြီး ဝမ်းနည်းစိုးရိမ်စိတ်က ရင်ထဲမှာ များနေသည်။

ဒူအပြင် ခုမှ ရောက်လာသော တူမချောကို အားကိုးဝမ်းသာဟန်နှင့် မလွှတ်တမ်း လက်ကလေးကို ဆုပ်ကိုင်ထားသော ဒေါ်လေးငယ်၏ အားငယ် မျက်ဝန်းလေးတွေကလည်း ကြင်နာစရာကောင်းလွန်းလှသည်။

'မိနူး. . . ဒေါ်လေးငယ်ကို ဘာကျွေးနေရလဲ'

'ကြက်စွပ်ပြုတ်'

'အရေပဲ သောက်ရတာပေါ့'

'ဟုတ်ကဲ့'

'ဒီမနက် သောက်ပြီးပြီလား. . . ဒေါ်လေးငယ်'

မှီက ဒေါ်လေးငယ်မျက်နှာနား တိုးကပ်ကာ နူးညံ့စွာမေးတော့. . . ဒေါ်လေးငယ်က ခေါင်းညိတ်သည်။ မိနူးက. . .

'နည်းနည်းပဲ သောက်တာမမှီ၊ တစ်နေ့လုံးနေမှ ပန်းကန်လုံး သေးသေးနဲ့က နှစ်လုံးလောက်ပဲ ဝင်တာ'

'ဟင်. . . ဆေးတွေ သောက်နေရတဲ့ဟာ၊ ဒီလို အစာမရှိပုံနဲ့ ဘယ်ဖြစ်နိုင်ပါ့မလဲ ဒေါ်လေးငယ်ရယ်၊ အခု ထပ်သောက်ပါလား ဟင်. . . နည်းနည်းဖြစ်ဖြစ်. . . မှီ့ကို ချစ်ရင် ထပ်သောက်နော်'

ဖြူနေသော နှုတ်ခမ်းတွေနှင့် ဒေါ်လေးငယ် ပြုံးကာ

BURMESE CLASSIC .com

www.burmeseclassic.com



ခေါင်းတစ်ချက် ညိတ်တာမို့ မိန္နုးက 'ထည့်ခဲ့မယ်' ဟု ရွှင်မြူးစွာ ဟစ်အော်ကာ မီးဖိုဘက် ပြေးသွားသည်။

'ဒေါ်လေးငယ်... ထ နိုင်လား'

'ထ နိုင်ပါတယ် သမီးရယ်'

'ဒါဖြင့် ထ ထိုင်နော်...၊ မှီ ဆံပင် ရှင်းပေးမယ်၊ ဆံပင်တွေက ပွနေပြီ'

ဒေါ်လေးငယ်က ခုတင်ပေါ် လက်နှင့် အားယူထောက်ထားရင်း ရစ်ဝိုင်းလာသော မျက်ရည်စတို့ကို မျက်တောင်ပုတ်ခတ်သိမ်းဝှက်ဖို့ ကြိုးစားသည်၊ မှီ မြင်ဖြစ်အောင် မြင်မိကားအသည်းထဲမှာပင် ကျင်သွားရ၏ ။

ဒေါ်လေး အားငယ်ရှာမှာပဲ။ မိန္နုးက ခိုင်းတာလုပ်ပေးရုံအပြင် ဘာများ အဖော်ရမှာတဲ့လဲ...၊ ဒေါ်လေးငယ် ဆံပင်ကို ဖြီးရှင်းပေးရင်း ဆံပင်ဖြူစတွေကို ခါတိုင်း မြင်နေကျ ဖြစ်ပါလျက်... ခု တစ်ခါမှ ဆို့ကျပ်သောရင်... မျက်ရည်လည်သော မျက်ဝန်းများနှင့် ငေးလို့ ကြည့်မိသည်။

ဒေါ်လေးငယ်... အသက်ကြီးရှာပြီ...၊ ခု ချိန်ထိ... မှီက တကူးတက လုပ်ကျွေး ပြုစုရသည် မရှိသေး...၊ စာအုပ်ဆိုင်နှင့် အအေးဆိုင် ဝင်ငွေက... မှီတို့ သုံးယောက် ခြောင်လည်ပိုလျှံအောင် သုံးစွဲနိုင်ခဲ့တာမို့... ခုလည်း ဒေါ်လေးငယ်မှာ ငွေလိုမှာမဟုတ်။

အားကိုဖော်သာ လိုအပ်မှာ။

မှီ တွေးရင်းက မျက်ရည်ကျလာရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သွယ်က မှီ့ မျက်ရည်ကိုမြင်တော့ ဒေါ်လေးငယ် တွေ့သွား အားငယ်မှာ စိုးရိမ်ပုံနှင့် မျက်ရိပ်ပြ ဟန့်တားသည်။

'ဒေါ်စဝ်သီရိကျော့ကော... ခြေထောက် ဘယ့်နှယ့်နေလဲ'

'ကောင်း... ကောင်းပါတယ် ဒေါ်လေးငယ်'

'ဒေါ်လေးကလဲ... သမီးဆီ တစ်ခါမှ မရောက်ဘူးကွယ်... ဆိုင်ပစ်ထားခဲ့လို့ မရတာနဲ့ တကူးတက လာရခက်ခဲတာနဲ့ မရောက်တော့ သိပ်မကောင်းဘူးပေါ့... ၊ ခမည်း ခမက် မင်္ဂလာဆောင်နေ့ကပဲ တွေ့ဖူးလိုက်ပြီး မတွေ့ဖြစ်ကြဘူး... ၊ နေကောင်းရင် ဒေါ်လေး လာလည်အုံးမယ်လို့ ပြောနော်... '

'ဒေါ်လေး'

မှီ အသံ တုန်တုန်ကြောင့်... ဒေါ်လေးငယ်က တအံ့တသြ လှည့်ကြည့်သည်

'ဟင်... သမီး ဘာလို့ ငိုနေတာလဲ'

'မှီ မသိပါဘူး ဒေါ်လေးရယ်... ၊ မှီ ငိုချင်လာလို့ပါ'

'မငိုပါနဲ့ သမီးရယ်... ၊ ဒေါ်လေးကဖြင့် ရောဂါတောင် ပျောက်တော့မယ့်ဟာ... ၊ အခု သက်သာနေပါတယ်'

နှစ်သိမ့်သူကိုက မျက်ရည်ဝဲနေသည်။

'မှီ ဘာမှလဲ မပြုစုဖြစ်ဘူး'

'သမီးက သိမှ မသိတာ'

www.burmeseclassic.com



'မှီ... အိမ်မရောက်တာ ကြာတော့ ဘယ်သိမလဲ ဒေါ်လေးငယ်ရယ်၊ ခဏခဏ ရောက်နေသင့်တာ...။ မှီ... ဝမ်းနည်းတယ်'

'သမီးကလဲ... ဝမ်းနည်းစရာ မဟုတ်တာကို...ကဲ... ကဲ... စာမေးပွဲ ရက်ကြီး အိမ်ပြန် စာကျက်ကြအုံး... စုမာတို့ရော၊ အပြင်မှာပဲ ဦးမားပန် စောင့်နေတယ် မဟုတ်လား'

'တစ်ရက်ခြားဆိုတော့ အဆင်ပြေပါတယ် ဒေါ်လေးငယ် ရယ်၊ နက်ဖြန်မှ စာကျက်မှာ...။ စုမာတို့ မပြန်သေးပါဘူး'

မိနူးက စွပ်ပြုတ် ပန်းကန်နှင့် ဝင်လာသည်။ မှီက လှမ်းယူကာ ဒေါ်လေးငယ်ကို တိုက်ဖို့အဖြင်...

'ကားစောင့်နေရတာ ကြာရင် ဘယ်ကောင်းမလဲ သမီး ရယ်...၊ ဒေါ်လေးက သမီးမျက်နှာ မြင်လိုက်တော့ အားရှိသွားပါပြီ၊ စွပ်ပြုတ်တောင် တစ်ပန်းကန် ထပ်သောက်ဦးမှာ...။ စိတ်ချပြီး ပြန်တော့'

'ဟင့်အင်း... ကား ပြန်လွှတ်လိုက်မယ်'

'သမီးက ဘယ်တော့ ပြန်မလဲ'

မှီ... သက်ပြင်းကလေး တစ်ချက်ချကာ...

'မှီ မပြန်တော့ဘူး... ဒီည ဒေါ်လေးငယ်နဲ့ အိပ်မယ်'

'ဟဲ့'

ဒေါ်လေးငယ်က မျက်ခုံးပင့်သွားရင်း...

'အိမ်တော့ ပြန်အိပ်ပါ သမီးရယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟင့်အင်း... ဟိုအိမ်မှာ မှီ မရှိလို့ ဘာမှ မဖြစ်ပါဘူး၊ ဒီအိမ်မှာ မှီ ရှိမှ ဖြစ်မှာ...၊ ဒေါ်လေးငယ်ကို မှီ စိတ်မချပါဘူး၊ အစာ မစားမှာ ဘာညာ စိုးရိမ်တယ်...၊ ဒီလို လုပ်မယ်၊ မှီ ပြန်လိုက်သွားမယ်၊ ကျက်စရာ စာအုပ်တို့ ဘာတို့က မှီ ကိုယ်တိုင် ယူမှ ဖြစ်မှာ...၊ အဝတ်အစားနဲ့ စာအုပ်တွေ ယူပြီး ဒီကို ပြန်ပို့ ခိုင်းမယ်'

'ကောင်းပါ့မလား သမီးရယ်'

'ကောင်းပါတယ်၊ အိမ်မှာလဲ မေမေပဲ ရှိတာ၊ မေမေက မှီ ပြောရင် ရပါတယ်...၊ ဒေါ်လေးငယ် ထူထောင်တဲ့အထိ မှီ ဒီမှာပဲ နေပြီး... ဒီကပဲ စာမေးပွဲ သွားဖြေတော့မယ်၊ စုမာတို့နဲ့လဲ နီးနီး နားနား စာလေး ဘာလေး ဆွေးနွေးနိုင်တယ်'

'ကောင်းတယ်'

မြတ်မြတ်က ဝင် ထောက်ခံသည်။

ဒေါ်လေးငယ်ကတော့ မှီ လာနေမှာကို ကြည်နူးကျေနပ် နေခြင်းနှင့် မှီ့အတွက် တစ်ဘက်မှာ ကောင်းပါ့မလား ကြောင့်ကြဟန် မျက်နှာရိပ်ကလေးနှင့် နှုတ်ဆိတ်သွားတော့သည်။

'ပြန်ဆို... ခုပဲပြန်တော့မယ်၊ ဒေါ်လေးငယ်... ဒီစွပ်ပြုတ် ကလေးကုန်အောင် သောက်လိုက်ပါအုံး'

'ငါတို့ တိုက်ထားမယ်၊ နင် နောက်ကျနေလို့ နင့် ယောက္ခ မကြီး စိတ်ပူနေအုံးမယ်၊ ပြန်ယူတော့၊ စာအုပ်တွေ ကျန်ရစ်ခဲ့အုံး မယ်နော်၊ သေချာစစ်ဆေးပြီး အကုန်ယူခဲ့'

BURMESE CLASSIC .com

www.burmeseclassic.com



'အေး'

မှီက မတ်တတ်ရပ်ကာ ဒေါ်လေးငယ် ပါးကို ရွှတ်ကနဲ နမ်းရှုပ် နှုတ်ဆက်လိုက်၏။ ဒေါ်လေးငယ်က ပြုံးသွားရင်း...

'မောင်စစ်နေဗလက ဘယ်ရက် ပြန်ရောက်မှာလဲ၊ သူ ပြန်ရောက်လို့ သမီး ဒီအိမ်ရောက်နေတာ သိရင် ကျေနပ်ပါ့မလား'

မှီက မဲ့ပြုံးမိရင်း...

'ဒီအိမ်ကိုလာပြီး သူပိုးခဲ့ရတာပဲ၊ မှီ ဒီအိမ်လာနေတာကို သူက မကျေနပ် ဖြစ်နေရမှာလား ဒေါ်လေးရယ်၊ ပြန်ရောက်ရောက်ချင်း မှီ့ကို မတွေ့လို့ရှိရင်... တွေ့လဲတွေ့ချင်ရင် ဒီကို လာတွေ့ပစေပေါ့'

မှီ ရင်နာစွာ ပြောမိသည်။ မတွေ့ရင် မောင် လိုက်တော့ လာသင့်တာပေါ့။ လာကို လာရမှာပေါ့။ မှီနှင့် လက်ထပ်ပြီးကတည်းက ဒီအိမ်ကို မောင် တစ်ခေါက်မှ မလာတာ။ ဒေါ်လေးငယ်အပေါ် မောင် ဂရုတစိုက်မှု နည်းပါး လျော့နည်းလွန်းသည်။ မှီကသာ သူ့မေမေကို မိခင်ရင်းလို ချစ်ခင် ပြုစုရတာ။ မောင်ကတော့ ဒေါ်လေးငယ်ကို ဟိုတုန်းကသာ မကပ်မဖြစ်လို့ ကပ်ခဲ့ရပုံနှင့်... လက်ထပ်ပြီးကတည်းက အဆက်အဆံ မရှိတာ။

တွေးကြည့်လေလေ မောင့်အပေါ် မကျေမနပ်စရာတွေ များလေလေပါပဲ မောင်ရယ်။ မောင် မရှိခိုက် ဒေါ်လေးငယ် အိမ်ခဏ ပြန်နေရမည့် ဒီ အခိုက်တန့် အတွင်းမှာတော့ မှီ့

BURMESE CLASSIC .com

www.burmeseclassic.com



စိတ်ကလေးတွေ ဟိုတုန်းကလို ပြန်ပြီး နုပျို လန်းဆတ်သွားမှာ မလွဲ။

မောင့် လောင်းရိပ် အမှောင်တိုက်ထဲမှာ နွမ်းညှိုးနေရတဲ့ ပန်းမျိုးဘဝကနေ မီို ခဏတော့ လွတ်ခွင့် ရပြီပေါ့။ မောင့်ကို ဘယ်လောက်ပင် ချစ်သည်ဆိုပေမယ့်. . . ခုလို လွတ်လပ်ခွင့် ရမှာကလေး စိတ်ထဲ နှစ်သိမ့်ရွှင်မြူးနေမိတာ အမှန်ပါပဲ။

မောင့် အိမ်မှာ မီိုမပျော်ရတာ ပိုပြီး သေချာလာတော့ တာပေါ့ မောင်ရယ်။

* * *

'သမီး. . . ဟိုတစ်နေ့က ကိစ္စကို စိတ်ထဲ ရှင်းတယ်နော်'

ဒေါ်စဝ်သီရိကျော့က မျက်နှာ မသာမယာနှင့် မေးတာမို့ မီိုက ခေါင်းညိတ်ရင်း. . .

'ရှင်းပါတယ် မေမေ၊ အဲဒါနဲ့ ဘာမှမဆိုင်ပါဘူး၊ ဒေါ်လေးငယ်ကို မီိုပြုစုချင်လို့ပါ၊ အိမ်မှာလဲ အားကိုးလောက်တဲ့သူ မရှိလို့ပါ'

'မေမေက. . . ဟိုတစ်နေ့က ပယောဂ ပါမှာစိုးလို့ပါ'

'မီို. . . ဦမ္မာအောင် ကိစ္စကို လုံးဝ သံသယ ရှင်းပါတယ် မေမေရယ်၊ ဒေါ်လေးငယ် နေကောင်းတာနဲ့ ပြန်လာမှာပါ'

'အေးလေ မတားသင့်တဲ့ ကိစ္စပါ၊ သမီး ဒေါ်လေးအတွက် လိုအပ်တာ အစစ အရာရာ ဖုန်းဆက်လိုက်ပါ၊

www.burmeseclassic.com



ပြီးတော့... ကားလဲ ယူထား၊ ဦးမားပန်ပါ ပို့ထားမယ်'

'ရပါတယ် မေမေ၊ မှီ့ကို အခုလိုက်ပို့ရုံပဲ ပို့ပေးပါ'

'ဘယ်ဟုတ်မလဲ၊ သမီး ဒေါ်လေးဆေးခန်းသွားဖို့ လာဖို့ရော... ကားလိုမှာ၊ အိမ်မှာ သားရဲ့ ကားရှိသားပဲ၊ မေမေ့ကားနဲ့ ဦးမားပန်နဲ့ကို သမီးယူသုံးထားပါ'

'ဦးမားပန်ကိုလဲ အိမ်မှာ ထားဖို့နေရာ အခက်အခဲ ရှိလို့ပါမေမေ'

'ဩော်... ဟုတ်သားပဲ၊ ဒါဖြင့် မနက် ခုနှစ်နာရီ အတိအကျ လွှတ်လိုက်မယ်၊ ည ရှစ်နာရီမှ ပြန်လွှတ်၊ ထမင်းကျွေးလိုက်ပေါ့'

'ဟုတ်ကဲ့'

ဒေါ်စဝ်သီရိကျော့ကို မှီ ကျေးဇူးတင် ကြည်ညို မိတော့သည်။

'မေမေကတော့ မလိုက်နိုင်တော့ ဘူးကွယ်၊ သတင်းမေးတယ်လို့သာ ပြောပေးပါ၊ ဘယ်ဆရာဝန်နဲ့ ပြချင်တာရှိလဲ၊ မေမေ ပြောလို့ရတာ ပြောပေးမယ်၊ လိုအပ်သမျှ ဖုန်းဆက်နော်'

'ဟုတ်ကဲ့ မေမေ'

'လိုအပ်အပ်... မလိုအပ်အပ် ညနေတိုင်း တစ်နေ့ တစ်ခါတော့ ဖုန်းဆက်ပါ'

'ဟုတ်ကဲ့မေမေ... ဆက်ပါ့မယ်'

'သား ပြန်ရောက်ရင်လဲ လွှတ်လိုက်မယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'သူ အားမှ လာပါစေ... မေမေ'

မှီ့ စာအုပ်စည်းနှင့် အဝတ်ထည့်သည့် လက်ဆွဲအိတ်ကို မမေကြည်က ကားပေါ်တင်ပေးရင်း... မှီ့ မျက်နှာကို မဝံ့မရဲ ကြည့်နေသည်။

'ဘာလဲ မမေကြည်'

မှီက တီးတိုးမေးတော့ အသံတိမ်တိမ်နှင့်...

'မမလေး ခဏသွားတာ... တကယ် ဟုတ်ရဲ့လား'

'ဩော်... ဟုတ်ပါတယ်၊ မမေကြည်ရယ်... တကယ်ပါ ... ဒေါ်လေး နေကောင်းတာနဲ့ မှီ ပြန်ခဲ့မှာ'

'ကျွန်မက စိတ်ထဲ တစ်မျိုးကြီး ထင်နေလို့ပါ'

မမေကြည်ကို ချော့မော့ရသေးသည်။

'မေမေ... မေမေကလဲ တစ်ခုခု လိုတာရှိရင် ဦးမားပန်နဲ့ မှာလိုက်ပါနော်၊ မှီ့ စိတ်ထင်တော့... သုံးလေး ငါးရက်ပါပဲ၊ ဒေါ်လေးကို ပြုစုချင်လို့သာပါ၊ ဒေါ်လေး ကိုယ်တိုင်က သက်သာ နေပြီလို့ ပြောပါတယ်'

'အေး... အေး'

တကယ်တမ်းကျတော့လည်း ဒီအိမ်ကြီးထဲမှာ ခဏခွာ ထွက်ရတာကိုပင် မှီ လွမ်းဆွတ်သလိုလို ဖြစ်ရပြန်သည်။ မောင် ခရီးသွားနေပေမယ့်... ဒီ အိမ်ထဲမှာ မောင့် အငွေ့အသက်တော့ ကျန်ရစ်နေသေးသည်။ ဒီအိမ်က ခွာထွက်သွားလျှင် မောင့်အရိပ် အရောင် အငွေ့အသက်ကလေးတွေမှာ ကင်းလွတ် အဆက်ပြတ်ရ တော့မှာပဲ။

ကားပေါ် ရောက်သောအခါ အိတ်ထဲ တိတ်တဆိတ်

www.burmeseclassic.com



ထည့်ယူလာမိသော မောင့်ဓာတ်ပုံကလေးကို ထုတ်ကြည့်ရင်း... လွမ်းဆွတ်စိတ် တမ်းတစိတ်တို့ ထိန်းမရနိုင်ဘဲ မျက်ရည်ကျဖြစ်သေးသည်။

မောင့်ကို ချစ်မိသည့် အချစ်စိတ်ကိုတော့ မှီ့ ဘာသာ မှီပင် အံ့သြ ဝေခွဲမရ ဖြစ်ရသည်။ မောင် သိပ်ဆိုးပေမယ့်... မညှာတာပေမယ့်... ရက်စက်တတ် ပေမယ့်... မှီကတော့ သည်းခံနိုင်လွန်းအားနဲ့ ထုံပုံနှန်နေတဲ့ နှလုံးသား ရှိတဲ့သူမို့... ချစ်ရလွန်းတာပါပဲ မောင်ရယ်။

* * *

'ကျွန်တော်ကတော့ ဂျွန်းတစ်စ်လို့ သတ်မှတ်တယ်'

ဆရာဝန်ကလေး၏ စကားကြောင့် စဝ်နေဗလက လှမ်းကြည့်လိုက်မိ၏။

'ဖြစ်ဖူးသလား'

'ကျောင်းသားဘဝတုန်းကတော့ တစ်ခါ ဖြစ်ဖူးတယ်ဗျ'

ဆရာဝန်ကလေးက စဝ်နေဗလ၏ မျက်ဝန်း အောက်ဘက် မျက်ခမ်းစပ်ကို ဆွဲချကာ အရောင်ကို စစ်ဆေးနေသည်။

'အပေါ် ကြည့်ပါအုံး၊ ဟုတ်ပြီ... ညာဘက်ဘေး ကြည့်လိုက်ပါအုံး၊ အင်း... ရပါပြီ'

ကိုယ်ပူရှိန်ကြောင့် မျက်လုံးတွေပါ ပူနေသလို ဖြစ်ကာ ကျိန်းစပ်နေရသည်။ ခင်မောင်ကျော်က ဆရာဝန် ရှေ့ထိုင်

BURMESE CLASSIC .com

www.burmeseclassic.com



ကာ ညွှန်ကြားချက်တွေ နားစွင့်နေစဉ် အခန်းဝက ခန်းဆီး ကို ဟကာ ဦးဝင်းစိန်ကလဲ နားထောင်နေသည်။

'ဂျူစ်များများသောက်ပေါ့၊ အဖတ် မစားနဲ့အုံး၊ အဖျားကျရင် ဆန်ပြုတ်လောက် စ သောက်နိုင်ပြီ၊ ပင်ပင်ပန်းပန်း လှုပ်လှုပ်ရှားရှား မလုပ်နဲ့'

'ကျွန်တော်က ဒီမှာ ဧည့်သည်ပျ၊ ရန်ကုန်ကိုပြန်ဖို့ ရှိပါတယ်၊ အဲ့ဒါရော'

'ခရီးသွားရတာ ပင်ပန်းပါတယ်၊ ရထားနဲ့ ကားနဲ့ဆိုရင် ပိုဆိုးတာပေါ့၊ ဒီမှာပဲ ခဏ ဆက်နားနေလိုက်ပြီး သက်သာလာမှ ရန်ကုန် ပြန်သင့်တယ်'

'ဒီမှာပဲ ဆက်နေလိုက်ပါဆရာ၊ တည်းနေတဲ့နေရာကနေ ကျွန်တော့်အိမ် ပြောင်းနလိုက်ပါ၊ အိမ်မှာ အနားယူ ပြီးမှ ပျောက်မှပဲ ရန်ကုန်ပြန်ပေါ့'

ဦးဝင်းစိန်က အခန်းဝမှ လှမ်းပြောသည်။ စဝ်နေဗလ က ဘာမှ ပြန်မဖြေ။ အလိုက်သင့်မျှောပြီး 'အင်း. . . ကောင်းသားပဲ' ဘာညာ ပြောမနေချင်။ ရင်ထဲမှာ အိမ်ကိုသာ ပြန်ချင်စိတ်က တအားကြီးနေပြီ။

နေမကောင်းဖြစ်လာတော့ အိမ်ကို ပို တမ်းတသည်။

'နောက် သုံးရက်လောက်မှာ ခေါင်းညိတ်ပြလိုက်ရသည်။ စိတ်ထဲကတော့ 'နောက်သုံးရက်ဆို အိမ်ပြန်ရောက်နေပြီ' ဟု တီးတိုး ပြောချင်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆေးခန်းထဲက ပြန်အထွက်မှာ သူတစ်ပါးအမှီအတွယ် မယူချင်လို့သာ ဟန်ဆောင်ပြီး ခပ်မတ်မတ် ထွက်လာရပေမယ့်. . . ခေါင်းက မူးဝေကာ လူက နုံးနေသည်။ ကားပေါ် အရောက်မှာတော့ နောက်ခန်းထဲ ခြေပစ်လက်ပစ် မှီကာ ပါလာခဲ့၏။

'ခင်မောင်ကျော်. . . မနက်ဖြန် ပြန်လို့ ရအောင် စီစဉ်ကွာ'

'ဟာ. . . ခုတလော ရထားစီးလို့ ကောင်းပါ့မလားကွာ၊ ဒီမှာပဲ သက်သာအောင် နားစမ်းပါအုံး'

'ရထား နက်ဖြန် အဆင်မပြေရင် ဒီည ကားနဲ့ထွက်မယ် ကွာ'

'ကားနဲ့ဆို ပိုတောင် ပင်ပန်းအုံးမယ်'

'မရဘူးကွာ၊ ငါ ပြန်ချင်တယ်'

'မင်းကလဲ ကလေးကျနေတာပဲ၊ သင့်တော် မတော် စဉ်းစားနိုင်ရဲ့သားနဲ့၊ ဆရာဝန် ကိုယ်တိုင်က ခရီးသွားလို့ မကောင်းပါဘူးလို့ ပြောထားတာကို'

'ငါ သွားနိုင်ရင် ပြီးတာပဲကွာ၊ ငါ အဓိကပါ'

ရှေ့ခန်းမှ ဦးဝင်းစိန်ကပါ စိတ် မသက်မသာ ဟန်နှင့် လှည့်ကြည့်ရင်း. . .

'ကျွန်တော့် အိမ်မှာပဲ အားနာစရာ မရှိပါဘူး ဆရာ၊ ကျွန်တော့် မိန်းမရော. . . ကျွန်တော့် အစ်မတို့ ဘာတို့လဲ

BURMESE CLASSIC .com

www.burmeseclassic.com



ရှိတာပဲ၊ လွတ်လွတ်လပ်လပ်လဲ နေလို့ ဖြစ်ပါတယ်၊ ဘာမှ မလိုစေရပါဘူး၊ သက်သာမှပဲပြန်ပါ ဆရာ၊

'မဖြစ်ပါဘူးဗျာ'

'မဖြစ်ရအောင်. . . ရန်ကုန်မှာ ဘာ အရေးကြီးနေသလဲ'

နေဗလ မျက်လုံးမှိတ်ထားလိုက်သည်။

မျက်စိထဲမှာ မှီ့ မျက်နှာကလေးကို မြင်ယောင်သည်။ ဟို့ တစ်ရက်က. . . မေ့ပြီး မနက်ဘက် ဖုန်းခေါ်လိုက်ဖြစ်တာမို့ မှီ စာမေးပွဲ သွားဖြေနေချိန်နှင့် ကြုံနေသည်။ စာမေးပွဲ ပထမဆုံး ရက်. . . တဲ့။

အဲဒီတော့မှပင် မေ့ လျော့နေမိတာကို သတိထားမိသည်။ ပေါ့တန်တာတော့ မဟုတ်ပါ။ မှီ့ စာမေးပွဲ စသည့် ရက်ကို သိသားနှင့် မေ့ နေမိတာပါ။ မေမေနှင့်တော့ ဖုန်းပြောလိုက်ရသည်။

အကြောင်းကိစ္စ မရှိဘဲ နောက်တစ်ခါ ထပ်ဆက်ဖို့လည်း မလုံလဲသလိုလို ဝန်လေး နေမိကာ. . . ခုထိ ဖုန်းမခေါ်ဖြစ်တော့။ လေးရက်။ အင်း. . . လေးရက်တောင်ရှိပြီ။ ထွက်လာခဲ့မိတာဆိုရင် စုစုပေါင်း ကိုးရက်။ ကြာလှပြီ။ တစ်ပတ်လဲ ကျော်နေပြီ။

ဖုန်း ဆက်သည့်နေ့ကတော့ မေမေ့ကို ပြန်လာတော့မှာ လိုလို ပြောလိုက်ရသည်။

တကယ်လည်း ပြန်ချင်နေတာ။ အလုပ်ကိစ္စက မပြီးပြတ်။ ထမင်း မစားချင်ဘဲ ရင်ပြည့်သလိုကြီး ဖြစ်နေတာကိုလည်း အလုပ်ပင်ပန်းလို့ ဟုသာ ထင်ခဲ့သည်။ မနေ့ကတော့ ဗိုက်က

BURMESE CLASSIC .com

www.burmeseclassic.com



အောင့်လာသည်။ ထမင်း မစားနိုင်ဘဲ တင်းကျပ်ကျပ် ဖြစ်နေတာရယ်... ဖျားလာတာရယ် ပေါင်းပြီး ဒီနေ့မှ ဆေးခန်းပြဖြစ်သည်။

'နက်ဖြန် လုံးဝပြန်မယ်နော်... ခင်မောင်ကျော်'

'မင်းဟာက ဘယ်လိုဖြစ်နေတာလဲ၊ မို့ကို လွမ်းတာပဲဖြစ်ရမယ်'

တမင် မခံချင်အောင် ပြောလိုက်ခြင်းဖြစ်ပေမယ့် နေဗလနှုတ်ခမ်းလေးတွေ ကော့ပြူးသွားတာကို နောက်ကြည့်မှန်မှ တစ်ဆင့်မြင်တော့... ခင်မောင်ကျော် အံ့သြသွားရသည်။

စဝ်နေဗလက နှုတ်ခမ်းကလေးတွေ တွန့်ကာ...

'မို့ကို လွမ်းပြီ ခင်မောင်ကျော်'

'ဒါဖြင့်လဲ မနက်ဖြန် ပြန်လို့ရအောင် ငါ စီစဉ်ပါတော့မယ်ကွာ၊ ဒီလိုကိစ္စဆိုတော့ မတားတော့ပါဘူး'

ဦးဝင်စိန်က ပြုံးစေ့စေ့နှင့်...

'ဆရာကလဲ... ဆရာကတော်ပါ ခေါ်ခဲ့တာ မဟုတ်ဘူး။ ကျွန်တော်တို့က တစ်ခါမှကို မမြင်ဖူးသေးတာ'

'ခေါ်ဖို့ပါပဲဗျာ... သူ စာမေးပွဲဖြေနေလို့ ဦးဝင်းစိန်ရဲ့၊ ခုလဲ သူ စာမေးပွဲရက်ကြီး၊ ကျွန်တော်က သူ့နားမှာ မရှိဘူးဖြစ်နေတာ၊ အဲဒီတော့ ပြန်ချင်လာပြီဗျာ'

'ဆရာ နေမကောင်း ဖြစ်လာတာနဲ့ ပြုစုခံချင်ပြီး ပြန်တာဖြစ်မှာပါဗျာ'

BURMESE CLASSIC .com

www.burmeseclassic.com



ဦးဝင်းစိန်က မရဲတရဲနှင့်ပင် နောက်သည်။ စဝ်နေဗလ မျက်နှာက ချိုဝင်းနေရ၏။

ဟုတ်တော့လည်း ဟုတ်သည်။

မှီ စိတ်ပူသွားမှာကိုလည်း မျက်စိနှင့် တပ်အပ်မြင်ချင်သည်။ စိုးရိမ်ကြီးစွာ ပြုစု ယုယမှာကိုလည်း ခံယူလိုသည်။ မှီရယ်... ရန်ကုန်ပြန်ရောက်လို့ မှီ့ မျက်နှာ မြင်တွေ့လိုက်ရတာနဲ့တင် ရောဂါ တစ်ဝက်လောက် သက်သာ သွားနိုင်မယ် ထင်ပါရဲ့။

'ဆရာ... ဟိုတစ်နေ့က ကိုခင်မောင်ကျော်ပြောတဲ့ကိစ္စကို ရော... ဘယ်လို ဆက်ဆောင်ရွက်မလဲ'

'ဥမ္မာအောင့်ကိစ္စလေ နေဗလ'

'ဩော်... အဲဒါကို ရန်ကုန်ပြန်ရောက်မှ ချက်ချင်း ဖုန်းဆက် ညွှန်ကြားသွားမယ် ဦးဝင်းစိန်'

'ဟုတ်ကဲ့'

မှီ့ ဆန္ဒကို အတိအကျ မသိရသေးတာမို့... သေချာ အောင်မေးမည်။ ဒီတစ်ခေါက် ပြန်အရောက်မှာတော့... ဥမ္မာအောင့်ကိစ္စကို ဖွင့်ပြောပြတော့ဖို့ နေဗလ ရည်ရွယ်သည်။

မှီက ခွင့်မလွှတ်နိုင်ရင်ကော။ မှီ တလွဲထင်ကာ ခွင့်မလွှတ် မှာကိုတော့ ကြောက်လန့်သလိုပင်။ မှီက ခွင့်မလွှတ်ဘူး... မယုံကြည်ဘူး၊ ဒါကြောင့် ဆက်မပေါင်းနိုင်တော့ဘူးဟု... ပြောခဲ့သည် ဆိုပါစို့...

'ဟာကွာ...'

www.burmeseclassic.com



အသံထွက် ညည်းညူလိုက်မိကာ... မျက်နှာက တင်းမာရှုံ့မဲ့သွားရသည်။ ဒီ အဖြစ်ကိုတော့ နှလုံးသားမှာ ဘယ်လိုမှ သည်းညည်း ခံနိုင်မှာ မဟုတ်။ မှီ မချစ်တော့မှာကို အကြောက်ဆုံးပါပဲ။ စဉ်းစားကြည့်လို့ တောင်မှ မရ။

မှီ မချစ်နိုင်တော့မည့် အဖြစ်ကို လက်မခံနိုင် ရှိပါလျက်... ဘာဖြစ်လို့များ မှီ စိတ်ပျက်စေမည့် အပြုအမူမျိုးတွေ ပြုမူခဲ့မိပါလိမ့်။ မှီ သူ့အပေါ် ဘာတစ်ခုမှ တန်ပြန်မပြုမှာ... ခွင့်လွှတ်သည်းခံနေမှာကို နှလုံးသားက စိတ်ချ ယုံကြည်နေမိလို့များလား။

သူ့ ပိုက်ဆံကို ခု ချိန်ထိ တစ်ပြားမှ မတို့ မထိ မသုံးစွဲသော မှီ့ မာနကို ကြောက်လန့်စ ပြုလာရပြီ။ မှီ ပြတ်သားပွင့်လင်းတာကို ဟိုတုန်းကတည်းက သိပြီးသား မဟုတ်လား။ မှီ့ ရင်ထဲမှာ မာနက တစ်ဆင့် ပေါက်ဖွားလာမည့် သွေးအေးသော ဥပေက္ခာ တရားကို ကြိုမြင် စိုးရွံ့ နေပါပြီ မှီ ရယ်။

'ဆရာ... ကျွန်တော့်ကို လိုတာ ဖုန်းဆက် မှာပါ၊ နက်ဖြန်ပြန်မှာ သေချာပြီပေါ့ နော်'

ဦးဝင်းစိန် နှုတ်ဆက်သံ ကြားမှပင် ဦးဝင်းစိန် အိမ်ရှေ့ ရောက်ပြီးမှန်းသိကာ မျက်စိဖွင့်မိသည်။ ဦးဝင်းစိန်က ဆေးခန်းလိုက်ပို့ဖို့ တမင် လိုက်ခဲ့ပေးခြင်းပါ။

'ပြန်မှာ သေချာတယ် ဦးဝင်းစိန်...၊ ရထားက ခက်ရင်ခက်မယ်၊ ကား တစ်စင်း ရန်ကုန်ထိ မောင်းသူ အပါအဝင်... ခင်ဗျားပဲရအောင် ငှားပေးပါတော့ဗျာ'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်ကဲ့...၊ ည ကျွန်တော် ဖုန်းဆက်လိုက်မယ် ဆရာ၊ ဒီ ည ရပါစေ့မယ်'

'မနက် စောစော ထွက်မယ်ဗျာ'

'ဟုတ်ကဲ့...၊ ကိုခင်မောင်ကျော့ဆီ ဖုန်းလှမ်းခေါ်လိုက်မယ်နော်... ကိုခင်မောင်ကျော်...၊ ဒီ ညနေ ဟိုတယ်မှာပဲ ရှိမလား'

'သိမ်းရ ဆည်းရမှာနဲ့...၊ ရှိမှာပါ'

'ကျေးဇူးပဲ ဦးဝင်းစိန်'

'ကိစ္စ မရှိပါဘူး ဆရာ...၊ လမ်းမှာ ပင်ပန်းမှာပဲ... ကျွန်တော်က စိုးရိမ်နေတာ၊ လမ်း စားသောက်သွားစရာလဲ ကျွန်တော်ပဲ စီစဉ်ပေးလိုက်ပါ့မယ်'

'တကယ့်ကို ကျေးဇူးပါပဲ...။ ကျွန်တော် ရန်ကုန်ကို မြန်မြန် ပြန်မရောက်ရင် ရောဂါက ဒီထက်ဆိုးဖို့ပဲ ရှိတာ'

'သြော်...၊ ဆရာ ကုနေကျ ဆရာဝန်နဲ့ ရန်ကုန်မှာ ပြရတော့ ပိုပြီးတော့ အကြောင်း သိတာပေါ့'

'အဲဒါကို ပြောနေတာ မဟုတ်ဘူး ဦးဝင်းစိန်ရ၊ သူ့ မိန်းမနဲ့ သူက တွေ့ချင်လှပြီး ဖြစ်နေတာ၊ ဒါပဲ၊ ခင်ဗျားကလဲ နား သိပ်ဝေးတာနဲ့တော့ ဟန်ကို မကျဘူး'

'သြော်... မသိပါဘူး ကိုခင်မောင်ကျော်ရာ'

ဦးဝင်းစိန်က ရယ်မောကာ... သူ့ ခြံဝင်းကလေးရှေ့ ရပ်ရင်း ကျန်ရစ်သည်။ စဝ်နေဗလ မျက်စိကို ပြန်မှိတ်လိုက်ရင်း သက်ပြင်း တစ်ချက် ချလိုက်ပေမယ့် နှုတ်ခမ်းကစေ့ကာ ပြုံးနေဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့မှာကို ရင်တောင် ခုန်နေမိတာ... ကိုယ့်ဘာသာ အသိဆုံးမို့... ခရီးကို ချုံ့လိုက်ချင်လှပြီ၊ ဒီ တစ်ခါ အတွေ့မှာတော့ မင်းရဲ့ ဆံပင်စ လေးတွေကို ရှိုက်နမ်းခွင့် ပြုပါတော့ မှီ ကလေးရယ်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၁၀)

အငှားကားက ပြန်ထွက်သွားပြီ... ၊ စဝ်နေဗလကို အရင်ချလိုက်တာမို့ ခင်မောင်ကျော်က အငှားကားနှင့် ဆက်ပါသွား၏။

ခင်မောင်ကျော်က ပစ္စည်းတွေ ကူသယ်ချရင်း... ပြော သွားတာမို့... နေဗလ အသည်းရောင် အသားဝါလာတာ ဒေါ်စဝ်သီရိကျော့ သိသွားရကာ... ရင်ဘတ်ဖိ စိုးစိုးရိမ်ရိမ် ရှိနေရသည်။

'လှေကားပေါ် တောက်လျှောက် တက်မသွားနဲ့အုံးသား၊ ညှော်ခန်းမှာ ခဏ နားလိုက်အုံး'

မေမေ့စကားကို နားထောင်ကာ ညှော်ခန်းမှာ အရင်

BURMESE CLASSIC .com

www.burmeseclassic.com



ထိုင်သည်။ ပစ္စည်း ပစ္စယတွေကို အလုပ်သမားတွေ သယ်ယူသွားပြီးကြပြီမို့. . . အနားမှာ မေမေနှင့်. . . မလှမ်းမကမ်းမှာ မမေကြည်သာ ကျန်ရစ်သည်။

'မှန်းစမ်း. . . မျက်လုံးတွေရော တော်တော်ဝါသလား'

'သိပ် မဝါပါဘူး'

'ဗိုက်က အောင့်နေမှာပေါ့'

'နည်းနည်းတော့. . . အောင့်တင်းတင်း ဖြစ်နေတယ် မေမေ'

'ပြန်လာရတယ်လို့ သားရယ်. . . ပင်ပန်းတာပေါ့'

'မေမေက တပတ်ဆို'

'တပတ်ဆိုတာက သာမန် အခြေအနေကို ပြောတာပဲ၊ ခုလို နေထိုင်မကောင်း ဖြစ်နေရင်တော့ အနားယူနေရမှာပေါ့. . . ၊ ပြီးတော့ ဖုန်းလဲ မဆက်. . . တောက်လျှောက်ကားနဲ့ ပြန်ချလာရတယ်လို့ ကွယ်'

'နေမကောင်းတော့လဲ ကိုယ့် အိမ်မှာပဲ ကိုယ်ရှိချင်တာပေါ့. . . မေမေရာ၊ တခြား မြို့ရွာမှာ ဦးဝင်းစိန်တို့ ဘာတို့လဲ အလုပ်ရှုပ်တယ်။ ကျွန်တော်လဲ သက်တောင့် သက်သာ သိပ်မရှိဘူးပေါ့'

'ဆာလာသလား သား'

'မဆာပါဘူး မေမေ'

'ဖျားသေးသလား၊ အို. . . ပူနေတုန်းပဲ သားရဲ့'

ဒေါ်စင်သီရိကျော့က နေဗလ နဖူးပေါ် လက်ဖဝါး

BURMESE CLASSIC .com

www.burmeseclassic.com



ကလေး အုပ်ကာ စမ်းသည်။ ငြိမ်သက်နေလိုက်ရင်းက. . . ခုထိ အပေါ်ထပ်က ဆင်းမလာသေးသော မှီ့ကို အံ့ဩလာရ၏။

ကားသံ လူသံတွေရော. . . ၊ ပြီးတော့ အပေါ်ထပ်ကို သယ်တင်သွားသော အထုပ် အပိုးတွေကြောင့်ရော. . . ခုလောက်ဆို မှီ သိသင့်ပြီ၊ စာကျက်နေရင်တောင် ဆင်းလာသင့်ပြီ၊ အိပ်များ ပျော်နေလို့လား. . . မဖြစ်နိုင်ဘူးထင်ပါရဲ့။

ခုမှ ခုနစ်နာရီကျော်ရုံ ရှိသေးတာပဲ. . . ၊ ကားကို သိပ်ကြမ်းကြမ်း မမောင်းခိုင်းတော့ လေးနာရီကတည်းက ထွက်တာ ဖြစ်ပေမယ့်. . . ရန်ကုန်ကို ခုမှပဲ ဝင်သည်။

'မေမေရော. . . နေကောင်းလား'

'ကောင်းတယ် သား. . . ခြေထောက်လဲ ကောင်းနေတာ အပေါ်ထပ်က ခုလောက် မြန်မြန်ဆင်းလာနိုင်တာသာကြည့်၊ ဟော. . . မေကြည်ရေ. . . မိုးရွာတယ် ထင်ပါရဲ့၊ မောင်အေး သားကို ကားဂိုဒေါင် ပိတ်ပြီးရဲလားလို့. . . မေးပါအုံး၊ အပြီး မပိတ်လိုက်နဲ့လို့. . . ၊ ဦးမားပန် မလာသေးဘူးလို့. . . နော်'

'ဟုတ်ကဲ့ပါ'

မမေကြည် လှည့်ထွက်သွားတာကို ကြည့်ရင်း. . .

'ဦးမားပန်က ဘယ်သွားလို့လဲ'

စိတ်မဝင်စားလှဘဲ မေးမိသည်။

'မှီ တို့ စမ်းချောင်းအိမ်ကိုလေ'

'ဘာ သွားလုပ်တာလဲ'

BURMESE CLASSIC .com

www.burmeseclassic.com



ဒီ တစ်ခါတော့ စိတ်ဝင်တစား မေးဖြစ်သွားရ၏။

'မှီ... အဲဒီမှာ သွားနေတယ်လေ... သူ့ ဒေါ်လေးသနေမကောင်းလို့ ဆိုတာ...'

'အဲဒီအိမ်သွားနေတယ်... ဟုတ်လား'

'ဟုတ်တယ်...၊ စာမေးပွဲတွင်းလဲဖြစ်၊ ဟိုမှာ လူမမာလဲရှိတော့ ကားသုံးရအောင် မနက်ကနေ ည မိုးချုပ်ထိ ကားကို ပို့ထားလိုက်တယ်လေ'

'မှီ သွားနေတာ ဘယ်နှစ်ရက် ရှိပြီလဲ မေမေ'

မျက်မှောင်က အလိုမကျခြင်းကြောင့် တွန့်လာရသည်။ ဒေါ်စင်သီရိကျော့က စဉ်းစား လက်ချိုးကာ ရေတွက်ရင်း...

'ငါးရက် ရှိပြီပေါ့'

'ကျွန်တော် ဖုန်းဆက်တဲ့နေ့က သွားပြီလား၊ မေမေ... သွားနေတာ မပြောပါဘူး'

'အဲဒီနေ့က စ သွားတာပေါ့၊ ဟုတ်တယ်... ဟုတ်တယ်၊ ပထမဆုံး စာမေးပွဲရက်ပဲ'

မျက်နှာ မှုန်ကုပ်ကုပ် ဖြစ်လာသော သားကိုကြည့်ကာ ဒေါ်စင်သီရိကျော့ သက်ပြင်းတစ်ချက် ချမိသည်။ အိမ်မှာ မနေလို့ စိတ်မကျေလည်ပြန်ဘူး ထင်ပါရဲ့၊ ဒါကို တစ်ခါ အပြစ်မြင်အုံးမှာ စိုးရိမ်တာမို့...

'သားကို မေမေ ပြောရအုံးမယ်'

'ဘာလဲမေမေ... ပြောပါ'

'မှီ မရှိတုန်း ပြောချင်တာပါ၊သား...မှီ့ကို ဆက်ဆံတာ မကျော စိမ်းကားလွန်း အားကြီးတယ်၊ ဟိုကနေ မှီ့ဆီ

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ခါလောက်လေး ဖုန်းခေါ်ဖော် မရဘူး၊ ဆက်မယ့် ဆက်တော့လဲ မရှိချိန် ရွေးဆက်တယ်'

စဝ်နေဗလက ရှင်းပြမနေဘဲ ငြိမ်နေလိုက်၏။

'မှီဟာ အင်မတန် သနားစရာ ကောင်းပါတယ်၊ သား သူ့အပေါ် တင်းမာပြီး မပြေလည်တာကိုလဲ သား သွားခါစက မေမေ့ကို ရှင်းပြတယ်'

'ဘာတဲ့လဲ မေမေ'

'ငွေမက်လို့ သားကို ယူခဲ့တယ်လို့ သားက ထင်နေတယ်ဆို'

နေဗလ မဖြေမိ။

'အဲ… အဲဒီနေ့က သား မွေးနေ့၊ မောင်တင့်လွင်ဦးက တီဗီလိုင်စင် လဲလို့ စာရွက်စာတမ်း လာတောင်းတာ၊ သူ ရှာရင်းနဲ့ ဉမ္မာအောင့်လက်မှတ်နဲ့ စာချုပ်ကို တွေ့သွားတယ်၊'

'ဟင်'

စဝ်နေဗလ ရင်ထဲ အေးစက်သွားကာ မျက်ခုံး ပင့်သွားလျက်…

'သူ ဘာပြောလဲ မေမေ'

'မေမေ… ဒီမှာ ကြည့်ပါအုံးဆိုပြီး မျက်ရည်ကျတာပေါ့ ကွယ်၊ သနားစရာပါ၊ မူးလဲမလိုတောင် ဖြစ်သွားလို့ မေကြည်က မေမေ့ကို လာပြေးခေါ်ရတယ်'

'မေမေ ရှင်းမပြလိုက်ဘူးလား'

'ရှင်းပြလိုက်ရတော့တာပေါ့၊ သားက အစကထဲက ဒါ

BURMESE CLASSIC .com

www.burmeseclassic.com



တွေကို ပြောပြထားဖို့ ကောင်းတယ်၊ အခုမှ ရုတ်တရက် သိရတော့ တစ်မျိုး ထင်စရာပေါ့ကွယ်၊ မှီမလေးခမျာ တအားကို ငိုရှာတယ်'

စဝ်နေဗလ မေးကြောကြီးများ တင်းကာ ခေါင်းငိုက်စိုက် ကျသွားရ၏။ မှီ သိသွားပြီ။ ခွင့်လွှတ်သလား၊ မလွှတ်ဘူးလား၊ အဖြစ်မှန်ကို ယုံကြည်ရဲ့လား၊ မယုံကြည်ဘူးလား ခေါင်းတွေ တရိပ်ရိပ် မူးလာရ၏။

'မေမေ'

'ဟင်'

'ဒေါ်လေးငယ်အိမ်ကို ဆင်းသွားတဲ့ကိစ္စက ဒါနဲ့များ ပတ်သက်နေမလား'

'ဆင်းသွားတာ မဟုတ်ပါဘူး။ နေမကောင်းလို့ ပြုစုဖို့ လို့. . . သွားမှာလို့ ပြောပါတယ်'

'ဟုတ်တာရော သေချာရဲ့လား'

'ဦးမားပန်က ဆေးခန်းတွေ ဘာတွေ ပို့ နေရတာပဲ'

'အနီးကပ် ပြုစုနေစရာ လိုပါ့မလား မေမေ၊ မပြုစုစေချင်လို့ ကျွန်တော် ပြောတာမဟုတ်ဘူး၊ သူ ဆင်းသွားတာမျိုး ဖြစ်နေမှာစိုးလို့'

အနားပြန်ရောက်နေသော မမေကြည်က မရဲတရဲ ပါးစပ် ကလေးလှုပ်ကာ လှမ်းကြည့်နေတာမို့. . .

'နင် ဘာပြောမလို့လဲ မေကြည်'

'ကျ. . . ကျွန်မလဲ ဆင်းသွားတာ ဖြစ်မှာ စိုးရိမ်လို့ပါ'

www.burmeseclassic.com



'ဘာလဲ... ဆင်းသွားတယ်လို့ ထင်စရာ ရှိသလား... ဟုတ်လား'

'မမလေးက ပြန်လာမှာလို့တော့ ပြောပါတယ်၊ ဒါပေမယ့်... မမလေး မျက်နှာ မကောင်းဘူး၊ ပြီးတော့... ပြီးတော့...'

'ဘာဖြစ်လဲ'

'သခင်ကလေး ဓာတ်ပုံကိုလဲ ထည့်ယူသွားပါတယ်'

'ဘာ'

မမေကြည်က ခေါင်းငုံ့ ငြိမ်နေသည်။ စဝ်နေဗလက နှလုံးခုန်နှုန်း သွေးလည်ပတ်နှုန်း မြန်ကာ မျက်စိတွေပါ ပျာလာရ၏။ ဓာတ်ပုံ ယူသွားသည်ဆိုတော့ ခဏတဖြုတ် ကပ်ပါ့ မလား။

သူ မရှိခိုက် အပြီးအပိုင် ထွက်သွားတာများလား။ မှီ...မှီရယ်။ ပြန်မလာတော့ဖို့များ ရည်ရွယ်သလား။

'ပြီးတော့ ... သခင်ကလေး ပြန်လာရင် တွေ့အောင်ဆိုပြီး စာမေးပွဲရက် ဒီလောက် ကပ်ကာမှ နှင်းဆီအိုးတွေ သွားဝယ်ပြီး ပျိုးထားခဲ့ပါတယ်၊ သူ... မရှိတော့မှာ မို့များ ကမန်းကတန်း လုပ်သွားသလားလို့ပါ'

'မေကြည်ရယ်... အဲဒီအထဲက ဒီလိုထင်ရင်လဲ ငါ့ကို ပြောပြရောပေါ့'

ဒေါ်စဝ်သီရိကျော့ပါ ဇဝေဇဝါ ဖြစ်လာဟန်နှင့် မျက်မှောင်ကုတ်လာရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



'ကျွန်မ. . . မဟာဒေဝီကို မပြောရဲလို့ပါ၊ သေလဲ မသေချာလို့ပါ'

သူမရှိတော့မှာမို့ သူ့ကိုယ်စား နေဗလလိုချင်သည် ဆိုတဲ့ နှင်းဆီအိုးတွေ အချိန်မှီ ပျိုးထောင်ပေးသွားခဲ့တာလား။ ခေါင်းတွေပူကာ နေဗလ ဆောက်တည်ရာမရ။ လူက လှုပ်ရှားလာရသည်။ ဆက်တီလက်တန်းပေါ် လက်ချောင်းထိပ်တွေနှင့် ခေါက်ကာ အသံမြည်နေစေရင်းက ရုတ်တရက် ဝုန်းကနဲ ထရပ်ပြီး ခြေသံပြင်းပြင်းနင်းကာ အိမ်ပေါ်တက်လာခဲ့၏။

အခန်းထဲ ရောက်တော့ တံခါးကိုပါ ဆောင့်ပိတ်လိုက်သည်။ ရင်ထဲမှာ တင်းကျပ်နေရတာက ပေါက်ကွဲ မတတ်ပင်။ အဝတ်မလဲ ခြေအိတ်ပင်မချွတ်ဘဲ ခုတင်ပေါ် မှောက်ချပစ်လှဲကာ အသက်ပြင်းပြင်း ရှူပြီး ငြိမ်နေကြည့်သည်။

မရ။

ဒေါသ ထွက်တာရော. . . ယူကျုံး မရတာရော ပေါင်းပြီး အသားတွေတောင် တုန်ချင်လာသည်။ မီ. . . ထွက်သွားတာလား။ ထွက်သွားတာ ဖြစ်ဖို့များတာပေါ့။

ဒီမှာ. . . ယွန်းမှီမှီရယ်။ ငါ့ဆီက ဒီလို ခွဲခွာထွက်လို့ ရရိုးလား။ ငါက အရုပ်လားကွာ. . . အရုပ်လား။ မင်းဟာ ငါ ချစ်တဲ့ မိန်းမပဲ။ ငါ့ဆီက ထွက်ခွာသွားခွင့် ဘယ်လို ပြုနိုင်ပါ့မလဲ။ ဘယ်နည်းနဲ့ပဲ ဖြစ်ဖြစ် မင်း ပြန်ကို ပြန်လာရမယ်။ ပြန်လာမှကို ဖြစ်မယ် မီ။ မင်း မရှိရင်. . . ငါသေမယ်။ မင်း ငါ့ဘေးမှာ ရှိကိုရှိရမယ် မီ။ ရှိနေရလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ယောက်ထဲ ရင်ထဲမှာ အသံတိတ် အော်ဟစ်ပေါက်ကွဲကာ လဲလျောင်း နေရာမှ ရုတ်တရက် ထလိုက်၏။ ထူပူကာ ပိုလို့တောင် ဖျားလာသယောင် ထင်ရသည်။

ခက်ထန် မာကျောသော မျက်နှာထားနှင့် အိမ်ပေါ်က ပြန်ဆင်းလာသော နေဗလကို အောက်ထပ်မှ ဒေါ်စဝ်သီရိကျော့က မော့ကြည့်ရင်း. . .

'ဘာလဲ သား၊ ဘာလုပ်မလို့လဲ'

'သွားခေါ်မလို့ မေမေ'

'ဟယ်. . . ဖွတ်မလုပ်ပါနဲ့၊ စဉ်းစား ပါအုံးကွယ်၊ လူမမာ တကယ်ပြုစုနေရတာဆိုရင် ဘယ်ကောင်းပါ့မလဲ'

'တကယ်ပြုစုနေတာဆိုလဲ မပြုစုနဲ့တော့ပေါ့၊ ကျွန်တော် နေမကောင်းဖြစ်ပြီး ပြန်လာတာပဲ၊ ကျွန်တော့်ကိုပဲ ပြုစုရမယ်'

'ဩော်. . . သားရယ်၊ ဟိုလူမမာက ဘယ်လိုနေမယ် မသိသေးဘဲနဲ့ကွယ်၊ ဒုက္ခပါပဲ'

'မေကြည်. . . ကိုအေးသာကို ကား ထုတ်ခိုင်း၊ မအုံးမေနဲ့ ဒေါ်ကြူးကို ပြော၊ အဝတ် သုံးစုံစီ အိတ်နဲ့ထည့်ပြီး. . . ငါနဲ့ လိုက်ခဲ့ဖို့၊ မို့ကို ပြန်ခေါ်ခဲ့ပြီး လူမမာပြုစုစရာရှိရင်. . . ဒီနှစ်ယောက် ထားခဲ့မယ်၊ မြန်မြန် သွားပြော'

'သားရယ်. . . ခုဆိုခု ရုတ်တရက်ပဲ'

'မရဘူး မေမေ၊ ကျွန်တော် အခု သွားမခေါ်ရရင်. . . ဒီညတစ်ညလုံး ဒေါသဖြစ်နေမိလိမ့်မယ်'

www.burmeseclassic.com



'ဘာကို ဒေါသ ဖြစ်အုံးမှာလဲ၊ ခုနကပဲ မှီ့ အပေါ် မမာကျောဖို့ မေမေ ဆုံးမတယ်'

'မရဘူးမေမေ၊ ကျွန်တော်. . . သူ ပြန်လာ မလာ မသေချာဘဲ ထိုင်စောင့် မနေနိုင်ဘူး'

'ညလဲ မိုးချုပ်ပြီ၊ မိုးတွေလဲ ရွာနေတာ၊ ကိုယ်လဲ နေကောင်းသေးတာမဟုတ်ဘူး'

'ကျွန်တော့်ကို ဒီတစ်ခုတော့ မတားပါနဲ့တော့မေမေ၊ ကျွန်တော် ဘယ်လိုမှနေလို့မရလို့ပါ'

မျက်လုံးအိမ်တွေနီရဲကာ. . . မျက်ရည်ရစ်လည်လာသောသားကို ဒေါ်စဝ်သီရိကျော့ နားမလည်နိုင်စွာဘဲ ငေးမောကြည့်နေမိတော့သည်။ မတားချင် မတားရက်တော့တာမို့ ဒေါ်ကြူးတို့နှစ်ယောက် အိတ်ဆွဲကာ အိမ်ရှေ့ထွက်လာတာမြင်တော့ ငေးလို့သာကြည့်နေလိုက်ရသည်။ မမေကြည်က ခေါင်းလေးငုံ့ကာ. . .

'ကား အိမ်ရှေ့ရောက်ပြီ သခင်ကလေး'

'ဒေါ်ကြူးတို့ တက်ပြီးပြီလား'

'တက်နေပါပြီ သခင်ကလေး'

နီရဲသော မျက်နှာ၊ ဝင်းတောက်သောမျက်ဝန်းတွေနှင့် အံကိုတင်းတင်းကြိတ်ကာ စဝ်နေဗလ. . . ကားပေါ်တက်သွားသည်။ တံခါးကိုဆောင့်ပိတ်သည်။ မိုးတွေကြား ကား မောင်းထွက်လိုက်တော့ စိမ့်ကနဲ အေးသွားရခြင်းနှင့်အတူ မျက်နှာကလည်း ခက်ထန်သွားရ၏။

BURMESE CLASSIC .com

www.burmeseclassic.com



မှီ. . . မင်းငါ့ကို လွယ်လွယ်နဲ့ ခွဲချန်ရစ်ထားလို့မျှား ရမယ် ထင်သလား။ ငါက လက်လျှော့စွန့်လွှတ်လိုက်မယ်ထင်လို့လား။

* * *

'မိုးတွေရွာနေတယ် မိန္နူး. . .၊ ပြူတင်းပေါက်တွေလိုက်ပိတ် စမ်းပါ'

'ဟုတ်ကဲ့ မမမှီ'

မိန္နူးက. . . ဖတ်လက်စ ကာတွန်းစာအုပ်ကို မှောက်ရက် ချကာ ပြူတင်းတံခါးကို အပြေးထပိတ်သည်။ နောက်မနက်ဖြေဖို့ ဘာသာရပ်အတွက် မှီက စာအုပ်နှင့်မျက်နှာမခွာနိုင်အောင် ဖြစ်နေရ၏။ ပုံကြမ်းဆွဲကာ ပုံမှာထောက်ပြီး စာအလွတ်ရွတ်နေရာမှ. . . ဒေါ်လေးငယ်အိပ်နေသော ကုတင်ဘက်တစ်ချက် တစ်ချက် လှည့်ကြည့် ရသည်။

ဒေါ်လေးငယ်က အိပ်မပျော်သေး။ မျက်စိမှိတ်ကာ ပုတီးစိပ် နေသည်။ ဒေါ်လေးငယ်ကိုလှည့်ကြည့်လိုက်။ စာပြန်ကျက်လိုက်၊ ဒို့ အပြင် စားပွဲပေါ်ထောင်ထားသော မောင့် ဓာတ်ပုံကလေးလည်း ငေးမော မိသေးသည်။

'မမမှီ. . .၊ ခြံစည်းရိုးရှေ့ကို ကားတစ်စီးလာရပ်တယ်'

'ဘာကားလဲ၊ ဘယ်ကိုလာတာလဲ မိန္နူး. . .၊ တို့အိမ်ကို လာတာလား'

www.burmeseclassic.com



'ဟုတ်တယ်. . . ထင်တယ်'

'သေချာသွားကြည့်လိုက်အုံး. . . ၊ တံခါးတော့ ဖွင့်မပေးနဲ့အုံးနော်။

'ဟုတ်ကဲ့'

မိနူး လှစ်ကနဲ လှည့်ပြေးချိန်နှင့် တစ်ချိန်တည်းပင် တံခါးကို ရိုက်ပုတ်သံတစ်ခု ထွက်လာ၏။ သံဆန်ကာ တံခါးမို့ အသံဆူညံသည်။

ဒေါ်လေးငယ် လန့်ဖျပ် အာရုံပျက်သွားမှာကို. . . မှီ စိုးရိမ်သွားရကာ အခန်းအပြင်ဘက်သို့ ကမန်းကတန်း လိုက်ထွက်ဖြစ်သည်။

'မမလေး. . . ကျွန်တော်ပါ၊ အေးသာပါ'

'ဩော်. . . ကိုအေးသာလား၊ မိနူး တံခါးဖွင့်လိုက် ဘာတွေအရေးကြီးလာလို့လဲ ကိုအေးသာ'

မိနူးက တံခါးကို ဖွင့်သည်။ အတွင်းသစ်သားတံခါးဖွင့်လိုက်ပြီးသည်နှင့် လေအေးနှင့် မိုးမှုန်တွေ အိမ်တွင်းကို ဖြန်းကနဲဝင်လာသည်။

'ကိုအေးသာ ထီးလည်းမပါ ဘာလဲမပါ'

'ဟုတ်ကဲ့'

'ကဲ. . . ဝင်လေ၊ ဦးမားပန်တောင် ခု ပြန်သွားတယ်'

'ထီး တစ်လက်လောက်ပေးပါ. . . မမလေး၊ ကားပေါ်မှာ သခင်ကလေးလည်းပါလာတယ်'

'ဟင်'

BURMESE CLASSIC .com

www.burmeseclassic.com



ညကြီးမင်းကြီး မောင်ရောက်လာသည်ဆိုသော အဖြစ်ကို အံ့သြလွန်းတာမို့ မှီ. . . ခေတ္တငြိမ်သက်သွားရသည်။ မိန္နီးက ကိုအေးသာကို ထီးယူပေးပြီး ကားဆီကို အေးသာပြန်သွားသည်အထိ မှီ ငြိမ်နေမိဆဲ။

ကားရှေ့ခန်းတံခါးဖွင့်ကာ မောင်ဆင်းလာတာကို မျက်ဝန်းသေ တို့နှင့် လှမ်း ကြည့်နေမိသည်။ ကိုအေးသာ၏ ထီးရိပ်အောက်မှာ လက်ပိုက်ကာ ချမ်းစီးစီးပုံစံနှင့် ရှုံ့မဲ့ပါလာသော မောင့်ကို ခရီးဦးတောင် မကြိုမိ။

အိမ်တံခါးဝမှာ မောင်လာရပ်တော့ နေရာဖယ်ပေးကာ မှီ အရင်အိမ်ထဲဝင်ခဲ့နှင့်သည်။ ဧည့်ခန်းမှာ ဝင်ထိုင်စောင့်နေလိုက်၏။ မောင်က ခြေထောက်သုတ်ကာ လိုက်ဝင်လာသည်။

မှီ့ နံဘေးကပ်လျက် ခုံမှာ မောင်က ဝင်ထိုင်လိုက်တာမို့ မှီ မျက်နှာ တည်တည်နှင့်ပင် လှည့်ကြည့်လိုက်သည်။

'ဒေါ်လေးငယ် တကယ်နေမကောင်းတာလား၊ ယောက်ျား မရှိတုန်း အပိုင်ပဲဆိုပြီး ထွက်သွားဖို့ကြံတာလား'

နေဗလက မေးလိုက်တော့ မှီ အံ့အားသင့်စွာ မျက်ခုံးပင့် သွားရလျက် ပြုံးတုံ့တုံ့လဲ ဖြစ်သွားရသည်။ မှီ အိမ်က တမင်ထွက် သွားတယ်လို့ ကို ထင်နေတာကိုး. . . ။

'ဒေါ်လေးငယ် နေမကောင်းလို့ပါ'

'ဘာဖြစ်လို့ ပြုံးတာလဲ'

'မှီ့ ဘာသာ ပြုံးချင်လို့ ပြုံးတာပေါ့ ကိုစဝ်နေဗလ ရယ်'

www.burmeseclassic.com



'ဒေါ်လေးငယ်ရော'

'ပုတီးစိပ်နေတယ်'

စဝ်နေဗလက မျက်ခုံးရှုံ့ရှုံ့နှင့် ခဏငြိမ်သွားရသည်။ ချမ်းနေတာကြောင့်ရော ဗိုက်က စူးတူးတူးအောင့်နေတာကြောင့်ရော လက်ပိုက် ထားရင်း မျက်နှာက မဲ့မဲ့သွားရ၏။

'သိပ်ချမ်းနေလို့လား၊ မှီ ကော်ဖီဖျော်လိုက်ရမလား'

'ကော်ဖီသောက်စရာအချိန်မရှိဘူး၊ အခု မှီ့ကို လာခေါ်တာ'

'မှီ့ကို'

'အင်း'

'ညကြီးမိုးချုပ် ဘာစိတ်ကူးတွေပေါက်လာသလဲ ကိုစဝ်နေဗလ၊ ဘယ်တုန်းက ပြန်ရောက်လာလဲ၊

'ခုပဲ ပြန်ရောက်တယ်၊ ကျုပ်... အသဲရောင်လာတယ်၊ မျက်လုံးတွေလဲ ဝါလာတယ်၊ ဖျားနေတယ်၊ ဒီကြားထဲ... ခင်ဗျားက အိမ်မှာ မရှိဘူး၊ အဲဒါကြောင့် ခင်ဗျားကို ချက်ချင်းလာခေါ်တာ၊ ကဲ... ထ၊ အဝတ်အစားထည့်... ပြန်မယ်'

မှီ မောင့်ကို ငေးကနဲကြီး ကြည့်လိုက်မိရင်း...

'အသည်းရောင်တယ်... ဟုတ်လား'

'ဟုတ်တယ်'

'ရန်ကုန်ကို ပြန်လာရသလား ကိုစဝ်နေဗလရယ် အသည်းရောင်တယ်ဆိုတာ ငြိမ်ငြိမ်သက်သက် နားရ... '

www.burmeseclassic.com



'ကျုပ်ကို တရားဟောတာ ခံဖို့ လာတွေ့တာမဟုတ်ဘူး၊ လာခေါ်တာ. . . ထ၊ . . . ထ'

'ခဏ နေပါအုံး'

'မှီ ထိုင်နေရာ ကုလားထိုင်ကို ဆွဲနှဲ့ရင်း လောတာမို့ မှီက သူ့လက်ကို ပုတ်ပစ်လိုက်သည်'

'ဒေါ်လေးငယ်ကိုရော သတင်း မမေးတော့ဘူးလား. . . ကိုစစ်နေဗလ'

စစ်နေဗလ အမ်းသွားရပြီး. . .

'ဘာဖြစ်တာလဲ'

'အူရောင်တယ်လို့ထင်ရတယ်၊ ခါတ်မှန်ရိုက်တော့ အူမှာ အနာလိုလိုတွေ့တယ်တဲ့၊ ခုထိ မသက်သာဘူး၊ အစာလုံးဝမဝင်သလောက်ပဲ'

ညှိုးချုံးချုံး မှီ့မျက်နှာကလေးက ရက်ပိုင်းအတွင်းမှာ တော်တော်ပိန်ကျသွားတာ သိသာစေသည်။

'ဒေါ်လေးငယ်ကို မှီ စိတ်မချဘူး ကိုစစ်နေဗလ၊ တစ်သက်လုံး က မှီနဲ့ တစ်ရက်ခွဲဘူးတာ မဟုတ်ဘူး၊ ခုလို အချိန်မှာ ဒေါ်လေးငယ် အနား မှီမှ မနေရင် ဘယ်သူနေမလဲ၊ မှီ့ကို ဒေါ်လေးငယ်က လှမ်း ခေါ်တာ မဟုတ်ပါဘူး၊ မှီ့ဘာသာ လာခဲ့တာ၊ မှီ လာနေပေးဖို့လို အပ်တယ်လို့ကို ထင်လို့'

'ပြန်ကော လာဖို့စိတ်ကူးထားရဲ့လား'

'မပြန်လဲ ရှင်က ခုလိုဖွတ်လာခေါ်မှာပဲ မဟုတ်လား ကိုစစ်နေဗလရယ်'

BURMESE CLASSIC .com

www.burmeseclassic.com



စဝ်နေဗလ နှုတ်ခမ်းကြီးစေ့ကာ မှီ့ကို စူးစူးရဲရဲစိုက်ကြည့်သည်။ သူ့ဒေါ်လေးငယ်ကို ကျတော့ လာနေပြီး ပြုစုပေးဖို့လိုအပ် သည်တဲ့၊ ကျုပ်ကို ကျတော့ မလိုအပ်ဘူးလား။ ဒေါ်လေးငယ်ကို စဝ်နေဗလခင်မင်ပါသည်။ ဒါပေမယ့် မှီက သူ့ထက် သူတစ်ပါးကို ဂရုတစိုက်အလေးပိုထားမှာမျိုးကို ဝန်တိုသည်။

မှီကလဲ စဝ်နေဗလ မျက်ဝန်းတွေကို ပြန်လည်စူးစိုက်ကြည့် နေမိ၏။ မျက်လုံးတွေ ဝါချင်သလိုလိုဖြစ်နေသလားဟု ထင်သည်။ ခုမှ ပြန်ရောက်တာ၊ မှီ မရှိတာမို့ မိုးရွာကြီးထဲ ချက်ချင်းလိုက်ခေါ်သော 'ဖွတ်' ကိုတော့ ရင်ထဲ နှစ်သက်မိသလိုလိုပါပဲလေ။ ဒါပေမယ့် ဒေါ်လေးငယ်ကိုယ်တိုင်လည်း အရိုးပေါ် အရေတင်မတတ် လူမမာ သည်ကြီးဖြစ်နေတာ။ သူ့ကိုသာ လိုက်ပြုစုဖို့ သူ ဖွတ်ခေါ်သင့်သလား။

တော်တော်တော့ ထင်ရာဖွတ်လုပ်တတ်သူ တစ်ယောက်ပါပဲမောင်ရယ် . . . ။ မိုးထဲ၊ သဲထဲ နေမကောင်းလျက်နှင့် လိုက်လာသည်ဆိုတော့ မှီမပါပဲ သူပြန်ပါ့မလား၊ မှီလိုက်သွားဖို့၊ နေခဲ့ဖို့ မဆုံးဖြတ်တတ်အောင်ဖြစ်နေရသည်။

'ဒေါ်လေးငယ် ဒီအခန်းထဲမှာလား'

'ဟုတ်ပါတယ်'

စဝ်နေဗလက ဆတ်ကနဲထကာ ခန်းဆီးစကို ဟပြီး လှစ်ခနဲ ဝင်သွား၏။ မှီ လိုက်မသွားတော့ပဲ အသံတို့ကိုသာ နားစွင့်ကျန်ရစ် သည်။

BURMESE CLASSIC .com

www.burmeseclassic.com



စဝ်နေဖလ အခန်းထဲရောက်တော့ ဒေါ်လေးငယ်က စိပ်ပုတီး ကို ဆုပ်ကိုင်ကာ… မျက်လုံးဖွင့်ကာ ဆီးကြိုနေသည်။

'လာ… မောင်စဝ်နေဖလ၊ ဟိုစားပွဲက ကုလားထိုင်လေး ဆွဲထိုင်ပါ'

မှီ့ စာကျက်စားပွဲမှ ကုလားထိုင်ကို သွားယူရင်း စားပွဲပေါ်က ကို့ဓာတ်ပုံကို ပြန်မြင်လိုက်တော့ ရင်ထဲ နွေးထွေးသွားရ၏။

'ဘယ်လိုနေသလဲ ဒေါ်လေးငယ်'

မတွေ့တာကြာပြီမို့ စိမ်းသလိုဖြစ်နေပေမယ့် စဝ်နေဖလ အသံက နူးညံ့ချိုသာသည်။

'ဒီလို ပါပဲ သားရယ်'

'သား' ဟု ရုတ်တရက်သုံးလိုက်သော စဝ်နေဖလ စိတ်မကောင်း ဖြစ်သွားမိသည်။ ဟိုတုန်းကလိုပင် ဒေါ်လေးငယ်သံယောဇဉ် က ပြောင်းလဲဟန်မတူ။ သူကသာ အသွားအလာမရှိ၊ အဝင်အထွက် မလုပ်ပဲ ကင်းပြတ်ခဲ့တာ။

'ကျွန်တော်လဲ ဟိုကအပြန် အသည်းရောင်လာတယ် ဒေါ်လေးငယ်၊ ဒေါ်လေးငယ်ရောဂါကို ဘာနာမည်တပ်လဲ'

'ပထမ အူရောင်တယ်လို့ ထင်ကြတယ်။ တစ်နေ့က ဓာတ်မှန် ရိုက်ရတယ်လေ၊ အနာဆိုလားမသိဘူး… ပြောတာပဲ၊ နောက်တစ် မျိုးဓာတ်မှန်ရိုက်ရအုံးမယ်'

www.burmeseclassic.com



'ကျွန်တော်လဲ ခရီးချည်းပဲ ထွက်နေရလို့ မရောက်ဖြစ်တာ ခွင့်လွှတ်ပါ ဒေါ်လေးငယ်'

'ရပါတယ်ကွယ်. . .၊မို့ကိုလည်း ရအောင်ပြန်ခေါ်သွားစမ်းပါ၊ ဒီမှာ သူစာကျက်ရတယ်ပဲ မရှိဘူး၊ စျေးတောင် သူကိုယ်တိုင်သွားလိုက်သေး၊ မိန်းမဝယ်ရင် စွပ်ပြုတ်တွေဘာတွေ လုပ်တဲ့အခါကြက်မလတ်မှာစိုးလို့တဲ'

ဒေါ်လေးငယ်က စပြီးခေါ်သွားဖို့ပြောလိုက်တော့ စဝ်နေဗလဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရသည်။ ခုန အပြင်မှာပြောနေသော စကားတွေပဲ ကြားသွားလို့လား။

'မောင်စဝ်နေဗလ ကလဲ နေကောင်းတာမဟုတ်ဘူး၊ သားကိုပြုစုရတယ်ဆိုရင် အပေါ်ယံလောက် သူများစီစဉ်ပေးတာလေးကိုယ်တိုင် ကိုယ်ကျတိုက်ရုံကျွေးရုံ ဖြစ်တယ်မဟုတ်လား၊ သူဒီမှာပင်ပန်းတယ် မောင်စဝ်နေဗလရယ်၊ စာဖတ်ချိန်တောင် သိပ်မရဘူး'

'ကျွန်တော်လဲ ဒေါ်လေးငယ် လိုများလိုအပ်မလားဆိုပြီးတော့ပြုစုလို့လဲရအောင်. . . ကူဖော်လောင်ဖက်လဲဖြစ်အောင် အမျိုးသမီးနှစ်ယောက်ခေါ်လာပါတယ်'

အနည်းငယ်ထစ်ငေါ့စွာ ရှင်းပြနေသော စဝ်နေဗလကိုဒေါ်လေးငယ်ကြည့်ရင်း ခေါင်းညိမ့်ပြဖြစ်သည်။ ဧည့်ခန်းမှာပြောနေကြသော စကားတွေကိုလည်း ခုန ကြားသည်။ အေးစက်အဆင်မပြေဖြစ်နေသော မိုတို့ အိမ်ထောင်ရေးကိုလဲ ပြေလည်စေလိုသည်။

BURMESE CLASSIC .com

www.burmeseclassic.com



စဝ်နေဗလ ခေါ်လာပါသည်ဆိုသော အမျိုးသမီး နှစ်ယောက်ကို လက်မခံလိုက်လျှင် မှီ့ကို သူခေါ်သွားရ ခက်နေပေတော့မည်။

'အဆင်ပြေတာပေ့ါ မောင်စဝ်နေဗလရယ်'

'ဆေးခန်း သွားဖို့ရက်တွေ ကျွန်တော် လာ ခေါ်မယ် ဒေါ်လေးငယ်၊ ကျွန်တော်လဲ ဆေးခန်း သွားနေရမှာပဲဆိုတော့ အတူတူပေ့ါ'

'ကောင်းတာပေ့ါကွယ်'

စဝ်နေဗလ ငူငူကြီးထိုင်နေမိသည်။

'မှီ့ကို ခေါ်ပြီး ထည့်စရာလေးတွေ ထည့်ခိုင်းတော့လေ'

'ဟုတ်ကဲ့'

စဝ်နေဗလ အခန်းပြင် ပြန်ထွက်လာခဲ့သည်။ မှီက ခေါင်းကြီးငုံ့ကာ ထိုင်နေရင်း ပါးပေါ်မှာ မျက်ရည်စီးကြောင်းနှင့်မို့ စကား စရခက်နေဆဲ. . .

'အဝတ်အစားသိမ်းတော့ပေ့ါ. . . ဟုတ်လား'

'အင်း'

မှီက ထိုင်နေရာမှ ဆတ်ကနဲ ထရပ်လိုက်တာမို့ စဝ်နေဗလက မော့ ကြည့်လိုက်သည်။ သူ့ကိုမှီက ခေတ္တ ငြိမ်သက်စိုက်ကြည့်လိုက်သည်။ ခဏနေတော့ ဖြည်းညင်းစွာလှည့်ပြီး မှီ အခန်းထဲ ဝင်သွားလေသည်။

မှီရယ်. . . မလိုက်ချင်ဘူးလား ဟုတွေးရင်း ရင်ထဲမှာ ဝမ်းနည်းသလိုပင်။ ဒေါ်လေးငယ် တကယ်ပဲ နေမကောင်းဖြစ်

BURMESE CLASSIC .com

www.burmeseclassic.com



နေပေမယ့် မှီ အိမ်က ထွက်သွားချင်တာပါဟုပဲ ထင်နေမိတာကို တော့ ဖျောက်မရ။

'မိနူး... ကားပေါ်က နှစ်ယောက် ဆင်းခဲ့ဖို့ကို ကိုအေးသာ ကိုပြောစမ်း'

'ဟုတ်ကဲ့... ဟုတ်ကဲ့'

လက်ကလေး နောက်ပစ်ကာ ရပ်နေရာမှ မိနူးက လှည့်ပြေး သွားသည်။ မကြာခင်ပင် ဒေါ်ကြူးနှင့် မအုံးမေ အိမ်ပေါ်ရောက်လာ၏။ သူတို့ကို ခေါ်ပြီး စဝ်နေဗလ အခန်းတွင်း ပြန်ဝင်ခဲ့သည်။

'ဒေါ်လေးငယ်၊ သူက မအုံးမေ... ဒီဘက်က ဒေါ်ကြူး တဲ့၊ ဒေါ်လေးငယ်ကို ပြုစုဖို့ ကျွန်တော် ခေါ်လာတာ၊ ဒေါ်ကြူး... မအုံးမေ၊ မှီ့ ဒေါ်လေးကို ဘာတစ်ခုမှ လိုလေသေးမရှိအောင် ပြုစု လုပ်ကိုင်ပေးပါ'

'ဟုတ်ကဲ့ပါ သခင်ကလေး'

ဒေါ်လေးငယ်ကို နေဗလ စကားပြောနေခိုက် မှီက သိမ်းဆည်း ထည့်သိုနေသည်။ တစ်ချက် တစ်ချက် မျက်ရည်သုတ်လိုက်တာကို မြင်တော့ နေဗလ ရင်ထဲ နာကျင်သည်။

သူပြန်လာ သတင်းကြားလို့... သူ နေမကောင်းမှန်း သိလို့ မှီ့ ဘာသာ သူ့သဘောနှင့်သူပြန်လာတာဆိုရင် သိပ်ကောင်း မှာပဲဟု တောင့်တောင့်တတ တွေးမိသည်။ တကယ်တော့ မှီ ရယ်... ကိုယ်လိုချင်နေတာက မှီ့ ဆီက အဟုန်ကြီးမားပြင်းထန်တဲ့ ချစ်မေတ္တာ တရားကိုပါ။

BURMESE CLASSIC .com

www.burmeseclassic.com



မာနတရား လုံးဝ စွက်ဖက်မှု မပါဝင်တဲ့ သန့်ရှင်းဆုံး အချစ် ကိုပါ။ ဒါပေမယ့် ကိုယ် ကိုယ်တိုင်ကစပြီး ရှောင်ရှားမိသလို ဖြစ်ခဲ့ တာကိုလည်း သဘောပေါက် ဝန်ခံရမှာ ပါပဲ။ မှီ့ ထံမှ ဖယ်ခွာလိုပုံ မသဲမကွဲ မြင်ရကတည်း... အရမ်း ကြောက်လန့်နေမိပါပြီ။

ဒီ တစ်ခါ မှီ့ကို အိမ်ပြန်အခေါ်မှာ... မှီ့ကို အရမ်း တောင်း ပန်ဖို့... မှီ့ဆီက အချစ်ကိုပြန်ရအောင် ကြိုးစားဖို့ ကိုယ် ဆုံးဖြတ်ပြီးသားပါ။ မှီ့ နှုတ်ခမ်းကလေးက... မောင်လို့ ပြန်ခေါ်မှာကို ကြားချင်လှပါပြီ။

မှီက ဒေါ်လေးငယ် ပါးကို လာပြီး ရှိုက်နမ်းရင်း... နှုတ်ဆက်သည်။ ဘာစကားမှ မပြော၊ ဒေါ်လေးငယ်ကသာ စင်နေဗလကို တစ်ခွန်းစ နှစ်ခွန်းစ ပြောနေသေးသည်။ မှီက ဒေါ်လေးငယ်ကို နှုတ်ဆက်ပြီးသည်နှင့် အခန်းထဲက ထွက်သည်။ ကိုအေးသာက အထုပ်အပိုးလာယူတာမို့... လှမ်းပေးလိုက်ရင်း... ကိုအေးသာနောက်က လိုက်လာခဲ့၏။

ထီးက အိမ်ပေါ်မှာပဲ ကျန်ရစ်သည်။ မောင် ဆောင်းခဲ့ပါစေ၊ မှီ ကိုယ်တိုင် ထီးမိုးပေးချင်စိတ် မရှိပေမယ့်လည်း သူ မိုးမိမှာကိုတော့ မှီ မိုးမိမှာထက် ပိုပြီးစိုးရိမ်ပါသည်။

နွမ်းနယ်နေသော သူ့ မျက်နှာဖျော့ဖျော့ကို မြင်ယောင်သနားနေရပေမယ့်လည်း... စိတ်တစ်ခြမ်းကတော့ ဘာကိုမှန်းမသိ မကျေမနပ် ဖြစ်နေသည်။

စင်နေဗလက... ထီးဆောင်းကာ ကားဆီ တစ်ယောက်ထဲ

BURMESE CLASSIC .com

www.burmeseclassic.com



ရောက်လာသည်။ နောက်ခန်းထဲက မှီ့ နံဘေး ဝင်ထိုင်လိုက်၏။ မိနူး တံခါးပိတ်နေစဉ်ပင် ကားက ထွက်လာသည်။

'ဒေါ်ကြူးနဲ့ မအုံးမေကို သေချာမှာခဲ့ပါတယ်၊ သူတို့က လုပ်တတ် ကိုင်တတ်လဲ ရှိပါတယ်၊ ပိုက်ဆံလဲ ပေးခဲ့တယ်လေ . . . ၊ စာအုပ်ဆိုင်ရော အအေးဆိုင်ပါ ပိတ်ထားလိုက်ဖို့လဲ မှာခဲ့တယ်၊ ဒီမှာ နေတုန်း စာအုပ်ဆိုင် ဖွင့်ထားသေးလား'

'အင်း'

'ဘယ်စာကျက်ရမလဲ'

မှီ နှုတ်ခမ်းစေ့ကာ ငြိမ်နေလိုက်သည်။ စာအုပ်ငှားတာ အပ်တာ လက်ခံခြင်းကို . . . မြတ်မြတ်၏ မောင်အငယ်လေး မင်းမင်းက လာလုပ်ကိုင်ပေးသည်ဆိုတာ ရှင်းပြမနေတော့၊ အအေးဆိုင်ကိုလည်း မိနူးက နိုင်သည်။ မှီက အိမ်မှုကိစ္စအနည်းအကျဉ်းနှင့် ဒေါ်လေးငယ်ကို ဆေးတိုက်ရုံ အစာကျွေးရုံ၊ ဆံပင် ရှင်းပေးရုံပဲ အလုပ်ရှိတာပါ။

သို့သော် ပြောချင်စိတ် မရှိတာမို့. . . ဘာမှ မပြောဖြစ်။

'လူက အရမ်း နုံးပြီး ပင်ပန်းနေတယ် သိလား၊ အိမ်ပြန်ရောက်ရောက်ချင်း ခင်ဗျားကို မတွေ့လိုက်တော့ ပိုပြီးအမော့ဆို့သွားတယ်၊ ခင်ဗျားက ဘာလို့ မပွင့်တပွင့် ဖြစ်နေရတာလဲ. . . ၊ ခုလိုလိုက်လာရတာ မကြိုက်ဘူးလား. . . ဟုတ်လား'

စဝ်နေဗလ အသံက ဒေါသသံ မပါ။ နူးညံ့နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒါပေမယ့် ရှင့် နူးညံ့မှုတွေ တိုးဖောက်လို့မရအောင် မှီ့ နှလုံးသွေးက အေးခဲနေလေရဲ့ ရှင်။

'ဖြေလေ. . . ၊ မကြိုက်ဘူးလား'

'မှီက. . . ရှင့်မိန်းမပါ၊ ရှင်ထားရာနေရမှာပေါ့'

အေးစက်သော လေသံစကားကြောင့် နေဗလ မျက်ခုံးတွေ မြင့်တက်သွားရသည်။ ဒေါသ လုံးဝ မပါသော မခံနိုင်ခြင်းတွေ ရင်ထဲ ပြည့်လာရကာ. . . ဝမ်းနည်းသွားမိသည်။

အို. . . ကိုယ်က နေမကောင်းဖြစ်နေတာပဲ . . .၊ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အနည်းအကျဉ်းတော့ မှီ ပြုစု လုပ်ကိုင်ပေးပါလိမ့်မည်။ မှီနဲ့ နီးနီးကပ်ကပ် နေခွင့်ရနေမှာပဲလေ . . . ၊ မှီ့ မေတ္တာကို အပိုင်ပြန်ရဖို့ ကြိုးစားစရာနည်းလမ်းတွေ အချိန်တွေ အများကြီးပါပဲ။

အတွေးနှင့် တစ်ကိုယ်တည်း ပြုံးလိုက်မိသော စဝ်နေဗလ ကို မှီ ခေါင်းလှည့်ကာ စေ့စေ့ ကြည့်နေရင်း ရင်ထဲ လှုပ်ရှားမှုကင်းမဲ့ နေရလေသည်။ ဒီ လူတစ်ယောက်ကို မှီ အသည်းနင့်အောင်ချစ်ခဲ့ ဖူးသတဲ့။ ဟုတ်နိုင်ပါ့မလား။ မှီ ချစ်ခဲ့တဲ့သူဟာ သူတဲ့လား။

အသက် ကင်းမဲ့သော အရုပ် တစ်ရုပ်နှယ် မှီ့ကို သဘောထားကာ အပိုင်တော့ဝယ်ထားပြီး. . . မြတ်နိုး ယုယခြင်း မရှိသည့် သူ တစ်ယောက်ဟာ. . . မောင် ပဲတဲ့လား မောင်ရယ်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com



အိပ်ရာပေါ်မှာ ပက်လက်အနေအထားနှင့် ရှိနေရာမှ မှီ့ အရွေ့အလျားကို နေဗလ လိုက်ကြည့်နေမိသည်။ ရေချိုးခန်းထဲက ပြန်ထွက်လာကတည်းက စောင့်ကြည့်နေတာ။ မျက်နှာသုတ်ပုဝါ အဝါရောင် ဖျော့ဖျော့ကြီးကို ပုခုံးမှာ လုံအောင်ပတ်ခြုံလာတာမို့ မျက်နှာသုတ်ပုဝါ အပေါ်ဘက်နားက ထွက်နေသော မျက်နှာကလေးက ဝင်းပ ပြည့်ဖောင်း နေလေသည်။

ရေစက်ကလေးတချို့ သီးနေသော မျက်နှာကလေးကခပ်တည်တည်နှင့် နေဗလဘက်ကို လုံးဝ မကြည့်၊

မှန်တင်ခုံရှေ့ ဝင်ထိုင်ကာ သိမ်မွေ့ ဖြည်းညင်းစွာ ရေသုတ်နေသည်။ ရေစင်သွားသော မျက်နှာကလေးကို သနပ်ခါး ပါးပါးလူးနေဟန်က ငြိမ်းချမ်းလွန်းပါဘိ မှီ ကလေးရယ်. . . ။

သနပ်ခါးလူးအပြီး မျက်ခုံးမွေးကို သွားပွတ်တံသေးသေးနှင့်ခြစ်ကာ နှုတ်ခမ်းပေါ်က သနပ်ခါးကလေးတွေ ဖျက်ရင်း မလုံမလဲစိတ်နှင့် မှန်ထဲမှတစ်ဆင့် မောင့်ကို မှီ လှမ်းကြည့်မိသည်။

မျက်လုံးတွေ ကြွေကျတော့မတတ်နှင့် စိုက်ကြည့်နေတာမို့ မှီ မနေတတ်အောင် ဖြစ်သွားရသည်။ နေရာမှ ထကာ ဗီရိုထဲမှ အဝတ်အစားထုတ်ယူပြီး ရေချိုးခန်းထဲ ပြန်ဝင်လာခဲ့၏။

ပြန်ထွက်လာတော့ စိုနေသော ဆံပင်ကို သုတ်ပြီး စာကြည့် စားပွဲမှာ အေးချမ်းစွာ ဝင်ထိုင်လိုက်တာမို့ နေဗလ

www.burmeseclassic.com



စိတ်ညစ်သွားရသည်။ စာကြည့်စားပွဲမှာ ထိုင်နေတော့ ခုတင်ဘက်ကို ကျောပေး အနေအထား ဖြစ်နေသည်။

'မို'

'ဟုတ်ကဲ့. . . ဘာလိုချင်လဲ'

'ဆေးသောက်ချိန်ရောက်ပြီလား'

'ဆယ့်ငါးမိနစ်လောက် လိုသေးပါတယ်။ ဗိုက်ဆာလို့လားကိုစဝ်နေဗလ'

'မဆာပါဘူး. . . မဆာသေးဘူး'

'ဆာရင် ပြောပါနော်'

'အင်း'

မိုက ပြန်လှည့်ကာ ခေါင်းငုံ့စာဖတ်နေသည်။ နောက်ကျောဘက်က ကြည့်တော့ မိုက ပို ပိန်နေသလိုပင်။ ဗမာအင်္ကျီကိုယ်အတိကလေး ဝတ်ထားတော့ ပိုသိသာသည်။

မိုက အိပ်ရေးပျက်တာနှင့်လိုက်ပြီး အစားပါပျက်တတ်သူမို့ စာမေးပွဲရက်အတွင်း အသားတွေ လှီးထုတ်ပစ်လိုက်သလို သိသိသာသာ ပိန်ကျသွားသည်။ မျက်တွင်း ကလေးတွေဆိုဟောက်ပက်ကာ မျက်လုံး အပြူးကလေးသာ ပေါ်နေ၏။ လက်ချောင်းကလေးတွေက အစ အရိုးဆစ်ကလေးတွေ ပေါ်လာသည်။

လူပင်ပန်းသလို စိတ်ပါ ပင်ပန်းရတာကိုး။ သူ့ကို စေတနာ အပြည့်ပါပုံနှင့် မညည်းမညူ ပြုစု လုပ်ကိုင်ပေးတတ်တာမို့ ကျေးဇူး တင်တာနှင့်အမျှ အရမ်းလည်း အချစ်ပိုနေရပြီ။

BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်လေးငယ်နှင့် ဆေးခန်းသွားလျှင် မို့ကို တမင်မခေါ်၊ မို အချိန်ပုပ်မှာ စိုးလို့ပါ။ ပြန်လာမှအခြေအနေကို ပြန်ပြောနေကျ။ ဒီနေ့တော့ မို ကလေးကို လိမ်ပြောလိုက်ရသည်။

'ဟင်း'

စဝ်နေဗလ သက်ပြင်း ချလိုက်မိသည်။

အသိတော့ ပေးချင်ပါသည်။ သို့ပေမယ့် မို တအား စိတ်ပူကာ အားငယ် ဝမ်းနည်းသွားမှာ၊ ပုံလဲသွားမှာ စိုးရိမ်ရသည်။

ဒေါ်လေးငယ်... အူလမ်းကြောင်းမှာ အနာကလေးတွေ ဖြစ်နေရာမှ... ဒီနေ့တော့ ဆရာဝန်က ကင်ဆာဖြစ်မှာ စိုးရိမ်ရကြောင်း စဝ်နေဗလကို တီးတိုးပြောကာ ဆေးရုံတင်စေသည်။ ဒီညနေပဲ ဆေးရုံတင်ပေးခဲ့ရပေမယ့် မို့ကို ပြောမထွက်၊ လှပ်လှပ်ကလေး ဖြစ်နေသော မို့ကို အရမ်း စိုးရိမ်သည်။

စာမေးပွဲ ရက်ကလဲ ဘာမှ မလိုတော့တာမို့ ပြီးမှပဲ ပြောပြလိုက်ဖို့ စိတ်ကူးနှင့် မြတ်မြတ်၊ စုမာနှင့် သွယ်တို့ အိမ်တွေကိုပါ ဝင်ပြီး ပိတ်ခဲ့ရ၏။

'မို ကိုယ်တိုင်က ဖျော့နေသော သူ ပုံလဲသွားမှာ ကျွန်တော် အရမ်း စိုးရိမ်တယ်ဗျာ၊ စာမေးပွဲပြီးမှပဲ အသိပေးတော့မယ် စိတ်ကူး ပါတယ်'

... ဟု သုံးယောက်စလုံးကို အိမ်တိုင်ရာရောက် သွားပြောသည်။ ဟိုတုန်းက ရင်းနှီးဖူးခဲ့ပြီး မိုနှင့် လက်ထပ်ပြီးမှ

BURMESE CLASSIC .com

www.burmeseclassic.com



စိမ်းသွားခဲ့ရသည့် မြတ်မြတ်တို့ သုံးယောက်က စိုးရိမ်ပူပန် မျက်နှာငယ်နှင့်လာပြောသော စဝ်နေဗလကို ကတိပေးလိုက်ကြပါသည်။

ကိုယ်တိုင်က... ဝါတာတာ အသားနှင့် နေမကောင်း ဖြစ်နေခိုက်ဖြစ်ပါလျက်... မှီ့အတွက် ပူပန်ပေးနေရှာတာကို ကျေနပ်တာ တစ်ခုထဲနှင့် မကျေနပ်ချက်တွေကို ဖြေလိုက်ပြီးပြီ ပြီးတော့ စဝ်နေဗလ အခြေအနေက ဘာပဲဖြစ်ဖြစ် လေးစားမှု ပေးရမည့် သဘောရှိနေသည် မဟုတ်လား။

'သွယ်တို့ကတော့ ဘာမှ ပြန်မပြောပါဘူး၊ ဟုတ်တယ်၊ မှီ ကိုယ်တိုင်ကိုကလဲ နွမ်းနေတာ...၊ သူပါ လဲသွားရင် စာမေးပွဲ ပြီးခါနီးမှ အနှောင့်အယှက် ဖြစ်နေမယ်'

အိမ်ပြန်ရောက်တော့ ဒေါ်လေးငယ် သက်သာသည်ဟုပဲ မှီ့ကို ပြောဖြစ်သည်။ ဒါကြောင့် ဒီ ညနေ မှီ့ မျက်နှာကလေး ကြည်လင် နေတာပေါ့။ ဒေါ်လေးငယ်အခြေအနေကစိုးရိမ်လောက် တာမို့... စဝ်နေဗလကတော့ စကားနည်းပါးကာ မျက်နှာပျက်သည်။

မှီက ရိပ်မိပုံ မရ။

မှီ့ ကျောပြင်ကလေးကြည့်ကာ အတွေးတွေ လွန်နေဆဲ မှီက ထိုင်ရာမှ ထကာ အခန်းထဲမှထွက်ဖို့ ပြင်သည်။

'မှီ... ဘယ်လဲ'

နူးညံ့သောအသံနှင့် လှမ်းမေးလိုက်ပုံက မိခင်ကို အားကိုး တကြီး ရှိနေသည့် သားငယ်ကလေး လေသံမျိုးလိုပါပဲလား မောင်ရယ်...၊ မှီ့ ရင်ထဲ ကြည်နူးသွားရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်လေးငယ် သက်သာသည်ဆိုတော့ ဒီညနေ မှီ့စိတ်လည်း နည်းနည်းတော့ လန်းသည်။ ဒေါ်လေးငယ်ကို ပြုစုခွင့်မရတာ . . . စိတ်ထဲ မကြည်လင်ပေမယ့် . . . သက်သာသည်ဆိုတော့ မှီ ဖြေနိုင်တာပေါ့ မောင်ရယ်။ မောင့်ကို ပြုံးပြလိုက်မိရင်း . . .

'ဆယ့်ငါးမိနစ် ရှိပြီ . . . ။ မှီ ဂျူ့စ် သွားယူမလို့ . . . ၊ ဆေးသောက်ရတော့မယ်'

'အောက်ဆင်း မယူပါနဲ့ . . . ၊ မေကြည့်ကို အပေါ်ကပဲ လှမ်းအော်ပြောလိုက်ပေါ့၊ မှီ့ ဘာသာ စာကျက်နေပါ၊ ကိုယ့်ဘာသာ ကိုယ်သောက်လိုက်ပါ့မယ်'

ရီနေသော မျက်ဝန်းကလေးကို မှီ မြင်တွေ့တော့ ရင်တွေ တုန်လှုပ်သည်။ ဟိုတုန်းက မောင့်ရဲ့ အမူအရာတစ်စွန်းတစ်စကလေး တွေပါလား။

'ရပါတယ်'

. . . ဟု တိုးဖွဖွပြောရင်း မှီ အပြင်ထွက်လာတော့ မှီ့ကို သူ ငေးကျန်ရစ်တာ မှီ သိသည်။ သိသိသာသာ ပြောင်းလဲနူးညံ့ လာပုံက အံ့သြစရာပါပဲ၊ နောင်တ ရလာတာများလား မောင်ရယ် . . .။ မောင် နူးညံ့လာတာကို မှီ ကျေနပ်မိသည့်ကြားကပင် ဘာကြောင့် နူးညံ့ပြနေတာများလဲ မဝံ့မရဲ သင်္ကာမကင်း ဖြစ်နေရပြန်သည်။

ဒီလောက် မာကျော ခေါင်းမာတတ်သူ၊ မထီတရီ ပြုံးတတ်သူ၊ ရက်စက်စိမ်းကား စကားတွေ ပြောတတ်ခဲ့သည့်

www.burmeseclassic.com



လူတစ်ယောက် ပျော့ပျောင်းပြန်တော့ မှီ တစ်စုံတစ်ခုကို ကြောက်လန့်နေရပြန်သည်။

မှီ့ အပြုအစုကို နှစ်ခြိုက်သာယာနေတတ်တာ မှီ သိပါတယ်။ ကလေးတစ်ယောက်လို ကျေနပ်နေတတ်ပုံက မှီ့ရဲ့ မှိန်ခြောက်ခြောက် ဘဝထဲမှာ မရဖူးသေးတဲ့ စိမ်းလန်းခြင်းကလေးတွေပါပဲ ကိုစဝ်နေဗလရယ်. . . ။

*　*　*

ခုတင်ခြေရင်းမှာ ခါးထောက်ရပ်ကာ ဒေါ်လေးငယ် မျက်နှာကို စဝ်နေဗလ စိုက်ကြည့်နေမိသည်။ မိုတ်ထားသော မျက်ဝန်းက ဟောက်ပက် ချိုင့်ကျနေသည်။ နှာခေါင်းမှာ ပိုက်တန်းလန်းနှင့်။ လက်တစ်ဘက်က ဂလူးကို့စ် သွင်းနေရသည်။ လက်မောင်းက ပိန်ခြောက်နေသည်။

အရင်က ဒေါ်လေးငယ်ပုံစံမဟုတ်။ မှီ ခုနေမြင်လျှင်တောင် ရုတ်တရက် ဒေါ်လေးငယ်ဟု ထင်မှာ မဟုတ်။

'နေဗလ. . . ဟိုမှာ ယွန်းမှီမှီ သူငယ်ချင်းတွေထင်တယ်'

နံဘေးမှ ခင်မောင်ကျော် တီးတိုးပြောနေတာမို့ ခန်းမကြီး ထိပ်က ဝင်ပေါက်ကို လှမ်းကြည့်လိုက်သည်။

'အေး. . . ဟုတ်တယ်၊ ရှာနေကြတာထင်တယ်၊ သွားခေါ် လိုက်ပါကွာ'

'အေး. . . အေး'

www.burmeseclassic.com



ခင်မောင်ကျော်က သွယ် တို့ သုံးယောက်ရှိရာ လျှောက်သွား လိုက်သည်။ အနားရောက်တော့မှ. . .

'ဒေါ်လေးငယ် ရှာတာလား'

'ရှင်. . . ဩော်. . . ဟုတ်ပါတယ်'

'ဟိုးဘက်ဆုံး ခုတင်ပါ၊ ကျွန်တော့် နောက်က လိုက်ခဲ့ ပါ၊ နေဗလလဲ ရောက်နေပါတယ်'

'ဟုတ်ကဲ့'

စုမာ၊ သွယ်နှင့် မြတ်မြတ်. . . ခင်မောင်ကျော့် နောက်က ပါလာခဲ့သည်။ စဝ်နေဗလက အပြုံးအရယ် ကင်းမဲ့သောမျက်နှာ နွမ်းနွမ်းနှင့် ဆီးကြို ကြည့်နေသည်။

'ဒီနေ့ လာမယ်ဆိုတာ သိရင်. . . ကျွန်တော် အလာ ဝင်ခေါ်ပါတယ်'

'ရပါတယ် ကိုစဝ်နေဗလ၊ စုမာတို့က ဖုန်း ဆက်ပြောရင် . . . မှီနဲ့ မတော်တဆတိုးပြီး မှီ သိသွားမှာ စိုးလို့ပါ'

'ဒီနေ့ . . . မှီက သိပ်မဖြေနိုင်ဘူး ပြောတယ်၊ ည ကထဲက တင်ပရေချာ နည်းနည်း ဝင်လာတယ်လေ၊ ကျွန်တော်တို့လဲ ဘယ်လို တွေဖြစ်နေတယ် မသိပါဘူး၊ တစ်ယောက်မှ နေမကောင်းဘဲဖြစ် နေတယ်'

စကားသံ ပျော့ပျောင်းကာ ပြေပြေ ပြစ်ပြစ်ရှိနေသော စဝ်နေဗလ မျက်နှာထားကို သွယ်တို့ ကျေနပ်သွားရ၏။

'ကိုစဝ်နေဗလ အသည်းရောင်တာရော'

BURMESE CLASSIC .com

www.burmeseclassic.com



'တဖြည်းဖြည်းတော့ သက်သာ ပါတယ်၊ မျက်လုံးလဲ အဝါရောင် ကျသွားပါပြီ၊ ဒီနေ့တော့ မနက် ကထဲက ရောက်နေတာ ဆိုတော့ . . . ဆေးနှစ်ကြိမ် လွတ်သွားတယ်၊ ခုနက အိမ်တစ်ခေါက် ပြန်မှ. . . ဆေးသောက်လိုက်ရတယ်. . .

'လုံးဝ မပြန်ရင်လဲ မှီ တစ်မျိုးထင်လာမှာ စိုးလို့လေ၊ ခုနကတော့ မှီ့ကို တရေးလောက်အိပ်အုံးလို့ပြောခဲ့တယ်'

'မှီလဲ ဘာဖြစ်နေလဲမသိဘူး၊ ပိန်ကျသွားလိုက်တာ'

'မှီက သွေးအားလဲ နည်းတတ်တယ်၊ ကိုစဝ်နေဗလ'

'ဟုတ်ကဲ့၊ ဟိုတုန်းက ပြောဖူးတယ်၊ ခုနေတော့ မှီ့ကို ပိန်သွားတယ်. . . ဘာညာ မပြောဖြစ်ဘူး၊ ပြောလိုက်မှ စိတ်ဓာတ် ကျနေမှာစိုးလို့'

'အခု. . . ဒေါ်လေးအခြေအနေ ဘယ်လိုလဲဟင်'

'မနက်က ခွဲတယ်၊ သတိပြန်ရတာ နည်းနည်း နောက်ကျတယ်၊ အခုတော့ ပြန်အိပ်ပျော်နေတာ'

'ဒီနေ့ ခွဲမယ်လို့. . . မနေ့က ကိုခင်မောင်ကျော်လာပြော တာနဲ့ သွယ်တို့ လာကြတာ'

'ဟုတ်တယ်၊ သွယ့်အိမ်က မှီနဲ့ အနီးဆုံး ဆိုတော့. . . ခင်မောင်ကျော့်ကို သွယ့်အိမ် လမ်းညွှန်လိုက်တယ်၊ မြတ်မြတ် တို့အိမ်က တခြားလမ်းဆိုတော့. . .

'ကိစ္စ မရှိပါဘူး ကိုစဝ်နေဗလရယ်၊ တော်ကြာ ကျရင် တောင် မြတ်မြတ်တို့အမေတွေ လာကြမှာ၊ လမ်းနားက စုလာကြမှာ ဆိုတော့ နောက်ကျနေမှာစိုးတာနဲ့ မြတ်တို့ အရင်ထွက်လာလိုက်တာ'

www.burmeseclassic.com



စဝ်နေဗလ ခေါင်းညိတ်လိုက်ရင်း သက်ပြင်းတစ်ချက် ချမိသည်။ ဒေါ်လေးငယ် နံဘေးက ထဘီပြာဝတ် သူနာပြုဆရာမက မြတ်မြတ်တို့ထိုင်ရန် ခုံရှည် လာချပေးသည်။

'ထိုင်ကြပါအုံး ခင်ဗျ'

ခင်မောင်ကျော် ပြောလိုက်တော့ သုံးယောက်သား ငြိမ်သက်စွာပင် ထိုင်ချသည်။ သွယ်က ကိုခင်မောင်ကျော်နှင့် မနေ့က စကားပြောဖူးတာမို့ ရင်းနှီးသလို ဖြစ်နေကာ... ခင်မောင်ကျော့်ကို တီးတိုးလေသံနှင့်...

'ဆရာဝန်ကြီးက ဘာပြောသေးလဲ ကိုခင်မောင်ကျော်'

ခင်မောင်ကျော်... စဝ်နေဗလထံ တစ်ချက် လှမ်းကြည့်ပြီးမှ...

ခုနကပဲ ရီဇာ့လ်ထ် ရတယ်၊ ကင်ဆာ သေချာပြီ... မသွယ်၊ အူထဲမှာ အနာကလေးတွေဖြစ်ပြီး ပြည်တို့ ဘာတို့ ရှိနေတယ်၊ အမြစ်ကနေ အနာပွားလာတယ်၊ မနက်ကတော့ အကြီးဆုံး အနာရှိတဲ့ နေရာက အူကို ဖြတ်ပြီး ပြန်ဆက်တဲ့သဘောပေါ့'

'အို...'

'အဲဒီတစ်ခုကကျတော့ အနာက ကြီးနေပြီလေ၊ အူအတွင်းဘက် ပတ်လည်မှာ ရစ်ပြီး ဖြစ်နေတာဆိုတော့... အူပိတ်သလို သဘော ဖြစ်နေတယ်၊ အနာရှိသမျှ နေရာတိုင်းက အူတွေကိုလည်း လိုက်ဖြတ်လို့မရဘူးလေ'

'ဒါဖြင့်... အဲဒီအနာကလေးတွေက ဘယ်လိုလုပ်မလဲ ကိုခင်မောင်ကျော်'

BURMESE CLASSIC .com

www.burmeseclassic.com



'အရမ်းကျယ်ပြန့်လာရင်... တစ်ခါခွဲပြီး အနာနေရာ ဖြတ်ထုတ်ရအုံးမှာပေါ့'

'အို... ဒီလိုဆို ခုတစ်ခါထဲနဲ့ မပြီးဘူးပေါ့'

'ဒေါ်လေးငယ်က ရောက်တာ နောက်ကျတယ်လို့ပဲ... ဆရာဝန်ကြီးက ပြောတယ်ဗျာ...၊ မကြာခဏဗိုက်အောင့်တာမျိုးကို ရိုးရိုးဗိုက်နာတာ လေထိုးတာထင်ပြီး ဖိဖိစီးစီး စစ်ဆေးမကြည့်ခဲ့မိတာပေါ့၊ ရောဂါ အဆောက်အအုံ ဖြစ်လာမှ... သိတော့'

ခင်မောင်ကျော်က စကားကို မဆက်။ စုမာရော၊ သွယ်ရော၊ မြတ်မြတ်ရော သုံးယောက်သားစလုံး မျက်ရည်ကလေးတွေ ရစ်ဝဲလာရသည်။

နောက်ထပ် ခုံတန်းရှည်ကလေး တစ်ခုကို ခုတင်ခြေရင်းမှာ ချကာ စဝ်နေဗလက ထိုင်ချသည်။ မျက်နှာ ညှိုးရော်နွမ်းဖတ်လျက်...

'ကျွန်တော်... မှီ့ကိုတော့ မပြောရက်သေးဘူး၊ ပြောမထွက်သေးဘူးဗျာ၊ မစုမာတို့ အကြံပေးပါအုံး'

'ပြောလို့ ဘယ်ဖြစ်ပါ့အုံးမလဲ ကိုစဝ်နေဗလရယ်... စုမာတို့တောင် အရင်းချာမဟုတ်ဘဲ ဒီလောက်စိတ်မကောင်းတာ မှီ့မှာက တစ်ဦးတည်းသောဆွေမျိုးရင်းချာမဟုတ်လား၊ စာမေးပွဲရက်လဲ ဘာမှကျန်တော့တာ မဟုတ်ပါဘူး၊ ပြီးမှပဲ ပြောသင့်တယ်ထင်တာပဲ'

'ကျွန်တော် အရမ်း စိတ်မကောင်း ဖြစ်တယ်'

'စိတ်တော့ ဘယ်ကောင်း မလဲ...၊ ဒါပေမယ့်...

www.burmeseclassic.com



ကိုစဝ်နေဗလ အစွမ်းကုန် လုပ်ကိုင် ဆောင်ရွက်ပေးနေသားပဲ'

'မို့ကို ဖုံးကွယ်ထားရတာ... မိုသိရင် ကျွန်တော့်ကို စိတ်ဆိုးမလား မသိဘူး'

စဝ်နေဗလ အဲဒါကို တကယ်ပဲ ကြောက်လန့် တုန်လှုပ်နေမိတာပါ... ၊ သိပ် အဆင်မပြေသလို သိထားကြရသော သွယ်တို့သုံးယောက်က စဝ်နေဗလကို... အနည်းအကျဉ်းတော့ အံ့သြရသည်။ သူ... မို့ကို ဂရုတစိုက် ထည့်တွက်ပေးသားပဲ။

'မကောင်းတဲ့ စိတ်နဲ့ ဖုံးကွယ်ထားတာမှ မဟုတ်တာ'

ခုတလော မိုနှင့် စကားများများကြီး မပြောဖြစ်ပေမယ့် ပြောဖြစ်သလောက်က အဆင်ပြေသည်။ သူကလဲ အရင်ကထက် အဆများစွာ ပိုမိုနူးညံ့လိုက်သလို ... မိုကလဲ ငြိမ်းချမ်းစွာ တုံ့ပြန်သည်။

ငြိမ်းချမ်းစွာ ဆိုပေမယ့်လဲ... မို့ရင်ထဲမှာ အစိုင်အခဲ တစ်ခုခုတော့ ရှိနေသလို... အပြုံးအရယ်တော့ လုံးဝမရှိ၊ မိုက စပြီး စကားပြောတာလည်း ရှားပါးလှသည်။

'ဆေးသောက်ရအောင်'၊ 'တစ်ခုခုသောက်မှ... ၊ ဘာသောက်မလဲ' ဆိုတာမျိုးကလေးတွေလောက်သာ မိုက စ ပြောတတ်တာ။

အဖျား လုံးဝ ကျသွားတာမို့ စဝ်နေဗလ ပထမဆုံး ရေပတ် တိုက်သည့် နေ့ကတော့ မို့ထံမှ စိတ်လိုလက်ရ မေးခွန်းကလေးတစ်ခု ထွက်လာသည်။ သူ့ ကျောပြင်ကို

www.burmeseclassic.com



မျက်နှာသုတ်ပုဝါ အစိုနှင့် သိမ်မွေ့စွာ ပွတ်တိုက်ပေးနေရင်းက . . .

'မဥမ္မာအောင်ကို အလုပ်ပြန်ခန့်လိုက်ပြီလား ဟင် . . . ကိုစဝ်နေဖလ'

ရုတ်တရက်မို့ စဝ်နေဖလ မျက်နှာပူကာ ဘာမှ ပြန် မဖြေမိ။ ဥမ္မာအောင့်လက်မှတ်နှင့် စာကို တွေ့သွားသည့် ကိစ္စအား အိမ်မှာ လုံးဝစကား မစပ်ဘဲ နေခဲ့ကြသည်၊ ဒီစာ ကြောင့် ထွက်သွားတာလား ဟု မဝံ့ရဲရသူမို့ နေဖလက လုံးဝ အစ မဖော်ချင်။

'မခန့်ရသေးဘူး'

ဖြေသံကြီးက ထောင့်မကျိုးဘဲ ဖြစ်နေမှာ သေချာသည်။ မှီက ဘာမှ ထပ်မပြောတာမို့ မအီမလည် ဖြစ်လာရကာ ကိုယ်ကို မှီ့ဘက် လှည့်လိုက်မိသည်။

'အဲဒီကိစ္စကို စိတ်ထဲမှာ မရှင်းလင်းသေးလို့လားဟင်'

'မဟုတ်ပါဘူး ကိုစဝ်နေဖလ'

'ဒါဖြင့် ခန့်စေချင်လို့လား၊ မခန့်စေချင်လို့လား'

မှီက သက်ပြင်းချ ခေါင်းငုံ့ကာ . . .

'မခန့်ရင် ဆက်သွယ်ပြီး အမြဲပြောနေမှာပဲလို့ ထင်ပါတယ်၊ ခန့်လိုက်ပြီးမှ ပြဿနာ ဘာလုပ်မလဲ၊ မလုပ်ဘူးလဲ ဆိုတာ စောင့်ကြည့်ဖို့ ကောင်းတယ်၊ အခု ထုတ်လိုက်ပုံက လုံးဝအပြစ်မရှိဘဲ မကြိုက်လို့ ထုတ်တာဆိုတော့ သူတိုင်

www.burmeseclassic.com



ချင်ရင် အလုပ်သမား ဥပဒေနဲ့ ငြိနေလိမ့်မယ်၊ တစ်ခါ တိုင်လား တောလားဆိုရင်'

'အိုကေ... အိုကေ'

စဝ်နေဗလ မှီ့ကို အထင်ကြီး လေးစားရပါသည်။ စိတ်ထား သေးသိမ်ခြင်း လုံးဝမရှိသော မှီ ပါလား။

အဲဒီနေ့ညနေပဲ မန္တလေးမှ မန်နေဂျာ ဦးဝင်းစိန်ထံ ဖုန်းဆက်လိုက်သည်။ ဥမ္မာအောင့်ကို ဆက်သွယ်လို့ရလျှင် အလုပ်ခန့်ကြောင်း ဆက်သွယ်ပြန်ပြောဖို့၊ ဒါမှမဟုတ် ဥမ္မာအောင်က ဆက်သွယ်လာလျှင် ... ပြောပြပြီး ... ပြန်ခန့်လိုက်ဖို့။

အဲဒီနေ့ကတည်းက ဥမ္မာအောင်နှင့် ပတ်သက်သည့် မယုံသင်္ကာအာဃာတမျိုး မှီ့ရင်ထဲမှာမရှိတာ... မှီ စိတ်သဘောပြည့်ဝတာကို ရှင်းလင်းစွာ သိရှိပြီး မေတ္တာ ပိုခဲ့မိပါရဲ့ မှီ ရယ်... ။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၁၁)

မှီ ကားပေါ်ကဆင်းတော့ မေကြည်က အိမ်တံခါးဝမှာ ရပ်ကြို နေရင်းက မှီ့ လွယ်အိတ်ကို ဆီး ယူသည်။ ပေါ်တီကို နံဘေးနား လောက်မှာ ချထားသော နှင်းဆီပန်းအိုးတွေကို ပေါ့ပါးလန်းဆန်းသော စိတ်နှင့် ငဲ့ကြည့်ရင်း ...

'ဟင် ... ရေကလဲ ခြောက်လို့၊ မနက်က ရေမလောင်း ဘူးလား မသိဘူး'

'လောင်းတော့ လောင်းပါတယ် မမလေး'

မှီက အိမ်ထဲလှမ်းဝင်လိုက်သည်။ ဧည့်ခန်းထဲမှာ ဒေါ်စစ်သီရိကျော့ ထိုင်နေတာမို့ အံ့သြသွားရ၏။

'မေမေ... ဒီနေ့ နေကောင်းတယ်ထင်တယ်'

BURMESE CLASSIC .com

www.burmeseclassic.com



'သမီး ဖြေနိုင်လား'

မှီ့ မေးခွန်းကိုမဖြေဘဲ ပြန်မေးလိုက်တာမို့ . . .

'ဟုတ်ကဲ့ မေမေ'

မှီ ခေါင်းညိတ်ရင်း စိတ်ထဲမှာ ထင့်ကနဲဖြစ်သွား ရသည်။ ဒေါ်စင်သီရိကျော့ မျက်နှာက တစ်မျိုးကြီး ဖြစ်နေသလိုပင်။ မှီ့ကိုလည်း စိုက်ကြည့်နေတာ။ မှီ့ ရင်တွေ တဒိတ်ဒိတ် ခုန်လာရကာ . . .

'မေမေ . . . မောင် တစ်ခုခု ဖြစ်သလားဟင်'

ရုတ်တရက်တော့ မောင့်ကို ရှေးဦးစွာ သတိရသည်။

'သား ဘာမှ မဖြစ်ဘူး . . . သမီး'

မှီ့ ရင်ထဲမှ ခုမှ ဟာကနဲ ဖြစ်သွားရတာ . . .

'ဒေါ်လေးငယ်ရော'

ဒေါ်စင်သီရိကျော့က ထိုင်နေရာမှ ထလာသည်။ မှီ့ထံ ခြေလှမ်းနှေးနှေးနှင့် အားယူ လျှောက်လာတာကို ခါတိုင်းလို မှီ ပြေးမတွဲမိ။ မှီ့ ပုခုံးကို မေမေက လက်ဖျားနှင့် ဆုပ်ကိုင်လိုက်မှ တုန်ယင်မှု ပျက်သွားရကာ . . .

'ဒေါ်လေးငယ် . . . ဒေါ်လေးငယ်'

'သမီး . . . ခဏလေးထိုင်အုံး၊ အေးအေးဆေးဆေး ပြောရအောင်၊ သားလဲ ခုပဲ လိုက်သွားတယ်'

'ဟင့်အင်း . . . ဟင့်အင်း . . . မှီ မထိုင်ချင်ဘူး၊ မှီ လိုက်သွားပါရစေ'

'ကားရှိတာပဲ . . . လိုက်ရင်တော့ လိုက်သွားပါ၊ ဒါပေမယ့် သား ဖုန်းဆက်တဲ့အထိတော့ စောင့်လိုက်ပါအုံး သမီးလေး

www.burmeseclassic.com



ရယ်၊ တိတ်ပါ သမီးရယ်၊ လိုက်ခဲ့ဖို့သာ ဖုန်းဆက်တာပါ၊ သိပ်အစိုးရိမ် မကြီးပါနဲ့အုံး’

‘ဖုန်းက ဘယ်သူဆက်တာလဲ မေမေ၊ မိနူးလား’

‘မိနူး မဟုတ်ဘူး၊ စပါရှယ်နာ့စ်က ဆက်တာ’

‘စပါယ်ရှယ်နာ့စ်၊ ဘယ်တုန်းက ခေါ်ထား ရတာလဲ မေမေ’

မှီ အံ့သြရသည်။ စပါရှယ်နာ့စ် ခေါ်ရလောက်သည့် အခြေအနေ ရှိမှန်း မှီလည်း မသိခဲ့ရပါလား၊ စဝ်နေဗလက ပြော မပြသေးတာကို ဒေါ်စဝ်သီရိကျော့ကလည်း သိထားတာမို့ . . . မှီ့ကို အပြောခက်ကာ မျက်စိ မျက်နှာ ပျက်နေရလေသည်။

‘မေမေ . . . ဒေါ်လေးငယ်အခြေအနေက ဘယ်လိုမို့လဲ၊ သူ နေ့တိုင်းပြောပြောနေတော့ တစ်နေ့တစ်ခြား သက်သာတယ်ဆို မေမေ၊ အဲဒါ မဟုတ်ဘူးလား . . . မဟုတ်ဘူးလား မေမေ’

‘ဒေါ်လေးငယ်က . . . ဆေးရုံတင်ထားရတယ် သမီးရယ်’

မှီ မျက်စိကလေးကို ယောင်ယမ်း မှိတ်လိုက်မိသည်။ မောင်ရယ် . . . မှီ့ကို ရှင် ဖုံးဖိထားတာကိုး။

‘မှီ လိုက်သွားမယ် မေမေ’

‘မေကြည် လိုက်သွားလိုက်’

‘ဟုတ်ကဲ့ မဟာဒေဝီ’

မေကြည်လည်း မျက်နှာ မကောင်း။ မှီ့ခမျာ စာမေးပွဲနောက်ဆုံးရက်တောင်မှ စိတ်လွတ်ကိုယ်ကျွတ် မပျော်ပါးနိုင်ပါလားဟု ဂရုဏာ သက်နေရသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကားကို မေကြည်က အဆင်သင့် တံခါး ဖွင့်ပေးနေနှင့်သည်။ ဒေါ်စင်သီရိကျော့က တံခါးဝထိ လာရပ်ကာ မျက်နှာပျက်နေရှာသည်။ မှီ့ကို သနားတာလည်း ပါသည်။ ဖုံးဖိထားမှု ခုမှ ပြောရတာကိုလည်း စိတ်ညစ်နေမိသည်။

ဖုံးထားပြီး ... ဖွင့်ပြောရသည့် အချိန်မှာ ... သက်သာ ကျန်းမာနေသော အခြေအနေနှင့် သတင်းကောင်းကိုပေးနိုင်လျှင် စိတ်ချမ်းသာစရာပါ။ ခုတော့ ... ဒီလိုမဟုတ်။

ကားထွက်တာနှင့် မှီ ရှိုက်ငင်ငိုချလိုက်သည်။ မမေကြည်က မှီ့ လက်ကို ဆုပ်ကိုင်ကာ တတွတ်တွတ်နှင့် ဖြေသိမ့်စကားတွေ ဆိုနေသည်။

အို ... ဘယ်သူတွေ ဘယ်လောက်ဖြေသိမ့်စကားပြောပြော မှီ မဖြေနိုင်တော့ပါဘူး ...၊ တစ်စစ သက်သာလာတာမို့ ... မောင်လည်း နေ့တိုင်း တစ်နေကုန် သွားနေတာမို့သာ ... မှီက စိတ်ချ အေးဆေးနေတာပေါ့။

မောင် ကိုယ်တိုင်က ...

'ဒေါ်လေးငယ် အရမ်း သက်သာတယ်၊ မှီ လိုက်မနေနဲ့' ဒေါ်လေးငယ်ကလဲ... မှီ လိုက်မလာဖို့ မှာထားတယ်'

တစ်နေ့ တစ်နေ့ ... ဒေါ်လေးငယ် ရှင်လန်းကြောင်း၊ ထူထောင်ကြောင်းတွေ လုပ်ကြံလီဆယ် ပြောလိုက်ရတာ ... သူပဲ မမောသလို ... တစ်နေ့နှင့် တစ်နေ့ စကား မထပ်စေရ၊ မှီ ယုံလောက်အောင်ကို ပိပိရိရိ ပြောတဲ့ သူ။

'မမလေးရယ် ...၊ သခင်ကလေးကလဲ မမလေး စာမေးပွဲတွင်းမို့ မပြောတာဖြစ်မှာပါ၊ ဒီလောက်လဲ မငိုပါနဲ့'

BURMESE CLASSIC .com

www.burmeseclassic.com



'မဟုတ်ဘူး မမေကြည် ...၊ မို့ မှာ ဆွေမျိုးဆိုလို့ ... ဒီ အဒေါ် တစ်ယောက်ပဲ အရင်းအချာ ရှိတာပါ၊ ဒေါ်လေး သာ တစ်ခုခု ဆိုရင်... မို လုံးဝ တာဝန်မဲ့တဲ့ တူမ တစ်ယောက် ဖြစ်ပြီ၊ ဒေါ်လေး ဆေးရုံမှာဆိုတာသာ သိရင် ... မို မနေဘူး၊ မို... စာမေးပွဲ ကျသွားတော့ ဘာဖြစ်မလဲ ... ဒီ ဒေါ်လေးကို မို မပြုစုရဘူး၊ ဆေးရုံ ရောက်နေတာတောင် မို ... မို ပစ်ထား ...ပစ်ထားသလို..'

'ဒီလိုလဲ မဟုတ်ပါဘူး မမလေးရယ်'

မိုက ရှိုက်ငင်ကြီးစွာ ငိုကြွေးနေတော့ ... မမေကြည်က လည်း ရောယောင် မျက်ရက်ဝဲလာသည်။ မို့ ခေါင်းကလေးက ပင်ပန်း နွမ်းနယ်စွာ မမေကြည် ပုခုံးပေါ် ငိုက်မိုက်ကျနေလျက်... ခန္ဓာကိုယ်ကလေးက တုန်လှုပ် ယိမ်းထိုး နေလေသည်။

ဆေးရုံကြီး ဝင်းထဲဝင်တော့ ... မမေကြည်က မို့ကို မျက်ရည်သုတ်ကာ အငိုတိတ်စေရသည်။ ကားပေါ်က ဆင်းသော ခြေလှမ်းတွေကပင် ယိုင်နဲ့နေ၏။

'မမေကြည် ... ဘယ်အထပ်လဲ'

'ကျွန်မ သိပါတယ်'

တံခါးစောင့်ကို မမေကြည်က စကားအနည်းငယ်ပြောကာ ဝင်ခွင့်တောင်းသည်။ အရေးတကြီး ကိစ္စမို့ ... မိုတို့ နှစ်ယောက်ကို အသာတကြည် သွင်းပေးလိုက်၏။

ဒေါ်လေးငယ် ရှိရာ ဝါဒ် ကို ဘယ်လို ရောက်လာလိုက်မှန်း တောင် မို မသိတော့။

BURMESE CLASSIC .com

www.burmeseclassic.com



မို့ မျက်စိတွေ ဘာကိုမှပင် ကောင်းစွာ မမြင်၊ ဘာ ဖြစ်နေမိတာလဲ မသိ။ မောင့်ကို ဒေါသဖြစ်သည်။ ဒေါ်လေးငယ်ကို စိုးရိမ်ပူပန်သည်။ ယူကျုံးမရ ဖြစ်သည်။ ယူကျုံးမရ ဖြစ်ရတာက အများဆုံး။

မို့သာ သိခွင့်ရလျှင် လုံးဝ ဒီလိုမနေ၊ မို့ လာပြုစုမှာပေါ့ ဒေါ်လေးရယ်. . . ၊ ခုတော့ မို့ ပြုစုခွင့်ကလေးမှ ရပါ့အုံးမလား . . .၊ မောင် ရက်စက်တယ် . . . ၊ သိပ်ရက်စက်တာပဲ မောင်ရယ်. . . ၊ မို့ကို ဘာပဲဖြစ်ဖြစ် ပြောပြဖို့ ကောင်းပါတယ်။

'မို့'

မို့ ရှေ့တည့်တည့်လာရပ်ကာ. . . အမည်ခေါ်လိုက်သူကို မို့ မော့ကြည့်လိုက်မိ၏။ မောင်. . . မောင်၊ နွမ်းဖတ်ဖြူရော်သော မျက်နှာနှင့် မို့ကို စိုးရိမ်မကင်းစွာ စိုက်ကြည့်နေသည်။

'ဒေါ်လေးငယ်ရော. . . ကိုစဝ်နေဗလ'

မို့ စကားသံက. . . နှလုံးသားကို ထိုးခွဲထွက်လာသလို စူးရှနေသည်။ နူးညံ့မှုကင်းမဲ့စွာ ပူပြင်း မာကျောနေလေသည်။

'ဒေါ်လေးရော. . . ၊ ဒေါ်လေး အခု ဘယ်မှာလဲ ကိုစဝ်နေဗလ၊ ဒေါ်လေးဆီ ပို့ပေးပါ'

'မို့'

စဝ်နေဗလ. . . နှုတ်ခမ်း တစ်ချက်ပဲ ဖွင့်နိုင်ကာ စကား

www.burmeseclassic.com



ပြောဖို့ရာ လေးကန် ဝန်ဖင့်နေရ၏။ မှီ့ မျက်နှာ ပျက်ယွင်းယွင်းကို ငေးငုံ့ကြည့်ကာ. . .

'မှီ စိတ်တင်းထားပါ၊ ဒေါ်လေးငယ် ဆုံးပြီ'

မှီ့ ပုခုံးကို ဆုပ်ကိုင်ဖေးမကာ မပြောရက်ရက် ပြောလိုက်ရသည်။ မှီ ခေတ္တတော့ ငြိမ်သက်သွား၏။ စဝ်နေဗလ မျက်နှာကို ပြူးပိုင်းသော မျက်ဝန်းတို့နှင့် ကြက်သေသေကာ စိုက်ကြည့်နေသေးသည်။

ချက်ချင်းပင်. . . မှီ့ မျက်ဝန်းတွေမှာ ဆက်ကနဲ မှိတ်သွားရ၏။ ပုခုံးပေါ်မှ စဝ်နေဗလ လက်နှစ်ဘက်ကို ဆက်ကနဲ တွန်းချဖယ်ရှားကာ စဝ်နေဗလကို ကျောခိုင်းလိုက်သည်။ နောက်ဘက်မှာ ရပ်နေသော မမေကြည့်ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်လျက် . . . နာကျင်စွာ ငိုချလိုက်သံက စဝ်နေဗလ နားထဲ သံပူရည် စီးကျလာသလို . . . ပူပြင်း လောင်မြိုက်စွာ ဝင်လာရသည်။

ဘာကြောင့်မှန်းမသိ . . . ကိုယ့်လိပ်ပြာ ကိုယ် သန့်စင်မှန်းသိပါလျက်၊ အပြစ်ရှိသူတစ်ယောက်အလား . . . နေဗလ ဝမ်းနည်းအားငယ်မိတော့သည်။

* * *

အသုဘ ရက်အတွင်း စမ်းချောင်းအိမ်မှာ မောင် လိုက်နေသည်။ မှီ့အတွက် ဘယ်လိုမှ အား မရှိနိုင်ပါ။ ဒေါ်လေး

BURMESE CLASSIC .com

www.burmeseclassic.com



ငယ် မရှိ တော့သော အိမ်အတွင်းမှာ မှီ . . . ဝမ်းနည်းယူကျုံးမရစွာ ဖြေသာခြင်း ဆိတ်သုဉ်းနေရသည်။

မှီ . . . ရင်နာလှသည်။

မှီ့ကို လူမမယ် ဘဝကတည်းက ပြုစု စောင့်ရှောက်ခဲ့ သော . . . ယုယ ချစ်ခင်ခဲ့သော ဒေါ်လေးငယ်အပေါ် မှီ. . . လုံးဝ တာဝန်မကျေလိုက်ရသလို ယူကျုံးမရ ရှိလှသည်။

'မှီ . . . ထမင်းစားရအောင်'

စဝ်နေဗလက မှီ့နားကပ်ကာ စကား တစ်ခွန်းတလေဆို တတ်ပေမယ့် . . . မှီ ဘာမှ မတုံ့ပြန်ချင်။ ခေါင်းသာ ခါယမ်း ပြမိသည်။ သူ့မျက်နှာကိုပင် မှီ မကြည့်ချင်။

တကယ်တော့. . . သူလိုအပ်တာတွေအများကြီး။ တစ်ဦး တည်းသော အဒေါ်ကို အိမ်ထောင်ကျသွားပြီးမှ မှီက. . . ခွဲချန်ထား ရစ်လိမ့်မည်ဟု သူက ထင်သလား။ နှစ်ယောက်တည်းသော အသိုက် အမြုံကလေးမို့ တစ်ယောက်ရှိရာမှာသာ တစ်ယောက်က မရှိသင့်ပေ ဘူးလား။

သူ့ကို. . . အပြည့်အစုံဆိုရလျှင် သူ့လို ဂုဏ်သိက္ခာကြီးမား ကြွယ်ဝသူတစ်ယောက်ကို မှီတို့အိမ်ကလေးသို့ လိုက်နေဖို့ မှီ ဖွင့်မပြော ရဲပေမယ့်. . . ဒေါ်လေးငယ်လို အရွယ်အိုမင်းနေပြီဖြစ်သည့် မှီ့ ကျေးဇူးရှင်ကို မှီနှင့်အတူ ခေါ်ထားချင်ပေလိမ့်မယ်ဟု. . . သူမတွေး မိသင့်ပေဘူးလား။

ဟိုတုန်းက . . . ဆန္ဒ အဖြစ် မျှ သာ ရှိခဲ့ရသော မဝံ့မရဲ

www.burmeseclassic.com



လိုလားမှုတို့က အခုအခါမှာတော့ မပြည့်ဝ မကျေနပ်ခဲ့ရသည့် လိုလားမှု တွေအဖြစ် ရင်မှာ အစိုင်အခဲ ဖွဲ့တည်လာသည်။

မောင်မောင် ဆိုသည့် လူတစ်ယောက်သာ ဆိုရင်တော့ ဒေါ်လေးငယ်ကို ရိုကျိုးစွာဖြင့် မှီတို့ အိမ်ပေါ်သို့ တက်လာရမှာပေါ့။ ခုတော့ . . . သူက မောင်မောင်မှ မဟုတ်ဘဲ၊ စင်နေဗလဖြစ်နေတာမို့ မှီတို့အိမ်ပေါ် တက်မလာခဲ့ဘဲ မှီ့ကိုသာ ဆွဲခေါ်သွားခဲ့တာ။

ဒေါ်လေးငယ်ကို မှီ ခေါ်ချင်တာကို စကားမစဝံ့ မစရဲလောက်အောင် မှီ့ကို သူက အထင်အမြင် လွဲမှား သေးသိမ်နေခဲ့သေးသည်။ မဖြစ်စလောက် ကိစ္စကလေးကို ပုံကြီးချဲ့ကာ သူ့ဘာသာ ချမှတ်စီရင်သော တရားအရ မှီဘာကိုမှ ခွင့်မတောင်းရဲ မမျှော်ကိုးရဲအောင် သူ ဖိနှိပ်ထားခဲ့သည်။

သူ့အခြေအနေကို မက်မောသူ ဟု ထင်ခံနေရသော ဘဝမှာ ဒေါ်လေးငယ်ကို ခေါ်ထားဖို့စကား မှီ စရဲပါ့မလား ကိုစင်နေဗလရယ်။

အဲဒီတုန်းက ပျက်ကွက်ခဲ့တာ ထားပါတော့၊ နေမကောင်းနေသော တစ်ကိုယ်ရေ အဒေါ်ရင်း တစ်ယောက်ကို မှီ အိမ်ခေါ်ပြုစုထားချင်လိမ့်မယ်လို့ကော ရှင် မတွက်ခဲ့မိဘူးလား။

မှီ့ကို မရခင်ကသာ ဒေါ်လေးငယ်ကို နေရာပေးခဲ့ပြီး၊ ရပြီး ကတည်းက တစ်စက်မှ မလေးစား ထည့်မတွက်ခဲ့တဲ့သူ။ သူနှင့် မရခင်ကမှ ဒေါ်လေးငယ်ကို ပြုစု လုပ်ကျွေး

BURMESE CLASSIC .com

www.burmeseclassic.com



ခွင့် ရခဲ့သေးတာ။ သူနဲ့ ရပြီးကတည်းက ဒေါ်လေးငယ်ကို မှီ ဘာများ လုပ်ပေးခွင့် ရှိတော့သလဲ။

မှီ့ ကို ခွင့်လွှတ်ပါ ဒေါ်လေးငယ်ရယ်။

'စိတ်ကို ဖြေပါမှီရယ်၊ ပြီးတာတွေလဲ ပြီးပြီပဲ'

'ထမင်းလေး ဘာလေးလဲ စားပါ၊ ထမင်း မစားလို့ တစ်ခုခု ပြောင်းလဲ အကျိုးထူးနိုင်တယ်ဆိုရင် ငါတို့ပါ ဝိုင်း အငတ်ခံပေးမှာ ပေါ့ပါဟယ်'

သူငယ်ချင်းတွေက နားချသည်။

'ငါ ထမင်း လုံးဝမျိုချလို့ မရဘူး စုမာ၊ ယူကျုံးမရတာ ရယ်... ဒေါသတွေရယ်... အထဲမှာ ခံနေတယ်။ တမင် မစားတာမဟုတ်ဘူး၊ အလုံးကြီးဆို့နေလို့ စားကို မစားနိုင်တာ'

'ယူကျုံးတော့ မရဘူးပေါ့၊ ဒေါသတွေတော့ ဖြစ်မနေပါနဲ့ တော့ဟယ်'

'နင်တို့ မသိပါဘူး'

မှီ တစ်ယောက်ပဲ ပြည့်စုံစွာ သိနိုင်တာပေါ့။

မှီ ကိုယ်တိုင် မျက်နှာသာ မရသော အေးစက်ခဲ့သော အိမ်ထောင်ရေးမျိုးမှ ဒေါ်လေးငယ်အတွက် မှီ တို့ အဆင်မပြေမှုကို သိရှိပြီး စိတ်မချနိုင်အောင် ဖြစ်နေခဲ့ရတာ။

ဟိုးတုန်းက... 'မှီ အိမ်ထောင်ရက်သားကျလို့ ဒေါ်လေး မျက်နှာလွှဲခဲ့နိုင်ရင်တော့ ရိပ်သာသွားပြီး ဘုရား တရား အလုပ်ပဲ လုပ်တော့မယ်' ဟု ပြောဖူးသော ဒေါ်လေးငယ်။

BURMESE CLASSIC .com

www.burmeseclassic.com



စိတ်ချလက်ချ မျက်နှာမလွှဲနိုင်သေးတာမို့ သူ့ နောက်ပါ မည့် တရားအလုပ်တောင်မှ လုပ်မသွားရတာ။

အပြစ်မြင်ပြီဆိုတော့ အရာရာသည် လမ်းဆုံးထိလိုက်လျှင် သူ့ကြောင့်ချည်းပဲလို့ ဖြစ်နေရတော့သည်။

နောက်ဆုံး... သူ နေမကောင်းဖြစ်ပြီး ပြန်လာတာမို့ မှီ့ကို လိုက်ခေါ်သောကိစ္စ။ အခွေအရံ ဒီလောက်ပေါများနေသာ သူ့ ဘဝကြီးမှာ... မှီ မရှိလို့ မဖြစ်ဘူးဆိုလျှင်တော့ မှီ အော်ဟစ် ခနဲ့ ရယ်ပစ်လိုက်သည်။ မှီ့ကို လုံးဝ လျစ်လျူရှုကာနေဖြစ်နေသော ဘဝပဲ။ သူ့ကို မှီ ပြုစုမှလား... ။

ခုတော့ သူ့ကို ပြုစုဖို့ မှီ့ကို ရပိုင်ခွင့်ကြီးလို့ လာခေါ်သွားလျက် ဒေါ်လေးငယ်ကိုတော့ သူစိမ်းတစ်ရံ ဆံတွေနှင့် ပစ်ထားရက်ခဲ့ စေသည်။ အို... မှီ ဘယ်လိုဖြစ်လို့ ကြေလို့ ရမှာတဲ့လဲ။

သင်္ဂြိုဟ်သောနေ့က ကြံတောအအေးခန်းမှာ ပြင်ထားသော ဒေါ်လေးငယ် ရုပ်ကလာပ်ကို မျက်တောင်မခတ် ငုံ့ကြည့်ကာ မှီ့ နှလုံးသားတွေ ကြေကွဲနေရသည်။ တောင့်တောင့်ကြီး နေရာမရွေ့ တမ်းရပ်ပြီး အံ့ကြိတ်လျက် မျက်ရည်တွေသာ တစ်ပေါက်ချင်း ကျနေသော မှီ့ကို စဝ်နေဗလက အားပေး ဖေးမဖို့ ကြိုးစားသည်။

မှီ့ နံဘေးရပ်ကာ တတွတ်တွတ်နှင့် နှစ်သိမ့်စကား ဆိုသည်။ မှီ မကြားချင်လို့ပါ ကိုစဝ်နေဗလရယ်။ မှီ့ကို...

www.burmeseclassic.com



အဘက်ဘက်က ဆိတ်သုဉ်းဖြိုဖျက်ခဲ့သူဟာ တစ်ချိန်ထဲမှာပဲ မို့ကို နှစ်သိမ့်မှု ပေးနိုင်သူတစ်ယောက် ဖြစ်နိုင်ပါ့မလား။

မို စိတ်ကို ထိန်းကာ သူ့ကို ညင်သာစွာပဲ လှည့်ကြည့်သည်။

'ရှင်... ကျွန်မ အနားမှာ ကျေးဇူးပြုပြီး မနေပါနဲ့၊ ကျွန်မဘေးက ထွက်သွားလိုက်စမ်းပါ'

ဖျော့တော့သော လေသံဖြင့်သာ နှင်မိသည်။ ရန်လိုဖို့လည်း ခွန်အား မရှိ။ ဒေါ်လေးငယ် နောက်ဆုံး ခရီးမှာ အကျယ်ကျယ် ပြဿနာတွေလည်း မဖြစ်စေလို။

သူ့ အသိုင်းအဝိုင်း ဘက်ကလဲ တချို့တလေ ရောက်လာတာမို့ မို တစ်စုံတစ်ခု ပေါက်ကွဲ လိုက်မှာကိုပဲ စဝနေဗလ ကြောက်ရွံ့တာအမှန်။ မို့ စကားကို ခွန်းတုံ့ မဆိုတော့ဘဲ ဝေးရာမှာ နေပေးလိုက်သည်။

ဘာပဲဖြစ်ဖြစ် ဒေါ်လေးငယ်အပေါ် ရှေ့ပိုင်းက များစွာ ပျက်ကွက်ခဲ့မိတာကို စဝ်နေဗလ ဝန်ခံရမည်။ မို့ အုပ်ထိန်းသူ တစ်ယောက် အနေနှင့် လက်ထပ်ပြီးမှ ရှိသေ လေးစားမှု မပြခဲ့မိ။ ဟိုတုန်းက... ဒေါ်လေးငယ်ကို တကယ် ခင်မင်ခဲ့တာ ဖြစ်ပေမယ့်... ခု အခြေအနေအရ မို့ကို မရခင်မို့ မတတ်သာသောကြောင့်သာ ဝင်ထွက်ခဲ့သလို ဖြစ်နေသည်။

မီးသင်္ဂြိုဟ်စက်ထဲ ဒေါ်လေးငယ်ကို ထည့်ဖို့ ပြင်တော့ ယောင်ယမ်းပြီး နံဘေးက သူ့ လက်ကို မို ဆုပ်ညှစ်ထားသည်။ 'ဒေါ်လေးငယ်... ဒေါ်လေးငယ်' ဟု တတွတ်တွတ်

www.burmeseclassic.com



ရေရွှတ်ခေါ်ရင်း အထဲဝင်လိုက်ဖို့ ရုန်းကန်ဟန် ပြင်နေသော မှီ့ကို သူ အတင်းဖက်ချုပ်ကာ ဆွဲထားရသည်။

'မှီ့. . . သတိထားပါ မှီရယ်၊ ငိုလိုက်လေ မှီ၊ ငိုလိုက် မှီရယ်၊ တင်းမထားနဲ့၊ စိတ်လျှော့လိုက်ပါကွာ'

. . . စသဖြင့် ခေါင်းထဲပေါ်ရာ စကားတွေနှင့် ချော့မော့ အားပေးသည်။ ကြား မကြားတော့ မသိ။ မှီ့ ကို ချုပ်ထားသူ သူ ဖြစ်နေမှန်းလဲ မှီ ကောင်းစွာ သတိ ထားမိပုံမပေါ်။ ရုန်းကန် ငိုကြွေးရင်းပင် စစ်နေဗလ လက်ထဲမှာ ပျော့ခွေ သတိလစ်သွားခဲ့ လေသည်။

* * *

'မှီ. . . ကော်ဖီ ဆင်းသောက်အုံးလေ'

မှီ တစ်ချက်တော့ မော့ကြည့်လိုက်မိသည်။ ချက်ချင်းပင် ခေါင်းပြန်ငုံ့ကာ. . .

'ကိုယ့်အလုပ်ကို ကိုယ်. . . စိတ်ဖြောင့်ဖြောင့် သွားပါ ကိုစစ်နေဗလ'

'မဟုတ်ဘူးလေ မှီ၊ အလုပ်လဲ သွားမှာပါ၊ ဒါပေမယ့် ဒါတွေက ပြီးမှ ဆက်လုပ်လဲ ရတာပဲ'

မှီက ကျောင်းစာအုပ်တွေကို လျှော်ကြိုးနှင့် စုစည်းသိမ်း ဆည်းနေသည်။ မိုးလင်းကတည်းက ဘာမှ မစားရသေးတာ မှီ. . . မှီ ဆာတော့ ဆာတာပေါ့။ ဒါပေမယ့် ထမင်းစား

www.burmeseclassic.com



စားပွဲမှာ သူနှင့်တစ်ဝိုင်းထဲ ထိုင်ရမှာကို စိတ်က မနှစ်မြို့ဘဲ ဖြစ်နရသည်။ အဲဒါကြောင့် သူ ဆင်းသွားပေမယ့် လိုက် မဆင်းဘဲ အလုပ်မရှိ အလုပ် ရှာ လုပ်နေဖြစ်၏။

'မှီ့ ဘာသာ ဘယ်အချိန် လုပ်လုပ်ပေ့ါ ကိုစဝ်နေဗလ၊ ကိုယ့်ကိစ္စတောင် ကိုယ့်ဘာသာ လုပ်ချင်တဲ့အချိန် မလုပ်ရဘူးလား'

'ကျွတ်–မှီရယ်'

စဝ်နေဗလ စိတ်ညစ်သွားရသည်။

'ဗိုက်ဆာနေမှာစိုးလို့ ပြောနေတာ'

'မှီ့ ဗိုက်ဆာ မဆာ မှီ အသိဆုံးပေ့ါ၊ ရှင် ပြောမှ သိရမှာလား ကိုစဝ်နေဗလ၊ မှီ့ဘာသာ နေပါရစေ'

'ခင်ဗျားဘာသာ နေပါဗျာ၊ ဒါပေမယ့်. . . ကော်ဖီ ဆင်းသောက်ပြီးမှ နေပါ၊ ကျုပ်က. . . ကျုပ် လက်ထပ်ယူထားတဲ့ မယား ရောဂါရမှာစိုးလို့ ပြောတာပါ၊ စေတနာနဲ့ ပြောတာပါ'

'ဟင်းဟင်း. . . မှီ ယူထားတဲ့လူဟာ ဘယ်လောက် စေတနာ ကောင်းတယ် မကောင်းဘူး မှီ သိပါတယ်၊ ပြောပြမှ သိရမှာလဲ မဟုတ်ပါဘူး'

'ဘယ်လို ဖြစ်နေတာလဲကွာ၊ စကား တစ်ခွန်းလောက် ကောင်းကောင်း ပြောစမ်းပါ'

စဝ်နေဗလ မျက်နှာညိုကြာ အပြင်သွားဖို့ အင်္ကျီလုံချည် လဲလှယ်နေတာကို မှီ မှန်ထဲမှတစ်ဆင့် မြင်နေရသည်။ အသား ဖြူဖြူ အရပ်မြင့်မြင့် ပခုံးကားကား. . . ရုပ် လည်ကတုံးအဖြူနဲ့

www.burmeseclassic.com



ယော နှစ်နံစပ် လုံချည် အမှောင်ကို ဝတ်ထားသည့် မှီ့ ယောက်ျား၊ နာမည်က စဝ်နေဗလတဲ့… ပူပြင်းသလောက် လွှမ်းမိုးနိုင်သည့် အမည်ခန့်ခန့်… ပိုင်ရှင်ဟာ မှီ့ တရားဝင် ယောက်ျားပဲပေါ့နော်။

မှီ့ကို ယုယ ကြင်နာတတ်သည့်… မှီ့ အနွေးထည်ကလေး ကိုတောင် လျှော်ပေးခဲ့ဖူးသည့်… မှီ့ ဝန်စည်စလယ်တို့ကို ထာဝစဉ် သယ်ပိုးပေးတတ်သည့်… ဂျင်း ဘောင်းဘီဝတ် ယောက်ျား တစ်ယောက်ကို မှီ… ခုချိန်မှာ ဘယ်နေရာ သွားရှာရပါတော့မလဲ။

'ကဲ… သွားတော့မယ်'

မှီက နှုတ်ဆက်နေတာ သိလျက်… မော့မကြည့်၊ စာအုပ် တွေသာ ဆက်ရှင်းနေသည်။

'မှီ… ဒီမှာ ပြောနေတယ်'

'ဘာလဲ… ကိုစဝ်နေဗလ'

'သွားတော့မယ်လို့ နှုတ်ဆက်နေသော'

'သွားပါ'

စဝ်နေဗလ… ငြိမ်သက်နေသော မှီ့ မျက်နှာတင်းတင်းကို စိတ်မချမ်းသာစွာ ငုံ့ကြည့်ရင်း… ရင်ထဲ ထိခိုက်လှုပ်ရှား လာရသည်။ သူ့ကို မှီ… သေချာစွာ စကားမပြောတာကြာပြီ၊ ဒေါ်လေးငယ် ဆုံးသည့်နေ့က စပြီး ခုထိ…၊ ရက်တောင်လည်ပြီးပြီမို့… ဆယ် ရက်လောက် ရှိနေပြီ။

ရင်ထဲမှလည်း… နွမ်းရိပြီး တစ်အိမ်ထဲနေလျက်နှင့် လွမ်း လှပါပြီ မှီရယ်…၊ မှီ့ကို ခုတင်ပေါ်မှာ ထိုင်စေပြီး… မှီ့

BURMESE CLASSIC .com

www.burmeseclassic.com



ရှေ့က ကော်ဇောပေါ် တည့်တည့် ဒူးထောက် ဆင်းထိုင်ကာ... အစစ အရာရာကို တောင်းပန်စကား ဆိုလျက်... မှီ့ ထံမှ ခွင့်လွှတ်ခြင်းကို ရယူလိုလှပြီ။

သို့ပေမယ့်... မှီက စကားပြောမခံ။ စကား နှစ်ခွန်းမှ သုံးခွန်းလောက် ဖြစ်လာလျှင် နေရာမှ ထွက်သွားတတ်တာ။

ဒီလိုပဲ စိမ်းစိမ်းကားကားကြီး ဘယ်လောက်ကြာကြာ နေရမှာလဲ မှီရယ်။

'မှီ'

စကား တစ်ခွန်းလောက် ပြောဖို့ ခါးကိုင်းငုံ့ကာ မှီ့ ပခုံးကို ဆုပ်ကိုင်မိသည်။ မှီ့ ကိုယ်လေးက ဆတ်ကနဲ တွန့်သွားကာ သူ့လက်ဆီ ရောက်လာသော မျက်ဝန်းတွေက ရိုင်းစိုင်းစူးရှ နေ၏။

'ရှင်... မှီ့ကို မထိပါနဲ့ ကိုစဝ်နေဗလ'

'မှီ... အဲဒီလိုကြီး ခါးသီး မနေပါနဲ့ကွာ'

'အို... ဖယ်ပါ... ကိုစဝ်နေဗလ'

ပခုံးပေါ်က လက်ကို မှီ ဖြုတ်ဖယ်ချသည်။ ရင်ထဲမှာ ထိခိုက်သွားတာမို့ စဝ်နေဗလက လုံးဝ အဖယ် မခံဘဲ ခပ်တင်းတင်း ဆက်ဆုပ်ကိုင်ထားလိုက်၏။

ထိုင်ရက် ရှန်းမရတော့ ဆတ်ကနဲ ထကာ မှီကနောက်ဆုတ် ထွက်သည်။ စဝ်နေဗလ... ငြိမ်သက် သည်းညည်းခံ မနေနိုင်တော့။အသားချင်းပင် မထိလိုပုံ ဖြစ်နေသော မှီ့ပုံစံကလေးကို အသည်း ယားသော စိတ်တွေက မရိုးမရွဖြစ်လာသည်။ ဘာကြောင့် ဒီလောက် တောင် ရှန်းရမှာလဲ။

BURMESE CLASSIC .com

www.burmeseclassic.com



ပခုံးတစ်ဘက်ထဲ ကိုင်ထားရာမှ နှစ်ဘက်လုံးကို ခွန်အား ညှပ်ထိုင်ကာ. . . မို့ ကိုယ်ကလေးကို ရှေ့ဘက် ဆွဲလိုက်သည်။ ဟို တစ်ခါလို မို တိမ်းမရှောင်နိုင်သေးမီ. . . မို့ နဖူးကလေးကို ရှပ်ကနဲ ထိထိမိမိ ရှိုက်နမ်းဖြစ်အောင် နမ်းလိုက်၏။

မို ဘာဖြစ်သွားသလဲဆိုတာ စောင့်ကြည့် မနေတော့ဘဲ၊ ခြေလှမ်းကြဲနှင့် အခန်းတွင်းမှ ထွက်ခဲ့သည်။

မို အသားတွေ တဆတ်ဆတ် တုန်ပြီး ကျုန်ရစ်သည်။ စိတ်လှုပ်ရှား ထိတ်လန့်သွားတာကြောင့်ရော. . . ဖွတ်ပြုမှုသွားတာကို မကျေနပ်တာကြောင့်ရော. . . မျက်ရည်ဝဲလာ၏။

ဆောင့်ကနဲ ပြန်ထိုင်ချကာ စာအုပ်တွေကို ဆက်ထပ်နေ လိုက်ပေမယ့် စိတ်က ငြိမ်မသွား. . . ၊ မကျေမနပ်မှုနှင့် အံကို ကြိတ်ထားမိသည်၊ စာအုပ်တွေကို. . . စဝ်နေဗလဟု သဘောထားကာ ဆုတ်ဆွဲပစ်လိုက်ချင်သည်။

မောင်. . . မောင်လဲ မို့ နဖူးကလေးကို ရှိုက်နမ်းခဲ့ဖူးတာပဲ၊ အဲဒီတုန်းက ကြည်နူး ရင်ခုန်ရခြင်းတွေ မို့ နှလုံးသားထဲမှ ဘယ်ကို ရောက်ကုန်ပြီလဲ၊ မို အဲသလို မကြည်နူးတတ်တော့တာလား၊ ဟုတ်မယ် မထင်ပါဘူး၊ မို့ နှလုံးသားတွေဟာ. . . 'မောင်' ဆိုတဲ့ လူတစ်ယောက် အတွက်ပဲ ဖြစ်ခဲ့တာ မဟုတ်လား။

မျက်ရည် တစ်ပေါက်ချင်းကျကာ. . . ဒိုင်ယာရီ စာအုပ် ကလေးကို မို ကောက်ကိုင်လိုက်သည်။ ရင်ထဲမှာ ရှိတာတချို့ ဖွင့်ချ ရေးလိုက်ချင်စိတ်နှင့် စာအုပ်ကို လှန်လိုက်၏။

www.burmeseclassic.com



ငါဟာ. . . မင်း ယောက်ျားပါ မှီ. . .
ငါရှိတဲ့ အိမ်မှာ မင်းမရှိချင်လို့ မရဘူး. . .
မရှိချင်လဲ ရှိရမယ်. . . ရှိချင်ရင်လဲ ရှိရမယ်. . .

စာသားတချို့က မျက်စိထဲ ဝင်လာသည်။

ကြည့်စမ်း. . . ၊ သူ ဘယ်အချိန်ကများ ရေးသွားလိုက်ပါလိမ့်၊ မှီက ဒိုင်ယာရီ ရေးပေမယ့် နေ့စဉ် ရေးတာမဟုတ်. . . ၊ ရေးချင်စိတ်ပေါက်မှ ထရေးတတ်တာ၊ စာမေးပွဲနီးကတည်းက မရေးဖြစ်ခဲ့တာလဲ ကြာပြီမို့ စာအုပ်ကို မလှန်ဖြစ်။

ခုမှပဲ မြင်တော့သည်။

ဒီအိမ်ကနေ ဘယ်ကိုမှလဲ ထွက်သွားခွင့်မပြုနိုင်ဘူး. . .
မင်း မပျော်ဘူးဆိုတဲ့ ငါ့ ရင်ခွင်ထဲမှာပဲ. . .
တစ်သက်လုံး နေကို နေရမယ်။
မင်းကို ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးမခံဘူး. . . '

မှီ နာကျင်စွာ ပြုံးမိသည်။ ရှင်ဟာ တစ်ဖက်သတ် ဆန်လွန်းတဲ့သူ တစ်ယောက်ပါပဲ ကိုစဝ်နေဗလရယ်။

ဘာဖြစ်လို့လဲဆိုတော့. . .
မင်းကို ငါချစ်တယ် မှီ. . . ၊ သိပ်ချစ်လို့ပဲ၊
မင်းကို ငါပိုင်တယ်၊ ငါ့လက်ထဲမှာပဲ ရှိရမယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်ကိုမှ မသွားရဘူး။
ငါ့မျက်စိအောက်က မပျောက်ရဘူး။
ဒီဘဝကိုလဲ မင်း ပျော်ကို ပျော်ရမယ်။
မပျော်ရင်လဲ ပျော်ရမယ်။
ငါကတော့ ချစ်လွန်းလို့ အရယူထားတဲ့ကောင်မို့
မင်းကို မဆုံးရှုံးနိုင်ဘူး. . . ’

မှီ မျက်ရည်တွေ သုတ်ပစ်လိုက်မိ၏။ ရှင် ချစ်တယ် ဆိုတာကိုတော့ ယုံချင်သလိုပါပဲ ကိုစဝ်နေဗလရယ်။ ဒါပေမယ့်. . . ရှင် ထားသလိုနေ၊ ရှင် ခိုင်းစေရာလုပ်၊ ရှင် ဖြစ်ချင်တာကိုပဲ ဖြစ်အောင် လုပ်မယ်ဆိုတဲ့မူနဲ့ ချစ်လွန်းလို့ အပိုင်ယူထားပေမယ့် စိတ်ချမ်းသာအောင် မထားတတ်တဲ့ ရက်စက်တဲ့ ယောက်ျားတစ်ယောက်ကို မှီ ကြောက်နေမိပါပြီ။

မှီ ချစ်ခဲ့တာက ဟိုတုန်းက မောင်ပါ. . . ။ ဒါပေမယ့် မှီ့ကို ယူခဲ့တဲ့သူက စဝ်နေဗလပါ။ မှီ့ အတွက် တကယ့် လူစိမ်းသက်သက်ပဲ၊ မှီ မပျော်ဘူး ကိုစဝ်နေဗလရယ်. . . ။

မှီ ဒိုင်ယာရီစာအုပ်ကို ပြန်ပိတ်လိုက်သည်။ စာရေးစက္ကူကတ်ကိုဆွဲယူကာ ဘောလ်ပင်ကို နှိပ်ဖွင့်လိုက်၏။

စာရေးစက္ကူပေါ်ချရေးလိုက်သော လက်ကလေးတွေက မဆိုစလောက် တုန်ချင်သည်။

မှီ့ကို သိပ်ချစ်ခဲ့တဲ့ မောင်ဆိုတဲ့ လူတစ်ယောက်ကိုပဲ မှီ တကယ်ချစ်ခဲ့တာပါ။ ဒါပေမယ့် မှီ လက်ထပ်ခဲ့

www.burmeseclassic.com



မိသူဟာ မှီ ချစ်တဲ့ မောင် မဟုတ်ဘူး။ မှီ့ ကိုမချစ်တဲ့ သူစိမ်းတစ်ယောက်ပါ။

မောင်နဲ့ကလွဲရင် ဘယ်သူနဲ့မှ မှီ အတူမနေနိုင်တော့ဘူး။ မောင့်ကိုပဲ မှီ စောင့်နေတော့မယ်။

မှီ

စာရွက်ကလေးကို ခေါက်လိုက်သည်။ စိတ်ကို ယတိပြတ် ဆုံးဖြတ်ပြီးချိန်မှာ မှီ့ ပါးပြင်ပေါ် မျက်ရည်တွေ စိုရွှဲနေ လေသည်။ မှီ့ အပေါ် ကြင်နာစာနာမှု မပြခဲ့တဲ့ သူတစ်ယောက်ကို ခွဲခွာထားရစ် ခဲ့ဖို့ ကိစ္စမှာ မှီ့ အသည်းတွေ ဘာဖြစ်လို့ နာကျင်နေရတာတဲ့လဲ ကိုစဝ်နေဗလရယ်. . . ။

* * *

လက်မှာပတ်ထားသော ရွှေရောင် လက်ပတ်နာရီကလေး ကို ငုံ့ကြည့်ရင်း. . . ပေးခဲ့တုန်းက နေ့ကလေးကို လွမ်းသည်။ သူ့ ထံမှရဖူးသော တစ်ခုတည်းသော လက်ဆောင်ကလေးပေါ့။ အချိန်ကို သိချင် ကြည့်ချင်ရုံထက် သူ့ကို ချစ်မြတ်နိုးမှုကြောင့် အမြတ်တနိုး ဝတ်ဆင်မိတာကို သူ သိမှာမဟုတ်။

သူနှင့် ဝေးရပြီဆိုလျှင်တော့ မှီ့ ထံမှာ သူနှင့် ပတ်သက် တာဆိုလို့ ဒီနာရီကလေးရယ်၊ သူ့ ဓာတ်ပုံရယ်သာ ကျန်ရစ်မည်။

www.burmeseclassic.com



သူ့ခါတ်ပုံကို ခုတင်နှင့် မလှမ်းမကမ်းမှ စားပွဲပေါ်မှာ ထောင်သည်။ ခါတ်ပုံထဲမှာ သူက မပြုံး။ မျက်ခုံးကလေး ညို့ကာ နှုတ်ခမ်းထောင့်စွန်းကို ကုတ်ထားသည်။ ညာဘက် နှုတ်ခမ်းဖျားမှာ စီးကရက် တစ်လိပ် ညှပ်ထားတာမို့ နှုတ်ခမ်းဖိအားကြောင့် ပါးမှာ ပါးချိုင့်ရှည်လေး ထင်နေသည်။

မင်္ဂလာဆောင်တဲ့နေ့က ပုံကလေး။

'မမမှီ. . . ထမင်း ချက်လိုက်ရမလား. . . ဈေးလဲ ဝယ်ရမှာ၊ ဒီအချိန် ရှိမှ ရှိပါတော့မလား'

မိနူးက ခန်းဆီးစ ဟကာ လာပြောသည်။

'နောက်တစ်နေ့ မနက်ကမှ စပြီး ချက်စားမယ်၊ ဒီမနက် စာရော ညစာပါ ဝယ်စားမယ်၊ မြေနီကုန်း ဈေးသွားပြီး ခေါက်ဆွဲကြော် နှစ်ထုတ်ဝယ်လိုက် မိနူးရယ်'

'ဟုတ်ကဲ့'

မှီ ပိုက်ဆံထုတ်ပေးလိုက်သည်။

ဒေါ်လေးငယ် ကိစ္စပြီးသွားလို့ တက္ကသိုလ်ရိပ်သာလမ်း အိမ်ကို ပြန်ကတည်းကမိနူးကိုပါ ခေါ်သွားခဲ့သည်။ မှီ ပြန်ထွက်လာတော့လည်း မိနူးကို ပြန်ခေါ်ခဲ့ရတာပေ့ါ။ ဟို အိမ်ပေါ်က ဆင်းလာသည့်အတွက် မှီ့မှာ ပြေးစရာ တခြားမြေမရှိပါ။ ဒါကြောင့် စမ်းချောင်းအိမ်ကို ပြန်လာခဲ့သည်။

အဝတ်အစားလဲ ထည့်စရာမလို။ ဒီအိမ်မှာ အဝတ် တချို့ တလေ ရှိသည်။

မနက်က သူအပြင်ထွက်သွားအပြီး နာရီဝက်လောက်မှာ မေမေ့ကို မှီ ခွင့်တောင်းသည်။

BURMESE CLASSIC .com

www.burmeseclassic.com



'မေမေ… မိန္နီးကို မီ လှည်းတန်းဈေး လိုက်ပို့ပြီး လိုအပ်တာလေးတွေ ဝယ်ခြမ်းပေးချင်လို့ပါ'

'သွားလေ သမီး၊ ကားနဲ့သွား… နေပူတယ်'

'မီ့ တို့ကို ဈေးမှာ ချရုံပဲ ချခဲ့ပါ မေမေ'

'ဆက်သွားစရာရှိလဲ ကားယူထားပေါ့… ကားအားတာပဲ'

'ရပါတယ် မေမေ၊ ဈေးမှာပဲ ချပေးပါ'

မီ့ မျက်နှာ ကလေးကိုကြည့်ကာ 'အေးလေ' ဟု မေမေကဆိုသည်။ မီ့ကို စိတ်အနှောက်အယှက် မရှိစေချင်ပုံ အတင်း အကျပ် ပြောမနေချင်ပုံမျိုးပါပဲ။

မီတို့ နှစ်ယောက်ကို ဦးမားပန်က လှည်းတန်း ဈေးမှာ ချရစ်ပြီး ပြန်သည်။ သပွတ်တံ သွားတိုက်ဆေးလို… ဆပ်ပြာလို မရှိမဖြစ် ပစ္စည်းတချို့ဝယ်ပြီး မီတို့ စမ်းချောင်း အိမ်ကိုပဲ တန်းလာခဲ့ကြသည်။

အိမ်ကလေးက ဖုန်တွေ ဘာတွေ တက်မနေ။ ရက်လည်ပြီးတာ ဘာမှ မကြာသေးပဲလေ။ အိမ် ရောက်ရောက်ချင်း ပိုက်ဆံအိတ်ထဲမှ သူ့ ဓာတ်ပုံကို ထုတ်ယူကာ ခုတင်နံဘေး စားပွဲကလေး ပေါ် အရင်ဆုံး နေရာချသည်။

မိန္နီး ထွက်သွားတာကို တံခါး လိုက်ပိတ်ပေးရင်း မီ တစ်ကိုယ်တည်း ပြုံးမိသည်။ ဘယ်နေရာကလေးပဲ သွားသွား ဒီဓာတ်ပုံကလေးကို ယူမသွားဘဲ မနေနိုင်တာ… မထားခဲ့ရက် တာ ဘာဖြစ်လို့တဲ့လဲ။ သူ့ကိုတောင်မှ ခွဲထားရစ်ရမှပဲ။ မီ သာ စိတ်ပြတ်တယ်ဆိုရင် ရှင့်ပုံကို ယူကိုလာဖို့ မလိုပါဘူး မောင်ရယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ခုတင်ပေါ်မှာ လာပြီး လဲလျောင်းကာ စားပွဲပေါ်က ပုံကို ငေးကြည့်နေမိသည်။ စားပွဲနှင့် ခုတင်က ကပ်နေပေမယ့် လှမ်းကြည့်ရတာ ဝေးကွာနေသလို ထင်မိကာ ဓာတ်ပုံကို ဆွဲယူလျက် ရင်ဘတ်မှာ ထောင်ပြီး ကြည့်နေမိသည်။ တကယ်တော့ သူ့ကို မှီ ခွဲနိုင်လွန်းလို့ ခွဲထားရစ်ရတာ မဟုတ်ပါဘူးလေ။

ရင်ထဲ ကျပ်ပိတ် မွန်းလာတာမို့ မှီ စာအုပ်ဆိုင် သော့ကို ယူကာ အိမ်အောက် ဆင်းခဲ့သည်။ ဆက်အိပ်နေလျှင် မျက်ရည်နည်းနည်းပဲဖြစ်ဖြစ် ကျလာမိမှာ။ တစ်ခုခု ရှာဖွေလုပ်ကိုင်နေလိုက်လျှင် မေ့ပျောက်မည်။

စာအုပ်ဆိုင် တံခါးကို ဖွင့်ဝင်လိုက်သည်။ မှီ ထိုင်နေကျ စားပွဲကလေးမှာ စာအုပ် အသွင်း အထုတ် စာရင်းစာအုပ်က နေရာမယွင်းရှိနေသည်။ သူ့အပေါ်မှာ ဘောလ်ပင်ကလေး တစ်ချောင်း တောင်ရှိနေလိုက်သေးသည်။ နံရံမှာ ချိတ်ထားသော ကြက်မွေးကို ဖြုတ်ကာ မှီ စာအုပ်စင်တွေကို လိုက်လှည်းသည်။

လှည်းရင်းက စင်တစ်ခုမှာ ဆရာမြတ်ထန်၏ မောင်နဲ့သာ ဆိုရင် စာအုပ်ကို လျှပ်ကနဲ မြင်လိုက်ရ၏။ မှီ့ ရင်ထဲ အရမ်းပဲ ကြေကွဲ သွားရသည်။ မောင်. . . စရောက်လာသည့် နေ့တုန်းက ဖတ်တဲ့ စာအုပ်ကလေးပဲပေါ့။ စာအုပ်ကလေးကို စင်ပေါ်မှ ဆွဲယူလျက် ပွေ့အပ် ထားလိုက်မိသည်။ မောင်ရယ်. . . မောင့်ကို မှီ လွမ်းလိုက်တာ။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီ တစ်ခါမှ မောင် အချိုးတွေ မပြင်တော့ရင် မှီကလဲ ပြန်မလာတော့ဖို့ ဆုံးဖြတ်ထားချိန်မို့ ပိုပြီး လွမ်းသည်။ မှီ့ဆီကို မောင် ရောက်မလာရင်. . . မှီ သေသွားနိုင်ကောင်းပါရဲ့ မောင်ရယ်. . . ၊ မှီ့ ထံကို မှီ ချစ်သော မောင် အဖြစ်နဲ့ ရောက်လာစမ်းပါတော့။

မှီ မျက်ရည်စကလေးတွေ၏ စိုစွတ်မှုကို သတိပြုလိုက်မိသည်။ ပါးပြင်ပေါ်က မျက်ရည်ကို လက်ဖမိုးနှင့် ပွတ်သုတ် မိခိုက် မှီ နောက်ဘက်နားက ခြေသံတစ်ခု ကြားလိုက်ရတာမို့ အံ့သြ ထိတ်လန့်စွာ လှည့်ကြည့်လိုက်မိသည်။

'မမမှီ'

မိန္နူးကိုး. . . ၊ မိန္နူး ဖြစ်နေတာကို တွေ့ရမှ. . . တစ်စုံ တစ်ယောက် ဖြစ်နေမလားဟု မျှော်လင့်မိစိတ် ရှိနေတာ ပိုသေချာ သည်။

'မြန်လှချည်လား'

'ဟို. . . ဟို. . . ဈေးကို မရောက်ခဲ့သေးဘူး'

'ဒါဖြင့် ဘာဖြစ်လို့'

မှီ့ စကားက တဝက်တပျက်နှင့် ထစ်ငေါ့ ဆွံ့အသွားရသည်။ လက်ထဲက ကြက်မွေး တံမြက်စည်းကို တင်းတင်းကြီး ဆုပ်ကိုင်ကာ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားရ၏။ ဆိုင်ကလေးနှင့် မျက်နှာစာ တံခါးနှင့် ကွယ်နေရာမှ ဖြည်းညင်းစွာ ရှေ့တိုး ထွက်ရပ် လိုက်သော လူတစ်ယောက်ကို မိန္နူး ပခုံးပေါ်မှ ကျော်ဖြတ်လျက်. . .

BURMESE CLASSIC .com

www.burmeseclassic.com



မှီ ငေးကြည့်ရင်း သုတ်လက်စ မျက်ရည် စတွေ ဒလဟော... စီး ကျလာရ၏။

စိတ်ရှုပ်ထွေး ကြေကွဲသော မျက်နှာဟန်နှင့် မှီ့ကို မဝံ့ မရဲ လှမ်းကြည့်နေသော သူ...၊ ဝတ်ထားသော ဂျင်းဘောင်းဘီ ဖြူတူတူ အရောင်နှင့် လိုက်ဖက် နီးစပ်စွာ မျက်နှာကလည်း ဖျော့နွမ်းနေသည်။ တံတောင်ဆစ်နားထိ လက်ခေါက်တင်ထားသော ဂျင်းဂျက်ကက် တိုတိုက ခါးတစ်ဝိုက်မှာ ဝဲနေသည်။

မောင်... မောင်ရယ်။

မိန္ဒူးက... နောက်ဆုတ် နောက်ဆုတ် ရွှေ့နေရာမှ လှစ်ကနဲ ထွက်ပြေးသွားတာမို့... စဝ်နေဗလ ဆိုင်ထဲ ခြေလှမ်းဝင် လိုက်သည်။ မျက်ရည်တွေ ပြည့်နေသော မှီ့ မျက်ဝန်းကလေးကို ကရုဏာ ကြီးမားစွာနှင့် စူးစိုက်ကြည့်ရင်း... ရင်တွေ ခုန်လာရ၏။

မှီ့ထံမှ ရှိုက်သံကလေးတွေ ထွက်လာရသည်။ တစ်ယောက် ကို တစ်ယောက် ငေးမော ရပ်တန့်ကြည့်နေရုံထက် ဘာမှ ပိုပြီး မလှုပ်ရှားဖြစ်။ စဝ်နေဗလ သက်ပြင်း တစ်ချက် ချကာ ခြေတစ်လှမ်း ထပ်တိုးလိုက်သည်။ ကုန်တိုက်ကို ခဏပဲသွားပြီး ချက်ချင်း ပြန်လာ လိုက်တော့... အိမ်မှာ မှီ့ ကိုယ်စား စာတိုကလေးသာ ကျန်ရစ်သည်။

မှီရယ်... မှီ မရှိရင်... မောင့် ကမ္ဘာကြီး ပျက်သွားမှာ ပေါ့၊ မှီ ရှိနေမှပဲ မောင်လည်း ဒီဘဝကြီးကို ရပ်တည်နေချင် တယ်...၊ မောင်... မှီ့ကို ဝန်ချပြီး တောင်းပန်စကားဆိုချင်

BURMESE CLASSIC .com

www.burmeseclassic.com



နေလို့ပါ. . . ။ ခွင့်လွှတ်ပေးမယ့် မှီကမှ. . . မောင့်နားမှာ ရှိမနေတော့ဘူးဆိုရင် မောင် ဘယ်သူ့ကို တောင်းပန်ရပါ့မလဲ မှီရယ်။

ရင်ထဲမှာ စကားတွေ များစွာ ပြောဖြစ်နေပေမယ့်. . . နှုတ်ကတော့ မထွက်။ ယိုင်ထိုးလာသော မှီ့ ကိုယ်ကလေးကို စိုးရိမ်စွာ ကြည့်ရင်း. . . လေသံဖျော့ဖျော့နှင့် တောင်းပန် စကားဆိုလိုက်သည်။

'မောင့်ကို ခွင့်လွှတ်ပါ မှီရယ်၊ ဖြစ်ခဲ့မိသမျှ အစစ အရာရာ အတွက် မောင် အနူးအညွတ် တောင်းပန်ပါတယ်'

မောင်. . . ၊ 'မောင်' တဲ့၊ မှီ့ ရင်တွေ တလှပ်လှပ် ခုန်လာသည်။ စိတ်ဆိုး ဒေါသတွေ ရင်ထဲ မရှိနေတော့ဘဲ. . . ဝမ်းနည်းခြင်းတွေသာ ပြောင်းလဲ ကျန်ရစ်သည်။

'မှီ. . . မှီက ပိုက်ဆံ ချမ်းသာတဲ့ ကိုစံနေဗလကို လက်ထပ်ခဲ့တာ မဟုတ်ဘူး။ မှီ ချစ်တဲ့မောင်. . . မို့လို့သာ လက်ထပ်ခဲ့ တာပါ။ မှီ့ကို နားမလည်ရင် မှီ့ကို မယုံကြည်ရင်. . . '

'မှီ့ကို မောင်ယုံပါပြီ. . . ၊ မောင် မှားပါတယ် မှီရယ်. . . ။ မှားနေပြီလို့ ထင်ခဲ့တာလဲ ကြာပါပြီ၊ မန္တလေးက ပြန်ရောက် ကထဲက တောင်းပန်မလို့ပဲ၊ ဒေါ်လေးငယ်နဲ့ ပတ်သက်ပြီး မှီက တင်းမာနေတော့ မောင် စကားမစရဲဘူး မှီရယ်. . . ၊ ဒေါ်လေးငယ် ဆေးရုံတင်ရတာကို လဲ မှီ့ အတွက် စိုးရိမ်ပူပန်တဲ့ စိတ်တစ်ခုထဲကြောင့် မောင် ဖွင့် မပြောခဲ့တာပါ. . . ။ မောင့်ကို စိတ်ဆိုးမနေပါနဲ့ မှီရယ်. . . ။ မှီ မရှိရင် မောင်နေလို့ ရမှာ မဟုတ်ဘူး'

www.burmeseclassic.com



ဒေါ်လေးငယ်ကို မြင်ယောင်ကာ မှီ ပိုပြီး ဝမ်းနည်း အားငယ်လာသည်။ မှီ အားငယ်နေချိန်မှာ နှစ်သိမ့်ပေးနိုင်မယ့် သူဟာ . . . မောင့် အပြင် ဘယ်သူမှလဲ ရှိနိုင်တော့မယ် မထင်ပါ။ မှီ့ကို နားလည် ငဲ့ညှာ ကြင်နာတတ်စမ်းပါတော့ မောင်ရယ်။

'မှီ. . . ၊ မှီ့ကို အရမ်းချစ်တဲ့ မောင်ပါ မှီရယ်. . . ၊ မှီ စောင့်နေတယ်ဆိုလို့ မောင် လိုက်လာတယ်၊ မောင်နဲ့ပဲ အတူတူ နေပါတော့. . . နော်'

မှီ. . . မျက်စိကလေးမှိတ်ကာ မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်မိသည်။ မှီ့ လက်မောင်း နှစ်ဘက်ကို တင်းကျပ်စွာ ဆုပ်ကိုင် လိုက်သည့်အတွေ့ကို ခံစားရရင်း မှီ့ ကိုယ်ကလေးက နွဲ့ကနဲ ယိုင်သွား ရသည်။

'မှီ. . . မောင်လို့. . . မခေါ်နိုင်တော့ဘူးလား'

'မောင်ရယ်. . . ' ဟု တီးတိုးစွာ မောင့်နားနားကပ်ပြီး ရေရွတ် ခေါ်လိုက်မိလျက် မောင့် ရင်ခွင်ထဲ အတင်းပဲ တိုးဝင် မှီပစ် လိုက်သည်။ မှီ့ ဘဝ ပြီးပြည့်စုံပါတယ်. . . မောင်ရယ်။

လမင်းမိုမို

www.burmeseclassic.com

အုပ်၊ ၃၀၊ မြောက် အာစရိယထုတ်

# လမင်းပိုပို

ဇော်

မမောင် ...

နောက်တွယ်ရစ်ငင်

သံယောဇဉ်ကို

မအိုမဟောင်း

ဘဝပြောင်းစေ

ငြိစွဲမြဲနိုင်

ပိုင်ချင်တယ် ။

BURMESE CLASSIC .com